www.burmeseclassic.com

ခိုင်မှိုစာပေ

ဈေး
ကလောင်ခွဲ

# ဝ
# သျှား

ဆိုင်းဝိုင်းရဲ့ခွဲအားက ချစ်သူ့နှုတ်ခမ်းပေါ်မှာ



Cover : Idea Kyaw
& Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၃၁၇၂၅၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၅၆၉၁၀၀၈

ထုတ်ဝေသူ

ဦးကျော်ဆန်း (မြ-၀၉၃၂)

(ရွှေအောင်စာအုပ်တိုက်)

အမှတ် (၂)၊ ဥယျာဉ်လမ်း (၁)၊ မင်္ဂလာတောင်ညွန့်

အတွင်းမျက်နှာဖုံးပုံနှိပ်

ဦးဇော်ဟိန်းအေး (မြ-၀၇၁၂၅)

(ဇော်ပုံနှိပ်တိုက်)

အမှတ်(၃၈၆)၊ အင်းကြင်းမြိုင်လမ်း

(၂၁)ရပ်ကွက်၊ သာယာမှိုကျွန်း၊

ကွန်ပျူတာစာစီ

KK

မျက်နှာဖုံးပန်းချီ

Htet Kyaw & Kyaw Oo

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

## အခန်း (၁)

" သမီး မာမိဝင်လာမယ်နော် "

" ဟုတ် မာမီ "

အလုပြင်မှန်တင်ခုံရှေ့မှာထိုင်ပြီး လက်သည်းလေးတွေပေါ် ဆိုးဆေးခြယ်ကောင်းနေတဲ့ ရင်ငွေ့ မာမီကို လှည့်မကြည့်ဖြစ်ဘဲ ပြန်ပြောလိုက်သည်။

ဒေါ်ခင်မြင့်မြတ် ခပ်ဟဟလေးပွင့်နေသော အခန်းတံခါးကို တွန်းဖွင့်ပြီး ရင်ငွေ့နံဘေးနားလေးမှာ လာရပ်၏။

ရင်ငွေ့လက်ချောင်းသွယ်သွယ်လေးတွေကို ဖြန့်ထားရင်း နှုတ်ခမ်းလေးစုကာ ခြောက်သွေ့အောင် လေကလေးမှုတ်သည်။ ပြီးမှ မာမီ့ကို ပြုံးပြုံးလေး မော့ကြည့်ရင်း

" မာမီ ဘာပြောမလို့လဲဟင် "

" ဩော် မနက်ဖြန် ညစာခံပွဲကို သမီးလေးပါသွားလိုက်ဖို့ ပြောမလို့ "



www.burmeseclassic.com

www.burmeseclassic.com



" ဟာ ခုခါကလည်း ဘာဖြစ်လို့လဲ "

ရင်ငွေ့နှုတ်ခမ်းလေးတွေ စူမို့မို့ဖြစ်သွားရကာ မာမီ့ကို စောကြည့်ရင်း မေးလိုက်မိသည်။ မာမီက ရင်ငွေ့ပခုံးလေးကို အသာ ဆုပ်ကိုင်ရင်း အပြုံးရေးရေးလေးနှင့် ကြည့်သည်။

" မာမီသွေးတွေတိုးနေလို့ သမီးရယ် "

" ဟင် မာမီဘာတွေ အစားမှားပြန်ပြီလဲ ဒေါက်တာဦးဇော်ကို ဖုန်းဆက်ခေါ်လေ သိပ်မူးနေသလားဟင် မာမီ "

ရင်ငွေ့တကယ်ပဲ စိုးရိမ်ပူပန် စိတ်ကလေးနှင့် ဆိုမိသည်။ မာမီ မကြာခဏ သွေးပေါင်တက်တတ်တာ ရင်ငွေ့သိသည်။ ဒေါက်တာ ဦးဇော်က အစားအသောက်ကအစ ဂရုစိုက်ဖို့ မှာထားတတ်ပေမယ့် မာမီက တစ်ခါတလေ ပေါ့လျော့တတ်လွန်း၏။

ရင်ငွေ့ စိုးရိမ်ပူပန်သွားတာမြင်တော့ မာမီနှုတ်ခမ်းက ကျွန်း ထိုင်ခုံရှည်ကလေးကို လှမ်းယူထိုင်ရင်း နွေးနွေးကလေးပြုံးသည်။

" မစိုးရိမ်ပါနဲ့ သမီးရဲ့ ညနေကျရင် ဒေါက်တာတစ်ခေါက် လာကြည့်ပေးမယ်တဲ့ ခုလောလောဆယ်တော့ မာမီ ဆေးသောက် ထားတယ် "

" ညနေဒေါက်တာဦးဇော် လာကြည့်ပေးဦးမယ်ဆိုရင် မာမီ သက်သာသွားမှာပါ ညစာစားပွဲက မနက်ဖြန်မှပဲ မာမီရာ သမီးနဲ့မာမီ အတူသွားကြမယ်နော် "

" သမီးပဲသွားလိုက်ပါကွယ် မာမီ မနက်ဖြန်တစ်ရက်လောက်





ဘော့ နားပါရစေကွယ် "

" အာ မာမီကလည်း ဘယ်ကောင်းမှာလဲ အန်တီဘေဘီနဲ့ ခါတ ဒီလောက်ခင်မင်ရင်းနှီးနေတာ မာမီပါမလာရင် ဘယ်ကောင်း ဘာလဲ "

" မဘေဘီကို မာမီ ဖုန်းဆက်ထားပါပြီ သမီးရဲ့ မာမီသိပ် ကောင်းလို့ သမီးကိုပဲ လွှတ်လိုက်ဖို့ မာမီပြောလိုက်တယ် "

ရင်ငွေ့မျက်နှာလေး ရှုံ့မဲ့သွားရသည်။ မာမီက အန်တီဘေဘီ ဆောင် ဖုန်းဆက်ထားခဲ့ပြီဆိုတော့ ကိစ္စကပြတ်ပြီပေါ့။

မာမီမပါဘဲ တစ်ယောက်တည်း သွားရမည့်အရေးတွေးကာ ငွေ့စိတ်ကလေး လေးပင်သွားရတာ အမှန်။ တကယ်ဆို အန်တီ ဘီက မာမီ့မိတ်ဆွေ။ မာမီရဲ့ဆိုင်မှာ ဝယ်နေကျ ဖောက်သည် ယောက်။

အခု သူ့သားမင်္ဂလာပွဲအတွက် မာမီကိုဖိတ်တာ ရင်ငွေ့က ခိုနှင့်အဖော်လိုက်ပေးရမည့် အစီအစဉ်က လွဲကုန်တော့အခက်။

" မာမီကတော့ လုပ်ပြီ သမီးတစ်ယောက်တည်း သွားရမှာ ားကြည့်ပါဦး "

" ဩော် သမီးရယ် မာမီနေမကောင်းလို့ပဲဥစ္စာ မဘေဘီနဲ့ ကလည်း သူ့စိမ်းတွေမှမဟုတ်တာဘဲ မင်္ဂလာညစာစားပွဲသွားတော့ အန္တရာယ်ရှိမှာမို့လဲ သမီးကလိမ္မာပါတယ် သွားလိုက်ပါကွယ်နော် "

" တစ်ယောက်တည်း သွားရမှာ ကြောင်တောင်တောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ [illegible] အနှိပ်ဆော်ဘဝတစ်ယောက်တည်း သတို့သား ကိုဆောင် မြင်နေတာတော့ဘူး ကျန်တဲ့သူတွေလည်း တစ်ယောက်မှ သိတာတော့ဘူး ''

ရင်ငွေ့ခေါင်းလေးခါ မျက်နှာလေးတရှုံ့မဲ့မဲ့ ဖြစ်နေတာကြည့်ရင်း မာမီစိတ်ပျက်သလို ပင့်သက်ရှိုက်သည်။ ပြီးမှ

'' အင်း သမီးကတော့ ဘယ်သွားသွား အဖော်ပါမှ ဖြစ်တယ် အဲဒါကြောင့် မာမီပြောတာ အဖော်ရှာသင့်ပြီလို့ ''

မာမီစကားကြောင့် ရင်ငွေ့မျက်မှောင်ကလေးတွန့်ကာ မကျေမနပ်ကြည့်၏။

'' မာမီပြောလိုက်ရင် ဒါပဲ ယောကျ်ားယူဖို့ချည်း ပြောနေတာ ကိုယ့်သမီးလေး သူ့ဘာသာ အေးအေးဆေးဆေးနေတာ မကြည့်ချင်ဘူး''

'' ဟဲ့ မိန်းကလေးဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရတယ် မာမီတို့ဘဝကူး မဖြောင့်အောင် လုပ်နေတာလား ''

ထုံးစံအတိုင်း မာမီဆီက အပ်ကြောင်းထပ်တတ်ပြားဟောင်းကြီးကို ကြားရတော့မှာကို ရင်ငွေ့သိနေ၏။

'' ကဲ တော်ပါတော့ မာမီရယ် တောင်းပန်ပါတယ် မာမီနဲ့စကားပြောရင် ဒီအကြောင်းတွေပဲ နားထောင်ရလွန်းလို့ သမီးမွန်းကြပ်လှပါပြီ''

'' မာမီကို သမီး ဒီလိုစကားတွေနဲ့ချည်းပဲ ငြင်းလာတာကိုလည်း မာမီသည်းမခံနိုင်တော့ဘူးနော် သမီးအသက်အရွယ်လည်း မငယ်တော့ဘူး ကျောင်းလည်းပြီးခဲ့ပြီ ဘွဲ့လည်းရခဲ့ပြီ မာမီတို့ဘက်က မိဘ





ဘာဝန်ဝတ္တရားကို ကျေချင်သေးတယ် ''

'' အာ မာမီကလည်း သမီးကို ယောကျ်ားပေးစားမှ မိဘတာဝန်ဝတ္တရားကျေမှာ မဟုတ်ပါဘူး ဒယ်ဒီတို့မာမီတို့က သမီးကို သိုလေသေးမရှိ ဂရုစိုက်ချစ်ကြတယ် ပညာတတ်ကြီးဖြစ်အောင်လည်း ညာသင်ပေးခဲ့တယ် ဒါတွေနဲ့တင် မာမီတို့ရဲ့မိဘကျေးဇူးတွေကို သမီး ဆပ်မကုန်တော့ပါဘူး မာမီရယ် ''

မာမီပခုံးလေးကို ရင်ငွေ့ဆုပ်ကိုင်ဖက်တွယ်ရင်း ချွဲချွဲနွဲ့နွဲ့လေး ပြောသည်။

ဒေါ်ခင်မြင့်မြတ်ကလည်း သမီးဖြစ်သူ ဆံပင်ညိုလေးတွေကို ပွတ်သပ်ချော့မြှူရင်း လေသံပြေပြေလေးနှင့် နှစ်သိမ့်ဖို့ကြိုးစားပြန်၏။

'' မာမီတို့ကျေးဇူးမေတ္တာတွေကို သမီးပေးဆပ်ချင်တယ်ဆိုရင် မာမီတို့စကားကို နားထောင်ရတယ် သမီးရဲ့ ဒါမှ သမီးအတွက် မာမီတို့ စိတ်ချမ်းသာနိုင်မှာပေါ့ ''

ရင်ငွေ့ဘယ်လို ကွေ့ပတ်ရှောင်ရှောင် နောက်ဆုံးတော့ ဒီဘူတာကိုပဲ ပြန်ဆိုက်နေသည်။ မာမီရင်ခွင်ထဲမှ ရုန်းထွက်ရင်း ရင်ငွေ့ထိုင်ခုံလေးမှာ မတ်မတ်လေးပြန်ထိုင်ပစ်လိုက်၏။

စားပွဲပေါ်က အလှပြင်ပစ္စည်းတွေကို ရှာသလို သိမ်းဆည်းသလိုလုပ် မာမီစကားတွေကို တမင်ဥပက္ခာပြု နားမထောင်သလိုဟန် လုပ်ပြနေမိခြင်းဖြစ်သည်။

မာမီကတော့ ရင်ငွေ့အမူအရာကို မြင်သိနေပေမယ့် မသိ



www.burmeseclassic.com

www.burmeseclassic.com



...ကြာ ဖွင့်လက်စဓါတ်ပြားဟောင်းကြီးကို ဖွင့်ဟနေဆဲ။

စိတ်ညစ်လိုက်တာ တကယ်ပါပဲ။

အရင်ကတော့ တစ်ဦးတည်းသော သမီးဖြစ်ရတဲ့ဘဝကို ရင်ငွေ့ ...ကောင်းလိုက်တာဟု ထင်ခဲ့မိ၏။ ဒယ်ဒီမာမီတို့ရဲ့ မေတ္တာစေတနာတွေကို ပြိုင်ဘက်မဲ့ ပိုင်ဆိုင်ခဲ့ရတဲ့ ဘဝလေ။

အခုတော့ ရင်ငွေ့ စိတ်ညစ်နေရပါပြီ။

လောကကြီးထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့မယ့် သမီး အတွက် မာမီတို့က စိတ်မချနိုင်ပါတဲ့။ အိမ်ထောင်ပြုပေးဖို့ကိစ္စကြီးကပဲ ဒယ်ဒီမာမီတို့အတွက် အရေးပေါ် စီမံကိန်းကြီးပမာ ဖြစ်နေကြသည်။

ခဏ်တွာက ရင်ငွေ့ဘယ်လိုမှ လက်မခံနိုင်။ ကျောင်းမှာတုန်းက အရိပ်လိုလိုက်နေသော ယောကျ်ားတွေကိုလည်း ရင်ငွေ့စိတ်က မယိမ်းယိုင်ခဲ့ပါ။

နှလုံးသားက အချစ်ဆိုတာကို မခံစားတတ်ခဲ့တာကြောင့်လား ရင်ငွေ့အသေအချာ မသိနိုင်ပါ။ ဒယ်ဒီ မာမီနှင့် ပျော်စရာကောင်းသော ဘဝလေးကိုပဲ ခင်တွယ်ခဲ့သည်။ သူငယ်ချင်းတွေနှင့် ပျော်ကြ ရယ်ကြ ငြိမ်းချမ်းလှသော ဘဝလေးမှာပဲ ကျေနပ်နိုင်ခဲ့သည်။

ကျောင်းပြီးတော့ မာမီနှင့်ရတနာဆိုင်မှာ ကူထိုင်ပေး သူငယ်ချင်းတွေနဲ့ တစ်ပတ်တစ်ရက်လောက် ဖုန်းဆက်ချိန်းကြ။ ရှော့ပင်ထွက်လည်ပတ်ပျော်ရွှင်ရသော ဘဝလေးသည်ပင် ရင်ငွေ့အတွက် ပြည့်စုံနေပြီ။

ဘာမှမလိုအပ်သည့် ဘဝလေးမှာ ယောကျ်ားတစ်ယောက်က





...ကြောင့်များ မရှိမဖြစ် အရေးပါနေ...ကာလဲမသိ။

" သမီး မာမီမေးတာကိုဖြေဦးလေ "

အနောက်က ပခုံးကို ဆုပ်ကိုင်ပြီး မေးလာမဲ့မာမီအသံကို ကြားမှပဲ ရင်ငွေ့အသိစိတ်အာရုံက မာမီဆီ ပြန်ကပ်ငြိတွယ်ရသည်။

" မင်္ဂလာညွှန်ခံပွဲလား မာမီ အင်း သမီးတစ်ယောက်တည်း ...လိုက်ပါ့မယ် "

ရင်ငွေ့စကားကြောင့် မာမီမျက်နှာပေါ်က အပြုံးရိပ်တွေ ရိပ်ခနဲ ...ကွယ်သွားကာ ရင်ငွေ့ကို စူးစူးကလေး စိုက်ကြည့်၏။

" သမီးကို မာမီပြောတာ ဒီအကြောင်းလေးနက်တဲ့စကားနော် ...ပေါ့ရွှတ်ရွှတ်လုပ်တာ မာမီမကြိုက်ဘူး သမီးကိုမာမီအပြတ်ပြောမယ် ...ထောင်ရေးကိစ္စကို သမီးလက်ခံဖို့ စဉ်းစားထားပါ "

" ဟင် သမီးက ဘာကိုစဉ်းစားရမှာလဲ မာမီ သမီးမှာချစ်သူ ...စားမှုမရှိတာ "

" မရှိရင် မာမီတို့အစီအစဉ်ကို သမီး လက်ခံရမှာပေါ့ "

ရင်ငွေ့မျက်နှာလေး ရှုံ့တွသွားကာ နှုတ်က ကျွတ်ခနဲ အသံ ...အောင် စုပ်သပ်မိတော့ မာမီရင်ငွေ့ကို မျက်မှောင်ကုပ်ကြည့်ရင်း

" ဒါက ဘာဖြစ်တာလဲ သမီး "

" ဟို. . . ဟို. . . ဗိုက်. . . ဗိုက်ထဲက ရစ်နာလာလို့ မာ... ...ကန်တော့ မာမီ မရတော့ဘူး "

ဗိုက်ကိုလက်နှင့်အသာဖိနှိပ်ပြီး မာမီရှေ့က ရင်ငွေ့...သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြေ့ထွက်ခဲ့မိသည်။

အခန်းထဲမှာ မာမီ မကျေမနပ်ဖြစ် ကျန်ရစ်ခဲ့မှာ သိပေမယ့် ရင်ငွေ့ မတတ်နိုင်ပါ။ နားပူစိတ်ညစ်ရတာထက်စာလျှင် ရေအိမ်ထဲမှာ ခဏဝင်ပုန်းနေလိုက်တာက ပိုကောင်းသည်။

ယောကျ်ားမယူချင်တာ အပြစ်တဲ့လား မာမီရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၂)

ညှော်ခံပွဲကျင်းပရာ ခန်းမထဲမှာ လူတွေအပြည့်။

အန်တီဒေါ်ဘေဘီခင်ပွန်းသည်က အောင်မြင်သော စီးပွားရေး ဇာတိကြီးကို တည်ထောင်ထားသူ သားကြီးသမီးကြီးတွေကလည်း ချာသဘော်သား။ ရုံးအရာရှိ ပညာတတ်ကြီးတွေမို့ အငယ်ဆုံးသား သူရဲ့ မင်္ဂလာပွဲက ခန့်ထည်သည်။

ပြည့်စုံသော အသိုင်းအဝိုင်းနှစ်ခု၏ မင်္ဂလာညှော်ခံပွဲဆိုတော့ ည်း စည်ကားလှသော ညှော်ပရိသတ်တွေထဲမှာ ရင်ငွေ့တစ်ယောက် ည်း လာခဲ့ရတာ အူတူတူရယ်။

မင်္ဂလာလက်ဆောင် ပါဆယ်ထုပ်လေးကို လက်ခံရာ ာင်တာမှာ အပ်နှံပြီး ရင်ငွေ့အူလည်လည်လေး ရပ်နေတုန်းမှာ အန်တီ ဘီ မြင်တွေ့သွားတာမို့ တော်သေး၏။

“ ဟယ်. . . သမီးလေး လာ. . . လာ မြတ် မလာနိုင်ဘူးလို့ န်တီကို ဖုန်းဆက်ထားတယ် သမီးလေးတစ်ယောက်တည်းပေါ့ ”



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ အန်တီဘောဘီ မာမီက သွေးတွေတိုးပြီး နေမကောင်းလို့ပါ "

" အန်တီသိတယ် မြတ်ကတော့ ဖြစ်ရမယ် လာ သမီး အန်တီသားနဲ့ မိတ်ဆက်ပေးရဦးမယ် "

မင်္ဂလာပွဲရက်မတိုင်ခင် နှစ်ပတ်လောက်က မာမီဆီက ဝယ်ထားသော စိန်လက်ဝတ်ရတနာတွေနှင့် အန်တီဘောဘီ ပြုံးပြက်လက်ဖြာနေသည်။ မင်္ဂလာမောင်မယ်နှင့် ရင်ငွေ့ကို နှုတ်ဆက်ပေးပြီး လွတ်နေသေးသော စားပွဲဝိုင်းလေးတစ်ဝိုင်းမှာ အန်တီဘောဘီကိုယ်တိုင် ပို့ဆောင်ပေးသည်။

" သမီး အေးအေးဆေးဆေးထိုင်နော် စားသောက်ဦး အန်တီ ဧည့်သည်တွေကို လိုက်နှုတ်ဆက်ဧည့်ခံလိုက်ဦးမယ် "

" ဟုတ်ကဲ့ ရပါတယ် အန်တီဘောဘီ သွားပါ "

စင်ပေါ်က မင်္ဂလာသီချင်းသံက လွင့်လွင့်မျောမျော။ များပြားလှသော ဧည့်ပရိသတ်များကို ရင်ငွေ့ငေးငေးလေးကြည့်ရင်း မာမီ့မိတ်ဆွေတွေနှင့် မျက်နှာချင်းဆိုမိတော့ ရယ်ပြုံးနှုတ်ဆက်ပြရပြန်သည်။

မှတ်တမ်းတင်ဗီဒီယို ရိုက်ကူးရေးအဖွဲ့၏ မီးဆလိုက်တွေကလည်း ထိန်ထိန်ဖြာနေခဲ့၏။

ဧည့်ခံရေးအဖွဲ့တွေက ရင်ငွေ့တစ်ဦးတည်း ထိုင်နေသောဝိုင်းမှာ စားသောက်ဖွယ်ရာတွေကို လာချပေးလာသည်။

ရင်ငွေ့မျက်ဝန်းလေးတွေက ဧည့်ခံပွဲထဲက ဧည့်ပရိသတ်တွေဆီမှာ မိန်းမသားပီပီ ငေးမောအကဲခတ်ကြည့်နေမိ၏။





တကယ်ဆို ရင်ငွေ့မိန်းမသားပီပီ အလှအပ အပြင်အဆင်လေးတော့ ရှိသည်။ ဒါပေမဲ့ သိပ်မက်မက်မောမောကြီးတော့ မဟုတ်ပါ။ မာမီက လက်ဝတ်ရတနာ စိန်ရွှေငွေတွေ ရောင်းဝယ်နေသူဆိုပေမယ့် ရင်ငွေ့တန်ဖိုးကြီးကြီးတွေကို မဝတ်ချင်မတွယ်မက်လှပါ။

အများအားဖြင့် ဖန်စီနားကပ်နားဆွဲလေးတွေကိုသာ ပန်ဆင်သည်။ လည်ပင်းမှာလည်း ပလက်တီနမ်ဆွဲကြိုးမျှင်မျှင်လေးတစ်ကုံးသာ ဝတ်ဆင်ထားသည်။ စိန်ပွင့်သုံးပွင့်တန်း ရွှေလက်စွပ်လေးတစ်ကွင်းကိုပဲ မာမီ ရင်ငွေ့အတွက် စိစဉ်ဝယ်ပေးတာမို့ ဆင်ယင်ဖြစ်တာကလွဲလျှင် ဘာမှမဝတ်မဆင်။

သည်လိုဧည့်ခံပွဲတွေမှာတောင် ဝတ်ဆင်လိုစိတ် မရှိတာမို့ မဝတ်ဖြစ်ပါ။ ကိုယ်က မနှစ်သက်တာ ရွှေတွဲလွဲငွေတွဲလွဲ လက်ဝတ်ရတနာဆော့ ဝင်းအိတောက်ပနေအောင် ဆင်ယင်ထားသော သူတွေကိုကြည့်ကာ ရင်ငွေ့စိတ်ကလေး ရှုတ်ထွေးနေရ၏။

စားသောက်နေကြချိန်မှာတောင် လက်ကဆင်ထားသည့် ရွှေအက်ကောက်သံတွေ တချွင်ချွင် မြည်နေသည့်အဖြစ်က တကယ့်ကို စိတ်ညစ်စရာကောင်းလိုက်တာ။

ရင်ငွေ့လိုသာ လက်ဝတ်ရတနာ မနှစ်သက်သူတွေချည်းဆိုလျှင် မာမီဆိုင်တော့ ဝယ်လူတောင်ရှိမှာ မဟုတ်ဟု တွေးမိကာ ရင်ငွေ့ ပြုံးလိုက်မိသည်။

ကိုယ့်ဘာသာ တစ်ကိုယ်တည်းတွေး ပြုံးလိုက်မိတာကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ယူဆသွားသည်မသိ။ ရင်ငွေ့စားပွဲဝိုင်းကို လှမ်းကြည့်နေသော ထိုလူကလည်း နှုတ်ခမ်းတွေ မပွင့်တပွင့် ပြုံးပြကာ လျှောက်လာ၏။

အရပ်အမောင်းက မြင့်မားပေမယ့် လိုက်ဖက်သော ခန္ဓာကိုယ်ဟန်အနေအထားကြောင့် ပြေပြစ်သည်။ အဖြူနှင့်အနက်စင်း ရှပ်လက်ရှည်ကို လည်ပင်းအထိကြယ်သီး အပြည့်တပ် ဝတ်ဆင်ထား၏။ ဘောင်းဘီက အနက်ရောင် အင်္ကျီပေါ်က ထပ်ဝတ်ထားသော ကုတ်ကလည်း အနက်ရောင်၊ စတိုင်ကမိသလို တစ်လှမ်းချင်း လျှောက်လှမ်းလာပုံက နွဲ့တာလည်း မဟုတ်ပါဘဲ ကြည့်ကောင်းသည့် ယောကျ်ားတစ်ယောက်ဆိုတာ တဒင်္ဂလေးမှာပဲ ရင်ငွေ့ မှတ်ချက်ပြုမိ၏။

အနက်ရောင်မျက်မှန်နှင့် မတိုမရှည် ဆံပင်တွေကို နဖူးပေါ် လှန်ဖီးသင်ထားပုံက ဝင်းမွတ်သောမျက်နှာကို ပေါ်လွင်ထင်ရှားစေသည်။

ရင်ငွေ့စိတ်အိမ်အာရုံလေး တဒင်္ဂ သူ့ထံမှာ လွင့်မျောပါသွားခဲ့တုန်းမှာပဲ သူအနီးကို ရောက်လာသည်။

မာမီမိတ်ဆွေထဲကလား။ ရင်ငွေ့ မမြင်ဘူးတာတော့ သေချာသည်။

" ဒီခုံမှာ လူမရှိဘူးဆိုရင် ကိုယ်ထိုင်ပါရစေနော် "

သူ့အသံလှိုင်းတွေကလည်း ကြည်လင်ပြီး မမြင်နိုင်သော ဆွဲဆောင်မှုတွေ စိမ့်ဝင်နေသည်ထင်၏။ ရင်ငွေ့ကပျာကသီ မျက်လွှာလေးချ ခေါင်းညိတ်ပြလိုက်မိ၏။

သူက ရင်ငွေ့နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း





" တော်သေးတာပေါ့ဗျာ နေ[illegible]ကျနေလို့ ထိုင်စရာနေရာတောင် ရှိတော့ဘူး ဖြစ်နေတာ ကျေးဇူးပဲနော် "

ရင်ငွေ့ကိုရည်ညွှန်းပြီး ပြောနေတာမှန်း သိလိုက်တာမို့ ရင်ငွေ့ ခေါင်းကလေး ညိတ်ပြမိပြန်သည်။ သူက မျက်နှာပေါ်မှ မျက်မှန်နက်ကို အသာချွတ်သည်။ ပန်းနုသွေးလွှမ်းသော လက်သည်းလေးတွေကို တိတိ သပ လှီးဖြတ်ထားသော လက်ချောင်းသွယ်သွယ်လေးတွေကို ရင်ငွေ့ သတိထားမိ၏။

အကာအကွယ် ကင်းမဲ့သွားသော မျက်ဝန်းကြည်လဲ့လဲ့ တစ်စုံကို ရင်ငွေ့မြင်လိုက်ရတော့ ရင်ထဲမှာ လှိုက်ခနဲခုန်သွားရသည်။

ထူထဲနက်မှောင်နေတာမျိုးမဟုတ်ပါဘဲ ထင်းခနဲ သွယ်တန်းနေသော မျက်ခုံးစိမ်းညို့ညို့တွေ နှာတံက စင်းသွယ်ပြီး အဖျားမှာ ချွန်လစ်ပြီးပုံကျသည်။ ပိရိသေသပ်သော နှုတ်ခမ်းခုံအထက်က စိမ်းဖန့်ဖန့်နှင့် အရိပ်ထင်စေသော နှုတ်ခမ်းမွေးညှင်းတို့၏ အရိပ်က ဝင်းမွတ်သော အသားအရည်ပေါ်မှာ ထင်းရှင်းနေ၏။

တခဏလေး ကြည့်မိရုံနှင့် စွဲထင်မှတ်မိစေနိုင်သော သူ့အသွင်ကို ရင်ငွေ့မျက်ဝန်းတွေ ရှောင်လွှဲပစ်သည့်တိုင် အာရုံအသွင်မှာ မိတ္တူကူးပြီးသလို စွဲသွားခဲ့၏။

ဧည့်ခံရေးအဖွဲ့မှ ဝန်ထမ်းချာတိတ်က သူ့အတွက် စားသောက်ဖွယ်ရာတွေကို ယူလာကာ စားပွဲဝိုင်းပေါ်မှာ ပြင်ဆင်ချပေးသည်။

သည်တော့မှ ရင်ငွေ့လည်း မထိတို့ မစားသောက်ရသေးသော



www.burmeseclassic.com

www.burmeseclassic.com



*စားသောက်ဖွယ်တွေကို သတိ[illegible]တော့သည်။*

" ထိုင်လိုက်ပြီးမှ သတိရတယ် ဒီနေရာမှာ မင်းမိတ်ဆွေ အဖော်ရှိမနေပါဘူးနော် "

" ရှင်. . . ဟို. . . အဲ. . . မ. . . မရှိပါဘူး ထိုင်ပါ. . . ရပါတယ် "

" ကျေးဇူးပဲကွာ "

မျက်ဝန်းကြည်လဲ့လဲ့တစ်စုံ တောက်ပသွားစေလောက်သည် အထိ ရောင်စဉ်ဖြာသော သူ့အပြုံးတစ်ချက်နဲ့တွင် ရင်ငွေ့ရင်တွေ ကတုန်ကရင် ဖြစ်နေစေသည်။

သည်စားပွဲဝိုင်းလေးမှာ သူ ဝင်ထိုင်လာမှ ရှူရှိုက်ခံစားရသော မွှေးအီအီရေမွှေး ရနံ့သင်းသင်းလေးက သူ့ထံမှပဲ ဖြစ်လိမ့်မည် ထင်သည်။

တစ်ယောက်တည်းလာ တစ်ကိုယ်တည်းထိုင်နေမိပေမယ့် ရင်ငွေ့ စိတ်အာရုံအားလုံးက သူ့ဆီမှာ ရောက်ရှိသွားခဲ့တာ ဘာကြောင့် မှန်းမသိ။

သူကပဲ ဖွဲ့ဆောင်နိုင်လွန်းတာပဲလား။

ရင်ငွေ့စိတ်တွေကပဲ တိမ်းညွတ်လွယ်ကူလွန်းသွားခဲ့တာလား။

အံ့သြစရာတော့ ကောင်းနေခဲ့တာအမှန်။

✿ ✿ ✿ ✿ ✿



## အခန်း (၃)

" အဲဒါနဲ့ ရှင် အရင်ဆုံး ထပြေးလာခဲ့ရတယ်ပေါ့ ဟုတ်လား "

ယဉ်ကျေး တအံ့တသြလေး မေးသည်။ နံဘေးက ဘလည်း စိတ်ဝင်တစားနှင့် မျက်မှောင်ကလေး စုကျုံ့ကာ ရင်ငွေ့အပြောကို နားစွင့်နေ၏။

စားပွဲပေါ်ရှိ စတော်ဘယ်ရီအအေးဘူးလေးက ကော်ပိုက်တံ လေးကို ရင်ငွေ့မျှင်းမျှင်းကလေး စုပ်ယူရင်း ခေါင်းကလေးညိတ်ပြလိုက် သည်။

စတော်ဘယ်ရီ အရသာက ရင်ထဲမှာ ချိုမြသွား၏။ သူနှင့်ဆုံခဲ့ ညနေက ရင်ခုန်လှုပ်ခတ်မှုမျိုး ရင်ငွေ့ရင်ထဲမှာ လှိုင်းခတ်တုန်ရင်လာတာ တော့ အမှန်။

" အေးပေါ့ဟာ ငါ တစ်ယောက်တည်း ဆက်မထိုင်ရဲတော့ဘူး နင်တို့စဉ်းစားကြည့် ငါနဲ့လည်း သိတာမဟုတ်ဘဲ ပထမတော့ မာမီ မိတ်ဆွေလား ငါတို့ဆိုင်ကို လာဝယ်တူးလို့ ငါ့ကိုသိနေတဲ့သူလား ထင်မိတာ



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်မှုတော့တဲ့ "

" နေဦး ရင်ငွေ့ နင့်ရင်ထဲက ခံစားလိုက်ရတာကို ငါတို့က သိချင်လိုက်တာ "

" ဟုတ်တယ် ရင်ငွေ့ ပြောစမ်း နင့်ရင်ထဲမှာ ရှိန်းတိမ်း ဖိန်းတိမ်း ဖြစ်သွားခဲ့တယ်ဆိုတာ သေချာသလား "

ယဉ်ကျေးနှင့် ပိုးပိုးတို့ကတော့ စီရင်ချက်တစ်ခု ချမှတ်ဖို့ အဖြေအနေသည့် တရားသူကြီးတစ်ယောက်၏ ဟန်ပန်တွေအပြည့်နှင့် မေးခွန်း အလဲ့ဆုတ်နေကြသည်။

တကျန် " အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူးဟာ ငါကအမှတ်တမဲ့ ဘာ့ ကြောင်သွားတာပေါ့ ပြီးတော့ အနားမှာ ရုတ်တရက်ကြီး ပေါ်ထိုင်လိုက်တော့ လှုပ်လှုပ်ရှားရှားနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတာ"

" သေချာပြီ ယဉ်ကျေး ဒါဝန်ခံချက်ပဲ ကျောင်းမှာတုန်းက ဘယ်ယောကျ်ားကိုမှ မတုန်လှုပ်ခဲ့တဲ့ တို့သူငယ်ချင်းတော့ ဒီတစ်ခါ ဟုတ်ထိသွားပြီထင်တယ် "

" ဖြစ်နိုင်တယ် နင်ဝန်ခံတယ် မဟုတ်လား ရင်ငွေ့ "

" အဲဒီလောက်အထိ မဟုတ်ပါဘူး ဟာ "

" အဲဒီလောက်အထိ မဟုတ်ရင် ဘယ်လောက်အထိ ဟုတ်သလဲ ရင်ငွေ့ နင့်စကားက မတင်မကျကြီးဆိုတာ ထင်ရှားနေတယ်"

ပိုးပိုးကတော့ ရင်ငွေ့စကားကို အကျကောက်ကာ မေးခွန်း ထုတ်၏။ ယဉ်ကျေးကလည်း ရင်ငွေ့မျက်နှာကို အကဲခတ်နေတာ အသေ





အချာ။

" နင်တို့တရားခံစစ်သလို စစ်မနေကြနဲ့ ခုကိစ္စက အမှတ်တမဲ့ ဖြစ်သွားတဲ့ကိစ္စ သူဘယ်သူလဲ ငါမသိဘူး ငါ့ကိုလည်းသူမသိဘူး "

" အမှတ်တမဲ့ ကိစ္စတွေက အမှတ်တရ ဖြစ်သွားတတ်တယ် ရင်ငွေ့ရဲ့ အချစ်ဆိုတာ အရမ်းဆန်းကြယ်တယ့်ဟ "

ယဉ်ကျေးစကားကိုတော့ ရင်ငွေ့မျက်မှောင်လေးကုပ်ကာ စိတ်ဝင်စားသွားရမိ၏။ အချစ်ဆိုတာ ဆန်းကြယ်သတဲ့လား။ တကယ် လေား။

ရင်ငွေ့တို့ ဆုံခဲ့ကြတာ တကယ့်ကို မိနစ်ပိုင်းလေးပါပဲ။

သူ့ဆီက သင်းပျံ့နေတဲ့ ရေမွှေးရနံ့လေးတွေကို ရင်ငွေ့ ရှူရှိုက်နေရင်း ရင်တွေတုန်ခါနေခဲ့သည်။

ရင်ငွေ့မှာသာ တစ်ယောက်တည်း ခံစားလှုပ်ရှားနေရတာပါ။ သူကတော့ တကယ့်တည်ငြိမ်အေးဆေးတဲ့အသွင်နဲ့ ညှော်ခံပွဲက ကျွေးမွေး တဲ့ အစားအသောက်တွေကို စားသောက်နေခဲ့၏။ နောက်ဆုံး ဆက်ထိုင် နေစွမ်းမရှိတော့တဲ့ ရင်ငွေ့ကိုယ်တိုင်ပဲ စားပွဲဝိုင်းက အရင်ဆုံးထရပ် ခဲ့တာဖြစ်၏။

" ဟင် ပြန်တော့မလို့လားဟင် "

ရင်ငွေ့ထရပ်တာမြင်မှ သူ ရင်ငွေ့ကို မော့ကြည့်ကာ မေး၏။ ရင်ငွေ့တုန်တုန်ရီရီလေးနဲ့ပဲ ခေါင်းညိတ်ပြမိ၏။

" မင်း ဘာမှမစားရသေးဘူး ကိုယ်ထိုင်နေတာ အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယုက် ဖြစ်သွားသလား မသိဘူး ''

တကယ့်ကို အနှောင့်အယှက်ဖြစ်သွားတာပေါ့လို့ ရင်ငွေ့ ပြန်ပြောပစ်ချင်လိုက်တာ။ ဒါပေမဲ့ တကယ်တမ်းကျ ခေါင်းကလေး ခါရမ်းပြီး ဆင်ခြေစကားလေးတစ်ခွန်းနဲ့ပဲ ရင်ငွေ့ဟန်ဆောင်ခဲ့ရသည်။

'' ဟင့်အင်း မဟုတ်ပါဘူး ရှင်. . . ရင်ထဲက ပြည့်နေလို့ပါရှင် ခွင့်. . . ပြုပါဦးနော် ''

သူ့ဆီက တုံ့ပြန်စကားကိုတောင် မစောင့်နိုင်ဘဲ ရင်ငွေ့ ပြန်ခဲ့ရသည်။ သူ လှမ်းကြည့်နေမှာလား မသိ၊ မကြည့်ရဲလောက်အောင် ရင်တွေတုန်နေခဲ့၏။

'' ဟဲ့. . . ရင်ငွေ့. . . ''

နား အနားကပ်ပြီး ဟစ်အော်လိုက်တဲ့ ယဉ်ကျေးအသံကြောင့် ရင်ငွေ့ဆတ်ခနဲတုန်ပြီး လှည့်ကြည့်မိလိုက်၏။

'' ဘယ်လိုဖြစ်လို့ အရမ်းအော်ရတာလဲ ''

'' အော်မှာပေါ့ ငါတို့နှစ်ယောက် မေးနေတာတောင် နင်က မကြားရအောင် ငုတ်တုတ်ကြီး သတိလစ်နေသလားလို့ ''

'' အေးလေ ရင်ငွေ့ နင်မဟုတ်သေးဘူး ပြောစမ်း အခ ညှော်ခံပွဲမှာတွေ့ခဲ့တဲ့ ယောက်ျားကို နင်ကြိုက်နေပြီလားဟင် ''

ပိုးပိုးစကားကြောင့် ရင်ငွေ့ မျက်နှာလေး နီမြန်းသွားရင်း

'' ပေါက်ကရတွေ။ ငါတို့ချင်းဆုံခဲ့ကြတာ တကယ့်မိနစ်ပိုင်း ကလေးပဲ တစ်ယောက်နာမည်တောင်တစ်ယောက် မသိလိုက်ကြရဘဲ





ပြီးဆုံးသွားတာ အိပ်မက်ဆန်လွန်းပါတယ်ဟာ ''

ရင်ငွေ့ မျက်နှာ တွေတွေငေးငေးလေးနှင့် အားငယ်သံလေး နှင့်ပြောလိုက်တာမို့ ယဉ်ကျေးနှင့်ပိုးပိုး နားလည်စွာ စိုက်ကြည့်လိုက်မိ ကြသည်။

ကျောင်းမှာကတည်းက တတွဲတွဲ ပေါင်းသင်းလာကြတဲ့ သူငယ် ချင်းတွေပဲလေ။ ရင်ငွေ့ရင်ထဲကို ယဉ်ကျေး ထိုးဖောက်မြင်နိုင်ပါသည်။

အချစ်ဆိုတာ အမှတ်တမဲ့ ဆုံတွေ့နိုင်တာပဲ မဟုတ်လား။

တက္ကသိုလ်မှာတုန်းက ရင်ငွေ့ရဲ့ အလှမှာ တွယ်ငြိခဲ့သော ယောက်ျားတွေ အများကြီးပါ။ ရင်ငွေ့နှလုံးသားက ပကတိငြိမ်သက်စွာ ဘယ်သူ့အပေါ်မှာကိုမှ မတွယ်ငြိခဲ့တာ သူမကောပိုးပိုးပါ အံ့သြခဲ့ရ၏။

'' ငွေ့ရယ် ကျောင်းမပြီးခင် ချစ်သူရည်းစားတစ်ယောက် လောက်တော့ ထားဖူးအောင် ထားစမ်းပါဟာ ''

'' ဘာဖြစ်လို့ ငါ့ကိုနင်တို့ ရည်းစားထားစေချင်နေကြတာလဲ ချစ်တဲ့သူမှ မရှိဘဲ ဘာလို့ထားရမှာလဲ ''

'' နင့်ကိုပိုးနေတဲ့ ယောက်ျားလေးတွေ အများကြီးပဲလေဟာ တက္ကသိုလ်ကျောင်းတော်ကြီးကနေ ဘွဲ့တောင်ရတော့မယ် ရည်းစား တစ်ယောက် မထားလိုက်နိုင်ဘူးဆိုတာတော့ မဟုတ်သေးဘူး ''

သုံးယောက်သောအုပ်စုထဲမှာ ယဉ်ကျေးနှင့်ပိုးပိုးက ရည်းစား ကိုယ်စီရှိခဲ့ပေမယ့် ရင်ငွေ့က ရည်းစားတစ်ယောက်တောင် မရှိခဲ့တာမို့ သူတို့တိုက်တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပေမဲ့ ရင်ငွေ့က ခေါင်းခါရမ်းခဲ့သည်ချည်း။

" တော်စမ်းပါဟာ ရည်းစားမထားဘူးတော့လည်း ဘာဖြစ်မှာမို့လဲ လုံးဝစိတ်မဝင်စားပါဘူး ရင်ထဲက ဆန္ဒတစ်ခုမပါဘဲ ငါ ဘာမှ မလုပ်တတ်ဘူး နင်တို့စိတ်ကူးတွေ လွှင့်ပစ်လိုက် ပင်ပန်းရုံပဲရှိမယ် "

သူမတို့နှစ်ယောက်စလုံး လက်လျှော့ခဲ့ကြရသည်။ တကယ်တမ်းလည်း ရင်ငွေ့ကျောင်းပြီးလို့ ဘွဲ့တစ်ခုသာ ပိုင်ဆိုင်ခဲ့သည်။ ချစ်သူရည်းစားတစ်ယောက် မရှိခဲ့ပါ။

အဲသည်လောက်အထိ နှလုံးသားမာခဲ့သော ရင်ငွေ့ကိုမှ လှုပ်ခတ်စေနိုင်စွမ်းခဲ့သော ယောကျ်ားကိုတော့ ယဉ်ကျေးကောပိုပို မမြင်မတွေ့ခဲ့ရတာတော့ ဆိုးပါသည်။

" ငွေ့ နင်ခံစားခဲ့ရတာ အချစ်ဟုတ်မဟုတ် မသေချာပေမယ့် နင့်ရင်ကို အဲဒီလောက်အထိ လှုပ်ခတ်သွားစေတဲ့ ယောကျ်ားတစ်ယောက်ကိုတော့ ငါတို့မြင်ဖူးချင်လိုက်တာ "

ပိုးပိုးတကယ့်ကို အားမလိုအားမရ အသံလေးနှင့် ဆိုသလို ယဉ်ကျေးကလည်း

" ဟုတ်တယ်ဟာ ရင်ငွေ့ကို ညှို့ခံပွဲလေးမှာ တခဏလေးနဲ့ ဒီလောက်အထိ စွမ်းနိုင်လွန်းတဲ့ယောကျ်ားပုံရိပ်ကိုတော့ ငါတို့ မမြင်ဖူးလိုက်တာ ဆိုးတာပဲ အဲဒီလိုမှန်းသိရင် အဲဒီမင်္ဂလာဆောင်ကို ငါတို့ လိုက်ခဲ့ပါတယ် "

ယဉ်ကျေးကော ပိုးပိုးပါ အခွင့်မပေးခဲ့သော ကံကြမ္မာကို မ





ကျေကဲ့ အပြစ်ဖို့နေခဲ့ကြသည်။

ရင်ငွေ့စိတ်ထဲကကော နောင်တတွေ ရှုနေမိသည်လား။

တကယ်ဆို သူ့အမည်လေးတော့ သိထားလိုက်ရင် သိပ်ကောင်းသည်။ ကံကြမ္မာက တခဏလေးပဲ ဆုံဆည်းခွင့်ပေးခဲ့တာလား။

နောက်တစ်ကြိမ် ဆုံခွင့်ဆိုတာ။

ရင်ထဲက ပင့်သက်မောတစ်ချက်က စတော်ဘယ်ရီ ချိုမြမြရဲ့ အရသာကိုတောင် ပျော့ရွှတ်ရွှတ်နိုင်စေ၏။

ရင်ငွေ့ ဝန်ခံချင်ပါသည်။

ရင်မွန်နိုတတ်သော နှလုံးသားက ပထမဆုံးအကြိမ် ရင်ခုန်ခဲ့သောတော့ အသေအချာဖြစ်၏။

ဒါ. . '. အချစ်ဟု ဆိုပါလျှင်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အမှတ်တမဲ့ကိစ္စလေးတစ်ခုက အမှတ်တရ ဖြစ်စေတတ်ခဲ့ပြီလား။

ရင်ငွေ့ကိုယ်ရင်ငွေ့တောင် မယုံချင်အောင် ဖြစ်ရသည်။ ဖလခဏလေး ဆုံတွေ့ခဲ့ဖူးသော သူ့ကိုမှတ်မှတ်ထင်ထင် သတိရနေတာ အံ့ဩစရာတောင် ကောင်းသည်။

အချိန်ကာလတစ်ခုကို လွန်မြောက်ကျော်ဖြတ်ပြီးသွားခဲ့လျှင် သူ့ပုံရိပ်တွေသည်လည်း ရင်ငွေ့အာရုံထဲက ပျောက်ကွယ်သွားကြလိမ့်မည်ဟု ရင်ငွေ့ယုံကြည်ထားခဲ့မိ၏။

ဒါပေမဲ့ အားလုံးသည် လွဲချော်ခဲ့သည်။

သူကတော့ ရင်ငွေ့ကို မှတ်မိဖို့ဆိုတာ မဖြစ်နိုင်သော ကိစ္စဖြစ်လိမ့်မည်။

ရင်ငွေ့မှာသာ အာရုံထဲမှာ စွဲနေသော သူနှင့်ပတ်သက်သမျှ ခံမှုနိုင်ဖြစ်နေခဲ့ရသည်။





ရင်ငွေ့ဘဝလေး ပုံမှန်လည်ပတ် ရှင်သန်နေခဲ့သည့်တိုင် သူ့ပုံရိပ်က တွေးလိုက်ရုံနှင့် အာရုံထဲမှာ ထင်ထင်ရှားရှား ပေါ်လာတတ်၏။

သေသပ်စွာ လှန်ဖီးသင်ထားသော သူ့ဆံပင်မတိုမရှည်တွေ သင်းမွှတ်ရှင်းသန့်နေသော သူ့အသားအရည်နှင့် စိမ်းညို့ညို့မျက်ခုံး ကြည်လဲ့သော မျက်ဝန်းနှင့် စိမ်းမြမြမွေးညှင်းစိမ်းတွေ ခြံရံထားသော နှုတ်ခမ်းပါးလျှပ်ပိပိတစ်စုံ။

အရာအားလုံးသည် ရင်ငွေ့အာရုံထဲမှာ စွဲထင်နေသော သူ့ပုံရိပ်တွေဖြစ်၏။ မာမီနှင့်အတူ မာမီရဲ့ရွှေဆိုင်လေးမှာ လိုက်ထိုင်နေရတိုင်းသည်း သူများ မမျှော်လင့်ဘဲ ရောက်လာမည်လား။ ရင်ငွေ့မျှော်မိ၏။

တကယ်ဆို မိုက်မဲသော မျှော်လင့်မှုသာ ဖြစ်မည်ထင့်သည်။

သူက မာမီကိုလည်း သိမှာမဟုတ်။ ရင်ငွေ့ကိုလည်း သိတာမှာတဲ့။ ဒါကြောင့် ညွှန်ခံပွဲမှာတုန်းက ရင်ငွေ့ဗိုင်းမှာ ထိုင်ဖို့လေးတောင် ညှိတောင်းခဲ့တာပေါ့။

ကံကြမ္မာက နောက်တစ်ကြိမ် ထိပ်တိုက်ဆုံတွေ့ခွင့်ပေးဖို့ ဆိုတာတော့ ကောင်းကင်ကိုမော့ကြည့်ပြီး ဖိုးလမင်းဆီက ထမင်းဆီစမ်း ရွှေလင်ပန်းနဲ့ပေးပါလို့ တောင်းဆိုနေသူလိုပဲ ဖြစ်နေမှာ သေချာ၏။

အဝေးမှာ မြင့်မားသောအရပ်အမောင်းနှင့် စတိုင်ကျကျ လျှောက်လာသူတစ်ဦးကို မြင်ရတိုင်း ရင်ငွေ့ ရင်ကလေး လှိုက်တုန်လျက် သူများဖြစ်နေမည်လား ရင်တထိတ်ထိတ် ငေးကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်မှ ပင့်သက်မောနှင့်အတူ အိပ်မက်စိတ်ကူး ဆန်သော မျှော်လင့်ချက်စိတ်ကူးတွေ ကွယ်ပျောက်ခဲ့ရတာလည်း မကြာခဏ။

ရင်ငွေ့ကို သည်လောက်အထိ ရူးသွပ်စေအောင် စွမ်းနိုင်ခဲ့တာ အချစ်ဆိုသောအရာတဲ့လား။ ရင်ငွေ့သိချင်လိုက်တာ။

သူနှင့်ပတ်သက်ခဲ့သမျှ တဒင်္ဂလေးမှာ စွဲငြိခဲ့သမျှ အရာတွေထဲမှာ ရင်ငွေ့ခံစားရှူရှိုက်ခဲ့ရသော သင်းပျံ့ပျံ့ ရေမွှေးရနံ့ မွှေးအီအီလေးကလည်း ခြောက်လှန့်စေခဲ့သည်။

တစ်စုံတစ်ယောက်ထံက ရေမွှေးရနံ့လေးတွေ ရှူရှိုက်မိတိုင်း ရင်ငွေ့မျက်ဝန်းလေးမှိတ်ကာ ခံစားကြည့်မိတတ်၏။

သေချာသည်က သူ့ထံမှ ရင်ငွေ့ရှူရှိုက်ခဲ့ဖူးသော ရေမွှေးရနံ့ သင်းသင်းလေးနှင့် မတူညီတာပဲဖြစ်သည်။

" သမီး နေမကောင်းဘူးလား "

ရင်ငွေ့ အမူအယာလေးတွေ ပျက်ယွင်းထူးခြားနေတော့ မာမီ သတိထားမိသွားသည်ထင်သည်။

" ဩော် . . . မာမီ ကောင်းပါတယ် "

ရင်ငွေ့ လှဲအိပ်နေသော ခုတင်ပေါ်က ထထိုင်ကာ မာမီကို ပြုံးပြုံးလေးကြည့်ကာ ပြောလိုက်၏။ မာမီက ရင်ငွေ့နံဘေးမှာ ဝင်ထိုင်ရင်း အကဲခတ်သလို ကြည့်ရင်း

" သမီးကိုကြည့်ရတာ ခါတိုင်းနဲ့မတူဘူး ဆိုင်မှာလည်း ဟိုဒေး





သည်ရှေ့နဲ့ အခုလည်း တီဗီလေးတောင် မကြည့်နိုင်ဘဲ အခန်းထဲ အခန်းဝင်သွားလို့ မာမီလိုက်လာတာ သမီး "

မာမီက ရင်ငွေ့ကို အမြဲတမ်း အရိပ်လိုကြည့်နေတတ်တာမို့ သတိထားမိတာ ဖြစ်လိမ့်မည်။ ရင်ငွေ့သည်လောက်အထိတောင် အမူအရာတွေ ပျက်ယွင်းနေခဲ့သည်လား။

" မကြည့်ချင်လို့ပါ မာမီရယ် အခန်းထဲမှာပဲ သမီးနေချင်လို့ပါ"

" သမီးက ဒီလိုငြိမ်ငြိမ်နေတတ်တဲ့သူမှ မဟုတ်တာ အမြဲတမ်း ဘယ်သွားရင်ကောင်းမလဲ ဘာစားရင်ကောင်းမလဲ တွေးနေတဲ့သူ နောက်ဆုံး ဘာမှလုပ်စရာမရှိ သွားစရာမရှိရင်တောင် သူငယ်ချင်းတွေဆီ ဖုန်းဆက်စကားပြောနေတတ်တဲ့သူက ဒီလိုကြီး ငြိမ်နေတော့ မာမီက တစ်ခုခုဖြစ်နေတယ် ထင်တာပေါ့ "

မာမီဆိုမှပဲ သူငယ်ချင်းတွေဆီ ဖုန်းမဆက်ဖြစ်တာ ကြာပြီဟု ရင်ငွေ့ သတိရလိုက်မိ၏။ ဒါပေမဲ့ အခုချိန်မှာ ရင်ငွေ့ခံစားချက်တွေကို မာမီ မသိစေချင်ပါ။

ရင်ငွေ့မာမီစကားတွေ ပေါ့ပါးသွားအောင် အသံကလေးထွက် ရယ်လိုက်ရင်း

" အဟင်း . . . ဟင်း မာမီဘာသာ အစိုးရိမ်ကြီးပြီးနေလို့ပါ သမီး ဘာမှမဖြစ်ဘူး ဘာမှလည်း မခံစားရဘူး တစ်ခါတစ်လေ ငြိမ်ငြိမ် နေကြည့်တာ ဘာဖြစ်လို့လဲ "

ရင်ငွေ့ ရယ်ရယ်ပြုံးပြုံးလေး ဖြစ်လာတော့ မာမီ ရင်ငွေ့



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေးကိုဖက် ဆံနွယ်လေးတွေကို ပွတ်သပ်ပြီးရင်း

" ဒါဆိုလည်း ပြီးတာပါပဲ သမီးရယ် မာမီမှာ ဒီသမီးလေး တစ်ယောက်ပဲရှိတာ အရိပ်ကြည့် ပူပန်ရတာပေါ့ကွယ် "

" အဟင်း မာမီကတော့ အမြဲပူပန်နေတာပဲ ကဲ ဘာမှ မပူပန်နဲ့တော့နော် သမီး ဘာမှမဖြစ်ဘူး ဒါဆို မာမီကျေနပ်တော့ စိတ်ချမ်း သာတော့ ဟုတ်ပြီလား "

မာမီရင်ခွင်ထဲ ခေါင်းကလေးတိုးဝင်ကာ ရင်ငွေ့နှစ်သိမ့်စကား ဆိုတော့ မာမီ ခေါင်းလေးကို ခါရမ်းရင်း

" ဟင့်အင်း မာမီစိတ်မချမ်းသာနိုင်သေးဘူး သမီး သမီးက ရှိန်းနဲ့မြန်မြန် လက်ထပ်ပေးပြီးမှ မာမီစိတ်ချမ်းသာနိုင်မှာ "

မာမီစကားကြောင့် ရင်ငွေ့ဆတ်ခနဲ ရင်ခွင်ထဲက ရုန်းထွက် ထိုင်လိုက်ရင်း

" မာမီနော် အဲဒီလို အတင်းအကျပ်ကြီးတော့ မလုပ်ပါနဲ့ "

" သမီးရင်ငွေ့ မာမီအစီအစဉ်ကိုတော့ ဖျက်စီးဖို့ မကြိုးစား နဲ့နော် "

မာမီလက်တွေကလည်း ရင်ငွေ့ကို ဖက်တွယ်ထားရာ ဖြေလျှော့ပြီး လေသံမာမာလေး ဖြစ်လို့လာသည်။

" မာမီရယ် သမီးမှ ရှိန်းကို လက်မထပ်ချင်တာ "

" သမီး အကြောင်းပြချက်က ဘာလဲ သမီး "

" ရှိန်းကို သမီးသူငယ်ချင်းအဆင့်ထက် ပိုလို့မရဘူး "





ရင်ငွေ့စကားကို မာမီလက်မခံနိုင်စွာ ခေါင်းကိုခါရမ်းရင်း စူးစူး စိုက်ကြည့်၏။ ရင်ငွေ့အကြည့်လွှဲ ရှောင်တိမ်းမိသည့်တိုင် မာမီစကား သံတွေက မာထန်စွာ ထွက်ပေါ်လာခဲ့သည်။

" ဘာကိုပိုလို့မရတာလဲ ညည်းအကြောင်း အတွင်းသိအစင်းသိ နဲ့မှ ညည်းဘဝလေး အေးချမ်းမှာပေါ့ ကိုယ့်ကို အမြဲတမ်း အနစ်နာ ခံပြီး ဘာမဆို အနွံအတာခံပေးတတ်တဲ့ ရှိန်းကိုမှ ညည်းလက်မထပ်ရင် ဘယ်သူ့ကို လက်ထပ်မှာလဲ ပြော "

" ဟင့်အင်း သမီး ဘယ်သူ့ကိုမှ လက်မထပ်ချင်ဘူး မာမီ"

" ဘာ "

မာမီဒေါသကို ရင်ငွေ့ ကြိုသိပါသည်။ ဒါပေမဲ့ လက်မခံနိုင်သော စိတ်နဲ့ ပြတ်ပြတ်သားသားလေးပဲ ငြင်းလိုက်မိတာ ဖြစ်၏။

မာမီအသွင်ကလည်း သည်တစ်ခါတော့ ရင်ငွေ့ကို အလျှော့ ပေးဖို့ အသွင်လုံးဝမရှိတာ သေချာ၏။

" လက်မထပ်လို့ မရဘူး ဒီကိစ္စက မာမီတစ်ယောက်တည်းရဲ့ ဆန္ဒမဟုတ်ဘူး သမီးဒယ်ဒီကလည်း သမီးကို အိမ်ထောင်ပြုစေချင်နေပြီ"

မာမီက ဒယ်ဒီကိုပါ စစ်ကူယူခဲ့ပြီဟု သိလိုက်တာမို့ ရင်ငွေ့ နှုတ်ခမ်းလေးတွေ မကျေမနပ်စူကာ နှုတ်ဆိတ်နေမိ၏။

" မာမီနဲ့ဆုလတ်တို့ တိုင်ပင်ပြီး ဒီကိစ္စကို သဘောတူခဲ့ပြီးပြီ သမီး မာမီအရှက်ရအောင်တော့ မလုပ်ပါနဲ့ သမီးအလိမ္မာလေး မိဘတွေ ကို မပယ်ရှားဘူးလို့ မာမီ ပြောထားတာ မာမီတို့ အရှက်ကွဲအောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မလုပ်ပါနဲ့ ''

'' ဒါတော့ မာမီတို့မှတရားဘူး သမီးအိမ်ထောင်ရေး ကိစ္စကို သမီးဆုံးဖြတ်ပိုင်ခွင့် မရှိတော့ဘူးလားဟင် ''

'' သမီးကို မာမီတို့ အခွင့်အရေးတွေ ပေးခဲ့တာပဲ သမီး ရွေးချယ်ပိုင်ခွင့်ရှိခဲ့တာပဲလေ သမီးဘာမှပြင်းဖို့ မကြိုးစားနဲ့တော့ ဒါ သမီးအတွက် မာမီတို့အကောင်းဆုံး စီမံတာဆိုတာ သမီး တစ်နေ့ နားလည်လာလိမ့်မယ် ''

'' သမီး သဘောမတူတဲ့ ကိစ္စကြီးကို မာမီတို့ စီစဉ်တာ အကောင်းဆုံးတဲ့လား ''

'' ရင်ငွေ့ ''

မာမီအသံက လိုတာထက်ပိုမိုကျယ်လောင်စူးရှသည်။ ဒေါသ သင့်နေသော မျက်ဝန်းတွေ တောက်ပလျက် မာမီခုတင်ပေါ်က ထ လိုက်တာကို ရင်ငွေ့ငေးကြည့်နေမိ၏။

'' မာမီတို့ သမီးကို အလိုလိုက်ချစ်ခဲ့တယ် ရှိသမျှ မေတ္တာ အကြင်နာတွေလည်း ပုံအောခဲ့ကြတယ် ဒါတွေကို ညည်းကျေးဇူးဆပ် ကြိုးစားပြနေတာလား မာမီနောက်ဆုံးပြောမယ် ညည်းရှိန်းကို လက်ထပ် ဆုံးဖြတ်ပါ ဒါပဲ ''

ယတိပြတ်စကားတွေနှင့် မာမီ အမိန့်ချမှတ်ကာ အခန်း ထွက်သွားခဲ့၏။ ရင်ငွေ့ စိတ်ပျက်ရှုတ်ထွေးစွာ ခုတင်ပေါ် ပစ်လှဲအိပ် လိုက်သည်။





ရှိန်းကိုလက်ထပ်ရမယ်တဲ့။

မူလတန်းကျောင်းသားဘဝကတည်းက အတူသွားအတူစား ခဲ့ကြသည့် ငယ်သူငယ်ချင်းတွေ။

ခြံချင်းကပ်လျက် မဟုတ်ပေမယ့် ငါးအိမ်ပဲခြားသော ရှိန်းတို့ ဆိုတာ ရင်ငွေ့ငယ်စဉ်ကတည်းက နှစ်အိမ့်တစ်အိမ်လို ဝင်ထွက် သောက်နေကျ အိမ်ဖြစ်ခဲ့သည်။

တက္ကသိုလ်ရောက်တော့ ရှိန်းက အင်ဂျင်နီယာဘွဲ့နှင့် ပြီးလို့ ရင်ငွေ့က စီးပွားရေးဘွဲ့ပိုင်ဆိုင်ခဲ့သည်။ ကျောင်းခြင်း သည့်တိုင် ရင်ငွေ့ရှိရာကျောင်းကို ရှိန်းက တစ်ပတ်တစ်ခါလောက် တတ်၏။

ရင်ငွေ့ကလည်း စိတ်ကူးပေါက်ရင် ပေါက်သလို ရှိန်းတို့ သွားပြီး ဒုက္ခပေးနေကျပါပဲ။

နှစ်ဦးကြားမှာ ဖြူစင်သော သံယောဇဉ်ဖြင့်သာ ရင်ငွေ့ ယ်ခဲ့တာ သေချာသည်။

အခုတော့ မာမီတို့အစီအမံတွေကြောင့် တစ်ဘဝလုံး လက်တွဲ ရမည့်သူအဖြစ် လက်ခံရမည်တဲ့။

စိတ်ညစ်စရာကောင်းလိုက်တာ။ သံယောဇဉ်ဆိုတာ ချစ်ခြင်းမှ တဲ့ အချစ်ဆိုသောအရာမှာ သံယောဇဉ်ဆိုသောအရာ ပါကောင်း မည်။ ဒါပေမဲ့ ထိုအရာတွေထက် လေးနက်သည်ဟု ရင်ငွေ့ သည်။



www.burmeseclassic.com

www.burmeseclassic.com

အခုအချိန်ထိ ရှိန်းအပေါ်မှာ ရင်ခုန်လှုပ်ခတ်သော ခံစားချ[က်]မျိုး ရင်ငွေ့တစ်ခါမှ မခံစားခဲ့ရဖူးတာ သေချာသည်။ ရင်ငွေ့ဘဝမှာ တစ်ကြိမ်တစ်ခါပဲ ယောကျ်ားတစ်ယောက်ကြောင့် ရင်ခုန်လှုပ်ရှားခဲ့ရ သည်။

တဒင်္ဂဆုံခဲ့သော သူ့ပုံရိပ်သွင်က အာရုံထဲမှာ တွေးလိုက်ရုံနှ[င့်] ထင်ရှားလာတတ်သည်။

ရင်ငွေ့နှင့်အတူ ငယ်စဉ်ကတည်းက ကျွမ်းဝင်ခင်မင်ခဲ့သော ရှိန်းဆိုတာ ရင်ငွေ့အတွက် တဒင်္ဂလေးသာ ဆုံခဲ့ဖူးသော သူနှင့်ယှဉ်လိုက်လျှင် ဘာကြောင့် ရင်ခုန်လှုပ်ခတ်ခြင်း ကင်းမဲ့နေခဲ့ရတာလဲ။

အချစ်ဆိုတဲ့ အရာကြောင့်လား။

ရင်ငွေ့ အသေအချာ နားလည်ခံစားတတ်ချင်လိုက်တာကွယ်

✿ ✿ ✿ ✿ ✿



## အခန်း (၅)

" ရှိန်း "

ရင်ငွေ့ခေါ်သံကြောင့် ရှိန်း သောက်လက်စ အအေးဘူးကို [ချ]ပြီ ပြန်တင်ရင်း မေးဆတ်ပြသည်။

" နင့်မာမီနဲ့ငါ့မာမီက နင်နဲ့ငါ့ကို လက်ထပ်ပေးကြဖို့ စီစဉ် [နေ]တာ နင်သိလား "

ရင်ငွေ့နှုတ်က သည်လိုမေးခွန်းကြီး ချက်ချင်းထွက်လာ [လိမ့်]မည်ဟု ထင်မှတ်ထားပုံမရသော ရှိန်း အံ့သြသွားတာတော့ သေချာ၏။

မှုးစိုက်ကြည့်နေသော ရင်ငွေ့မျက်ဝန်းတွေကို ရှိန်း တဒင်္ဂ [စို]က်ငေးကြည့်နေပြီးမှ ခေါင်းကလေးညိတ်ဝန်ခံသည်။

" အင်း. . . မာမီ ငါ့ကို အသိပေးထားတယ် "

" နင် ဘာပြန်ပြောလိုက်သလဲ ရှိန်း "

ရှိန်း မျက်ဝန်းတွေ ရင်ငွေ့ထံမှ အကြည့်လွှဲဖယ် မသွားဘဲနှင့် [နေ]သည်။



www.burmeseclassic.com

www.burmeseclassic.com



" ရင်ငွေ့ရဲ့စိတ်ဆန္ဒကို အရင်မေးကြည့်ပါဦးလို့ ငါ ပြောလိုက်တယ် ရင်ငွေ့ "

အမြဲတမ်း ရင်ငွေ့အပေါ် လိုက်လျောပေးတတ်သော ရှိန်း အဖြေစကားအတွက် ရင်ငွေ့ လှိုက်ခနဲ ဝမ်းသာကျေနပ်သွားရင်း

" အဲဒီတော့ နင့်မာမီက ဘာပြောလဲဟင် ရှိန်း "

" သားနဲ့ရင်ငွေ့က ချစ်သူတွေ မဟုတ်ဘူးလားတဲ့ "

" ဘာရယ် "

" မာမီက နင်နဲ့ငါ့ကို ချစ်သူရည်းစားတွေ ဖြစ်နေပြီလို့ ထင်နေတာလေ "

" ဟာ နင်ပြန်မရှင်းပြလိုက်ဘူးလား ငါတို့ သူငယ်ချင်းတွေလို့"

ကသောကမျော ချက်ချင်းငြင်းဆိုလာသော ရင်ငွေ့စကားကို ရှိန်း ပင့်သက်ရှိုက်ခံစားလိုက်ရင်း

" ငါ ရှင်းပြလိုက်ပါတယ် ရင်ငွေ့ ဒါကြောင့် မာမီကို နင့်ဆန္ဒကို အရင်မေးကြည့်ပါဦးလို့ ငါ ပြောလိုက်တာပါဟာ "

" အေး ငါလည်း မာမီကို အတင်းမစီစဉ်ဖို့ အတိုက်အခံ ပြောထားတယ် ရှိန်း "

ရှိန်းမျက်ဝန်းတွေ အရောင်ဖျော့သွားရင်း ရင်ငွေ့ထံမှ အကြည့်တို့ လွှဲဖယ်သွားခဲ့သည်။

" နင် ဒီလိုပြောမယ်လို့ ငါ [illegible]င်ပါတယ် ရင်ငွေ့ရယ် "

" ငါ့ကို နားလည်ပေးပါ ရှိန်း "





"" နင့်အပေါ် ငါ အမြဲတမ်း နားလည်ခဲ့တာ ငါ တစ်ယောက်ပဲလေ "

" ကျေးဇူးတင်တယ် ရှိန်း "

ရှိန်းအကြည့်တွေ ရင်ငွေ့ဆီ ပြန်ဦးတည်လာရင်း နှုတ်ခမ်းလေး ...နဲ့ကွေးရုံမျှ ပြုံးသည်။ ပြီးမှ

" နင်နဲ့ငါ့ကြားမှာ ကျေးဇူးစကားတွေ လိုအပ်လို့လား ရင်ငွေ့ ရယ် "

" ဒီတစ်ခါတော့ လိုတယ် ရှိန်း "

" ဘာလဲ ရင်ငွေ့ နင်နဲ့ငါ့ကိစ္စကို ငြင်းလိုက်တာကြောင့် ...င်တဲ့ ကျေးဇူးလား "

" စိတ်မဆိုးပါနဲ့ ရှိန်းရယ် ငါလေ အရိုးသားဆုံး ဝန်ခံရရင် ...ကို သူငယ်ချင်းတစ်ယောက် သံယောဇဉ်ထက် ပိုလို့မရဘူး "

" အဲဒီစကားကို နင့်နှုတ်က ငါကြားခွင့်ရတာ ဒါနဲ့ဆို ဒုတိယ ...ကြိမ်ပါ ရင်ငွေ့ "

ရှိန်း ခွေးခွေးမြွေမြွေလေး ဆိုသည်။ တကယ်လည်း ရင်ငွေ့ ...တွေက ရှိန်းအတွက် ဒုတိယအကြိမ်ဖြစ်ခဲ့တာပါ။ ကျောင်းတွေ ...တော့ ရင်ငွေ့ကို ရှိန်းချစ်ခွင့်ပန်ခဲ့ဖူးသည်။

ထိုစဉ်ကလည်း ရင်ငွေ့ဒီစကားကိုပဲ ရှိန်းအတွက် ဖြေဖြစ်ခဲ့သည်။

" ငါ့ကို မာမီက ပြောဖူးတယ် ရင်ငွေ့ နင်နဲ့ငါ ဒီလောက် ...သံယောဇဉ်တွေ တွယ်နေကြတာတောင် ချစ်သူတွေ မဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘဲ့ မာစီပြောသလို ငါ ညှံ့ဖျင်းလွန်းနေသလားဟင်"

" အဲဒီလိုလဲ ရှိန်းရဲ့ နင်နဲ့ငါက သူငယ်ချင်းတွေပဲဥစ္စာ ဘဲယောကျ်ားတွေ ကွယ်မိတာနဲ့ ချစ်သူတွေ ဖြစ်ရမတဲ့လား "

" နင့်အပေါ် ငါ ချစ်မြတ်နိုးခဲ့တာ အဲဒီသံယောဇဉ် နောင်တွယ်မှု တွေ တစ်စတစ်စ ရစ်ပတ်ပြီး ဖြစ်တည်ခဲ့တာပါ ရင်ငွေ့ ကျောင်းမှာ တုန်းက နင်နဲ့ငါ ကျောင်းမတူဘဲ မဆုံဖြစ်တဲ့အချိန်တိုင်း နင့်ကို တစ်ယောက် ဦးသွားမှာလားတွေးပြီး ငါ အမြဲတမ်း စိုးရိမ်ထိတ်လန့် နေခဲ့ရတယ် ဘယ်ယောကျ်ားလေးကိုမှ ပြန်လက်မခံခဲ့တဲ့ နင့်နှလုံးသား လည်း ငါ ကျေနပ်ဝမ်းသာနေခဲ့ရတယ် နင့်ကိုငါ လေးလေးနက်နက် ချစ်တာ သိစေချင်လို့ ဘွဲ့တော့ပိုင်ဆိုင်ချိန်ရောက်မှ ငါ ချစ်ခွင့်ပန်ခဲ့တာပါ ရင်ငွေ့ရယ် "

လူကြီးတွေ စီစဉ်ထားသော ပြဿနာအတွက် ရှိန်းနှင့်ဆွေးနွေး ချင်ခဲ့တာမို့ ရှိန်းကိုဖုန်းဆက်ပြီး တွေ့ဖို့ချိန်းဖြစ်ခဲ့ခြင်းဖြစ်သည်။

ရင်ငွေ့ဆန္ဒကို ရှိန်း ဦးစားပေးမှာလည်း ရင်ငွေ့ သိနေခဲ့သည် ဒါပေမဲ့ ရှိန်းခံစားချက်တွေကို ကြားရမည်ဟု တွက်မထားခဲ့။ အခုတော့ ရှိန်းက သူ့ခံစားချက်တွေကို ဖွင့်ဟနေခဲ့ပြန်သည်။

နက်မှောင်ဆံပင်ထူထူပွပွလေးများက ဂုတ်မထိတထိ ဝဲကျလျက် နဖူးပြေပြေပေါ်မှာ လှိုင်းတွန့်လေးတွေလို ခွေလိမ်နေတာ ကြည့်ကောင်းတာ အမှန်ပင်ဖြစ်သည်။

ဝင်းမွတ်ရှင်းသန့်သော မျက်နှာနုဖတ်ဖတ်လေးပေါ်က မျက်





တွေက ထင်းနေ၏။ အညိုရောင်သမ်းသော မျက်ဆံလေးတွေ ဆိုင်ထားသော ရှိန်းရဲ့အကြည့်အောက်မှာ ကောင်မလေးတော်တော် များ မိန်းမောစွဲငြိသွားခဲ့တတ်တာလည်း ရင်ငွေ့သိနေ၏။

ရင်ငွေ့တို့ကျောင်းကို အလည်ရောက်လာတတ်သော ရှိန်းကို တာ မိန်းမချောလေးတွေ ငေးကြည့်နေတတ်တာ အစဉ်အမြဲလိုလို သည်။ အပေါ်အောက် ညီညာထူပြည့်သော ရှိန်းနှုတ်ခမ်းရဲရဲလေး မိန်းကလေးရှုံးလောက်အောင် လှပအချိုးကျသည့်တိုင် ထိုနှုတ်ခမ်း တ်က ယောကျ်ားပီသသော နှုတ်ခမ်းမွေးရေးရေးလေးကလည်း ချွင်စရာတစ်မျိုး ကောင်းနေပြန်၏။

အရပ်အမောင်းနှင့် လိုက်ဖက်သော ခန္ဓာအချိုးအဆစ်နှင့် ပညာတတ် ရှိန်းသည် ပျိုတိုင်းကြိုက်သော နှင်းဆီတစ်ခိုင် ရင်ငွေ့မငြင်းချင်ပါ။

" ရင်ငွေ့ နင် ငါပြောတဲ့စကားတွေ ကြားရဲ့လားဟင် "

" ကြားပါတယ် ရှိန်းရဲ့ "

" ဒါဆို ငါမေးနေတဲ့ မေးခွန်းကို နင်ဘာလို့ မဖြေတာလဲ "

" အဲ နင်ဘာ့မေးလိုက်တာလဲ ဆောရီး ငါ နင့်အကြောင်း လွန်သွားလို့ "

ရင်ငွေ့စကားကို မယုံသလို ရှိန်းပုခုံးလေးတွန့်ကာ ခေါင်းကို တော့ နဖူးပေါ်က ဆံနွယ်ခွေလိပ်လေးတွေ လှုပ်ခတ်သွား၏။

" တကယ်ပြောနေတာ နင့်ကို တစ်ဖက်သတ်ကြိုက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေအကြောင်း ငါ စဉ်းစားနေမိတာ ငါ့ကျောင်းကို နင်လာ
ယည်တုန်းက နင့်ကိုအသေခိုက်နေတဲ့ ချစ်ဆုနဲ့ ဟိုဟာလောက ပလာ
ထဲမှာ ပြန်ဆုံသေးတယ် နင့်ကိုသတိတရမေးနေလို့ဟ ''

'' တော်ပါတော့ ရင်ငွေ့ရယ် နင်ပြောတဲ့ မိန်းကလေးတွေ
အကြောင်း ငါစိတ်မဝင်စားဘူး ဘာလို့လဲဆိုတော့ အဲဒီမိန်းကလေးတွေ
ထဲမှာ နင်မှမပါခဲ့တာပဲလေ ''

'' ဟင် ငါကဘာလို့ ပါရမှာလဲ နင်နဲ့ငါက မောင်နှမယ်
နေလာကြတဲ့ ငယ်သူငယ်ချင်းအရင်းကြီးတွေ ဧရာကြီးမှာပေါ့ ရှိန်း
အဟင်း. . . ဟင်း ''

ရင်ငွေ့အတည်လိုလိုနှင့် အပြောင်အပျက် ရယ်မောဆိုတာ
တောင် ရှိန်းလိုက်ပြီး မရယ်မပြုံးနိုင်ဘဲ တည်ငြိမ်လွန်းနေ၏။

'' ဧရာကြီးလည်းကြီးတော့ ရင်ငွေ့ ငါ မြတ်နိုးတာ
တစ်ယောက်ပဲ ရှိခဲ့တယ် ငါ့နှလုံးသားမှာ နင့်ပုံရိပ်ပဲရှိတယ် ''

'' ပြဿနာပဲ ငါ နင်နဲ့လာတွေ့တာ လူကြီးတွေကိစ္စကို
ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ချင်လို့နော် ရှိန်း ''

'' ရင်ငွေ့ ဘာဖြစ်လို့ နင် ငါ့ကို ငြင်းနေတာလဲဟင် နင့်
ချစ်သူရည်းစားရှိနေတာတော့ မဖြစ်နိုင်ဘူးထင်တယ် ''

'' ဘာလို့ မဖြစ်နိုင်ရမှာလဲ ရှိန်းရဲ့ ''

'' ဟင် ''

ရှိန်းမျက်ဝန်းညိုလေးတွေ အထိတ်တလန့် ဖြစ်သွားတာ





အသေအချာ။ ရင်ငွေ့မျက်နှာကို စူးစူးနစ်နစ်လေး ငေးကြည့်ရင်း

'' နင်မနောက်ပါနဲ့ ရင်ငွေ့ရယ် နင့်မှာချစ်သူရှိတယ်ဆို
ဘယ်သူလဲ ဘယ်ကလဲ ပြောစမ်းပါ ငါ သိပ်သိချင်လို့ ''

ဒါ ရင်ငွေ့ မဖြေတတ်တဲ့ မေးခွန်းဆိုတာ ရှိန်း သိအောင်
ဘယ်လိုရှင်းပြရမည်မသိ။ ဘာဆိုဘာမှ မသိဘဲ မြင်ရုံလေးနဲ့ ချစ်ခဲ့
မိတာဆိုရင်ကော နင် ယုံနိုင်ပါ့မလား ရှိန်းရယ်။

အချစ်ကို ငါ ခံစားတတ်ခဲ့ပြီဆိုတာ နင်သိအောင် ဘယ်လို
ပြောရမလဲ။

'' နင်ညာနေတာပါ ရင်ငွေ့ရယ် ငါ့ကို မကျီစားပါနဲ့ဟာ
နင့်စကားကို ငါ တကယ်ခံစားရတယ် ''

'' တကယ့်ဒုက္ခပါလား ရှိန်းရယ် နင့်မေးခွန်းကို ငါ မဖြေ
တတ်သေးဘူး အဲ ဒါပေမဲ့ ငါ တစ်နေ့ဖြေနိုင်မယ်ထင်တယ် ကံကြမ္မာက
အခွင့်အရေး ပေးလာရင်ပေါ့ ''

'' ရင်ငွေ့ရယ် နင့်ရင်ထဲမှာ အချစ်ကို တကယ်ပဲ မခံစား
တတ်တာလား။ မမြင်နိုင်တာလားဟာ နင်မြင်ကြည့်တတ်မယ်ဆိုရင်
ငါ့ရင်ထဲကို မြင်တွေ့နိုင်မှာပါ နင့်ကိုငါ တကယ်ချစ်ခဲ့တာ ''

ရင်ငွေ့ တကယ်ပဲ စိတ်ညစ်ချင်လာသည်။ ရှိန်းသိအောင်
ပြောပြရင်ကော ယုံနိုင်မှာမဟုတ်တော့ ခက်သည်။ အချစ်ဆိုတာ အမှတ်
တမဲ့ တဒင်္ဂလေးမှာလည်း ပေါက်ဖွားလာတတ်စေတယ်ဆိုတာ နင်သိနိုင်
မှာမဟုတ်ဘူး ရှိန်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို သံယောဇဉ်တွေ နှောင်တွယ်မှုတွေနဲ့ နင့်နှလုံးသားက ခံစားတတ်ခဲ့တာကိုး။ ဒါပေမဲ့ နှလုံးသားတိုင်းခံစားချက်တွေကို မတူညီတတ်တာ နင်မေ့နေသလား။

" ငါ တောင်းပန်ပါတယ် ရင်ငွေ့ နင့်ကိုငါ သိပ်ချစ်တယ် ဒါပေမဲ့ မိဘတွေ ဖွတ်စီစဉ်လို့ နင့်ဆန္ဒမပါဘဲ လက်ခံတာမျိုးလည်း ငါ မလုပ်ချင်ဘူး နင့်နှလုံးသားက ပေါက်ဖွားလာတဲ့ အချစ်ကိုပဲ ငါ ပိုင်ဆိုင်ချင်တာ "

" ငါ့နှလုံးသားက နင့်အပေါ် အဖြူစင်ဆုံး သူငယ်ချင်း တစ်ယောက်ထက် ပိုမလာဘူးဆိုရင်ကော ရှိန်း "

ရှိန်း နှုတ်ခမ်းလေးတွေ ယဲ့ယဲ့ပြုံးသည်။ စူးရှသော မျက်ဝန်း ညိုညိုလေးတွေနှင့် ရင်ငွေ့ မျက်ဝန်းတွေထဲ စိုက်ကြည့်ရင်း

" နင်နဲ့ငါ ငယ်ငယ်ကတည်းက နှောင်တွယ်ခဲ့ကြတာ ဟိုးငယ်ငယ်က ဖြူစင်စွာနဲ့လေ နောက်တော့ ငါ့နှလုံးသားက အရောင်ပြောင်းပြီး နင့်ကိုချစ်သွားခဲ့တယ် နင့်နှလုံးသားထဲမှာ ငါ့ကို သံယောဇဉ်နဲ့ တွယ်တာခြင်းတွေ ရှိနေတယ် ဒီထက်ပိုပြီး ငါ့အပေါ် ဘာလို့ မပြောင်းလဲ လာရမှာလဲ ငါယုံတယ် နင့်နှလုံးသားကို ငါမြင်အောင် ကြည့်နေဦးမယ်"

သေလိုက်စမ်းလို့ပဲ ရင်ငွေ့ဆိုပစ်လိုက်ချင်သည်။ အချစ်ကို မျိုးစေ့ချပြီး စိုက်ပျိုးသလို ခံစားချင်နေတဲ့ ရှိန်း။ အချစ်ဆိုတာ ရေလောင်းပေါင်းသင်ပြီး ရှင်သန်လာတဲ့ သစ်ပင်တစ်ပင်လို ထင်နေသလားမသိ။

" လူကြီးတွေ အစီအစဉ်တွေ႕တွက်တော့ နင်စိတ်မညစ်





[illegible]နဲ့ ရင်ငွေ့ နင့်ဆန္ဒ နင့်နှလုံးသားမပါဘဲ မဖြစ်စေရဘူးလို့ ငါ ကတိ[illegible]တယ် နင့်နှလုံးသားက အချစ်ဆိုတဲ့ ပန်းလေးပွင့်ဖူးလာတဲ့ အချိန်ထိ [illegible]စောင့်နိုင်ပါတယ်ဟာ "

" ကဲ ဒါဆိုလည်း နင့်စကားတည်နော် ရှိန်း နင့်မာမိကိုလည်း [illegible]နားလည်အောင် ရှင်းပြထား ကဲ ငါတို့ ပြန်ရအောင် "

" ကောင်းပြီ ရင်ငွေ့ အအေးတွေ သောက်လိုက်ဦးလေဟာ [illegible]ရင်ထဲမှာ ငြိမ်းချမ်းအေးသွားစေချင်လို့ "

ခံစားနိုင်မှုစွမ်း ကင်းမဲ့နေရင် ရေခဲတုံးကြီး မျိုချတောင် အေးမြ[illegible]ချမ်းစေမှာမဟုတ်ဘူး ရှိန်း။

ငါ့ဆီက အချစ်ကို နင့်ရဲ့ချစ်ခြင်းနဲ့ ပုံအောပြီး နင်ယုံကြည်[illegible]လင့်နေခဲ့သလားဟင်။

ငါ့ရင်ထဲမှာလည်း မျှော်လင့်ချက်တစ်ခု ရှိနေတယ်။

ဒါကို နင် သိနိုင်ပါ့မလား ရှိန်းရယ်။ နင်သိနိုင်တဲ့တစ်နေ့[illegible]ကော လက်ခံနိုင်ပါ့မလား။

ငါ သိချင်လိုက်တာ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နေ့စဉ်ပုံမှန်ပြန်ရောက်နေကျ အချိန်ထက် ရှိန်း နောက်ကျ နေတော့ ဒေါ်ဆုဆုလတ် ဧည့်ခန်းထဲမှာ တမျှော်မျှော် ဖြစ်နေရသည်။

တကယ်ဆို ရှိန်းအာကာဆိုသော သားအရွယ်က ကလေး တစ်ယောက်မဟုတ်ပါ။ အင်ဂျင်နီယာဘွဲ့ရပြီးလို့ ကိုယ်ပိုင်ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခု တည်ထောင်ကာ စီးပွားရေးလောကထဲ တိုးဝင်နေအောင် ရင့်ကျက်နေခဲ့ပြီဖြစ်သည်။

ဒါပေမဲ့ ဒေါ်ဆုဆုလတ် စိတ်ထဲမှာတော့ သားကို ကလေးလို့ ထင်နေမိဆဲ။

သားနှစ်ယောက်ရှိသည့်အထဲမှာ ရှိန်းအာကာက အကြီး အငယ်ကောင် သိမ်းကမ္ဘာကမှ တကယ့်ကလေးသာသာအရွယ် ဖြစ်သည်။

သားကြီးနှင့်ဆယ့်ခြောက်နှစ်ကွာခြားပြီးမှ ဒုတိယသား သိမ်းကမ္ဘာကို မွေးခဲ့တာမို့ သိမ်းကမ္ဘာအသက်က ခုမှ ရှစ်နှစ်ကျော် ရှိသေးသည်။





ဒါပေမဲ့ ဒေါ်ဆုဆုလတ်အတွက်တော့ သားကြီးရှိန်းကိုလည်း ငယ်လေးလို့ပဲ မြင်သည်။

မိဘစကား နားထောင်သော သားကြီးအတွက် အရာရာ လက်ချ ရှိပေမယ့် စိုးရိမ်နေတာ တစ်ခုရှိသည်။

ပညာတတ် ရုပ်ချော၊ ဥစ္စာနေပြည့်စုံပြီး စီးပွားရေးလောက ည်း အောင်မြင်စပြုနေသည့် သားကို တစ်ပါးသော မိန်းမတွေနှင့် တွေ့ကျွမ်းဝင်သွားမှာကို စိုးမိသည်။

ရှိန်းက ဆိုးဆိုးပေပေ မဟုတ်သလို မိန်းမနှင့်ပတ်သက်လျှင် ရှုတ်ထွေးထွေး မရှိတာလည်း ဒေါ်ဆုဆုလတ် သိပါသည်။ ကျောင်းတုန်းကလည်း ရည်းစားသနာတွေ ထားသည်မရှိခဲ့။ မတွေ့ ပါ။ ပညာရေးကိုသာ ကြိုးစားပြီး လိမ္မာခဲ့သော သားတစ်ယောက်။

သည်လိုသားမို့လည်း တစ်စုံတစ်ခု ဖြစ်မှာကို ဒေါ်ဆုဆုလတ် မိသည်။ အထူးသဖြင့် သားတဝနောင်ရေးမှာ အမှားတော့ မဖြစ် စေချင်ပါ။

ဒါတွေကြောင့်လည်း သူမအတွင်းသိ အစင်းသိ တစ်လမ်းတည်း သော သူမ၏မိတ်ဆွေ ဒေါ်ခင်မြင့်မြတ် သမီးလေးနှင့် ကြည်ဖြူ နေမိခြင်းဖြစ်သည်။

ရင်ငွေ့ဆိုသော သမီးလေးက ချစ်စရာကောင်းအောင် ချောမော လို အဆင်းကော အချင်းပါ ပြည့်စုံသူလေးဖြစ်၏။ သားကြီးနှင့် ကြီးဖော်တွေမို့လည်း ပိုလို့အဆင်ပြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းက သူတို့လေးတွေ နှစ်အိမ်တစ်အိ
နေထိုင်ခဲ့ကြတာဆိုတော့ ဘာမှပူပန်စရာမရှိ
မိန်းကလေးဟု ဒေါ်ဆုဆုလတ်
ကြည်သည်။

ညနေခင်းဆိုင်ခုံမှာစောင့်ရင်း အတွေးတို့ စီဝေနေခိုက်မှာပဲ ဆိုင်ဝင်အောက်ကို သားကြီးရဲ့ပါရာဒို ကားလေးထိုးရပ်လာ၏။

သည်တော့မှ ဒေါ်ဆုဆုလတ် ပင့်သက်မောလေးချကာ မျက်နှာလေးရွှင်ပြုံး ကျေနပ်သွားရ၏။

" မာမီ သားကို စောင့်နေတာလား "

" အင်းပေါ့ သားကြီး ဒီနေ့ အိမ်ပြန်နောက်ကျနေသလား အလုပ်တွေ ရှုပ်နေသလား သား မာမီတောင် ဖုန်းဆက်မလား စ နေသေးတယ် "

အလုပ်ကြောင့် နောက်ကျတတ်လျှင် မာမီဆီ သူ ဖုန်းဆက် နေကြဖြစ်သည်။ မာမီ စိုးရိမ်တတ်တာ သူသိပါသည်။

" ရင်ငွေ့နဲ့ အအေးဆိုင်ထိုင်နေလို့ပါ မာမီ "

" သမီးလေးနဲ့ ဟုတ်လား ဘယ်မှာတွေ့ကြတာလဲ သား "

" သားဆီ သူ ဖုန်းဆက်ပြီး လှမ်းခေါ်လို့ မာမီ "

ဒေါ်ဆုဆုလတ် မျက်နှာလေး အံ့သြသလို မျက်ဝန်းတွေနဲ့ သူ့ကို စူးစိုက်ကြည့်သည်။ သူ မာမီနံဘေးထိုင်ခုံဆိုဖာမှာ ဝင်ထိ ပစ်လိုက်ရင်း





" သမီးလေးက ခေါ်လို့ဟုတ်လား သား ဘာကိစ္စရှိလို့လဲ သားကို သမီးလေးက ဘာတွေပြောလို့လဲ "

" မာမီတို့ လူကြီးတွေစီစဉ်ထားတဲ့ သားတို့နှစ်ယောက်ကိစ္စ ဆွေးနွေးကြတာပါ မာမီ "

" ဟင် ဟုတ်လား သမီးလေးက ဘာတွေပြောလဲ သား မာမီကို ပြောပါဦး "

" ရင်ငွေ့ဆန္ဒက သားတို့ကိစ္စကို အလောတကြီး မစီစဉ် ချင်ဘူး မာမီ "

ဒေါ်ဆုဆုလတ် မျက်လုံးတွေ ပင့်တက်သွားရင်း တွေတွေလေး ဖြစ်သွားရ၏။ သားမျက်နှာကို အကဲခတ်ကြည့်တော့လည်း ရွှင်လန်း တက်ကြွမှုတွေ မတွေ့တာမို့ စိတ်ထဲမှာ စိုးရိမ်မှုပူပန်သွားရတာ အမှန်။

" နေ. . . နေပါဦး သား သမီးကဘာလို့ ဒီလိုငြင်းရတာလဲ သမီးလေးနဲ့သားတို့ကကော ဘယ်လိုလဲ အဆင်မပြေကြဘူးလား မာမီကို ပြောပါဦး "

" အဆင်ပြေပါတယ် မာမီ အရင်အတိုင်းပါပဲ "

" ဟင် ဒါဆို ဘာလို့ မင်္ဂလာကိစ္စကို သမီးလေးက ငြင်းနေ တာလဲ "

" ရင်ငွေ့ငြင်းတာက သူ အိမ်ထောင်ပြုဖို့ စိတ်မဝင်စားသေး တာရယ် ပြီးတော့ သားကို သူ့သူငယ်ချင်းတစ်ယောက်လို့ပဲ မြင် တာတွေ့ရယ်ကြောင့်ပါ "



www.burmeseclassic.com

www.burmeseclassic.com



" အို သားကြီးကလည်း သမီးလေးကို သားစိတ်ဆန္ဒတွေ ဖွင့်မပြောဘူးလား ဟိုလေ သားဘက်က သမီးလေးကိုထားတဲ့ သဘော ထားတော့ သမီးလေးသိအောင် မပြောဘူးလား "

ဒေါ်ဆုဆုလတ် မချင့်မရဲနှင့် မေးတော့ ရှိန်းအာကာ ဆိုဖာ နောက်ခုံမှာ ကျောမှီ့မှီလိုက်ရင်း

" သားပြောတာပေါ့ မာမီ ရင်ငွေ့လည်း သိပါတယ် "

" သမီးလေးမှာ ချစ်သူရည်းစားတွေ ရှိနေသလား မာမ့်သား ပျော့ညံ့ညံ့လုပ်နေလို့ နောက်ကျသွားပြီလားကွယ် "

မာမီကတော့ စိုးရိမ်နေသလိုနှင့် ပြောနေသည်။ ရင်ငွေ့နှင့် သူ့ကိစ္စမှာ မာမီက သူ့ဘက်က နှုတ်နည်းလွန်းသည်ဟု အမြဲပြောဖူး သည်။ ရင်ငွေ့ကို အမြန်ဆုံး ချစ်စကားကြိုက်စကား ဖွင့်ပြောဖို့ ကြိုးစားဖို့ ကိုလည်း မာမီကပဲ တိုက်တွန်းခဲ့တာ ဖြစ်သည်။

မာမီ အလောတကြီး နိုင်နေပေမယ့် သူကတော့ တည်တည် ငြိမ်ငြိမ်နှင့် အမူအရာမပျက် ရှိနေတာကိုလည်း မာမီအားမရ ဖြစ်နေတာ သေချာ၏။

" သား မာမီမေးတာ ဖြေဦးလေ သမီးလေးမှာ ဟို ချစ်သူ ရည်းစားတွေဘာတွေများ ရှိနေပြီလား "

" အဲဒါတော့ လုံးဝမဖြစ်နိုင်တာ သေချာတယ် မာမီ ရင်ငွေ့မှာ ဘာရည်းစားမှ မရှိဘူး သားသိတာပေါ့ ရင်ငွေ့က ရည်းစားထားဖို့ စိတ်မဝင်စားဘူး ပြီးတော့ သားကိုလည်း သူငယ်ချင်းလို သူ ခင်တွယ်





...နေတာထက်ပိုလို့ မရဘူးလို့ ယူဆနေတယ် ဘာပဲဖြစ်ဖြစ် မာမီတို့ ...ဘက်ကလည်း ရင်ငွေ့ဆန္ဒကို ဆန့်ကျင်ပြီးတော့ အလျှင်အမြန်ကြီး ...လုပ်စေချင်ဘူး "

" ဒါတော့ သားရယ် သားတို့အရွယ်တွေကလည်း ကလေး ...မှမဟုတ်တော့တာပဲ ဒါကြောင့် မာမီအမြန်ဆုံး စီစဉ်ချင်တာ ပြီးတော့ ...လေးမိခင် မပြတ်ကိုယ်တိုင်ကလည်း အမြန်ဆုံး ဆန္ဒရှိနေတယ်လေ"

" ခဏလောက်တော့ သည်းခံပေးပါ မာမီ သားတောင်းပန် ...ယ် ရင်ငွေ့ဆန္ဒမပါဘဲ ဘာမှသားမလုပ်ချင်ဘူး ပြီးတော့ သားယုံတယ် ... သားကို ချစ်လာမှာပါ ရင်ငွေ့ကို သား အားလုံးဖွင့်ပြောခဲ့ပြီးပြီ"

" မာမီကတော့ သားတို့ကိစ္စကို ဒီထက်ပို မကြာစေချင်တော့ဘူး ...ရင် မနက်ဖြန်တောင် လက်ထပ်ပေးလိုက်ချင်တာ "

" ဟာ မာမီကလည်း "

" မာမီကလည်း မလုပ်နဲ့ သမီးရင်ငွေ့မှာ ချစ်သူမရှိဘူး ...သူဆိုလို့ သားပဲရှိတယ် ပြီးတော့ ခုမှတွေ့ကြတဲ့ သူတွေလည်း ...ယ်ပေါင်းကြီးဖော်တွေဖြစ်ရက်နဲ့ ဒီလိုဖတ်မျောကြီး ဖြစ်နေတာ ...လို့လို့ပဲ မာမီထင်တယ် "

" မာမီပြောသလို သားညံ့တယ်ပဲ ထားလိုက်ပါ ရင်ငွေ့ စိတ်ကို ...ောက် မာမီမသိပါဘူးဗျာ "

" အင်းလေ သားအသိဆုံးမို့ အမြန်ဆုံးကြိုးစားဖို့ မာမီ ...နေတာပေါ့ ရင်ငွေ့ခေါင်းကလေး တစ်ချက်အညိတ်တောင်



www.burmeseclassic.com

www.burmeseclassic.com



သား မစွမ်းဆောင်နိုင်တော့ဘူးတဲ့လား "

" သားခေါင်းညိတ်နိုင်းလို့ ရင်ငွေ့ခေါင်းညိတ်ရတာထ... သူ့နှလုံးသားက လက်ခံကြည်ဖြူမှုကိုပဲ သားလိုချင်တာ မာမီ ကဲ ဒီကိစ္စ... မာမီတို့ ခေါင်းအေးအေးထားကြပါဗျာ သားနဲ့ရင်ငွေ့ကြားမှာ အဆင်ပြေ... နေတာနဲ့ မာမီတို့ဆန္ဒတွေ ပြည့်ဝမှာပါ သားရေချိုးလိုက်ဦးမယ် မာမီ...

ရှိန်း ဧည့်ခန်းထဲက ထထွက်သွားတော့ ဒေါ်ဆုဆုလတ် မဟ... မကျေစိတ်တွေနှင့် ကျန်ရစ်ခဲ့ရပါသည်။

သားနှင့်သမီးလေးကြားမှာ ဘာတွေညှိနှိုင်းမရဖြစ်နေတာ... စဉ်းစားမရပါ။

သားကို အဖြေပေးဖို့ သမီးလေး နှုတ်ရှက်နေတာလို့ပဲ သူ... ထင်သည်။ ခက်သည်က သားကလည်း မထုံတတ်သေး နိုင်လွန်းသည်...

လူငယ်ဖြစ်ပြီး သည်လိုတည်ငြိမ်သွေးအေးလွန်းတာကို ဒေါ်ဆု... လတ် အားမလိုအားမရ ဖြစ်ရသည်။

တကယ်ဆို မိဘတွေကလည်း ကြည်ဖြူသည်။ သားကိုယ်တိုင်... ကလည်း နှောင်တွယ်နေသည်။ သမီးလေးဘက်မှာလည်း အမုန်း... မှတော့ ဘာမှမကြည်ဖြူစရာမရှိ။ မနီးစပ်စရာမရှိပါ။

မိန်းကလေးဆိုတာ ဣန္ဒြေတော့ စောင့်ထိန်းရတတ်သည်... ဒါကိုပဲ သား နားမလည်နိုင်တာလား။ သမီးလေးကပဲ ရှက်သည်းပိုနေတာ... လား။

တစ်ခုခုတော့ ဖြစ်လိမ့်မည်။





လူငယ်တွေ အရေးကိစ္စမှာ မဆီမဆိုင် ရတက်ပွေနေရတာက ...နှင့်မပြတ်တို့ မိဘတွေဖြစ်သည်။

တစ်ခုခုတော့ စိစဉ်တိုင်ပင်မှ ဖြစ်တော့မည်ထင်ရဲ့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အခုတလော ရင်ငွေ့တို့အိမ်လေး တိတ်ဆိတ်လွန်းနေသည်။
တရားခံတွေက မာမီနှင့်ရင်ငွေ့ကြောင့်ပဲဖြစ်သည်။ ရှိန်းနှင့်
လက်ထပ်ပေးဖို့ အစီအစဉ်ကို ရင်ငွေ့ဘက်က မကြည်ဖြူသလို ငြင်း
တာကိုလည်း မာမီစိတ်ဆိုးနေသည်။

မာမီကို ခါးခါးသီးသီး ငြင်းခဲ့တာအတွက် မာမီ စိတ်ဆိုးဒေါသ
ဖြစ်နေမယ်ဆိုတာလည်း ရင်ငွေ့သိပါသည်။

မာမီက ရင်ငွေ့ကို တမင်မတွေ့အောင် ရှောင်သလို လုပ်နေ
တာကို စိတ်မကောင်းဖြစ်ရပေမယ့်လည်း မာမီနှင့်ဆုံလျှင် သည်ကိစ္စ
ပြန်အစဖော်ကာ ရင်ငွေ့စိတ်ညစ်ရှုပ်ထွေးရဦးမှာမို့ ရင်ငွေ့ကလည်း တမင်
ရှောင်နေဖြစ်သည်။

သုံးယောက်တည်းသာရှိသော သည်အိမ်မှာ အရင်က
မာမီရေ သမီးရေဆိုသော အသံလေးတွေ ညံစီလျက်ရှိတတ်၏။

အခုတော့ သည်အသံလေးတွေ ဆိတ်သုဉ်းနေခဲ့တာမို့ တကယ်





ကို တိတ်ဆိတ်လွန်းသွားခဲ့ပါသည်။

ဒယ်ဒီက သူ့ဘာသာ တစ်ယောက်တည်း နေတတ်သူဖြစ်သည်။
စကားအပြောအဆို နည်းသလို မာမီနှင့်ရင်ငွေ့တို့သားအမိ ရယ်မော
နောက်ပြောင်နေလျှင် ပြုံးပြုံးကြီးငေးကြည့်နေတတ်သူ။

သည်တော့ အိမ်မှာ စကားအများဆုံး အဆူဆုံး မာမီနှင့်
ရင်ငွေ့တို့ မခေါ်မပြောနေကြတော့ တိတ်ဆိတ်မှုက သိသာသွားခဲ့သည်။
ရင်ငွေ့ကိုလည်း မာမီအကြာကြီး စိတ်မဆိုးနိုင်ဟု ယုံသည်။

တခါတော့ မာမီရဲ့ အိမ်ထောင်ရေးကိစ္စများက ကင်းဝေး
နေတာမို့ ရင်ငွေ့ နားပူတော့ သက်သာနေသည်ဟုပဲ ထ[illegible]ခဲ့၏။

" သမီး ရင်ငွေ့ "

ထမင်းဝိုင်းမှာလည်း တမင်မဆာသေးဟု အကြောင်းပြကာ
နောက်ကျပြီးမှ စားခဲ့သည်။ ပြီးတော့ ဒယ်ဒီနှင့်မာမီတို့ ရှိနေသော
ည့်ခန်းကို မသွားတော့ဘဲ ရင်ငွေ့အခန်းထဲ ဝင်ခဲ့ခြင်းဖြစ်သည်။

အခု ရင်ငွေ့ရဲ့အခန်းတံခါးဝက ကြားလိုက်ရတာ ဒယ်ဒီအသံ
ဖြစ်သည်။

" ရှင် လာပြီ ဒယ်ဒီ "

ရင်ငွေ့ ကသောကမျောလေး ခုတင်ပေါ်ကဆင်းကာ အခန်း
တံခါးကို ဖွင့်ပေးလိုက်တော့ ဒယ်ဒီကို အခန်းဝမှာ တစ်ယောက်တည်း
တွေ့လိုက်ရသည်။

" ဒယ်ဒီရဲ့ စာဖတ်ခန်းထဲ ခဏလိုက်ခဲ့ဦး သမီး "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်. . . ဟုတ်ကဲ့ ဒယ်ဒီ "

စကားအဆုံးမှာ ဒယ်ဒီရှေ့က ဦးဆောင်လှမ်းသွားခဲ့သည် ရင်ငွေ့ဒယ်ဒီနောက်က လိုက်ခဲ့ရသည်။

စိတ်ထဲကတော့ သိလိုက်ပြီ။ ရင်ငွေ့နှင့်မာမီတို့ကိစ္စကို ဒယ်ဒီ ရိပ်မိသွားခဲ့ပြီဟု။

စာကြည့်ခန်းထဲရောက်တော့ ဒယ်ဒီက စားပွဲထိုင်ခုံမှာ ဝင်ထိုင် သည်။ ရင်ငွေ့ကလည်း ဒယ်ဒီနှံဘေးမှ ထိုင်ခုံလွတ်မှာ ဝင်ထိုင်လိုက်ရ

ဒယ်ဒီမျက်နှာကိုတော့ ရဲရဲမကြည့်ရဲပါ။

" သမီးနဲ့ မာမီ ဘာဖြစ်ထားတာလဲ "

" ဘာ. . . ဘာမှ မဖြစ်ပါဘူး ဒယ်ဒီ "

" သမီး မှန်မှန်ပြောစမ်း "

ဒယ်ဒီအသံက ဒေါသသံမဟုတ်ပေမယ့် မာသည်။ ရင်ငွေ့ ဒယ်ဒီကိုတော့ လေးစားချစ်ကြောက်သည်။

ဒယ်ဒီက စကားနည်းပြီး ရင်ငွေ့ကိုလည်း မာမီလို တတွတ်တွတ် ဆူထာပူတာ ပြောတာမျိုးမရှိဘဲ နေတတ်သူဖြစ်သည်။ ဒါကြောင့် ဒယ် ကိုတော့ ရင်ငွေ့မညာရဲပါ။

" မာမီက သမီးကို ရှိန်းနဲ့အတင်း လက်ထပ်ခိုင်းနေတာ စကားမပြောဖြစ်ကြတာပါ ဒယ်ဒီ "

" နေပါဦး သမီးက မောင်ရှိန်းအာကာကို ဘာများသဘော မကျစရာရှိလို့လဲ "





" ဟို. . . အဲ မရှိပါဘူး ဒယ်ဒီ "

" ဒါဆို သမီးမှာ ရည်ရွယ်ထားတဲ့ ချစ်သူရည်းစားတွေ ဘာတွေ လားရှိရင် ဒယ်ဒီကို ပွင့်ပွင့်လင်းလင်းပြော လိမ်တာညာတာ ဒယ်ဒီ ကြိုက်ဘူး "

" အဲ. . . မရှိပါဘူး ဒယ်ဒီရဲ့ "

" ဒါဆို သမီးအကြောင်းပြချက်က အဓိပ္ပါယ်မဲ့နေတာ အမှန်ပဲ ယ်ဒီတို့က မိဘဝတ္တရားရှိတာနဲ့အညီ သမီးအတွက် ဆောင်ရွက်ပေး တယ် ဒါကို သမီးကအပြစ်မြင်တယ် အကြောင်းပြချက်မရှိဘဲ ငြင်းနေ ယ် ဒါ သမီးမှားယွင်းနေတာပဲ "

အခုမှပဲ ရင်ငွေ့သဘောပေါက်ချင်လာရ၏။ မာမီက ရင်ငွေ့ကို မပြောဘဲ နေပြလိုက်တာမို့ ဒယ်ဒီ ဒီပြဿနာထဲ ဝင်ပါလာရတော့ သည်။

မာမီကြောင့်တော့ ခက်နေပါပြီ။ ရင်ငွေ့မှာတော့ မာမီရဲ့ နားပူ က လွတ်ပြီထင်ကာ စိတ်ချမ်းသာနေခဲ့၏။ အခုတော့ ဒယ်ဒီနှင့် ရင်ဆိုင်နေရပြန်ချေပြီ။

" ကဲ. . . ပြော သမီး သမီးဘာပြောချင်လဲ ဒယ်ဒီကိုပြော"

ဒယ်ဒီက ရင်ငွေ့မျက်နှာအရိပ်အကဲကို ကြည့်ကာ ဆိုသည်။ ငွေ့ရင်ထဲက ခံစားချက်အတိုင်း ဝန်ခံမိ၏။

" သမီး ရှိန်းကို လက်တွဲဖော်အဖြစ် ခံစားလို့ မရဘူး ဒယ်ဒီ သူ့ကို သူငယ်ချင်းတစ်ယောက်လို မောင်နှမတွေလိုပဲ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



မိုး—

ဒယ်ဒီခေါင်းလေး တညိတ်ညိတ်ပြုကာ ပြုံးသည်။ ပြီးမှ လေသံ တိုးတိုးနှင့် ရင်ငွေ့နားဝင်အောင် ရှင်းလင်းချက် ပေးပြန်၏။

" သမီး မာမီနဲ့ဒယ်ဒီတို့ လက်ထပ်ဖြစ်ခဲ့ကြတာ မိဘတွေရဲ့ စီစဉ်မှုကို နာခံခဲ့ကြတာပဲ သမီး စေ့စပ်ပွဲမှာမှ နှစ်ယောက် တစ်ယောက် တစ်ယောက် မြင်ဖူးကြတာ လူကြီးတွေ အစီအမံကို နှစ်ယောက်တိုင်ပင် ဆွေးနွေးကြရင်း သုံးကြိမ်လောက် ဆုံဖြစ်တော့ တစ်ယောက်စိတ် တစ်ယောက် နားလည်လိုက်ကြတယ် ပြီးတော့ ဒယ်ဒီတို့ လက်ထပ်ခဲ့ ကြတယ် ဒယ်ဒီနဲ့မာမီတို့ဘဝမှာ ဘာဒုက္ခအခက်အခဲမှ မရှိခဲ့ကြဘူး သမီးလေးတစ်သက် ဘယ်တုန်းက ရန်ဖြစ်စကားများခဲ့ကြတာ ရှိသလဲ သမီးစဉ်းစားကြည့် "

စကားစကိုဖြတ်ကာ ဒယ်ဒီရင်ငွေ့ကို ကြည့်သည်။ ရင်ငွေ့ ခေါင်းကလေးငုံ့ တိတ်ဆိတ်စွာပဲ နားထောင်နေရ၏။

" သမီးအသိဆုံးပါ သမီးနဲ့မောင်ရှိန်းအာကာက အခုမှ မြင်ဖူး ကြတာ မဟုတ်ဘူး ငယ်ပေါင်းကြီးဖော်တွေပဲ အခုကိစ္စမှာလည်း မောင်ရှိန်း အာကာဘက်က သမီးကို မေတ္တာရှိရင်းစွဲရှိတယ်လို့ ဒယ်ဒီသိထားတယ် မဆုလတ်ကလည်း သမီးကို သမီးရင်းချာလို လိုလိုလားလားရှိတာ အထ အရှားပဲ ဒါကို သမီးဘက်က အကြောင်းပြချက် မရှေရာဘဲ ငြင်းနေတာ သိပ်မှားတယ် ဖြူစင်တဲ့ သံယောဇဉ်ချစ်ခြင်းနဲ့ သမီးတို့လက်တွဲဖြစ်ကြ သမီးတို့ အိမ်ထောင်ရေး ဒီထက်ပိုခိုင်မာဖို့ပဲ ရှိတယ် မောင်ရှိန်းအာကာ





စိတ်ရင်းကိုလည်း သမီးပြောပြစရာမလိုတဲ့ကို ဒယ်ဒီသိနေတယ် ခြွင်းချက် မရှိ ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်ကို သမီးငြင်းနေတာတော့ သဘာဝမကျဘူး "

ဒယ်ဒီစကားတွေက ရင်ငွေ့တုံ့ပြန်နိုင်စွမ်း မရှိအောင် ချက်ကျ လက်ကျရှိနေသည်။ ရင်ငွေ့ နှုတ်ဆိတ်နားထောင်သူ သက်သက်သာ ဖြစ်နေရ၏။

" ကဲ ဘာမှမစဉ်းစားနဲ့တော့ သမီး ဒယ်ဒီတို့စီမံတာကို သမီး ခံပါ သမီးဘဝအတွက် အေးချမ်းမှာ ယုံကြည်လိုက် မေတ္တာစိတ်ဆိုတာ အသွားအပြန်ရှိတယ်တဲ့ သမီးအပေါ် ဒယ်ဒီနဲ့မာမီ ချစ်ခင်သလို ဒယ်ဒီတို့ အပေါ်လည်း သမီးအကြွင်းမဲ့ ယုံကြည်မှုနဲ့ ခေါင်းညိတ်လိုက် သမီး သမီးရဲ့ မာမီစိတ်ချမ်းသာသလို သမီးဘဝလေး အေးချမ်းမှာ သေချာ ပါတယ် "

ဒယ်ဒီစာကြည့်ခန်းလေးက ပြန်ခဲ့တော့ ရင်ငွေ့စိတ်တွေ နောက်ကျိရှုပ်ထွေးသွားရတာ အမှန်။

ချစ်ခြင်းမေတ္တာဆိုတာ ဦးနှောက်အသိတရားတွေရဲ့ ထိန်းချုပ်မှု အောက်မှာ သူ့အလိုလို ဖြစ်တည်လာသတဲ့လား ဒယ်ဒီ။

ရင်ငွေ့နှလုံးသားက ခံစားမှုတစ်ခုကို သိရင်ကော ဒယ်ဒီ ဘယ်လိုသတ်မှတ်မှာလဲ။ တဒင်္ဂလေးမြင်ခဲ့ရတဲ့ ယောကျ်ားတစ်ယောက်ကို ...ထက်ပိုမိုပြီး နှောင်တွယ်သွားတဲ့ သမီးနှလုံးသားကို ဒယ်ဒီ ဘယ်လို ...နှ်ချက်ပေးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ရှုံးသွပ်မိုက်မဲမှုတစ်ခုပဲလား ဒယ်ဒီ။ အလွယ်တကူနဲ့ ခွေပြောင်းခဲ့တဲ့ ရင်ငွေ့နှလုံးသားက တစ်စုံတစ်ယောက်သောချစ်ကြောင့် အလိုလို ပျော်ဝင်သွားခဲ့ရတာ ရင်ငွေ့ကိုယ်ရင်ငွေ့ မယုံနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ရင်ငွေ့ အဲဒီခံစားချက်ကို မဖိတ်ခေါ်ဘဲ ခံစားခဲ့ရတာပိုင်ဆိုင်ခဲ့ရတာပါ။

အခန်းရှေ့က တရှပ်ရှပ်ခြေသံကြောင့် ရင်ငွေ့မျက်ဝန်းအစုံကိုဖျပ်ခနဲ ပိတ်ကာ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

ခြေသံက တံခါးပိတ်မထားသော ရင်ငွေ့အခန်းထဲထိ လျှောက်လာတာ သိနေ၏။ ပြီးတော့ ရှင်မတောင်သနပ်ခါးရနံ့သင်းသင်းလေး

ဒါ မာမီပဲဖြစ်မည်ဟု ရင်ငွေ့ အတပ်သိလိုက်၏။ မာမီက ရှင်မတောင်သနပ်ခါးကိုသာ မက်မောနှစ်သက်စွာ သုံးတတ်သူလေ။

မာမီခုတင်နားမှာ လာရပ်ကြည့်နေတာ သိနေရက်နဲ့ ရင်ငွေ့အသက်ကလေး မှူးမှူးရှူကာ အိပ်ပျော်ဟန်ဆောင်နေမိဆဲ။ ခုချိန်မှာ မာမီရဲ့နှစ်သိမ့်စကားတွေကိုလည်း ရင်ငွေ့ထပ်မကြားလိုပါ။

ပါးပြင်ကို ငုံ့နမ်းသည့် မာမီရဲ့ အနမ်းတစ်ချက်ကို ရင်ငွေ့နွေးခနဲ ခံစားလိုက်ရသည်။

ခြုံစောင်လေးကို ရင်ငွေ့ခန္ဓာကိုယ်ပေါ် အသာလေး လွှားတင်ပေးပြီး မာမီပြန်လှည့်ထွက်သွားတာလည်း သိ၏။ အခန်းတံခါးကိုညင်ညင်သာသာလေး ပြန်ပိတ်ပေးသွားခဲ့တာလည်း သိနေ၏။

မာမီ ခြေသံလေးပျောက်သွားမှ ရင်ငွေ့မျက်ဝန်းလေးတွေ





...ဖွင့်လိုက်မိသည်။

ရင်ငွေ့ကို စိတ်ကောက်စိတ်ဆိုးပြနေတဲ့ မာမီ ဒီလိုယုယဂရုစိုက်ကြင်နာပြတတ်တာက ညတိုင်းပြုနေကျ အပြုအမူဖြစ်သည်။

အရင်ညတွေကလည်း ရင်ငွေ့ကို မာမီ စောင်လေးလွှမ်းခြုံပေးတတ်တာ ညစဉ်ဆိုတာ ရင်ငွေ့သိနေ၏။

မာမီရယ် ရင်ငွေ့အပေါ်ထားတဲ့ မာမီတို့ မေတ္တာတရားတွေကို ရင်ငွေ့သိနားလည်နိုင်ပါတယ်။ တကယ်ဆို ရင်ငွေ့အပေါ် ရှိန်းကလည်း ...ကြည့် ဂရုစိုက်တတ်တာ ရင်ငွေ့သိသည်။ အားလုံးလည်း သိခဲ့၏။

ညသ့်ခံပွဲတစ်ခုမှာသာ သူနဲ့ရင်ငွေ့ ဆုံနိုင်စရာ မရှိခဲ့ဘူးဆိုရင် ...ကို ရင်ငွေ့ခေါင်းညိတ်လက်ခံလိုက်မိမှာပါ။

အခုတော့ ရင်ငွေ့ တွေဝေနေတတ်ခဲ့ပြီ။

ရင်ငွေ့ ဘာတွေဖြစ်နေတာလဲ မသိတော့ဘူး မာမီရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

" ××× နင်လေမေ့သွားတော့ ××× ငါ့ရင်တွေနာလှပြီ … ×× နင်လေကရုမစိုက်တော့ ငါ့စိတ်လေးတွေကုန်ခဲ့ပြီ× ×× နင်က အခြားတစ်ယောက်ကို××× နင့်ရဲ့အချစ်တွေပုံပေးထား××× "

စားပွဲပေါ်က GSM ဖုန်းလေးထဲက သီချင်းသံလေး ပျံ့လွင့်လာတော့ ရင်ငွေ့ ဖုန်းကို ကောက်ကိုင်လိုက်ရသည်။

ဖုန်းလေးထဲက စက္ကရင်လေးထဲ ကြည့်လိုက်တော့ ယဉ်ကျေးနာမည်လေး ပေါ်လာသည်။

" ယဉ်ကျေး . . . ပြော "

" အသံက မာလှချည်လား ငွေ့ရဲ့ "

" စိတ်တွေရှုပ်ထွေးနေလို့ပါဟာ "

" ဘာလဲ နင့်မာမီက ကျိုင်ရှာနေတာလား "

" မာမီတင်မကတော့ဘူး ဒယ်ဒီကပါ ဝင်လာပြီ ဒါကြောင့် ငါ စိတ်ညစ်နေတာ သိလား "





" ဘယ်သိမှာလဲ ရင်မကျွန်မတို့ဆီမလာဘဲ ခုတောင် ငါနဲ့ပိုးပိုး…တို့က မနေနိုင်မထိုင်နိုင် ဖုန်းဆက်မိကြတာ "

ဖုန်းထဲမှာ ယဉ်ကျေးအသံလေး ဒေါသသင့်နေသည်။ ဟုတ်တော့…ည်း ဟုတ်သည်။ ရင်ငွေ့မှာ ကိုယ့်ဘာသာစိတ်ရှုပ်ထွေး နောက်ကျို…င်းတွေနှင့် ယဉ်ကျေးနှင့်ပိုးပိုးတို့ကို မေ့ထားပစ်ခဲ့မိတာ တစ်ပတ်တောင်…ကျော်ပြီထင်၏။

" စိတ်မဆိုးပါနဲ့ ယဉ်ကျေးရယ် ငါ အရမ်းစိတ်ရှုပ်နေလို့…မိနဲ့တောင် ဆိုင်လိုက်မထိုင်တာ ငါးရက်ရှိပြီ "

" နင်တစ်ယောက်တည်း အိမ်မှာအိမ်တွင်းပုန်း လုပ်နေတာ…ပဲလေ "

" အေး ဘယ်မှမသွားချင်ဘူး အိမ်မှာပဲအောင်းနေတာ…စိတ်ညစ်လို့ "

" လာပြန်ပြီ စိတ်ညစ်တယ်ဆိုတဲ့ စကားကြီး "

ယဉ်ကျေးအသံမဟုတ်ပါ။ ယဉ်ကျေးလက်ထဲက ဖုန်းကို…ယူပြီး ပိုးပိုးပြောလိုက်တာပဲဖြစ်မည်။ ပိုးပိုးအသံဖြစ်၏။

" ပိုးပိုး နင်ပါရောက်နေသလား အတော်ပဲဟာ ငါ နင်တို့နဲ့…ချင်တယ် "

" အခုမှ သတိရတယ်ပေါ့လေ "

" စကားနာမထိုးပါနဲ့ဟာ ငါ အခုလာခဲ့မယ် ဒီပိုလုပ်…ယောက် ရွက်စိမ်းမှာဆုံကြရအောင် "



www.burmeseclassic.com

www.burmeseclassic.com



" အိုကော ကောင်းတယ် နင်ထွက်ခဲ့လေ ငါနဲ့ယဉ်ကျေး ထွက်လာခဲ့မယ် ဟုတ်ပြီလား "

ဗိုးဗိုးတို့နှစ်ယောက်နှင့် ဖုန်းဆက်ချိန်းဆိုပြီး ရင်ငွေ့ကားလေးနှင့် ခေါင်းထွက်ခဲ့သည်။ ထွက်စီမံ ဆီချက်ဆိုင်ကလေးက ရင်ငွေ့တို့ သုံးယောက် မကြာခဏ ဆုံနေကျ ဆုံရပ်ဆိုင်ကလေးဖြစ်သည်။

ဆိုင်ရှေ့မှာရပ်ထားသော ယဉ်ကျေးကားအဖြူလေးကို မြင်လိုက်တာမို့ ရင်ငွေ့ကားလေးကိုလည်း ယဉ်ကျေးရဲ့ကားလေးအနီးမှာပဲ ထိုးရပ်လိုက်၏။

ဆိုင်ထဲကို လှမ်းဝင်ခဲ့တော့ ထောင့်စားပွဲဝိုင်းလေးမှာ ယဉ်ကျေးနှင့် ဗိုးဗိုး ကြိုရောက်ကာ ရင်ငွေ့ကို စောင့်ကြိုနေကြသည်။

" ထိုင် ရင်ငွေ့ နင်ဘာစားမှာလဲ ဆီချက်ပဲမဟုတ်လား "

" ဟင့်အင်း ငါ ဘာမှမစားချင်ဘူး အအေးပဲလုပ်ဟာ နင်တို့စားကြပါ "

" ဘယ်လိုဖြစ်တာလဲ ရင်ငွေ့ရဲ့ "

ယဉ်ကျေး မျက်မှောင်လေးကုပ်ကာ မေးတော့ ရင်ငွေ့ ယဲ့ယဲ့လေးပြုံးရင်း

" ငါ ဖုန်းထဲက ပြောခဲ့သလိုပဲ ဒယ်ဒီနဲ့မာမီတို့က ရှိန်းနဲ့ငါ့ကို လက်ထပ်ပေးဖို့ စီစဉ်နေကြတယ် အရင်က မာမီပဲပြောတာ အခု ဒယ်ဒီကပါ ဝင်တိုက်တွန်းနေလို့ ငါ စိတ်ညစ်နေတာ "

" ရှိန်းနဲ့လား ရှိန်းကို နင်ကဘာလို့ ငြင်းရတာလဲ နင်နဲ့လိုက်ဖက်





[illegible]တယ် နင့်ကိုလည်း တကယ်ချစ်ရှာတာပဲ "

" ဒါပေမဲ့ ငါမှရှိန်းကို ချစ်လို့မရတာဟာ ရှိန်းနဲ့လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးပြီ "

" ဟုတ်လား ရှိန်းက ဘာပြောလဲ ရင်ငွေ့ "

" ငါဘက်က ခံစားချက်အတိုင်း သူ့ကို သူငယ်ချင်းထက်ပိုလို့ [illegible]ခံနိုင်တာကို ငါပြောပြတယ် ရှိန်းကလက်ခံတယ် လူကြီးတွေ ဖွတ်စီစဉ်[illegible]တာကိုလည်း သူ သဘောမကျပါဘူးတဲ့ ငါ့ဆန္ဒမပါဘဲ သူ လက်မခံချင်[illegible]ဘူးတဲ့ "

ရှိန်းနဲ့ဆုံခဲ့ကြတုန်းက အခြေအနေ အဖြစ်အပျက်အားလုံးကို [illegible]ငွေ့ ရှင်းပြတော့ ယဉ်ကျေးကော ဗိုးဗိုးပါ ငြိမ်သက်နားထောင်နေခဲ့၏။

ရင်ငွေ့စကားတွေ အဆုံးသတ်တော့မှ ယဉ်ကျေး ပင့်သက်[illegible]လေး ရှိုက်လိုက်ရင်း

" ရှိန်းက တကယ်သနားဖို့ကောင်းတယ် နင်က ဘာလို့ [illegible]ယောက်ခက်ခဲနေတာလဲဟာ "

" အေးလေ ရှိန်းက ငြင်းဆိုစရာ မရှိအောင် ပြည့်စုံတဲ့ [illegible]ယောက်ျားတစ်ယောက် ဆိုတာတော့ နင် လက်ခံသင့်တယ် ရင်ငွေ့ "

" ဒုက္ခပါပဲ အိမ်မှာ ဒီအကြောင်းတွေပြော တိုက်တွန်းလွန်းလို့ [illegible]စိတ်ညစ်နေတာ နင်တို့ကပါ မီးလောင်ရာ လေပင့်နေကြပြန်ပြီ "

" ငါတို့က နင့်အတွက် အကောင်းဆုံးအကြံပေးတာပါ ရှိန်းကို [illegible]ရွေးချယ်တာ မမှားဘူးထင်တယ် နင်က ဘာလို့ ငြင်းနေတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဒယ်ဒီမေးခွန်းအတိုင်းပါပဲလား ငါပြောပြီးပြီလေ ယဥ်ကျေးရဲ့ နှင်းဆီ ငါ့ သူငယ်ချင်းအဆင့်ထက် ပိုလို့မရဘူးဟာ "

ယဥ်ကျေးခေါင်းကလေးညိတ်ကာ ရင်ငွေ့စကားကို လက်ခံရင်း ... ထပ်မေးပြန်၏။

" နှင့်မှာရှိနှင်းထက် ပိုလို့ရတဲ့သူကော ရှိနေလို့လား ရင်ငွေ့ရယ် "

" ယဥ်ကျေးပြောတာမှန်တယ် နင့်မှာချစ်သူရည်းစားရှိလို့ ရှိန်းနဲ့ စိမ့်တာကို စိတ်ညစ်နေတာဆို ငါတို့လက်ခံလို့ရတယ် အခု နင့်မှာက ဇီးပြားတောင် မစားဖူးတဲ့ မိန်းမလေ "

ပိုးပိုးစကားကြောင့် ရင်ငွေ့ တွေတွေလေး ဖြစ်သွားရသည်။ အခင်မင်ဆုံး သူငယ်ချင်းတွေကို ရင်ဖွင့်ဝန်ခံဖို့ ဆုံးဖြတ်ချက်နဲ့ ရင်ငွေ့ လာခဲ့မိတာလေ။

" အချစ်ဆိုတာ ဘာလဲ နင်တို့သိသလားဟင် "

ရင်ငွေ့မေးလာသည့် စကားကြောင့် ယဥ်ကျေးကော ပိုးပိုးပါ မျက်လုံးလေးတွေ ဝိုင်းစက်လျက် နားမလည်နိုင်သလိုကြည့်ရင်း

" အချစ် ဟုတ်လား ရင်ငွေ့ နင့်မေးခွန်းက ထူးဆန်းနေတယ် "

" အေးလေ နင်ဘာဖြစ်နေတာလဲ ငါတို့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ရင်ငွေ့ရယ် "

" အချစ်ဆိုတာ ဘာလဲ ငါတကယ်မသိခဲ့ဘူးဟာ ခံစားလည်း မခံစားတတ်ခဲ့ဖူးဘူးဆိုတာ နင်တို့သိပါတယ် ဒါပေမဲ့ အခု ငါ့နှလုံးသား ခံစားတတ်ခဲ့ပြီလား မသိဘူး "





" ဘုရားရေ ဘာရယ် နင် ရည်းစားရှိနေပြီလား "

ပိုးပိုးမယုံမရဲ မျက်လုံးလေးဝိုင်းကာ မေး၏။ ယဥ်ကျေးကလည်း ...အံ့တသြ ပါးစပ်လေးဟကာ ကြည့်နေ၏။

" ဟင့်အင်း ရည်းစားငါ့မှာမရှိဘူး ဒါပေမဲ့ အချစ်ကို ငါ ...တတ်ခဲ့ပြီဆိုရင် နင်တို့ယုံမလား "

" ဗုဒ္ဓေါ ရည်းစားမရှိဘူး အချစ်ကိုခံစားတတ်ပြီ ဟုတ်လား ... နင်ဘယ်သူ့ကို မိန်းမနောက်ပိုး လုပ်နေတာလဲ ရင်ငွေ့ နင့်ဘက်က ...က်သတ်ကြိုက်နေတဲ့ သူရှိနေတာလားဟင် "

" ငါ နင်တို့ကို ဝန်ခံပါတယ်ဟာ ငါလေ ညှော်ခံပွဲမှာတုန်းက ...ခဲ့ရတဲ့ သူ့ကို မေ့လို့မရဘူး ငါ့ရင်ထဲမှာ သူ့ပုံရိပ်က အခုထိ မှတ်မှတ် ... စွဲထင်နေတုန်းပဲ ဟာ "

" ညှော်ခံပွဲတုန်းက သူ. . . အဲဒါ. . . ဟိုးတစ်ယောက နင်ပြော ...လား "

" ဟုတ်တယ် ယဥ်ကျေး သူ့ကိုငါ မေ့မရဘူးဟာ "

" ရင်ငွေ့ရှယ် နင့်အဖြစ်ကလဲဟာ "

ပိုးပိုးဘာမှ မပြောနိုင်ဘဲ ရေရွတ်မြည်တမ်းယုံမျှသာ တတ်နိုင် ... ယဥ်ကျေးကိုယ်တိုင်လည်း ရင်ငွေ့ကို တအံ့တသြလေး ငေးနေမိ၏။

ရင်ငွေ့မျက်ဝန်းနက်နက်လေးတွေ တောက်ပနေပါလား။ ဒါ ...ကြောင့်ပဲလား။

အချစ်ဆိုတာကို မခံစားတတ်ခဲ့တဲ့ ရင်ငွေ့။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ခံစားရင်ခုန်တတ်တော့လည်း ပဟေဠိဆန်လွ
ထိုက်သား

ရင်ငွေ့ရယ် နှင့်နှလုံးသားကို ငါတို့ နားလည်နိုင်ပေမယ့်. . .

✿ ✿ ✿ ✿ ✿



## အခန်း (၉)

ရန်ကင်းစင်တာကို ပတ်မွှေပြီးတော့ ရင်ငွေ့တို့ သုံးယောက်စလုံး ဆွဲအိတ်ကလေးတွေကိုယ်စီနှင့် မနိုင်မနင်း ဖြစ်နေကြပြီ။

“ ကဲ အယ်သူ ဘာဝယ်ဦးမှာလဲ ”

“ တော်ပါပြီဟာ ထပ်ပတ်ကြည့်ရင် လိုချင်တာတွေ ထပ်တွေ့ပြီး ယ်မိဦးမှာ သေချာတယ် အခုတောင် လက်နှစ်ဖက်စလုံး ပြုတ် အောင် နာလှပြီ ”

ယဉ်ကျေးက လက်နှစ်ဖက်မှာ ဆွဲကိုင်ထားသော အိတ်တွေကို ာက်ပြရင်း ဆိုသည်။ ပိုးပိုးက မျက်စောင်းကလေး ထိုးလိုက်ရင်း

“ ဒါတော့ ကိုယ့်ဒေါသနဲ့ကိုယ်ပဲလေ မြင်သမျှ လောဘကြီးပြီး ွတ်ဝယ်နေတာကိုး ရန်ကင်းစင်တာများ နောက်မရောက်တော့မှာ တာပဲ ”

“ ငါတို့သုံးယောက် မဆုံကြတာ ကြာပြီလေဟာ တစ်ယောက် း လာဝယ်ရတာ မကောင်းဘူး အခုလို အဖော်တွေနဲ့ လာရတာမှ



www.burmeseclassic.com

www.burmeseclassic.com



သယ်ဆောင်လာတာ ''

'' အဲ နင်တို့စကားတွေ ဖြတ်တော့ဟာ ဗိုက်တွေလည်း ဆာ
ပြီ ဘယ်မှာစားကြမှာလဲ ''

'' အရင်ဆုံး ဒီအထုပ်အပိုးတွေ နင့်ကားနောက်ခန်းထဲ အထ
ထည့်လိုက်ကြရအောင်လေဟာ ပြီးမှ တစ်ဆိုင်ဆိုင်သွားပြီး စားကြ
တာပေါ့ ''

ပိုးပိုးစကားကို အားလုံးထောက်ခံခေါင်းညိတ်ရင်း ရင်ငွေ
ကားလေးရပ်ထားခဲ့ရာ ကားပါကင်ဆီသို့ လျှောက်ခဲ့ကြသည်။

ရင်ငွေ့ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ကာ လက်ထဲက
အိတ်တွေကို တင်လိုက်သည်။ ပိုးပိုးနှင့် ယဥ်ကျေးကလည်း ကိုယ်
လက်ထဲက အိတ်တွေကို ကားနောက်ခန်းထဲ စုကာထည့်လိုက်ကြ၏

'' ဟဲ့ ယဥ်ကျေး ဘာငေးနေတာလဲ တက်လေ နင်နောက်ခန်း
က စီးမှာလား ''

'' တက်မှာပေါ့ဟာ ဒီမှာ နင့်ကားဘေးမှာ ရပ်ထားတဲ့ ကားကြီး
ကို သဘောကျလို့ဟ မိုက်တယ်နော် ငြိမ့်နေမှာပဲ ''

ယဥ်ကျေးစကားကြောင့် ပိုးပိုးကော ရင်ငွေ့ပါ နံဘေးမှာ
ရပ်ထားသော ကားနက်ကြီးကို သတိထားကြည့်မိ၏။

နက်ပြောင်နေသော ကားဘော်ဒီကြီးမှာ ရင်ငွေ့တို့သုံးယောက်
အရိပ်တွေ ထင်ရှားစွာ ပေါ်လွင်နေသည့် MARK II ကားနက်ကြီးကို
သုံးယောက်စလုံး သဘောကျစွာ ကြည့်မိကြ၏။





ရင်ငွေ့ကား အဖြူရောင် ဆလွန်းလေးက သည်ကားနက်ကြီးနဲ့
ညှိလိုက်တော့ သေးနုပ်သိမ်ငယ်သွားရှာသလို ရှိ၏။

'' ရင်ငွေ့ နင့်မာမီကို ဒီလိုကားကြီး ဝယ်ခိုင်းပါလား ''

'' အထင်မကြီးစမ်းပါနဲ့ ငါတို့ အဲဒီလောက်အထိ မချမ်းသာ
ဘူးဟာ ''

'' အံမယ် မသိတာမှတ်လို့ နင့်ဒယ်ဒီ ပိုင်ဆိုင်မှု ပြီးတော့
မာမီရဲ့ စိန်ရွှေရတနာဆိုင် အားလုံး နင့်ပိုင်ဆိုင်မှုတွေလေ MARK
II လောက်တော့ နင်ဘာလို့ မစီးနိုင်ရမှာလဲ ''

'' တန်ဖိုးကြီးကားကြီး စီးရအောင်လည်း ငါ့က ဝင်ငွေ
လောက်သောက်လဲ ဝင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်မှ မဟုတ်ဘဲဟာ
ဘော်ပါပြီ ကိုယ်နဲ့တန်ရာကိုပဲ စီးပါရစေ ''

'' အံမယ် နင့်စကားကလည်း ငါတို့က ဒီကားကြီးနဲ့ မတူမတန်
ဆိုတဲ့ ငါတော့ သိပ်သဘောကျတယ် ခုချက်ချင်းတက်ပြီး မောင်းယူ
သွားချင်နေတာ တကယ် ''

ယဥ်ကျေးက ဟန်မဆောင်နိုင်စွာနဲ့ ပိုကဲကဲလေးဆိုတော့ ပိုးပိုး
က လေးတွန့်ကာကြည့်ရင်း

'' လုပ်ကြည့်ပါလား ကားသူခိုးမလေးဆိုပြီး နင့်ဓါတ်ပုံတွေ
သတင်းစာနယ်ထဲ ပါမလာရင် ငါ့ကိုကြိုက်သလိုပြော ''

ခွေးစုတ်မ ''

ယဥ်ကျေး ပိုးပိုးကို ပြန်ပက်တော့ သုံးယောက်စလုံး ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိကြ၏။ ဘာရယ်မဟုတ် သူငယ်ချင်းသုံးယောက် ဆုံပြီဆိုလျှ သည့်လိုပေါက်တတ်ကရတွေပြောပြီး ရယ်ရမောရတာကလည် သောအတွေ့ ကင်းစေ၏။

" ကဲ သူများကားကိုကြည့်ပြီး သွားရည်ကျမနေနဲ့ ကားေ တက် ဒါ ဝိုက်ဆာနေပြီ အဲ. . . အဲ. . . ဘုရားရေ "

ရင်ငွေ့ ကားတံခါးဖွင့် ဝင်မလိုလုပ်ပြီးမှ မျက်နက်ဝန်းလေး ဝိုင်းစက်သွားကာ အထိတ်တလန့်လေး ဘုရားတလိုက်တာမို့ ယဉ်ကျေး ပိုးပိုးပါ အလန့်တကြားတွေ ဖြစ်ကုန်၏။

" ဟဲ့. . . ဟဲ့ ဘာဖြစ်တာလဲ "

" ရင်ငွေ့ ဘာဖြစ်တာလဲဟာ အလန့်တကြားနဲ့ "

" သူ. . . သူ. . . သူပဲ. . . "

ရင်ငွေ့ အသံလေး တဆတ်ဆတ်တုန်ခါလျက် လက်ညှိ ကလေးထိုးကာ ညွှန်ပြရာသို့ ယဉ်ကျေးနှင့်ပိုးပိုး ပြိုင်တူ လှမ်းကြ လိုက်မိကြသည်။

အညိုနှင့်အနက်ရောင် စပို့ရှပ်လက်တို အပြောင်သာ ဘောင်းဘီနက်ကို စတိုင်ကျကျ ဝတ်ဆင်ထားသော ယောက် တစ်ယောက်။

ဝတ်ဆင်ထားသော ဝတ်စုံအောက်မှာ အသားအရည်က ဝ ထင်းရှင်းနေသလို လမ်းလျှောက်လာပုံကလည်း စတိုင်ကျသည်။

ရှိုးပွဲတွေမှာ တမင်လုပ်စတိုင်ကျကျ လျှောက်ပြတတ်သော





ာ်အယ်ဘွိုင်းတွေနှင့် မတူတာတော့အမှန်။

မြင့်မားသောအရပ်အမောင်းနှင့် ပြေပြစ်သော ခန္ဓာကိုယ် အဆစ်က လမ်းလျှောက်လိုက်တိုင်း ရင်ခုန်ငေးမောလောက်အောင် ည့်လို့ကောင်းနေတာမို့ ယဉ်ကျေးနှင့်ပိုးပိုး နှုတ်တွေ ဆွံ့အငေးမော ခဲ့ကြသည်။

" သူ. . . သူ. . . ငါနဲ့အန်တီဘေဘီရဲ့သား မင်္ဂလာညည်ခံပွဲမှာ ခဲ့တဲ့ သူပဲပေါ့ "

ရင်ငွေ့နှုတ်က စကားသံလေးတွေ အခုမှ တည်ငြိမ်ပီပြင်စွာ လာနိုင်သည်။ ယဉ်ကျေးနှင့်ပိုးပိုးတို့လည်း အိပ်မက်က ပုတ်နှိုးခံ ရသူတွေလို လန့်နိုးလာကြရင်း

" ရင်ငွေ့ ငါလက်ခံလိုက်ပြီသိလား "

" ဘာကိုလဲ ယဉ်ကျေး "

" မင်းသမီးလေးရဲ့ အိပ်ပျော်နေတဲ့ နှလုံးသားကို လှုပ်နှိုး မ်းအောင် စွဲဆောင်မှုရှိတဲ့ ရွှေမင်းသားတစ်ပါး ဆိုတာကိုလေ "

ယဉ်ကျေးက တစ်ကြိမ်မြင်ယုံနှင့် အမှန်ကို ရဲဝံ့စွာ ဝန်ခံတော့ ကလည်း ခေါင်းကလေးဆတ်ပြရင်း

" ငါလည်းလက်ခံတယ် ရင်ငွေ့ နှင့်နှလုံးသားထဲက ရင်ခုန်သံ လှုပ်နိုးလာနိုင်အောင် စွဲဆောင်နိုင်စွမ်းရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ ည့်စမ်း သူလာနေတာ ငါတို့ဆီကိုဟ "

ပိုးပိုးစကားကြောင့် ယဉ်ကျေးသူ့ကိုလှမ်းကြည့်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူ ဦးဘညွန့်ရာက သူမတို့ဆီသို့ ဖြစ်ပုံရ၏။ ရင်ငွေ့ရင်ငွေ့ ဘယ်လောက် ချစ်နေမှာလဲ ယဉ်ကျေး တွက်ဆမိ၏။

" သူလာနေတာ ဒီကားကြီးဆီကို ဖြစ်မယ်ဟ ကားကော ဒရှေ့က တကယ်စတိုင်ကျ လိုက်ဖက်ပါတယ်ဟာ "

ပိုးပိုးက ချီးကျူးမဆုံး ဖြစ်နေ၏။ ရင်ငွေ့မျက်နက်ဝန်းလေးတွေ ဝင်းပလက်ဖြာလို့ ဝင်းမွတ်နုဖတ်သော မျက်နှာလေးမှာ ပန်းနုရောင် သမ်းနေတာ အချစ်သွေးတွေ စီးဆင်းနေတာကြောင့်လားမသိ။

သခွားရောင်ထက်အောက်တူညီ ဝတ်စုံလေးဝတ်ဆင်ထားသော ရင်ငွေ့အလှတွေက သည်ပုဂ္ဂိုလ်နဲ့ယှဉ်လိုက်လျှင် လိုက်ဖက်သွားမည် ဟုလည်း ယဉ်ကျေးယုံမိသည်။

ကံကြမ္မာကပေးလာသော အခွင့်အရေးတစ်ခုအတွက် ရင်ငွေ့နား တိုးတိုးလေး ကပ်ကာ ယဉ်ကျေးဆိုမိပြန်သည်။

" ရင်ငွေ့ ဒီတစ်ခါတော့ နင် အခွင့်အရေးကို ဆုံးရှုံးမခံနဲ့ နင်နဲ့သူ ခင်မင်ရင်းနှီးခွင့်ရဖို့ ဖန်တီးလာတာ မှတ် "

" အရေးထဲ ဘယ်က အသိမိတ်ဆွေနဲ့ တိုးနေပြန်ပြီလဲ မသိ ဘူးဟ "

ပိုးပိုးအသံလေးကြားမှ ယဉ်ကျေး လှမ်းကြည့်မိ၏။ ကားစတင် ကို လျှောက်လာသောသူနှင့် လူကြီးတစ်ဦး ဆုံတွေ့ကာ ရပ်တန့်၍ စကားပြောင်းနေကြသည်။

" ငါပြောတာ ကြားတယ်နော် ရင်ငွေ့ ဒီတစ်ခါတော့ နင်





တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းရင်းနှီးအောင်လုပ်ဟာ "

" သူ. . . သူက ငါ့ကိုမှတ်မိချင်မှ မှတ်မိမှာ "

" ဟင်. . . မမှတ်မိနိုင်ဘူးလား "

" မပြောတတ်ဘူးလေ ငါတို့ဆုံခဲ့ကြတာ တခဏလေးပဲ ငါ့ဘက်က မှတ်မိနေပေမယ့် သူ့ဘက်က မှတ်မိဖို့ဆိုတာ သိပ်မသေချာ ဘူးလေ "

ရင်ငွေ့စကားကြောင့် ယဉ်ကျေးကောပိုးပိုးပါ စိတ်ညစ်သွားရ သည်။

" ဒါဆို ဘယ်လိုလုပ်ကြမလဲ နောက်တစ်ခါ ဆုံဖို့ဆိုတာ မလွယ်ဘူးနော် အခုတောင် တစ်လကျော်လောက်ကြာတယ် "

" ပိုးပိုးပြောတာမှန်တယ် ရင်ငွေ့ သူမမှတ်မိလည်း နင်ကပဲ အရင်ပြောပြပြီး နှုတ်ဆက်ဟာ "

" ဟင့်အင်း ငါ မဝံ့ရဲပါဘူး "

ယဉ်ကျေးစကားကို ရင်ငွေ့ ပခုံးလေးတွန့် ငြင်းသလို ပိုးပိုး ကလည်း လက်မခံနိုင်စွာ ခေါင်းကလေး ခါရမ်းပြီး

" တို့သူငယ်ချင်းကို ဒီလောက်တော့ သိက္ခာမကျ စေချင်ဘူး သဘာဝနည်းနဲ့ ဆုံတွေ့ခင်မင်သွားတာပဲ ကောင်းပါတယ် ဒါမျိုးက ယောကျ်ားလေးဘက်က စရမယ့် ကိစ္စကြီး "

ယဉ်ကျေး အပေါ်နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်ရင်း မျက်ခုံးကလေး ထောင့်ကပ်ခါ စဉ်းစား၏။



www.burmeseclassic.com

www.burmeseclassic.com



" ဟာ ဟုတ်ပြီ "

ယဉ်ကျေး ဆတ်ခနဲ ရင်ငွေ့ကားလေးနားမှာ ထိုင်ချသည်။ ပြီးတော့ ကားဘီးကို လေလျှော့နေပါတော့သည်။

" ဟဲ့ ယဉ်ကျေး နင်ဘာတွေလုပ်နေတာလဲ "

" ကားဘီးကို လေလျှော့ချတာလေဟာ ဒါဆို ငါတို့ ကားမောင်းဖို့ အခက်အခဲ ဖြစ်သွားရပြီပေါ့ သူ့ဆီက အကူအညီတောင်း ဖို့ ဘယ်လောက်လှတဲ့ ဇာတ်လမ်းလေးလဲ "

ယဉ်ကျေး သူ့တွက်ကိန်းနှင့်သူ ကျေနပ်စွာ ပြုံးလို့ ဆိုနေ သည်။ ပိုးပိုးက စိုးရိမ်ပူပန်စိတ်ကလေးနှင့်

" တကယ်လို့ သူက အကူအညီမပေးနိုင်ခဲ့ရင် ဘယ်လိုလု ကြမလဲဟင် "

" အေး ဟုတ်သားပဲ ငါတို့ပြန်ဖို့ ဒုက္ခရောက်နေရင် အခက်

" အမှန်တကယ် အခက်အခဲ ဒုက္ခဖြစ်နေတဲ့သူကို ဘယ်သူ မကူညီဘဲ နေမှာလဲဟာ မြန်မာလူမျိုးတွေပဲဥစ္စာ သူ ကူညီမှာပါ ဟိုမှာ လာနေပြီ နင်တို့သရုပ်ဆောင်တာ ပိပိရိရိ ရှိကြနော် "

မိတ်ဆွေတစ်ယောက်နှင့် စကားစဖြတ်ကာ သူ လျှောက် တာမြင်လိုက်တာမို့ သုံးယောက်စလုံး အကြည့်တွေ လွှဲဖယ် ကားဘီးကို ငုံ့ကြည့်နေလိုက်ကြသည်။

" ဟဲ့ သုံးယောက်စလုံး ဝိုင်းငုံ့ကြည့်မနေကြနဲ့လေ ရင် နင်က အကူအညီတောင်းမဲ့သူ ရှာနေသလို ဟိုကြည့်ဒီကြည့် လုပ်နေ





ယဉ်ကျေးတစ်ယောက် သူတစ်ကိုယ်တည်း ဖန်တီးလိုက်သော ဇာတ်လမ်းမှာ ဒါရိုက်တာကော သရုပ်ဆောင်အဖြစ်ပါ ဝင်ကနေပြီမို့ ယဉ်ကျေးစကားအတိုင်း သူမတို့ နာခံကြရ၏။

ရင်ငွေ့ ယဉ်ကျေးစကားအတိုင်း တွေတွေလေးရပ်နေတုန်း MARK II ကားနက်ကြီးဆီ ရောက်လာသည်။

ရင်ငွေ့ရှိရာကို တစ်ချက်လေးတောင် ငဲ့မကြည့်ဘဲ ကားတံခါး ဖွင့်နေတော့ ရင်ငွေ့ ရင်ကလေး တထိတ်ထိတ်တုန်ခါနေရ၏။

" ဟယ် ဒုက္ခပါပဲ ငါတို့ဘယ်လိုလုပ်ကြမလဲ ကားဘီးပေါက် သွားပြီ "

ယဉ်ကျေးနှုတ်က အသံစူးစူးလေးက သူ တမင်ကြားအောင် ရည်ရွယ်မှန်းထင်ရှား၏။ ဘာပဲဖြစ်ဖြစ် သူ လှည့်ကြည့်ပါသည်။

ကားဘီးအနားမှာ နှစ်ယောက်သား ကုန်းကုန်းကွကွ ဖြစ်နေ သော ယဉ်ကျေးတို့ကို သူ လှမ်းကြည့်၏။ ပြီးမှ ရင်ငွေ့ရှိရာကို သူ မျက်ဝန်းတွေ ဦးတည်လာသည်။

အနက်ရောင်မျက်မှန်ကြောင့် သူ့မျက်ဝန်းတွေကို ရင်ငွေ့ မမြင်ရပါ။ သေချာသည်ကတော့ ရင်ငွေ့ရင်တွေ တလှပ်လှပ်ခုန်နေခဲ့၏။

သူ့မျက်နှာချောချောကို ရင်ငွေ့ ငေးငေးလေး အကဲခတ်ကြည့်မိ သည်။

ပိရိသေသပ်သော နှုတ်ခမ်းတွေက တင်းတင်းကလေး စေ့ပြီးမိ နေခဲ့သည်။ ရင်ငွေ့ကို တကယ်ပဲ မမှတ်မိနိုင်တာလား ရှင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



" ဒီ . . . ဒီမှာရှင့် ဟို . . . ဟိုလေ ကျွန်မတို့ ကားဘီးပေါက်သွားလို့ အဲဒါ ကူညီပေးနိုင်မလားဟင် "

ရင်ငွေ့ သက်မဲ့ကျောက်ရုပ်ကလေးလို ငြိမ်သက်နေတာကို ယဉ်ကျေး စိတ်မရှည်နိုင်တော့တာလား မသိ။ သူ့ကို လှမ်းပြော၏။

" ကားဘီးပေါက်သွားတာဆိုရင် မင်းတို့မှာ ဘီးအပိုပါသလား "

" ဟို . . . ဟင့်အင်း . . . မပါဘူးရှင့် "

" ကားဘီးအပိုမပါဘူးဆိုရင် အဲ . . . နေဦး ကိုယ်တစ်ခုမေးမယ် မင်းတို့ကားဘီးပေါက်တာလား လေလျော့တာလားကော သိသလား "

" မ . . . မသိဘူး ယဉ်ကျေးတို့သူငယ်ချင်းသုံးယောက် ဈေးဝယ်ပြီး ပြန်လာတော့ ကားဘီးက မြင်တဲ့အတိုင်းပဲလေ ပြားချပ်နေပြီ "

" ဒါဆိုရင်တော့ ကိုယ့်ကားမှာပါတဲ့ ဘီးအပိုကလည်း မင်းတို့ကားနဲ့ အဆင်ပြေနိုင်တဲ့ဘီး မဟုတ်ဘူး ကားဘီးက လေစိမ့်သွားတာလား ကျွတ်ကွဲသွားတာလည်း မသေချာတော့ ကိုယ် ကူညီနိုင်တာ တစ်ခုပဲရှိတယ် "

" ဟုတ် . . . ဟုတ်ကဲ့ . . . ကျေး . . . ကျေးဇူးပဲနော် "

ယဉ်ကျေးက မင်သက်နေသော ရင်ငွေ့အနားတိုးကပ်ကာ ခါးကို လက်တို့၏။ သူနှင့်ရင်းနှီးကျွမ်းဝင်မှု တစ်စုံတစ်ခု ဖန်တီးဖို့ဆိုတာကို ရင်ငွေ့သိသည်။ ဒါပေမဲ့ ရင်ငွေ့နှုတ်တွေ ဆွံ့အတိတ်ဆိတ်နေတာလား သေချာ၏။





သူက ဘောင်းဘီခါးပါတ်မှာ ချိတ်ထားသော ဟင်းန်ဖုန်းလေးကို ထုတ်ကာ ခလုတ်တွေကို နှိပ်နေသည်။

" ရင်ငွေ့ တစ်ခုခုပြောလေဟာ ဒုက္ခပါပဲ "

ယဉ်ကျေး တီးတိုးလေသံလေးနှင့် သတိပေးစကားဆိုသည်။ သို့သော်ငြား ရင်ငွေ့ဘာမှ နှုတ်ကထွက်မလာဖြစ်ပါ။ သူ့အသွင် သူ့အမူအရာ တွေ အေးစက်တည်ငြိမ်လွန်းနေတာကို ရင်ငွေ့ကြည့်ရင်း ဝမ်းနည်းသလိုလို ခံစားလာရတာလည်းအမှန်။

သူနှင့်ဆုံခဲ့တာ တခဏလေး။ ဒါပေမဲ့ တစ်လကျော်လုံးလုံး သူ့အကြောင်းက သတိရစွဲလန်းနေခဲ့၏။ သူကတော့ ရင်ငွေ့ကို မမှတ်မိနိုင်သော အသိက ရင်ထဲမှာ လှိုက်ဖိုဝမ်းနည်းရသည်။

" နီး . . . နီး . . . ကိုယ့်ကားမဟုတ်ဘူး မိတ်ဆွေတွေရဲ့ကားပါ ကိုယ်ပြောတဲ့နေရာကို မှတ်ထားပြီး အမြန်ဆုံး လာခဲ့ပေးကွာ အိုကေ သူငယ်ချင်း ကျေးဇူးပဲ "

သူ ဖုန်းဆက်နေတာ ဝပ်ရှော့တစ်ခုဖြစ်နိုင်သည်။ ရင်ငွေ့တို့ နှစ်ယောက် မင်သက်ရပ်ကြည့်နေတုန်းမှာပဲ သူက ဖုန်းကိုပိတ်ကာ လှည့်ကြည့်၏။

" မင်းတို့ခဏလေး စောင့်လိုက်ကြပါ မကြာခင် ဝပ်ရှော့က လူတွေ ရောက်လာကြလိမ့်မယ် လိုအပ်ရင် ကားဘီးအပိုပါ သူတို့ ယူလာပါလိမ့်မယ် ဘာမှမပူနဲ့ အဆင်ပြေသွားလိမ့်မယ် ဟုတ်လား "

စကားအဆုံး သူ ကားတံခါးဖွင့် တက်သည်။ ယဉ်ကျေးက



www.burmeseclassic.com

www.burmeseclassic.com



ရေငုံနှုတ်ပိတ်လုပ်နေသော ရင်ငွေ့ကို စိတ်မရှည်အားမရဖြစ်ဟန်နှင့် သူ့ကို ကဗျာကသီ လှမ်းတားသည်။

" နေ . . . နေပါဦးရှင့် ရှင် ကူညီပေးတာကို ဟောဒီက ကျွန်မ သူငယ်ချင်း ရင်ငွေ့က သိပ်ကျေးဇူးတင်နေတယ် ဒီကားက ရင်ငွေ့ ကားပါ "

ယဉ်ကျေး ဖွတ်အတင်းကြီး ရင်ငွေ့နှင့် သူ့ကြားကဝင်ပြီး ချိတ်ဆက်ပေးနေရ၏။ သူ့အကြည့်တွေက ရင်ငွေ့ဆီ ဦးတည်လာရင်း နှုတ်ခမ်းအစုံမှာ အပြုံးရိပ်တို့ ရေးရေးပေါ်လာ၏။

" ကျေးဇူးတင်ဖို့ မလိုပါဘူးကွာ မင်းအခက်အခဲကို ကိုယ် ကူညီပေးလိုက်တာပါ တစ်ခါတုန်းက မင်းလည်းကိုယ့်ကို ကူညီခဲ့ တာပဲ "

" ရှင် "

ရင်ငွေ့ ပါးစပ်လေးအဟောင်းသား မင်သက်သွားတော့ အ တပ်ထားသော မျက်မှန်နက်ကို ချွတ်၏။ ကြည်လဲ့တောက်ပသော မျက်ဝန်းတွေထဲမှာ အပြုံးရိပ်တွေ ရောင်စဉ်ဖြာနေခဲ့သည်ဟု ရင်ငွေ့ ထင်သည်။

" မင်္ဂလာဧည့်ခံပွဲတစ်ခုမှာလေ အဲဒီတုန်းက ထိုင်စရာနေရာ လွတ်မရှိလို့ ကိုယ် ချာလည်လည်ဖြစ်နေတာ မင်းရဲ့စားပွဲဝိုင်းမှာ ဝင်ထိုင် ခွင့်ပြုလို့ အဆင်ပြေသွားတာ "

ရင်ငွေ့ အတိုင်းမသိ ဝမ်းသာပီတိစိတ်နှင့် ရင်တွေတလှပ်လှပ်





သွားခဲ့ရ၏။ ဒါဆို သူ ရင်ငွေ့ကို မှတ်မိနေခဲ့တာပေါ့။ ယဉ်ကျေးနှင့် တို့ နှစ်ဦးလည်း ရင်ငွေ့လိုပဲ ဝမ်းသာကျေနပ်နေကြမှာ သေချာ၏။

" အင်း တစ်လကျော်လောက်ကြာပြီဆိုတော့ မင်းမှတ်မိချင်မှ ပါ ထားပါတော့ကွာ အခုမင်းကို ကိုယ်ကူညီတာအတွက် ကျေးဇူး ဖို့ မလိုအပ်ပါဘူး ကဲ ကိုယ့်ကိုခွင့်ပြုကြဦးနော် "

အားလုံးကို တစ်ချက်ဝေ့ခနဲကြည့်ကာ သူ ကားလေးကို ငြိမ့်ခနဲ ထွက်သွားခဲ့တာမို့ ရင်ငွေ့တို့အားလုံး ဘာမှပြန်မပြောလိုက်နိုင်ပါ။

" သေလိုက်စမ်း နင်ကဘာဖြစ်လို့ ဒီလောက်ထိ ဆွံ့အနေရ သလဲ ရင်ငွေ့ "

ယဉ်ကျေး မကျေမနပ်နှင့် ဆိုသည်။ ပိုးပိုးကလည်း အလိုမကျ နှင့်

" ဟုတ်ပ ရင်ငွေ့ရယ် ကာယကံရှင်ဖြစ်တဲ့ နင်က ကျောက်ရုပ် လုပ်နေတော့ ယဉ်ကျေးကပဲ ဝင်ပြောနေရတာ မဟုတ်သေးဘူး"

" ငါ . . . ငါ . . . ကို သူ လုံးဝ မမှတ်မိဘူး ထင်နေတာ "

" သူက နင့်ကိုမှတ်မိနေတယ် နင်က သူ့ကို မမှတ်မိဘူး သွားတာ အမှန်ဆို အဲဒီအချိန်မှာ နင်သာ တစ်ခုခုပြောလိုက် ပြီ "

" ဟုတ်တယ် ရင်ငွေ့ နင်က ဘာမှမမှတ်မိသလို ရေငုံနှုတ်ပိတ် လုပ်နေတော့ ခက်တာပေါ့ "

အားလုံးက အပြစ်ဖို့ ဆူပူသမျှ ရင်ငွေ့ ငြိမ်သက်စွာပဲ



www.burmeseclassic.com

www.burmeseclassic.com



[illegible]နေမိတော့။ "

တကယ်ဆို သူနှင့်ဆုံရချိန်မှာ ရင်ငွေ့နှုတ်တွေ တိတ်ဆိတ်[illegible] [illegible]အကာ သူ့ရဲ့စွဲငင်မှုမှာပဲ ပျော်ဝင်နေခဲ့ရပါပါ။

ထိုနေ့က ဝပ်ရှော့က စက်ပြင်ဆရာတွေ ကားတစ်စီးနှင့်[illegible] ရောက်လာသည်။

လေလှောနေသော ဘီးကို စစ်ဆေးပြီး ဘီးအပိုလဲစရာမလို[illegible] ပြောသည်။ ကျိုက်ထောက်ပြီး ဘီးဖြုတ်ကာ အနီးဆုံး ဝပ်ရှော့လေး[illegible] လေထိုးပြီး ရင်ငွေ့တို့ အခက်အခဲကို ကူညီခဲ့၏။

ကျသင့်ငွေကို ရင်ငွေ့တို့မေးတော့ စက်ပြင်ဆရာချာတိတ်[illegible]

" မလိုပါဘူးခင်ဗျာ ကျွန်တော်တို့ ဆိုင်ရှင်က ဘာမှ ယူမလာ[illegible] မှာလိုက်တယ်ခင်ဗျ "

" ဘာဖြစ်လို့လဲ ရှင်တို့ဆရာ ဆိုင်ရှင်နဲ့ သူက မိတ်ဆွေ[illegible] တွေလား "

" ဟုတ်မယ်ထင်တယ်ခင်ဗျ ဆရာက သူ့မိတ်ဆွေ ဖုန်းဆက်[illegible] တော့ ကျွန်တော်တို့ကို လွှတ်လိုက်တာပါ ဘီးအပိုလဲပေးခဲ့ရရင်တော[illegible] ပိုက်ဆံမယူခဲ့ဖို့ မှာလိုက်လို့ပါ "

" နေ. . . နေပါဦး ရှင်တို့ ဝပ်ရှော့နာမည်က ဘာလဲ "

ယဉ်ကျေးက စက်ပြင်ချာတိတ်တွေကို မေးသည်။ ချာတိတ်[illegible] ခေါင်းညိတ်ပြီး အကျီအိတ်ထဲက ဆိုင်လိပ်စာကဒ်လေးကို ထုတ်ပေးသည်။

" ဒါ. . . ကျွန်တော်တို့ ဆိုင်လိပ်စာပဲခင်ဗျ နောင် ဘာအခက်[illegible]





[illegible]ဖို့ ကားနဲ့ပတ်သက်ရင် လာခဲ့ပါခင်ဗျာ ကျွန်တော်တို့ကို ခွင့်ပြုပါဦး [illegible] "

ဝပ်ရှော့က ကားလေးထွက်ခွာသွားတော့မှ လိပ်စာကဒ်လေးကို [illegible]ထားသော ယဉ်ကျေးကို မိုးမိုးက လှမ်းကြည့်ရင်း

" ရှင်က ဘာလုပ်ဖို့ ဝပ်ရှော့လိပ်စာ တောင်းထားတာလဲ [illegible] တစ်ပြားမှ မပေးပါနဲ့ဆိုတာကို တကူးတက သွားပေးဦးမလို့လား"

" နင် တော်တော် ညံ့ပါလား မိမိုး ဒါ ရင်ငွေ့အတွက် [illegible]ဆုံး အသက်ကယ်ဆေးဟဲ့ သိရဲ့လား "

" အသက်ကယ်ဆေး ဟုတ်လား "

" ဟုတ်တယ်လေ ဒီဝပ်ရှော့ကနေ စောစောက ရှေ့မင်းသားရဲ့ * [illegible]ည် လိပ်စာအားလုံး စုံစမ်းလို့ရနိုင်တယ် ကဲ ရော့ ရင်ငွေ့ နင်ယူ [illegible]လိုက်တော့ "

" ဟို. . . ဟို. . . ငါက ဘာလုပ်ရမှာလဲ "

" လည်မလိုနဲ့ မတုံးစမ်းပါနဲ့ ရင်ငွေ့ရယ် သူနဲ့ပတ်သက်ပြီး [illegible]ခိုင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ငါတို့သိတယ် မြင်နေတယ် [illegible]ကိုနင် ပြန်ဆန်းစစ်လေ သူနဲ့ဆုံချင်သေးတယ်ဆိုရင် ဒါ တစ်ခု [illegible]သော နည်းလမ်းပဲ "

" ယဉ်ကျေးရယ် နင့်အစီအစဉ်ကြီးက မမိုက်ပါဘူး စကားပုံတွေ [illegible]င်းပြန်ဖြစ်ကုန်ပြီလား မိန်းမကြိုက်တော့ ဆိုက်ဆိုက်လာသည်ပေါ့ [illegible]လား "



www.burmeseclassic.com

www.burmeseclassic.com



ပိုးပိုးစကားကြောင့် ရင်ငွေ့မျက်နှာလေး ပန်းနုသွေး လွှမ်းသ
ရှာ၏။

" မဆိုင်ပါဘူး ပိုးပိုးရယ် ရင်ငွေ့ခံစားနေရတာကို ငါ မကြ
ရက်လို့ပါ ရင်ငွေ့ ဆန္ဒမရှိရင်လည်း ဆုတ်ဖြဲပစ်လိုက်ပေါ့ ကဲ လ
ဗိုက်ထဲက အစာအိမ်က တော်တော်ဆန္ဒပြနေပြီဟ "

ယဉ်ကျေး ပေးလာသည့် လိပ်စာလေးကို ရင်ငွေ့ ဆုပ်
ထားမိသဲ။

ရင်ငွေ့ တကယ်ပဲ အရူက်သိက္ခာ မဲ့နေခဲ့ပြီလား။ ယော
တစ်ယောက်ရဲ့ စွဲငင်မှုမှာ အားလုံးစွန့်လွှတ်ပြီး နှလုံးသားရဲ့ဆန္ဒနော
ခြေစုံရပ်နေမိပြီလား။

မရှက်စတမ်း ဝန်ခံပါရစေ။

ရင်ငွေ့ ရှင်နဲ့ဆုံတွေ့ချင်ပါတယ် ရှင်ရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၀)

" ဪ ညီမတို့မေးတာ မိုးထိမြင့် ထင်တယ် "

" မိုးထိမြင့် ဟုတ်လား "

ယဉ်ကျေးနှုတ်က တအံ့တဩလေး ရေရွတ်သလို ရင်ငွေ့
ကိုလည်း ငဲ့ကြည့်၏။ ဝပ်ရှော့ဆိုင်ပိုင်ရှင်ပုဂ္ဂိုလ်က စားပွဲအံဆွဲကို ဆွဲဖွင့်ကာ
ဆစ်စုံတစ်ရာကို ရှာဖွေနေ၏။

" ဟော. . . တွေ့ပြီ. . . တွေ့ပြီ. . . ဒီမှာ. . . ဒါ သူ့ကုမ္ပဏီ
လိပ်စာနဲ့ ဖုန်းနံပါတ်ပါ လိုအပ်ရင် ယူသွားလို့ရပါတယ် "

" ဟုတ်ကဲ့ ဒါဆိုရင် ကျေးဇူးတင်ပါတယ် ကျွန်မတို့ သူနဲ့
တွေ့ဆုံစရာကိစ္စလေး အရေးကြီးလို့ပါနော် "

ယဉ်ကျေးက သည်လိုအရေးကိစ္စတွေမှာ အားကိုးရတာ အမှန်။
အခုလည်း ရင်ငွေ့ဆန္ဒအတိုင်း သူ့လိပ်စာကို ရနိုင်မည့် ဖင်ချော
ပ်ရှော့အထိ အတူလိုက်လာပေးသည်။

သူ့လိပ်စာကို ဆိုင်ပိုင်ရှင်ဆီက တောင်းဆိုပေးသည့် ကိစ္စမှာ



www.burmeseclassic.com

www.burmeseclassic.com



ည်း ယဉ်ကျေးကပဲ အဆင်ပြေအောင် ပြောဆိုတောင်းဆိုပေး၏။

ဖင်ယော်ဝပ်ရှော့ထဲက ထွက်ခဲ့တော့ ယဉ်ကျေးက လက်ထဲ
လိပ်စာလေးကို ရင်ငွေ့လက်ထဲ လှမ်းပေးသည်။

" ကဲ အခု ငါတို့ ဘာဆက်လုပ်ကြမလဲ ရင်ငွေ့ "

" ငါ မသိသေးဘူး ဟာ သူ့နာမည်ကို သိရပြီလေ "

" နာမည်ကော ဖုန်းနံပါတ်ကော လိပ်စာပါ သိခွင့်ရပြီပဲ န
ဖုန်းဆက်ချင်လည်း ရတယ် သူ့ကုမ္ပဏီသွားချင်လည်း ဖြစ်တယ် "

" ဟာ အဲဒီလောက်အထိ ငါ မဝံ့ရဲပါဘူးဟယ် "

" ရင်ငွေ့ နင် သူ့ကို ချစ်နေပြီလား "

ယဉ်ကျေးက ရင်ငွေ့မျက်နှာလေးကို စိုက်ကြည့်ရင်း မေးသည်
ရင်ငွေ့ ပါးနုလေးနှစ်ဖက်မှာ သွေးရောင်လွှမ်းသွားရင်း

" ငါ ချစ်နေမိပြီထင်တယ် "

" အင်း ငါထင်ပါတယ် ကဲ လာဟာ ငါတို့အအေးဆိုင်ထိုင်
စကားပြောကြတာပေါ့ဟာ "

နှစ်ယောက်သား ကားလေးပေါ်တက်ကာ တိတ်ဆိတ်အေး
သော အအေးဆိုင်ကလေးတစ်ဆိုင်ကို မောင်းခဲ့ကြသည်။

ဆိုင်ထဲမှာ ထိုင်မိကြတော့ ယဉ်ကျေးက တစိမ့်စိမ့်ပြုံး
နေတာမို့ ရင်ငွေ့မျက်မှောင်လေးတွန့်ကြည့်လိုက်ရင်း

" ယဉ်ကျေး နင် ဘာကြည့်ပြီး ပြုံးနေတာလဲ "

" နင့်ကိုကြည့်ပြီး သဘောကျလို့ပါ "





" ယဉ်ကျေးနော် နင်က ငါ့အခင်ဆုံး သူငယ်ချင်းမို့ နင်မေးသမျှ
ဒီ အမှန်အတိုင်း ဝန်ခံပြောပြတာ နင်က လှောင်ချင်တာလား "

" မဟုတ်ပါဘူးဟာ နင့်အဖြစ်ကိုကြည့်ပြီး ငါနဲ့ပိုးပိုး မနေ့က
ထဲမှာ ပြောမိကြတဲ့ စကားတွေကြားမိပြီး ပြုံးမိတာပါ "

" ကြည့်စမ်း နင်တို့နှစ်ယောက် ငါ့အတင်းတွေ ဘာပြောကြ
တာလဲ "

" အတင်းပြောတာမဟုတ်ပါဘူးဟာ နင့်ကိစ္စကြီးကို ငါနဲ့ပိုးပိုး
ကြည့်ကြတာပါ မချစ်တတ်တဲ့မိန်းမ ချစ်တတ်သွားတော့လည်း
ခေါင်နိုင်အောင် ဖြစ်နေတာကြီးကို အံ့သြနေကြလို့ အဟင်း
ဖုန်းထဲမှာပြောတယ် အခု နင်ကြုံတွေ့နေရတာ ဝဋ်လည်တာတဲ့"

" ဘာရယ် ဝဋ်လည်ရအောင် ငါက ဘာလုပ်မိလို့လဲ "

" ကျောင်းမှာတုန်းက နင့်ကိုချစ်တဲ့ ကြိုက်တဲ့ ကောင်လေးတွေ
နင့်ဘက်က စိတ်မဝင်စားခဲ့ဘူး နင့်နောက်ကို အရူးအမူးလိုက်တဲ့
တွေလည်း အများကြီးပဲ ဘယ်သူ့ကိုမှ နင်မခံစားခဲ့ဖူးဘူးလေ "

" ငါမှ မချစ်တာပဲ "

" အေး အခု နင်ချစ်နေမိတဲ့သူနဲ့တွေ့တော့ အဲဒီဝဋ်တွေ
ည်ပြီပေါ့ ရင်ငွေ့ရဲ့ "

ယဉ်ကျေးစကားကြောင့် ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်လေး
သွားခဲ့ရ၏။

ဝဋ်လည်တာတဲ့လား။ ရင်ငွေ့ ဝဋ်လည်တာဆိုရင် သူ့. . .



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ . . . ရင်ငွေ့အပေါ် စိတ်ဝင်စားမှုမရှိနိုင်ဘူးပေါ့။

" ရင်ငွေ့ နင်ဘာဖြစ်သွားတာလဲ "

" ငါ တကယ်ဝဋ်လည်နေတာဆိုရင် သူ ငါ့အပေါ် ငါနဲ့ဆန့်ကျင်ဘက် ဖြစ်နေမှာတွေးမိသွားလို့ပါ ယဉ်ကျေးရယ် "

" ဟာ နင်ကလည်း ငါတို့က စကားအဖြစ်နောက်တာပါ နင်အဲဒီလောက်အထိ ခံစားမယ်မထင်လို့ "

" ယဉ်ကျေးရယ် သူနဲ့ပတ်သက်ပြီး ငါ ရင်ထဲမှာ တကယ်ခံစားခဲ့ရတာပါ သူနဲ့ငါ ပြန်ဆုံကြတုန်းက ငါ့ကိုသူ မမှတ်မိဘူးထင်ပြီး ငါရင်ထဲမှာ ဝမ်းနည်းပြီး ငိုချင်သလိုလိုဖြစ်ခဲ့ရတာ သူမှတ်မိနေတာသိတော့ ငါ အရမ်းဝမ်းသာသွားတာ သိလား "

ရင်ငွေ့ ရှိုးသားပွင့်လင်းစွာ ဝန်ခံနေကာမြင်တော့လည်း ယဉ်ကျေး စိတ်မကောင်း ဖြစ်ရသည်။ ရင်ငွေ့နှလုံးသားနုနုလေး ဒဏ်ရာဒဏ်ချက်တွေ မရစေချင်ပါ။

" သူ နင့်ကို နင်မှတ်မိနေသလို မှတ်မိနေတယ်လေ အဲ... ကြည့်ယုံနဲ့ သူလည်းနင့်အပေါ် စိတ်ဝင်စားနေတယ်လို့ ငါထင်တယ် "

ယဉ်ကျေးက တွက်ဆရှင်းပြတော့ ရင်ငွေ့ရင်ခုန်သံတွေ လှုပ်ခတ်ကြည်နူးချင်သလိုလို ဖြစ်ရပြန်၏။

" ရင်ငွေ့ နင် သူ့ဆီ ဖုန်းဆက်သင့်တယ် "

" ဟင် "

" အချစ်မှာ ဘာမှမသက်ဆိုင်ပါဘူးဟာ နင်တို့ဇာတ်လမ်းပြီး...





...ဝေါ်ါး ဖြစ်နေတာထက်စာရင် စောစောစီးစီး ရှင်းသွားတာ ...ကောင်းတာပေါ့ မခက်ပါဘူး ဖုန်းဆက်ပြီး သူ ကူညီတဲ့ကိစ္စအတွက် ...က ကျေးဇူးတင်စကားပြော ပြီးရင် သူ့ကိုတစ်ခုခုကျွေးဖို့ ...လိုက်ပေါ့ဟာ "

" ငါ့ကိုသူ အထင်သေးသွားမလားဟင် "

" ဒါ အထင်သေးစရာမှ မဟုတ်ဘဲ ရင်ငွေ့ရယ် ခုချိန်မှာ ...က နင့်ကိုအရင်ဆက်သွယ်ဖို့ အခွင့်အရေးက နင့်မှာပဲ ရှိနေတာ"

ရင်ငွေ့ တွေတွေကလေး ဖြစ်ရသည်။

အချစ်မှာ ဣန္ဒြေ သိက္ခာတွေ လိုအပ်နေခဲ့သည် သား။

" ကဲပါ ရင်ငွေ့ရယ် နင့်လက်ထဲမှာ ဖုန်းနံပါတ်ရှိနေပြီပဲ နင် ...ဆက်လိုက် ပြီးရင် ငါ အကြံပေးသလိုပြော လုပ်စမ်းပါ "

ယဉ်ကျေးက အားပေးတိုက်တွန်းနေ၏။ ရင်ငွေ့ဖုန်းဆေးကို ...ယူကာ မဝံ့မရဲလေး ဖြစ်နေမိဆဲ။

" ပေး. . . နင့်ကိုငါကိုယ်တိုင် ခေါ်ပေးမယ် "

ယဉ်ကျေးက ပြောပြောဆိုဆို လက်ထဲက ဖုန်းကို လှမ်းဆွဲယူ...

" ကိုမိုးထိမြင့်လိပ်စာကတ်လေး ပေးလေ "

ရင်ငွေ့ဆလင်းဘက်အိတ်လေးထဲက လိပ်စာကတ်လေးကို ...ပေးလိုက်တော့ ယဉ်ကျေးက ဖုန်းနံပါတ်လေးတွေကြည့်ကာ နှိပ်လေသည်။

ရင်ငွေ့ ရင်ကလေးတွေ တလှပ်လှပ်ခုန်နေရ၏။ ယဉ်ကျေးကို



www.burmeseclassic.com

www.burmeseclassic.com



ညှိုးငယ်း မျက်နက်ဝန်းလေးတွေ ဝိုင်းစက်နေမိသဲ။

" ဟဲလို ဟုတ်ကဲ့ ဦးမိုးထိမြင့်နဲ့ တွေ့ချင်လို့ပါရှင် "

" . . . . . . . "

" ရင်ငွေ့လို့ပြောလိုက်ပါ ရန်ကင်းစင်တာမှာ ကူညီခဲ့ မိတ်ဆွေဆိုရင် သူသိပါလိမ့်မယ် "

ယဉ်ကျေးက ဖုန်းလေးနှင့် အလှမ်းဝေးအောင် ခွာလိုက်ပြီး ရင်ငွေ့ကို တီးတိုးကလေးပြော၏။

" သူ့အတွင်းရေးမှူးမလေးလေ သူ လှမ်းချိတ်ပေးနေပြီ နင်ပြောလိုက် ဘာမှမကြောက်နဲ့ "

လက်ထဲကို ယဉ်ကျေးကမ်းပေးလာသည့် ဖုန်းလေးကို ရင်ငွေ့ လှမ်းယူလိုက်ကာ တုန်တုန်ယင်ယင်လေးနှင့် နားထောင်မိ၏။

" ဟဲလို အမိန့်ရှိပါ ကျွန်တော် မိုးထိမြင့်ပါ "

" ဟုတ်. . . ဟုတ်ကဲ့. . . ရင်. . . ရင်ငွေ့ပါ "

ရင်ငွေ့ အသံတုန်တုန်လေးဖြစ်နေတာ သူ ရိပ်မိသွားမည်လား မသိ။

" အင်း ပြောပါ ကျွန်တော် နားထောင်နေပါတယ် ဘာကိစ္စ ရှိလို့လဲ "

" ဟို. . . ဟိုလေ. . . ရင်ငွေ့ကျေးဇူးတင်စကား ပြောချင်လို့ "

" ကျေးဇူးတင်စကား အဲဒီနေ့ကတည်းက ကျွန်တော် ပြော ပြီးသားပဲဗျာ မလိုပါဘူးလို့ "





" မ မဟုတ်ဘူးလေ ကိုမိုးထိမြင့် ကူညီခဲ့လို့ ရင်ငွေ့တို့ အဲဒီနေ့က အဆင်ပြေသွားခဲ့တာပါရှင် ပြီးတော့ ဖင်ယော်ဝပ်ရှော့က ဘယ်ပြင်ဆရာတွေကိုလည်း ရင်ငွေ့ ငွေရှင်းမပေးလိုက်ရဘူး "

" မလိုဘူးလေ မင်းကားက ဘာမှဖြစ်တာ မဟုတ်ဘူးလို့ ပြောတယ် အဲဒီဝပ်ရှော့က ဆိုင်ရှင်က ကိုယ့်မိတ်ဆွေပါ ကျသင့်ငွေ ကိုယ်သွားရှင်းတော့လည်း သူတစ်ပြားမှ မယူလိုက်ဘူး ဒါကြောင့် အဲဒီ ကိစ္စအတွက်ဆိုရင် မင်းဘာမှခေါင်းထဲမထားနဲ့တော့ "

" ဟုတ်. . . ဟုတ်ကဲ့. . . ဒါပေမဲ့. . . ရင်ငွေ့ကျေးဇူးတင် စကားလေးတော့ ပြောချင်လို့ပါ ကို. . . ကိုမိုးထိမြင့်နဲ့ ရင်ငွေ့ ခဏလောက် တွေ့ခွင့်ရမလားရှင် "

ယဉ်ကျေးက နံဘေးမှ အသံတိတ်နှင့် ဖိအားပေးနေတာမို့ ရင်ငွေ့ အရဲစွန့်တောင်းဆိုမိ၏။

တစ်ဖက်က စကားသံတိတ်ဆိတ်နေချိန်မှာ ရင်ငွေ့ရင်ခုန်သံ တွေက ပြင်းထန်လွန်းနေခဲ့သည်။

" ဝမ်းနည်းပါတယ် ကိုယ် အဲဒီအတွက် အချိန်မပေးနိုင်လို့ပါ ကျေးဇူးစကား ပြောချင်တာအတွက်ဆိုရင် အခု ကိုယ်လက်ခံပေးလိုက် ပြီ မင်းလက်ခံလိုက်ပေါ့ အိုကေ ဒါပဲနော် "

ရင်ငွေ့ ဘာစကားမှ မဆိုနိုင်ခင်မှာ သူ ဖုန်းပြန်ချသွားခဲ့၏။ ရင်ငွေ့ တွေတွေလေး ကြောင်ကာ မင်သက်နေမိသဲ။

" ရင်ငွေ့. . . ဘာတဲ့လဲ. . . သူ ဘာပြောလိုက်တာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ရင်ငွေ့ ရုတ်တရက်ဖြေဖို့ အင်အားမရှိ။ ရင်ထဲမှာ ဝမ်းနည်းကြေကွဲစိတ်တာ လှိုက်တက်လာရ၏။

" ဟင်. . . ရင်ငွေ့. . . နင်. . . နင် ဘာဖြစ်လို့လဲ. . . ဘာလို့လဲဟင် "

ဝဲတက်လာသည့် မျက်ရည်စတွေက ချုပ်ထိန်းထားနိုင်စွမ်းမရှိဘဲ ပါးပြင်ပေါ်ကို လိမ့်ဆင်းလာရ၏။

" ရင်ငွေ့. . . နင် ဘာဖြစ်တာလဲ သူ ဘာပြောလိုက်တာလဲ "

" ပြန်. . . ပြန်ကြစို့ ယဉ်ကျေး. . . ငါ. . . ငါလေ. . . အဟင့် ဟင့်. . . "

ရှိုက်သံတွေနှင့်အတူ မျက်ရည်စတွေသာ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာရသည်။ ယဉ်ကျေးနားလည်စွာ ကျသင့်ငွေကို ထုတ်ရှင်းပြီး ပြင်ဆင်သည်။

ရင်ငွေ့ တကယ်ခံစားရတယ် မိုးထိမြင့်။

မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာ၊ ဣန္ဒြေအရာအားလုံး ရင်ငွေ့ ဆုံးရှုံးလိုက်ရတာဆိုတာ ရှင် နားမလည်နိုင်ခဲ့ဘူးနော်။

သူငယ်ချင်းတွေဆိုသလို ရင်ငွေ့ ဝဋ်လည်ခဲ့တာလို့ပဲ ဆိုရမလား ဟင်။ အချစ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရင်ငွေ့အတွက် အရာရာ ရှုံးနိမ့်ခြင်းဆိုတဲ့ ဝါကျတစ်ကြောင်းပဲ ရှိခဲ့ပါပြီ။

ရင်ငွေ့ ဝဋ်လည်ခဲ့တာလို့ပဲ လက်ခံလိုက်ပါပြီ ကိုမိုးထိမြင့်ရယ်

✿ ✿ ✿ ✿ ✿



## အခန်း (၁၁)

တစိမ့်စိမ့်တွေးလေလေ ရင်ငွေ့ရင်ထဲမှာ ဝမ်းနည်းခံစားရလေ ဖြစ်ရသည်။ သေချာပါတယ် မိုးထိမြင့်။

ရင်ငွေ့ နာကျည်းခဲ့တာ မဟုတ်ပါဘူး။ ကံဆိုးမှုတစ်ခုအတွက်ပဲ ဝမ်းနည်းမိတာပါ။

တကယ်ဆို ရင်ငွေ့ဘက်က ခံခဲ့သလို ဖြစ်ခဲ့ရတဲ့ အခြေအနေမှာ ရင်ငွေ့ရဲ့ သိက္ခာတရားအားလုံးကို စွန့်လွှတ်ခဲ့တာဆိုတာကို နားလည်စေချင်လိုက်တာ။ ဣန္ဒြေသိက္ခာမရှိတဲ့ မိန်းမတစ်ယောက်အဖြစ် ရင်ငွေ့ကို အထင်သေးသွားခဲ့ပြီလားဟင်။

ရင်ငွေ့အတွေးတွေ လွင့်မျောနေတုန်း ဖုန်းထဲက ထမြည်တဲ့ [illegible]သံလေးကြောင့် ကောက်ယူဖွင့်ကြည့်တော့ ပိုးပိုးဆီက ဖုန်းဖြစ်

" ရင်ငွေ့. . . ငါ ပိုးပိုးပါ "

" ပြော. . . ပိုးပိုး ငါ နားထောင်နေပါတယ် "



www.burmeseclassic.com

www.burmeseclassic.com

– ရင်ငွေ့ နင်ဘယ်လောက်ခံစားနေရတယ်ဆိုတာ ငါကော
သိနေပါတယ်ဟာ ''

ပိုးပိုးအသံလေးတွေထဲမှာ စာနာစိတ်တွေ ပျော်ဝင်နေတာ
ရင်ငွေ့သိသည်။ ဖြစ်ခဲ့သည့်ကိစ္စအားလုံးကို ယဉ်ကျေး ပြောပြခဲ့တာ
ဖြစ်မည်။

ထိုနေ့က ယဉ်ကျေးရင်ခွင်ထဲမှာ မျက်နှာလေးအပ်ကာ ရင်ငွေ့
ငိုကြွေးခဲ့ရတာ ဝမ်းနည်းကြေကွဲစိတ်ကြောင့်ပါ။ အဲဒီနောက်ပိုင်းမှာတော့
ရင်ငွေ့အပြင်ကိုလည်း မထွက်ဖြစ်ခဲ့တော့ပါ။

'' ရင်ငွေ့ ငါနဲ့ယဉ်ကျေး မနေ့က မိုးထိမြင့်ဆိုတဲ့ ပုဂ္ဂိုလ်ဆီ
ဖုန်းဆက်ခဲ့ကြတယ် ''

'' ဟင်. . . ဘာ. . . ဘာရယ် ''

'' ဟုတ်တယ် နင့်ကိုယ်စား မခံနိုင်လွန်းလို့ ငါတို့ ဖုန်းဆက်
ခဲ့တာ သုံးလေးခါလောက် ခေါ်မှရတယ် ''

'' နင်. . . နင်တို့ ဘာလုပ်ဖို့ ဆက်ကြတာလဲဟာ အားလုံး
ပြီးဆုံးသွားပါပြီ ''

'' အေး နင့်ဘက်က တကယ်ပြီးဆုံးပစ်လိုက်စမ်းပါ ရင်ငွေ့ရယ်
ဒီလူကြီးကို မခံနိုင်လွန်းလို့ ငါတို့ဖုန်းထဲက ပြောပစ်လိုက်ပြီ ''

'' ဟင် နင်တို့ဘာတွေ ပြောလိုက်ကြတာလဲ ပိုးပိုးရယ် ''

'' နင့်ဘက်က ရိုးရိုးသားသား ခင်မင်စိတ်နဲ့ ဆက်သွယ်
တာကို ဒီလူကြီး ဆက်ဆံပုံက ရိုင်းစိုင်းလွန်းတယ် ထင်တယ်





...ကိုယ် အထင်ကြီးမနေနဲ့ ဘာညာ စိတ်ထဲမှာ ခံစားရသမျှ
...ပြောပစ်လိုက်တာ ''

ပိုးပိုးစကားလေး နားထောင်ကာ ရင်ငွေ့ ရင်ကလေး
...ထိတ်ထိတ် ဖြစ်ရ၏။ ရင်ငွေ့ကိုတောင် အသိမပေးဘဲ သူတို့နှစ်ဦး
...တွေလုပ်ပစ်လိုက်ကြတာလဲ။

'' စိတ်ရှိသမျှ အားရပါးရ ပြောပစ်ပြီးမှ ဖုန်းချပစ်ခဲ့ကြတာ
...ငွေ့ မုန်းပစ်လိုက်စမ်းပါဟာ နင့်အတွက် ယောကျ်ားမရှားပါဘူး
...ယဉ်ကျေးကတော့ နင့်အတွက် အသင့်တော်ဆုံးက ရှိန်းလို့ပဲ
...တယ်''

'' နင်တို့ဘာလို့ သူ့ကို သွားပြောလိုက်ကြရတာလဲဟာ ''

'' နင်ကြားက ဘာဖြစ်လို့ ဒီလူကြီးဘက်က ပါနေတာလဲ
...ငွေ့ ငါတို့က မခံနိုင်လွန်းလို့ဟ ''

'' မဟုတ်ပါဘူး ပိုးပိုးရယ် ခုကိစ္စမှာ သူ့ဘက်ကမှ အပြစ်
...တာ ငါ့ဘက်ကပဲ လွန်သွားခဲ့တာ သိက္ခာမာနမဲ့သလို ဖြစ်သွားခဲ့တာ
...ဟာ ''

'' ရင်ငွေ့ဘာပဲဖြစ်ဖြစ် အဲဒီလူကြီးကို နင် မေ့လိုက်တော့ဟာ''

ရင်ငွေ့ ပင့်သက်မောကို ချမိ၏။ မေ့ပစ်လိုက်ဆိုသော စကားက
...ပြောလွယ်ပေမယ့် ရင်ငွေ့အတွက် လွယ်ကူသောကိစ္စ မဟုတ်တာ
...သူ သိနိုင်မှာလဲ။

ပိုးပိုးစကားကို ရင်ငွေ့ ခွန်းတုံ့မပြန်နိုင်ဘဲ ဖုန်းချပစ်လိုက်

www.burmeseclassic.com



ခဲ့သည်။ သူငယ်ချင်းတွေရဲ့ ခံစားချက်ကို ရင်ငွေ့ နားလည်ပါသည်

ရင်ငွေ့ဘက်က မခံနိုင်တာကြောင့် သူ့ကို ဖုန်းဆက်ပြောလိုက်

ကြခြင်း ဖြစ်လိမ့်မည်။

သူ ရင်ငွေ့ကို ပိုလို့တောင် စိတ်ဆိုးဒေါသဖြစ်သွားမှာ သေချာ

ရင်ငွေ့ကို ခွင့်လွှတ်ပါ မိုးထိမြင့်ရယ်။ ရှုံးနိမ့်ပြီးခဲ့သူအတွက်

နောက်ထပ်ရှုံးနိမ့်မှုတွေကိုလည်း ခံယူနိုင်ဖို့ အသင့်ပါ။

မှန်းဖို့အတွက် ချစ်ခဲ့တာ မဟုတ်တဲ့ နှလုံးသားကတော့ ရင်

ရင်ထဲမှာ မပျက်မယွင်း ရှိနေဦးမှာတော့ ယုံပါ။

✿ ✿ ✿ ✿ ✿



## အခန်း (၁၂)

မှေးခနဲအိပ်ပျော်လုလုမှာပဲ ဖုန်းကထမြည်လာတာမို့ ရင်ငွေ့

ကာ်ဝန်းတွေ ကျယ်သွားရ၏။

" × × × နှင်လေဂရုမစိုက်တော့ × × × ငါစိတ်လေးတွေ

ပြီ နင်ဟာ အခြားတစ်ယောက်ကို နင့်ရဲ့အချစ်တွေ ပုံပေးထား×

×"

သီချင်းသံလေးက အဆုံးမသတ်ဘဲ မြည်နေဆဲမို့ ရင်ငွေ့

ကောက်ယူနားထောင်လိုက်သည်။

" ဟဲလို. . ."

ကြားရတာ ယောကျ်ားတစ်ယောက်ရဲ့ အသံဖြစ်နေသည်။ ရှိန်း

တော့ မဖြစ်နိုင်။ ဒီလိုအချိန်မျိုးမှာလည်း ရှိန်း ဖုန်းမဆက်တတ်ပါ။

" ဟဲလို. . . ရင်ငွေ့ နားထောင်နေပါတယ် "

" ကိုယ် မိုးထိမြင့်ပါ "

" ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ရင်ငွေ့ရဲ့ အိပ်ချင်မူးတူး မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့ရသည်။ နားကြားလွဲတာလားဟုတောင် မယုံမရဲတွေးရင်း

" မိုးထိ . . . မြင့် . . . ဟုတ်လား "

" ဟုတ်ပါတယ် ရင်ငွေ့ ကိုယ်မိုးထိမြင့်ပါ မင်း စိတ်ဆိုးနာကျည်းနေတဲ့ မိုးထိမြင့်ပါ "

" ဟင့်အင်း . . . ရင်ငွေ့ စိတ်မဆိုး မနာကျည်းပါဘူး "

" ကိုယ်သိပါတယ် မင်းရဲ့သိက္ခာကို ကိုယ်စော်ကားသလို ဖြစ်ခဲ့တယ် မင်းရဲ့သူငယ်ချင်းတွေ စကားတွေကြားရတော့ ကိုယ်တကယ်စိတ်မကောင်းဖြစ်ရတယ် မင်းအပေါ် ကိုယ်ပြောဆို ဆက်ဆံလိုက်တာ သိပ်လွန်သွားခဲ့ပါတယ် "

ရင်ငွေ့ ရင်တွေတလှပ်လှပ် ဖြစ်နေရ၏။ ရင်ငွေ့နားထဲမှာကြားနေရတဲ့ သူ့စကားသံလေးတွေက အိပ်မက်မက်နေသလိုပါပဲလား။ သူ ရင်ငွေ့ကို တကယ်ပဲ တောင်းပန်နေတာ။

" ရင်ငွေ့ မင်း ကိုယ်ပြောတာတွေ ကြားပါတယ်နော် "

" ရှင် . . . ဟုတ် . . . ဟုတ်ကဲ့ ကြားပါတယ် "

" ကိုယ်ကို နားလည်ခွင့်လွှတ်ပေးနိုင်မယ် မဟုတ်လားဟင် "

" ရင်ငွေ့ ကိုမိုးထိမြင့်ကို စိတ်မဆိုးပါဘူး ဟို သူငယ်ချင်းတွေရှေ့မှာ ငိုမိတာက ဝမ်းနည်းလို့ပါ ဒါကိုယဉ်ကျေးနဲ့ ပိုးပိုးက ရင်ငွေ့မသိလိုက်ဘဲ ကိုမိုးထိမြင့်ဆီ လှမ်းဖုန်းဆက်လိုက်ကြတာ "

" ယဉ်ကျေးနဲ့ပိုးပိုးဆိုတာ ရင်ငွေ့သူငယ်ချင်းတွေလား "





" ဟုတ် . . . ဟုတ်ပါတယ် "

" အဟွန်း . . . ကိုယ့်ကိုဖုန်းထဲမှာ တော်တော်ကောသွားကြတာဘာမှတောင် ပြန်မပြောလိုက်နိုင်ဘူး "

" ဟို . . . ရင်ငွေ့တောင်းပန်ပါတယ် သူတို့က ရင်ငွေ့ကို ဘာမှသိမပေးဘဲ လုပ်လိုက်ကြတာ ရင်ငွေ့ဆီဖုန်းဆက်တော့မှ ရင်ငွေ့သိရတာ "

" ကိုယ် သူတို့နှစ်ယောက်ကို စိတ်မဆိုးပါဘူး သူတို့ကြောင့်ကိုယ်ပြန်စဉ်းစားပြီး ကိုယ်မှားသွားတာကို တွေးမိလာတာ ရင်ငွေ့ကိုတောင်းပန်မလို့ စဉ်းစားနေတာ တော်ကြာကိုယ့်ကို ဖုန်းထဲကနေဟောက်ပစ်မှာလည်း ကြောက်နေလို့လေ "

" အို . . . ရင်ငွေ့က ဘာလို့ဟောက်ရမှာလဲ "

" မသိဘူးလေကွာ ဟိုနှစ်ယောက်တောင် ဒီလောက်စိတ်ဆိုးတာ ကာကယံရှင်ဆို ပိုဆိုးမှာပဲဆိုပြီး တွေးလန့်နေတာ နောက်ဆုံးဟောက်ချင်လည်း ဟောက်တော့ကွာဆိုပြီး အရဲစွန့် ဖုန်းဆက်လိုက်တာမဆက်ခင်တောင် အန္တရာယ်ကင်းဂါထာ သုံးခေါက်ရွတ်လိုက်သေးတယ် "

သူ့စကားကြောင့် ရင်ငွေ့ ဟန်မဆောင်နိုင်ဘဲ အသံလေးထွက်အောင် ရယ်မိသေးသည်။

" ရင်ငွေ့ တကယ် ကိုယ့်ကိုစိတ်မဆိုး မနာကျည်းပါဘူးနော် "

" ရင်ငွေ့ မနာကျည်းပါဘူး ကိုမိုးထိမြင့် "



www.burmeseclassic.com

www.burmeseclassic.com

" ဟား နာမည်ကြီးခေါ်ရတာ မောလိုက်တာ "

" ဟင် ရင်ငွေ့နာမည်က တိုတိုလေးပဲ ဥစ္စာ "

" ရင်ငွေ့နာမည်ကို ပြောတာမဟုတ်ဘူး ကိုယ့်နာမည် ခေါ်နေတာ မမောဘူးလား "

" မသိဘူးလေ ရင်ငွေ့ဘယ်လို ခေါ်ရမှာလဲ "

" တစ်လုံးတည်းပဲ ခေါ်ပေါ့ကွာ အဲ နေဦး မိုးတို့မြင့်တို့ မလုပ်နဲ့ မိန်းမဆန်တယ် အလယ်တစ်လုံးဆို အဆင်ပြေတယ် ထိ ဖြစ်ပါတယ် "

" ထိ . . . ဟုတ်လား "

" ဟုတ်တယ်လေ မိုးထိမြင့်ဆိုတာ ထိပဲပေါ့ ကိုယ်ကလည်း ငွေ့လို့ပဲ ခေါ်မယ် "

" ဟုတ် . . . ဟုတ်ကဲ့ "

ရင်ငွေ့ကြည်နူးစိတ်လေးတွေနှင့် ဖုန်းထဲမှာတောင် ပုတ်သ ညိုလေး တစ်ကောင်လို ဖြစ်နေခဲ့သည်။

" ငွေ့ မင်းလေးမှာ ကိုယ်ထင်ထားတာထက်တောင် မာန် တွေ ရှင်းစင်လွန်းနေတယ်နော် "

" ရင်ငွေ့ ဒီလိုပဲ နေတတ်လို့ပါ "

" ဘာပဲဖြစ်ဖြစ် ကိုယ်ပြောခဲ့တဲ့စကားအတွက် တောင်းပန်တ ကိုယ့်ကိုမိတ်ဆွေတစ်ယောက်အ ခင်မင်ခွင့်ပြုမယ်ဆိုရင် မနက် ကျရင် ငွေ့နဲ့တွေ့ချင်တယ် "





" ဟို . . . ဟို ကိုမိုးထိမြင့် . . . အဲ . . . ထိ အလုပ်တွေ အားလပ် သွားလားဟင် "

" ခုချိန်မှာ အားလုံးအတွက် အရေးကြီးဆုံးက ငွေ့နဲ့ကိုယ် တွေ့ချင်တယ် ငွေ့နဲ့မျက်နှာချင်းဆိုင်တွေ့ပြီး တောင်းပန်ချင်နေတာ "

" ရင်ငွေ့ စိတ်မဆိုးပါဘူး ထိရယ် "

" ဒါဆိုရင် ငွေ့ကိုယ့်ဖိတ်ခေါ်ချက်ကို လက်ခံပေးပါ "

" ငွေ့လက်ခံပါတယ်ရှင် "

" ကျေးဇူးတင်ပါတယ် ငွေ့ရယ် မနက်ဖြန် မနက်ဆယ်နာရီ ကိုယ်တို့ ရွှေလိပ်ပြာမှာ ဆုံရအောင် "

" ရင်ငွေ့ အရောက်လာခဲ့ပါ့မယ် ထိ "

" ကျေးဇူးပဲ ငွေ့ အိပ်မက်လှလှ မက်ပါစေ "

ဆုတောင်းစကားလေးအဆုံးမှာ သူ ဖုန်းလေးချသွားခဲ့သည်။ ရင်ငွေ့ ဖုန်းလေးကိုကိုင်ရင်း မင်သက်နေမိဆဲ။

ကြည်နူးစိတ်တွေနှင့် မျက်ဝန်းတွေက ဘယ်လိုမှ အိပ်စက်လို့ မရတော့ပါ။ ယဉ်ကျေးနှင့်ပိုးပိုးကိုတောင် ချက်ချင်းဖုန်းဆက်ပြီး အသိပေးချင်လာ၏။

ဒီအချိန်လောက်ဆို နှစ်ယောက်စလုံး ဖုန်းပိတ်အိပ်စက်နေကြမှာ သေချာသည်။

ရင်ငွေ့မှာသာ အိပ်မပျော်နိုင်ခဲ့။

ထိ . . . ရှင်ကော . . . ငွေ့လိုပဲ ဖြစ်နေခဲ့မှာလားဟင်။



www.burmeseclassic.com

ငွေ့ သိချင်လိုက်တာ ထိရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၃)

ခရမ်းရောင် ဇာလက်ရှည်အင်္ကျီလေးနှင့် ခရမ်းရောင် အရိုပ်...တွေပါသော လုံချည်ကိုပဲ ငွေ့ ရွေးချယ်ဝတ်ဆင်လိုက်မိသည်။

မျက်နှာလေးပေါ်မှာတော့ မိတ်ကပ်တွေ လိမ်းခြယ်ရတာ...မပါသော ရင်ငွေ့ပေါင်ဒါပြေပြေလေးနှင့်ပဲ အဆင်ပြေသည်။

လှိုင်းတွန့်အကောက်ဆံပင်တွေကတော့ ဘာမှပြုပြင်စရာ... နှုန်းပြေပြေလေးပေါ်ကို ဆံခွေလိပ်ကလေးတွေက ပြေလျော့လျော့...နေတာကိုပဲ ငွေ့ သဘောကျသည်။

မှန်ရှေ့မှာ ကိုယ့်အသွင်ကို ကိုယ့်ဘာသာ ပြန်အကဲခတ် ကြည့်ရှု...မှာပဲ ဖုန်းသံကမြည်လာတာမို့ ကပျာကသီ ကောက်ကိုင်လိုက်...ည်။

ငွေ့ရောက်မလာမှာစိုးလို့ သူ စိုးရိမ်ပြီး ထပ်ဆက်နေတာလား။

" ထိလား . . . ငွေ့ပါ "

" ထိ . . . ဘယ်ကထိလဲ ရင်ငွေ့ "

www.burmeseclassic.com



နှင်းဆဲမှာ ကြားလိုက်ရတာ ပိုးပိုးရဲ့အသံ။ ရင်ငွေ့မျက်နှာလေး ရှုံ့မြန်သွားရင်း

" ပိုးပိုး . . . ဆောရီးဟာ . . . ငါက သူထင်လို့ "

" သူ . . . ဘယ်သူလဲ ရင်ငွေ့ ထိဆိုလား နင်မေးတာ ငါ ကြားတယ် နင် ဘာတွေဖြစ်နေတာလဲ ပြောစမ်း မညာနဲ့နော် "

" မညာပါဘူးဟယ် ဟိုလေ သူ မနေ့က ငါ့ဆီဖုန်းဆက် တောင်းပန်တယ် "

" ဘယ်သူလဲ ဘယ်သူ့ကိုပြောတာလဲ ရင်ငွေ့ရဲ့ "

" ထိ . . . မိုးထိမြင့်လေ ဟာ "

" ဘုရား မိုးထိမြင့်က ရှင့်ဆီဖုန်းဆက်တယ်ဟုတ်လား ဟုတ်ရဲ့လား ရင်ငွေ့ရယ် "

" ဟုတ်တယ် ပိုးပိုး နင်နဲ့ယဉ်ကျေးတို့ ဖုန်းဆက်ပြောခဲ့တဲ့ စကားတွေ နားထောင်ပြီးမှ သူမှားသွားတာကို ခံစားတွေးမိလာတာတဲ့ အခု ဒီနေ့ သူနဲ့ငါတွေ့ဖို့ ချိန်းထားတော့ သူ ဖုန်းဆက်တယ်ထင်လို့ "

" ရင်ငွေ့ နင်တကယ် ပြောနေတာလား "

ပိုးပိုးမယုံမရဲမေးသည့် အသံလေးကို ကြားရ၏။ ရင်ငွေ့ ကြည်ကြည်နူးနူးလေး ရယ်လိုက်ရင်း

" ငါ တကယ်ပြောနေတာပါ နေဦး နောက်မှ ငါရှင်းပြမယ် အခု အချိန်သိပ်မရှိတော့လို့ "

" ရင်ငွေ့ နင်တို့ကိစ္စကို အသေအချာ ရှင်းပြမှဖြစ်မယ် ငါ့ကျေး





ကျေးပါ အရမ်းသိချင်နေတယ် "

" စိတ်ချပါဟာ အခု ငါ သွားစရာလေးရှိလို့ ဒါပဲနော် "

ပိုးပိုးဆီက စကားတွေ ဆက်မကြားရခင် ရင်ငွေ့ဖုန်းကို ... ကိုက်မိ၏။ စိတ်ဆိုးချင်လည်း ဆိုးစေတော့။ သူငယ်ချင်းရင်းချာကြီး ... လေး နောက်မှကျေနပ်အောင် တောင်းပန်ရတော့မည်။

ရင်ငွေ့ကားကလေး ရွှေလိပ်ပြာရှေ့ရောက်တော့ ကားစတင်းမှာ ... MARK II ကားနက်ကြီးက ရောက်နေပြီ။

ရင်ငွေ့ကားလေး ထိုးရပ်တော့မှ သူ ကားတံခါးဖွင့်ဆင်းလာရင်း ... ကားဆီ တန်းတန်းမတ်မတ် လျှောက်လာသည်။

ရှပ်ပြာနုကွက်စိပ်လက်ရှည်အကျႌနှင့် ဂျင်းပင်န်ကို ဝတ်ဆင် ... သော သူ့အသွင်က လူငယ်ဆန်နေ၏။ မျက်မှန်တပ်မထားသော ... မျက်ဝန်းတွေက ပိုလို့ကြည်လင်တောက်ပနေသည်။

နှုတ်ခမ်းပါးလေးတွေက စွဲငြိဖွယ် အပြုံးတွေက ရင်ငွေ့ ... သံတွေကို လှိုက်ဖိုစေ၏။

" ထိလည်း အခုမှ ရောက်တာလားဟင် "

" မဟုတ်ဘူး ဆယ်မိနစ်လောက်ရှိပြီ ငွေ့ရောက်လာရင် ... ယောက်တည်း ဖြစ်နေမှာစိုးလို့ တမင်စောင့်ပေးနေတာ "

" ဟုတ်လား ဆောရီးနော် ငွေ့နောက်ကျသွားတာ တောင်းပန် ... တယ် "

" ငွေ့နောက်မကျဘူးလေ ဆယ်နာရီထိုးဖို့ ငါးမိနစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



...ဆောက် လိုးသေးတယ် ကိုယ်ကသာ စိုးရိမ်လွန်ပြီး အစောကြီး ရောက်လာ ခဲ့တာ ကဲ လာ ''

သူကပဲ ဦးဆောင်ကာ ရှေ့မှလှမ်းသည်။ ရင်ငွေ့ သူ့အနောက်မှ ကပ်လိုက်ခဲ့မိ၏။

စားပွဲထိုးချာတိတ်က အခန်းနံပါတ်ကိုးသို့ ဖိတ်ခေါ်သွားကာ တံခါးကို အသာဖွင့်ပေးသည်။

'' လာ . . . ငွေ့ . . . ကိုယ်တို့ရောက်ရောက်ချင်း အဆင်ပြေပြေ စားသောက်လို့ရအောင် ကိုယ် ဖုန်းဆက်ပြီး စီစဉ်ခိုင်းထားတာ... လိုတာရှိရင် ငွေ့ထပ်မှာလို့ ရသေးတယ် ''

စားပွဲဝိုင်းအပြည့် အလျှံအပယ် ရှိနေသော ပူပူနွေးနွေး ဟင်းလျာတွေကိုကြည့်ကာ ငွေ့ အံ့သြရ၏။

'' ဒီလောက်အများကြီး ရှိနေပြီပဲ ဘာမှမလိုတော့ပါဘူးရှင် ''

'' ကဲ ဒါဆို ထိုင်နော် ကိုယ်တို့နှစ်ယောက် ခင်မင်မှု အထိမ်း အမှတ်အဖြစ်ပေါ့ ''

ငွေ့ပန်းကန်ထဲကို သူက ဟင်းရည်တွေ ခပ်ထည့်ပေးသော... ငွေ့ ကျေနပ်ကြည်နူးရပြန်သည်။

'' ငွေ့ အားပါးတရစားနော် ကိုယ့်ကို အားမနာနဲ့ ''

ငွေ့ပြုံးပြုံးလေး ခေါင်းညိတ်ပြရင်း သူ့ပန်းကန်ထဲကိုလည်း ဟင်းတွေ ခပ်ထည့်ပေးနေမိပြန်သည်။

သူ ကျေနပ်စွာပြုံးရင်း ကြည့်တော့ ငွေ့မျက်နှာသေ...





...နှုတ်သွေးလှမ်းချင်သလိုလို

တကယ်တမ်းကျ ရင်ငွေ့မစားနိုင်ပါ။ ရင်ထဲမှာ အပျော်တွေနှင့် ပြည့်နှက်နေခဲ့သည်ထင်၏။

'' ဟင် တော်ပြီလား ငွေ့ရဲ့ စားပါဦး ''

'' ငွေ့ တကယ်ဝပါပြီ ထိ စားပါ ''

'' ကိုယ်လည်း ဝနေပြီ ငွေ့တစ်ယောက်တည်း မစားရဲဖြစ်မှာ ...လို့ တမင်စောင့်ပေးနေတာ ''

နှစ်ယောက်စလုံး မစားသောက်နိုင်ခဲ့တာတော့ အမှန်။ စားပွဲထိုး ...ချာတိတ်က ဟင်းလျာဝိုင်းတွေ သိမ်းဆည်းပြီး အချိုရည်ဝိုင်းကို လာချ ...ပြန်သည်။

စားပွဲထိုးချာတိတ်လေး ထွက်သွားတော့ သူက ငွေ့မျက်နှာကို ...လေး စိုက်ကြည့်ရင်း

'' ငွေ့ကိုယ့်ကို စိတ်ဆိုးနာကျည်းနေမလား တွေးပြီး ဖုန်းဆက် ...ာ မင်းခွင့်လွှတ်နားလည်ပေးလိုက်တော့ ကိုယ် သိပ်ဝမ်းသာသွားခဲ့ ...ပါ ငွေ့ရယ် ''

'' ငွေ့ ပြောပြီးပြီပဲ ငွေ့ စိတ်မဆိုးခဲ့ပါဘူးလို့ ''

'' သိပ်ကို ကျေးဇူးတင်ပါတယ် ငွေ့ရယ် အမှန်ဆို မင်းနဲ့ကိုယ် ...ုံးအကြိမ် ညှိခံပွဲမှာဆုံပြီးကတည်းက ကိုယ်မင်းကို မှတ်မှတ်ရရ ...နေခဲ့တာပါ ''

ဒါတွေ ထိရင်ထဲက စကားအမှန်တွေပဲလားဟင်။ ငွေ့လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ထိကလည်း ခံစားနေခဲ့တာလား။ ငွေ့ သိချင်လိုက်တာ။

" နောက်တစ်ကြိမ် ရန်ကင်းစင်တာမှာ မင်းတို့ ကားဘီးပေါက်
နေတော့ မင်းနဲ့ထပ်ဆုံတယ် ကိုယ် အံ့ဩဝမ်းသာသွားခဲ့တာ "

ကြည့်စမ်း။ အဲဒီတုန်းက ထိ တစ်ကယ်ပဲ ဝမ်းသာသွားခဲ့
တဲ့လား။ ငွေ့လုံးဝ မသိခဲ့ပါလား။ ငွေ့ကို မမှတ်မိဘူး အထင်နဲ့ လိုက်
ဝမ်းနည်းခဲ့ရသေးတာပဲ။

" ငွေ့ အဲဒီတုန်းက မင်း အံ့ဩမသွားဘူးလား ညှော်ခံပွဲ
မင်းနဲ့ကိုယ် တွေ့ခွင့်ရခဲ့တာက တခဏလေးရယ် "

" ငွေ့ အံ့ဩသွားခဲ့တာ အမှန်ပဲ ထိက ငွေ့ကို မှတ်မိနေလို့
ငွေ့ကတော့ မှတ်မိပြီးသားပါ "

" ဘာရယ် မင်းက တကယ်မှတ်မိတယ် ဟုတ်လား "

ငွေ့ ခေါင်းကလေး ညိတ်ပြုံးတော့ ထိ မယုံနိုင်သလို တ
တည မျက်ဝန်းတွေနှင့် ကြည့်နေသည်။

အဲဒီ တခဏဆိုတဲ့ ကာလလေးက ရင်ငွေ့ဆိုတဲ့ ကောင်မလေး
ဘဝတစ်ခုလုံးအတွက် အရေးပါခဲ့တာ ရှင်မသိခဲ့ပါဘူး ထိရယ်။

" မင်း ကိုယ့်ကိုညာနေတာ မဟုတ်ပါဘူးနော် ငွေ့ မင်းမှတ်မိ
နေတယ်ဆိုတာ တကယ်ပါနော် "

" ရန်ကင်းပလာဇာမှာတုန်းက ငွေ့တို့အနား မရောက်ခင်ထိ
မိတ်ဆွေတစ်ဦးနဲ့ စကားပြောနေတာ မြင်လိုက်ကတည်းက ငွေ့မှတ်မိ
တယ် ညှော်ခံပွဲတုန်းက တွေ့ခဲ့တဲ့သူလို့ ဒါပေမဲ့ ထိ မမှတ်မိဘူးထင်လို့





ဆက်မရဲ ဖြစ်နေတယ် ထိက ပြန်ခါနီးမှ ပြောသွားတော့ ငွေ့ဘာမှ
ပြောခွင့် မရခဲ့ဘူးလေ "

" ဟင် ဒါဆို ငွေ့ကလည်း ကိုယ့်ကို မှတ်မိနေတာပေါ့နော်"

" ဒါပေါ့ အဲဒါကြောင့် ဖင်ယော်ဝပ်ရှော့အထိသွားပြီး ထိရဲ့
ကို စုံစမ်းဖုန်းဆက်ခဲ့တာ "

" ဟာ. . . ဆောရီး ငွေ့ရယ် ကိုယ် တကယ်မထင်ဘူး. . .
ဟိုလေ. . . ကိုယ်. . . ကိုယ်. . . "

" ထပ်တောင်းပန်ဦးမလို့လား ထိရဲ့ ဘာမှမတောင်းပန်နဲ့တော့
အားလုံး ခွင့်လွှတ်ကျေနပ်တယ် ဟုတ်လား "

ငွေ့ဆိုတော့ သူ စူးစိုက်ငေးကြည့်နေရာမှ အပြုံးနှင့်ခေါင်းညိတ်

" ငွေ့ ကိုယ်အကြောင်းတွေ မသိချင်ဘူးလား ဟင် "

" ဟင့်အင်း ငွေ့မသိချင်ဘူး သူ့နာမည် သူ့အလုပ် သိနေရပြီပဲ
ငွေ့ဘာများထပ်သိစရာ လိုသေးလို့လဲ "

" ငွေ့ရယ် မင်းနှလုံးသားလေးဟာ ဖြူစင်တာကို မင်းမျက်ဝန်း
ထဲက ကိုယ်မြင်နေရပါတယ် "

သူ့အသံလှိုင်းတွေက တိုးညှင်းညင်သာပေမယ့် ငွေ့ရင်ထဲကို
ရင်ခုန်သံတွေ ကျယ်လောင်စေအောင် စွမ်းနိုင်ပါသည်။

သူ့မျက်ဝန်းတွေ နှုတ်ခမ်းတွေ စကားသံလေးတွေ သူနှင့်
သက်သမျှ အရာအားလုံးက ငွေ့ကို ဖွဲ့ဆောင်နိုင်စွမ်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှိနေသည့် အချိန်ကာလလေးမှာ ငွေ့စိတ်ကို ငွေ့ ပိုင်ဆိုင်ခဲ့ပါ။ ရင်ခုန်သံတွေ တုန်ရီလိုက်မောရင်း သူ့စကားသံလေးတွေထဲမှာပဲ စီးမျောနေခဲ့ရ၏။

" ငွေ့ . . . ကိုယ်တို့ ထပ်ဆုံခွင့်ရှိဦးမှာလားဟင် "

ကြည်လဲ့တောက်ပသော မျက်ဝန်းလေးတွေနှင့် ငွေ့ကို စိုက်ကြည့်ရင်း သူ တောင်းဆိုတော့ ငွေ့ခေါင်းကလေး အလိုလို ညိတ်ပြီးဖြစ်နေခဲ့၏။

သူ့မျက်ဝန်းမှာ အပြုံးရောင်စဉ်တွေ လက်ဖြာသွားခဲ့သည်။ ငွေ့ရင်ထဲမှာလည်း ချစ်ခြင်းရင်ခုန်သံလေးတွေ လှိုက်ခုန်ရင်း

✿ ✿ ✿ ✿ ✿



## အခန်း (၁၄)

" ဒီလိုဆိုတော့လည်း ငွေ့လူကြီးက မဆိုးပါဘူး "

" အံမယ် မိပိုးတို့က စားရသောက်ရတာနဲ့ လေသံက ပြောင်းသွားလိုက်တာ ဖုန်းထဲမှာတုန်းက ဒေါသသံတွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး "

ယဉ်ကျေးစကားကြောင့် ပိုးပိုး မကျေမနပ် မျက်မှောင်လေးကြုတ်ကြည့်ရင်း

" ဒီလိုမပြောပါနဲ့ ယဉ်ကျေးရဲ့ ငါက စားရသောက်ရလို့ပြောတာမဟုတ်ဘူး မိုးထိမြင့်ဆိုတဲ့ လူကြီးကို ဖုန်းဆက်ကောမိတာလည်း ရင်ငွေ့အတွက် ခံရခက်လို့ပါနော် နင်ကောပါတာပဲ "

" အေးလေ အဲဒီတုန်းက ငါတို့ရွှေမင်းသမီးလေး ခံစားနေရတာကြည့်ရက်မမြင်ရက်လို့ပေါ့ အခုတော့လည်း တို့ရွှေမင်းသမီးလေးက ပျော်နေလိုက်တာ "

မြားဦးက ရင်ငွေ့ဘက် ဦးတည်လာပြီဟု သိနေ၏။ ပိုးပိုးက



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးစကားကို ခေါင်းညိတ်ထောက်ခံပြီး

" ဟုတ်ပါတော် နင်နဲ့ငါမှာသာ လူမိုက်ကြီးတွေ လုပ်လိုက်ရတာ ဟိုက ဖုန်းလေးတချက်နိပ် ကြွေပြုလိုက်တော့ တို့ရွှေမင်းသမီးလေး ကောက်ကောက်ပါသွားတော့တာပဲ "

" အေးနော် ဒါတော့ အမှန်ပဲ ရင်ငွေ့ ဟိုက ထမင်းစား ဖိတ်တော့ နင် ငါတို့ကိုတောင် မတိုင်ပင်နိုင်တော့တဲ့ လက်ခံလိုက်တာတော့ မကျေနပ်ဘူး "

" ဟယ် မဟုတ်ပါဘူး ယဉ်ကျေးရယ် အဲဒီညက သူ ဖုန်းဆက် ကတည်းက နင်တို့ကိုငါ ဖုန်းဆက်ပြောမလို့ပါဟာ နင်တို့ဖုန်းပိတ် အိပ်နေတဲ့အချိန်ကြီးမို့ "

" ဘုရားရေ ဒါဆို မိုးထိမြင့်က နင့်ကို ညဉ့်နက်သန်းခေါင်ကြီး ထဆက်လိုက်တာလား "

" မဟုတ်ပါဘူး ဆယ်နာရီလောက်ရှိပြီ ထင်တယ် ငါ မှေးခနဲတောင် အိပ်ပျော်နေပြီ ဖုန်းက မပိတ်ထားမိတော့ သူ ဆက် ရသွားတာပါ "

" နေပါဦး ဖုန်းနံပါတ်က သူ ဘယ်လို ရသွားတာလဲ "

" ငါ ဖုန်းဆက်ကတည်းက ငါ့ဖုန်းနံပါတ်ကို သူ မှတ်ထား လိုက်တာလေဟာ နင်ကလည်း ခက်ခဲတဲ့ကိစ္စမှမဟုတ်တာ "

" ဒါဆို နင့်ဖုန်းထဲမှာလည်း မိုးထိမြင့်ဖုန်းနံပါတ်က မှတ်ထားပြီး ဖြစ်နေမှာ သေချာပြီပေါ့နော် "





ပိုးပိုးက နှုတ်ခမ်းလေးမဲ့ကာရွဲ့ကာမေးတော့ ရင်ငွေ့ ပြုံးပြုံးလေး နှင့်ပဲ တိတ်ဆိတ်စွာ ဝန်ခံမိသည်။

" အင်း ရင်ငွေ့ နင် မိုးထိမြင့်ဆိုတဲ့ လူနဲ့ကျမှ ဒီလောက်အထိ ဖြစ်သွားတာ ငါတို့အံ့ဩမိတယ် တကယ် အချစ်ဆိုတာ ဟန်ဆောင်လို့ မရဘူးဆိုတာ တကယ်ပဲထင်တယ် "

" သေချာကာပေါ့ ယဉ်ကျေးရဲ့ ရင်ငွေ့ဘက်က ဟန်မဆောင် နိုင်အောင် ဖြစ်နေသလို မိုးထိမြင့်ဆိုတဲ့ လူကြီးကကော ဘာထူးလို့လဲ ဟိုနေ့ ထမင်းဝိုင်းမှာ ရင်ငွေ့ကိုချည်း ခိုးကြည့်နေတာ ငါသိတယ် "

" ဟုတ်တယ် ရင်ငွေ့လည်း ဘာထူးသလဲ အမျှော်တွေနဲ့ပြည့်ပြီး ဘာမှမစားနိုင်ဖြစ်နေတာပဲလေ "

ယဉ်ကျေးနှင့်ပိုးပိုးတို့ နှစ်ယောက်ကို ထိကိုယ်တိုင်ဖိတ်ခေါ်ကာ မိတ်ဆွေဖြစ် ထမင်းဝိုင်းလေး ကျွေးသည့်ပွဲအပြန်မှာ နှစ်ယောက်စလုံး ရင်ငွေ့ကိုချည်း နှိပ်ကွပ်နေခဲ့ကြသည်။

ကြာတော့ ရင်ငွေ့မျက်နှာလေး ထူပူနီမြန်းကာ ရှက်ရွံ့လာရ သည်မို့

" အေး နင်တို့အခုပြောနေတာတွေ ထိကို ကျုပ်ပြန်ပြောမှာနော် ဒါဆို ဟိုက နောက်ဆို ညည်းတို့ကို ကြောက်သွားမှာ "

" ဟာ. . . မလုပ်ပါနဲ့ဟ ရှင့်လူကြီးက နောက်ဆို ငါတို့ကို ထမင်းဖိတ်မကျွေးဘဲ နေပါဦးမယ် "

" *ပြောမှာပဲ ရှင်တို့က* သူမရှိမှ ကျုပ်ကိုချည်း နှိပ်ကွပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး ''

ရင်ငွေ့ နှုတ်ခမ်းလေးစူကာပြောတော့ ယဉ်ကျေးနှင့်ပိုး

သဘောကျစွာ ရယ်မောလိုက်ကြရင်း

'' ရင်ငွေ့ရယ် ငါတို့က သူငယ်ချင်းလေးမို့ နောက်ပြောင်တာ

ပါဟယ် အင်း ကိုမိုးထိမြင့်နဲ့ နင်နဲ့ တကယ်တမ်းကျ လိုက်ဖက်ပါတယ်

ဟယ် သူ့မျက်ဝန်းတွေက နင့်အပေါ် တကယ်ချစ်တယ်လို့ ငါထင်တယ်

'' ယဉ်ကျေးတွက်သလိုပဲ ငါလည်း တွက်တယ် ရင်ငွေ့ နင်

နှစ်ယောက် ဖူးစာဘက်သာ မှန်ကန်ရင် တကယ်အတွဲညီပါတယ် အင်း

ရှိန်းအတွက်တော့ စိတ်မကောင်းစရာပဲပေါ့ဟာ ''

ပိုးပိုးစကားကိုကြားမှ ရင်ငွေ့ ရှိန်းမျက်နှာလေးကို ပြေးမြင်

မိသည်။

ငယ်သူငယ်ချင်းလေးရှိန်းသည် ရင်ငွေ့အပေါ်မှာတော့ တကယ်

ကို ခင်မင်စရာကောင်းခဲ့သူဆိုတာ ရင်ငွေ့မငြင်းချင်ပါ။

'' ရှိန်း ငါ့အပေါ်ကောင်းခဲ့တာ ငါသိပါတယ် ပိုးပိုးရယ် ဒါပေမဲ့

ငါ ထိကိုပဲချစ်တာ ''

'' အင်းလေ နင်သာရှိန်းအပေါ် ချစ်တဲ့စိတ်ရှိနေခဲ့ရင် နင်နဲ့ရှိန်း

ချစ်သူဖြစ်တာ ကြာပြီပေါ့ အခုပဲကြည့်လေ မိုးထိမြင့်နဲ့ကျတော့ တစ်ဖက်

ကတောင် မဖွင့်ရသေးဘူး နင်က ကြွေဆင်းနေပြီလေ ''

ရင်ငွေ့ မရှက်နိုင်တော့ပါ။ နှလုံးသားက ခံစားချက်ဆိုတာ

လိမ်ညာသိုဝှက်လို့မှ မရနိုင်တာဘဲလေ။





'' အန်တီမြတ်တို့ကကော နင့်ကို ရှိန်းနဲ့ကိစ္စ ဘာတဲ့လဲ ''

'' အခုတော့ ငြိမ်နေတုန်းပဲဟ ဒါပေမဲ့ ဘယ်အချိန် မာမီ

တွေ ကြားရဦးမလဲလို့ ငါရင်တထိတ်ထိတ်ပဲလေ ''

'' ရှိန်းကို ပွင့်ပွင့်လင်းလင်း အသိပေးလိုက်ပါလား ''

'' ငါပြောပြီးပြီလေ ရှိန်းဘက်က လူကြီးတွေဆန္ဒထက် ငါ့ဆန္ဒကို

ပေးပါ့မယ်တဲ့ သူက ငါ့ဆီက အချစ်ကို သူတစ်နေ့ရမယ်လို့ ယုံနေ

သူ့ကို ငါမချစ်နိုင်တာမဟုတ်ဘူး မချစ်သေးတာလို့ သူက

တော ခက်တယ် ''

'' ဒုက္ခပါပဲ ရင်ငွေ့ရယ် နင့်ကိစ္စက မလွယ်ပါလား ''

'' ရှိန်းကိုပြတ်သားအောင် ငါ့မှာပြောခွင့်မှ မရှိသေးတာပဲဟာ

က ဘာမှမဟုတ်ကြသေးဘူးလေ ''

'' အင်း ဒီအတိုင်းဆို နင်နဲ့မိုးထိမြင့်နဲ့ မြန်မြန်ချစ်သူတွေ

မှ ဖြစ်မယ်ထင်တယ် ဒီလိုလုပ်ဟာ သူ့ကို နင်ဖွင့်ပြောလိုက်ဟာ''

'' မိပိုးနော် နင့်စကားက ဘာလဲ ''

'' ဟုတ်တယ်လေ ဒါမှ နင့်ပြဿနာငြိမ်းမှာ အတွေးမမှားနဲ့

ငွေ့ မိပိုးစကားအတိုင်းလုပ်ဟာ. . . အဟင်း. . . ဟင်း ''

ရင်ငွေ့ လက်သီးကလေးရွယ်တော့ ယဉ်ကျေးနှင့်ပိုးပိုးတို့

ယောက်စလုံး လှစ်ခနဲပြေးကြလေပြီ။

ရင်ငွေ့ မကျေမနပ်ကလေးဖြစ်ကာ ကျန်ရစ်ခဲ့ရသည်

ထိရယ် မိန်းမသားတစ်ယောက်ရဲ့ သိက္ခာ၊ ဂုဏ်ဒြပ်တွေကို စွန့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရှင့်ကို ငွေ့ချစ်ခဲ့တာပါ။

ဒါကို ရှင် နားလည်နိုင်ပါ့မလား။

✿ ✿ ✿ ✿ ✿



## အခန်း (၁၅)

ဖုန်းနံပါတ်လေးတွေကို သူ ဖိနှိပ်လိုက်တော့ တစ်ဖက်သို့ ...နေသော ဖုန်းသံလေးကို ကြားရသည်။

အံ့ဩစရာကောင်းလွန်းစွာ ရင်ခုန်သံတွေက နှုသစ်နေခဲ့သည်။

တစ်ဖက်က ဖုန်းလေးကို လာကိုင်သည့်အခါ ကြားရမည့် ...သံလေးကို နားထောင်ရင်း ရင်ခုန်နေမိသည့်အဖြစ်ကို တွေးမိတော့ ...ကိုကိုယ်တောင် ရှက်ရွံ့ရွံ့ဖြစ်မိရသေးသည်။

မင်းကိုယ်မင်း ကောင်ငယ်လေးတစ်ယောက်များ မှတ်နေ...း မိုးထိမြင့်။

" ဟလို "

" မင်းသမီးလေး "

" ...... "

" ဟိတ် ဘာလို့ အသိတိတ်သွားတာလဲ ကိုယ်ပါ "

" မှတ်မိပါတယ် ငွေ့က ဖုန်းနံပါတ်ကို မြင်လိုက်တာတည်းက



www.burmeseclassic.com

www.burmeseclassic.com



ထိဆိုတာ သိနေပြီးသားလေ ''

'' ဒါနဲ့ဘာလို့ အသံတိတ်သွားတာလဲ ''

'' မသိဘူးလေ မင်းသမီးလေးဆိုတော့ ငွေ့ကိုပြောတယ် မယ
ဘူး ထိ ဖုန်းမျှား မှားဆက်နေသလားလို့ ''

'' ကြည့်စမ်း မင်းသမီးလေးက ကိုယ့်ကိုနောက်တာပေါ့
ကောင်မလေး လူကြီးကို နောက်စရာလား ခေါင်းငုံ့စမ်း ''

'' ရှင် ''

'' ခေါင်းငုံ့ခိုင်းနေတာ လူကြီးကို မခန့်လေးစားလုပ်လို့ ခေါင်း
ခေါက်မလို့ ''

သူပြောတော့ ငွေ့ရယ်သံသဲ့သဲ့လေးကို ကြားရ၏။ ပြီးမှ

'' ငုံ့ထားတယ်လေ အရမ်းမခေါက်နဲ့နော် ထိ ''

'' ဖြေးဖြေးပဲခေါက်မှာ. . . ကဲ. . . ဂေါက် ''

'' အလားလား. . . နာလိုက်တာ. . . ခစ်. . . ခစ်. . . ''

'' ကြည့်စမ်း နာတဲ့သူက ရယ်နေလိုက်တာ မဖြစ်ဘူး ဒီ
မဆုံးမဘူး မင်းသမီးလေး ကိုယ့်ကို ဆန်းဒေးကျရင် တစ်ခုခုကျွေးရမယ်

'' ရတယ်လေ. . . ထိ. . . ဘာစားမှာလဲ. . . ဝက်သားဒုတ်
လား. . . ရရှိုင်မုန့်တီသောက်မလားပြောလေ ''

'' မနောက်နဲ့ဂွ ကိုယ်တကယ်ပြောနေတာ ငွေ့ကိုတွေ့ချ
တယ် ဆန်းဒေးဆိုရင် ငွေ့အားမလား ''

'' အားပါတယ် ထိ ဘယ်ဆိုင်မှာ တွေ့ကြမှာလဲဟင် ''





'' ငွေ့ကြိုက်တဲ့ဆိုင်ရွေးလေ ငွေ့ကကျွေးမှာဆိုတော့ ''

တစ်ဖက်က ငွေ့စကားသံလေးတွေ တဒင်္ဂတိတ်ဆိတ်သွား၏။
ငွေ့ရွေးချယ်ထားသော ဆိုင်လေးအမည်ကို ရွတ်ပြသည်။

'' အိုကေ ငွေ့ ဘယ်နှစ်နာရီ ဆုံမှာလဲ ''

'' ဆယ်နာရီလောက်ပေါ့ ဖြစ်တယ်မို့လားဟင် ''

'' ဖြစ်တာပေါ့ ကိုယ်က ယောက်ျားလေး ဘာမှအလှပြင်စရာ
မလိုအပ်ဘူးလေကွာ ''

'' အံမယ် ငွေ့ကလည်း ဘယ်မှာအလှပြင်လို့လဲ ''

'' ဟုတ်ပါတယ် မင်းသမီးလေးက မပြင်လည်း ၇ ပြီးသားပဲ
အိပ်ချင်နေပြီမို့လား အိပ်တော့နော် ''

'' အိပ်မက်လှလှမက်ပါစေ ထိ ''

ဖုန်းဆက်တိုင်း သူ ဆုတောင်းနှုတ်ဆက်နေကျ စကားလေးကို
ဦးအောင် ဆိုသွားခဲ့၏။

သူ ဘာမှပြန်မပြောနိုင်မှာဘဲ ဖုန်းကလေး ချသွားခဲ့လေသည်။

သူ့ရင်တွေ လှုပ်ခတ်ကျန်ရစ်ခဲ့ရတာ အမှန်။ အိပ်ရာပေါ် ပြန်လှဲ
လိုက်ပေမယ့် မျက်ဝန်းတွေက ချက်ချင်းအိပ်မပျော်။

ငွေ့ပုံရိပ်လေးက အာရုံထဲမှာ အရိပ်ထင်လာသည်။ စွဲမက်စရာ
ကောင်းသော မျက်နက်ဝန်းလေးတွေနှင့် ငွေ့ကို မထင်မှတ်ဘဲ ဆုံတွေ့ခဲ့
သော မင်္ဂလာညည့်ခံပွဲလေးတစ်ခုမှာ ဖြစ်သည်။

နုပျိုသော သူမအလှတွေကို သူ သတိထားမိခဲ့တာလဲ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စားပွဲဝိုင်းလေးမှာ သူ ဝင်ထိုင်မိသည့် တခဏလေးမှာပဲ
ထွက်သွားတော့ သူ မင်သက်အံ့သြခဲ့ရသေးသည်။

သူမ စားပွဲပေါ်က အစားအသောက်တွေကိုတောင် မတို့
လိုက်ရဘဲ ထပြန်သွားခဲ့တာ ဘာကြောင့်လဲ တွေးမရခဲ့။

သူ ရောက်လာတာကြောင့်လားဟု တွေးမိ၏။ သူမတစ်
တည်း ထိုင်နေသော စားပွဲဝိုင်းမှာ သူဝင်ထိုင်မိသည်ဆိုတော့
ရှက်သွားတာလည်း ဖြစ်နိုင်သည်။

တစ်ချက်လေးတောင် မနှိုက်ဘဲ ကျန်ရစ်ခဲ့သော အစာ
တွေကိုကြည့်ကာ သူမမျက်နှာလေးကို သူ မြင်ယောင်အမှတ်ရနေ

သည့်နောက်ပိုင်းမှာတော့ အာရုံထဲမှာ သူမ ပုံရိပ်က
စွဲစွဲလန်းလန်း ရှိနေခဲ့၏။ သူ့ဘက်က တဒင်္ဂအချိန်လေးမှာ သည်
စွဲလန်းသွားခဲ့ရခြင်းအတွက် အံ့သြထိတ်လန့်မိသေးသည်။

တကယ်ဆို နှလုံးသားက ရင်ခုန်နှုန်းသစ်ရမည့်အရွယ် မ
တော့ပါ။ ဒါကြောင့်လည်း သူ ရှောင်တိမ်းဖို့ ကြိုးစားခဲ့ပေမယ့်

အချစ်ဆိုသော အရာက နှလုံးသားမှာ နှောင်တွယ်
လေတော့။

✿ ✿ ✿ ✿ ✿



အခန်း (၁၆)

သည်တစ်ခါတော့ အမြဲတမ်း ကြိုတင်ရောက်ရှိနေတတ်သော
ထံ နောက်ကျနေခဲ့ပြီထင်၏။

ဆိုင်ရှေ့ကားပါကင်မှာ သူ့ကားကြီးကို မတွေ့ရ။ ငွေ့ကားလေး
ကို ထိုးရပ်ပြီး ဆိုင်ထဲကို လှမ်းဝင်ခဲ့သည်။

ငွေ့မျက်ဝန်းလေးတွေ ဆိုင်ထဲမှာရှိနေသော စားပွဲဝိုင်းတွေဆီ
တစ်ချက် ဝေ့အကြည့်မှာပဲ မြင်လိုက်ရသည်က ထောင့်စားပွဲဝိုင်းမှာ
ပြုံးကြီး ကြည့်နေသော ထိ။

ထိရှိရာ စားပွဲဆီသို့ ငွေ့ တအံ့တသြလေး လှမ်းလျှောက်လာရင်း
နီးရောက်တော့

" ဆယ်မိနစ်တောင် စောရောက်လာတာဆိုတော့ ထိမရောက်
သေးဘူးထင်တာ ဒါနဲ့ ထိရဲ့ကားကြီးကော "

" မနေ့ကဘဲ အင်ဂျင်ကြီးခိုင်ရေးစစ်ဆေးဖို့ ဝပ်ရှော့ပို့ထားတယ်
ကြောင့် ဆလွန်းလေးပဲ စီးလာတာလေ အညိုရောင်လေး ငွေ့ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူးသော

ငွေ့ခေါင်းကလေးကို ခါရမ်းပြမိသည်။ တကယ်လည်း ထိရဲ့ MARK II ကားကြီးကို မတွေ့တာမို့ မရောက်သေးဟုပဲ ထင်မှတ်ခဲ့သည်ကိုး။

" ထိကကြိုရောက်နေတာကိုး ငွေ့ကဒီတစ်ခါ စောပြီဆိုပြီး ကျေနပ်ဝမ်းသာနေတာ "

" ငွေ့တစ်ယောက်တည်း ဆိုင်ထဲမှာ ထိုင်နေရတာမျိုး ကိုယ်က အဖြစ်ခံမတဲ့လား နာရီဝက်ကတည်းက ကြိုရောက်နေတာ "

" ဟင် နာရီဝက်တောင် "

" ကိုယ့်ဆန္ဒတွေ စောနေတာလေ မင်းသမီးလေးနဲ့ တွေ့ချင်တဲ့ ဆန္ဒတွေကြောင့် အစောကြီးကတည်းက ရောက်နေတာပေါ့ "

သူဆိုတော့ ငွေ့စိတ်ထဲမှာ ကြည်နူးကျေနပ်မိပြန်သည်။ စားပွဲထိုးချာတိတ်ကလေး ရောက်လာတော့ သူက မီနူးကဒ်လေး လှမ်းပေးရင်း

" ငွေ့စိတ်တိုင်းကျ မှာကွာ "

" ထိမှာလေ ထိကြိုက်တာမှာပါ "

" ရတယ် ဒီနေ့ ငွေ့မှာတာ ကိုယ်စားဖို့ ဆုံးဖြတ်ထားတယ် "

ငွေ့ကို ပြုံးကြည့်ကာ သူဆိုတော့ ငွေ့ခေါင်းကလေး ညိတ်ရမှာရ၏။ သူနှင့်အတူ ထိုင်ခဲ့ဖူးတာ လေးငါးကြိမ် ရှိပြီမို့ သူ့အကြိုက်တွေ ငွေ့ အလွတ်ရနေပြီလေ။





" ငွေ့မှာတာ ဘာလိုသေးလဲ ဟင် ထိ ထပ်မှာမလား "

" ရတယ် ပြည့်စုံနေပြီ ညီလေး ဟင်းလျာတွေ မရောက်ခင် ဘတ်နှစ်ဗူးလောက် အရင်ပေးကွာ "

" ဟုတ်ကဲ့ ရမယ်အစ်ကို "

စားပွဲထိုးချာတိတ်ထွက်သွားတော့ ငွေ့ကို စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းတွေကြောင့် ငွေ့ ရှက်ရွံ့ရွံ့ ဖြစ်နေ၏။

" ဘာလို့ ဒီလောက် စူးစိုက်ကြည့်နေရတာလဲ ထိရဲ့ "

" ကိုယ့်ရှေ့မှာ ရောက်နေတာ ငွေရောင်နတ်သမီးလေးလားလို့ "

" အို. . . "

ငွေ့ဝတ်ဆင်ထားသော ဇာပန်းအဖြူ ဝမ်းဆက်ဝတ်စုံလေးကို ရည်ညွှန်းကာ သူဆိုမှန်း ငွေ့သိလိုက်၏။ ရှက်သွေးတို့ ငွေ့မျက်နှာပေါ်မှာ ထင်သလွင်ပြင်လေးပမာ ဖြစ်သွားခဲ့၏။

" ကိုယ်မင်းကို အရမ်းတွေ့ချင်နေတာ "

ငွေ့လည်း တွေ့ချင်နေတာပါ ဆိုသော စကားကိုတော့ ငွေ့ရင်ထဲမှာ ဆိုမိ၏။ သူက ငွေ့မျက်နှာလေးကို စူးစိုက်ကြည့်နေရင်းမှ

" ငွေ့. . . ကိုယ်တို့ ခင်မင်တာကြာပြီနော် ကိုယ့်အကြောင်းကို တစ်ခါမှ မမေးခဲ့ဘူး "

" ငွေ့ သိပြီးသားပဲ ဘာလို့မေးရမှာလဲ "

" မဟုတ်ဘူးလေ ငွေ့ ဘာသိထားတာလဲ "

" ထိနာမည် ထိအလုပ်အကိုင် ဒါတွေသိပြီးပြီလေ "



www.burmeseclassic.com

www.burmeseclassic.com



" ကျန်တဲ့အကြောင်းတွေ ငွေ့မသိချင်ဘူးလားဟင် "

" ဟင့်အင်း ငွေ့အတွက် သိပ်အရေးမပါဘူးထင်တယ် "

သူမျက်ခုံးလေးပင့်ကာ ငွေ့ကို တအံ့တသြ စိုက်ကြည့်... အထင်လွဲသွားမှာစိုး၍ ငွေ့ ကပျာကသီ ရှင်းရသေး၏။

" ငွေ့ မသိချင်တာ ဘာကြောင့်မှ မဟုတ်ဘူးနော် ငွေ့နဲ့... ကြားမှာ နားလည်နိုင်မှုတွေ ရှိနေပြီလေ ဒီအရာတွေထက် ဘာမှအ... မကြီးဘူး ဒါဆိုလိုတာ ငွေ့အကြောင်း ထိသိချင်တယ်ဆိုရင် ပြော... မယ်လေ "

ငွေ့ဆိုတော့ သူ့နှုတ်ခမ်းလေးတွေ နွေးနွေးကလေး ပြုံး...

" ရင်ငွေ့ဆိုတဲ့ ကောင်မလေးအကြောင်း ကိုယ်သိပြီးပါပြီ "

" ဟင် "

" မယုံဘူးလား ပြောပြမယ် နားထောင် ရင်ငွေ့ဆို... ကောင်မလေးက တစ်ဦးတည်းသော သမီး သူ့ဒယ်ဒီက စီးပွားရေး... လုပ်ငန်း ကုမ္ပဏီကြီး တည်ထောင်ထားတယ် သူ့မာမီက စိန်ရတ... ရောင်းဝယ်ရေးဆိုင်တစ်ဆိုင် ဖွင့်ထားတယ် အဲဒီကောင်မလေးက သူ့... ဆိုင်မှာ ထိုင်ပေးတတ်တယ် စီးပွားရေးတက္ကသိုလ်က ဘွဲ့ရထား... ကောင်မလေး ကိုယ့်ထက် နှစ်နှစ်နဲ့ သုံးလငယ်တဲ့ ချာတိတ်မလေး...

ရင်ငွေ့ သူပြောသမျှ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်... တအံ့တသြ နားထောင်နေမိသည်။

" အံ့သြနေလားဟင် "





" ထိ ဘယ်ကဘယ်လို စုံစမ်းထားတာလဲ "

" ယဉ်ကျေးနဲ့ပိုးပိုးတို့ကို နေ့လည်စာကျွေးပြီး တစ်ထိုင်တည်း ...မေးလိုက်တာပေါ့ "

" ကြည့်စမ်း ကောင်မစုတ်တွေ ငွေ့ကိုတောင် ဘာမှပြန်မပြော ...ကြဘူး "

" သူတို့နှစ်ယောက်မှာ အပြစ်မရှိပါဘူး ငွေ့ရဲ့ ကိုယ်က နှုတ်ပိတ်ထားတာ ကိုယ်မေးတာ မသိပါစေနဲ့လို့ "

" ထင်ပါတယ် ကျွေးမွေးပြီး စည်းရုံးထားတာပေါ့လေ "

" ဒီသဘောမဟုတ်ပါဘူးကွာ ကိုယ်သိချင်တာတွေ ပြောပြလို့ ...ကျွေးမွေးလိုက်တာပါ "

" နေပါဦး ငွေ့အကြောင်းတွေ ထိက ဘာလို့ သိချင်နေရ ...တာလဲ"

သူ့မျက်ဝန်းတွေ ငွေ့ကိုငေးစိုက်ကြည့်ရင်း တဒင်္ဂ နှုတ်ဆိတ် သွားခဲ့၏။ ကြည်လဲ့တောက်ပသော မျက်ဝန်းတွေထဲမှာ တစ်စုံတစ်ရာကို ...မြင်တွေ့နေရသည်လား။ ငွေ့ရင်ခုန်သံလေးတွေ တဒိတ်ဒိတ် တိုးလာ ...သည်။

" ငွေ့ ကိုယ်မင်းကို မြတ်နိုးတယ် "

ငွေ့မျက်လွှာလေးချကာ သူ့အကြည့်တွေကို ရှောင်လွှဲမိ...။ ...ငွေ့ဘဝမှာ အမျှော်လင့်ဆုံး ဒီစကားကို သူလျင်မြန်စွာ ဖွင့်ဆိုလိမ့်မည်ဟု ...ထင်မှတ်ခဲ့မိ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေက ငွေ့ရင်ဘတ်ထဲမှ ခုန်ပျံ့ပွင့်ထွက်ကုန်မည်လား
ထင်ခဲ့ရသည်။

" ငွေ့ ကိုယ်မင်းကို မြတ်နိုးစွာ ချစ်မိတာပါ အခုမှ ချစ်ခဲ့တာ မဟုတ်ဘူး. စတွေ့ကတည်းက စွဲလမ်းခဲ့တာ ကိုယ့်အိပ်မက်တိုင်း မင်းလေးရှိနေခဲ့တယ် ဘယ်လိုအသိတရားတွေနဲ့မှ ထိန်းချုပ်ထားနိုင်စွမ်း မရှိတော့တဲ့အချိန်မှာ မင်းလေးကို အဆုံးရှုံးမခံရဲလောက်အောင် ကိုယ် ချစ်နေမိပြီ ငွေ့ရယ် "

သူ့စကားသံတွေက ငွေ့ရင်ထဲထိ စိမ့်ဝင်စီးကာ နှလုံးသားထဲ ပွဲတင်လာရိုက်ခတ်နေသလို ခံစားရသည်။

ယောကျ်ားတစ်ယောက်၏ ချစ်ခြင်းဖွဲ့စကားများစွာကို ငွေ့ ကြားခဲ့ဖူးသည်။ ဒါပေမဲ့ ရင်ထဲမှာ ရိုက်ခတ်စေလောက်အောင် မခံစား ခဲ့မိ။

ခုတော့ သူ့စကားတွေနားထောင်ရင်း ငွေ့ရင်ထဲမှာ ကြည်နူး လှိုက်ဖိုရသော ခံစားမှုက တိမ်တိုက်တွေထဲမှာ စီးမျောနေရသလို လှိုင်းဖျားထိပ်မှာ လွင့်မျောပါနေသလို ခံစားရ၏။

စားပွဲထိုးချာတိတ်လေးသာ ဟင်းလျာတွေနဲ့အတူ ရောက်မလာ ခဲ့လျှင် ငွေ့ရင်ခုန်သံတွေကြောင့် လွင့်မျောပါသွားလောက်ပါသည်။

" ငွေ့စားလေ "

ငွေ့ပန်းကန်ထဲကို သူ ဟင်းလျာတွေ ခပ်ထည့်ပေးနေချိန်အထိ ငွေ့ ရှက်ရွံ့ရင်ခုန်ကာ သူ့မျက်နှာကို မော့မကြည့်ရဲခဲ့ပါ။





" ငွေ့ ညကျရင် ဖုန်းထဲမှာ ကိုယ်ရင်ခုန်မျှော်လင့်ပါရစေနော်"

ငွေ့ ခေါင်းညိတ်မိလိုက်တာလား။ ခေါင်းငုံ့လိုက်မိတာလား မသိချေပါ။

လမ်းခွဲပြန်ကြတော့ သူ ငွေ့ကို ကားအနားထိ လိုက်ပို့ပေးရင်း

" ငွေ့ ကိုယ့်ရင်ထဲက စကားတွေကို ဝန်ခံဖို့ ကိုယ့်နှလုံးသားကို အကြိမ်ကြိမ်မေးခဲ့ရတယ် ငွေ့ကိုလည်း အလောတကြီး မဆုံးဖြတ်စေချင် ဘူး ညကျရင် ငွေ့ဆက်မယ့်ဖုန်းသံလေးကို ကိုယ်မျှော်လင့်ပါရစေနော်"

ဒီတစ်ခါတော့ ငွေ့ခေါင်းကလေး ညိတ်ပြမိသည်။ တကယ်ဆို ငွေ့ဘက်က အဖြေစကားအတွက် နှလုံးသားကို ပြန်မေးစရာ မလိုအပ် ပါ။

ဒါပေမဲ့ ငွေ့ ရှက်ရွံ့နေတာတော့ အမှန်။

ငွေ့ကို နားလည်ပေးနိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ် ကွယ်။ ဖုန်းထဲကပဲ ငွေ့ရင်ခုန်သံတွေကို ထိ နားထောင်ပေးပါကွယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

" ဒါဆို နင်တို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားကြပြီပေါ့ ဟုတ်လား ရင်ငွေ့ "

ယဉ်ကျေး အမေးစကားကို ငွေ့ ခေါင်းကလေးညိတ်ကာ ရှက်ပြုံးလေးနှင့် ဝန်ခံမိတော့ ပိုးပိုးက

" ကြည့်စမ်း မိန်းမ ဒါမျိုးကျတော့ ငါတို့တောင် မတိုင်ပ ဘူးပေါ့ ဘုရားပြီးငြမ်းဖျက်ဆိုတာ ဒါမျိုးထင်တယ် "

" ပိုးပိုးစကားမှန်တယ် တကယ်ဆို ငါတို့နှစ်ယောက် သိသ တာပေါ့ ရင်ငွေ့ ရှင်ကဘာသဘောလဲ ရှင်တို့ပြန်ဆုံတော့ ကျုပ်ပဲ ကယ ကကျစ်နည်းလမ်းနဲ့ ဖန်တီးပေးလိုက်ရတာ ရှင်နာမည်တောင် မသိ ကျုပ်လိုက်ပြီး လိပ်စာရှာပေးခဲ့ရတာလေ ဒီကျေးဇူးတွေ မေ့ပြီပေါ့လေ "

" နင်တို့ကို မေ့လို့မဟုတ်ဘူး တမင်အသိမပေးတာသိလား ငါမသိဘဲ ထိုကိုငါ့အကြောင်းတွေ နင်ကိုပဲ ပြောခဲ့တာမို့လား "

ငွေ့မကျေမနပ်လေးဆိုတော့ ယဉ်ကျေးနှင့်ပိုးပိုး တစ်ယောက်





*နာတစ်ယောက် ကြည့်ရင်း ဘာစကားမှ မဆိုနိုင်ကြ။*

" ကဲ ဘာငြင်းဦးမလဲ ပြောလေ "

ငွေ့အပိုင်းဆိုလိုက်တာကို နှစ်ယောက်စလုံး ချက်ချင်းမတုံ့ နိုင်။ ပြီးမှ ပိုးပိုးရယ်ကျဲကျဲနှင့်

" ငါတို့က နင်တို့ချင်းနီးစပ်အောင် ဆောင်ကြဉ်းပေးလိုက် ပါဟာ မိုးထိမြင့်က နင့်အကြောင်းတွေ မေးတော့ တို့နှစ်ယောက် ပြလိုက်တာပေါ့ ဘာမှမကောင်းတာမပါဘူး မချစ်တတ်သေးတဲ့ ယ်ချင်းအကြောင်းကို တမင်ပြောပြီး သူ့ရင်ထဲက အချစ်တွေ ကလာအောင် လုပ်လိုက်တာ "

" ဟုတ်တယ် ရင်ငွေ့ ဘာပဲဖြစ်ဖြစ် အခုတော့ နင်တို့ သူတွေ ဖြစ်သွားကြပြီ မဟုတ်လား ငါတို့ကိုတောင် ကျေးဇူးတင် ယ် "

" ကျေးဇူးတင်ပါတယ် ဒါပေမဲ့ ငါ့အကြောင်းတွေ သူမေး တော့ နင်တို့ကြိုပြောပြထားသင့်တာပေါ့ ခုတော့ ကိုယ့်လူ ကိသား ဖြစ်နေတယ် "

" အဲဒီကိစ္စမှာ ငါတို့ကို သူပဲ နှုတ်ပိတ်ထားခဲ့တာလေ "

" သိတယ် သိတယ် နင်တို့က သူကျွေးတာမွေးတာ စားပြီး ယ်ချင်းအရင်းကြီးကိုတောင် သိုဝှက်ထားတဲ့သူတွေ ဟွန်း "

" ကြည့်စမ်း ပြောရက်လိုက်တာ နေဦး ဒီကိစ္စလုံးဝ မ မိုးထိမြင့်နဲ့တွေ့ရင် အပြတ်ရှင်းမယ် "



www.burmeseclassic.com

www.burmeseclassic.com





" ဟိုကြယ် ယဉ်ကျေး သူငယ်ချင်းတွေကြားမှာ ရှက်တို

ပေးမှာ ငါလည်းလုံးဝမကျေနပ်ဘူး "

နှစ်ဦးသား အတိုင်အဖောက်ညီစွာ ဆိုလာကြတော့ ရင်ငွေ့ မျက်လုံးလေးပြူးကာ ကသောကမျော တားရ၏။

" မလုပ်ကြပါနဲ့ဟာ ငါကစိတ်ဆိုးလို့ပြောတာ မဟုတ်ပါဘူး"

" မရဘူးဟေ့ ရှင်းမှဖြစ်မယ် "

" ရှင်းယုံတင်မကဘူး နင်လည်းသူ့ကို အဆက်ဖြတ် ရင်ငွေ့ ငါတို့ထက် နင် သူ့ကို ပိုမချစ်သင့်ဘူး "

" ဟယ် ဒီလိုတော့ မလုပ်ကြပါနဲ့ဟယ် "

" မလုပ်လို့ မရဘူးလေ နင့်လူကြီးက ကောင်းမှမကောင်း ခုပဲ ငါတို့တွေကြားမှာ ခလောက်ဆန်နေတာ သူငယ်ချင်းနဲ့ချစ်သူ န ဘာရွေးမလဲ ပြော ရင်ငွေ့ "

ရင်ငွေ့မျက်နှာကလေး ဖီးရွက်လောက်ပဲရှိတော့၏။ မျက် ကြောင်တောင်တောင်လေးတွေနှင့် သူမတို့ကို တောင်းပန်သလို ကြည့်ရ

" ငါ နင်တို့ကို စိတ်ဆိုးလို့ ပြောနေတာမဟုတ်ပါဘူး နောက် တာပါ သူငယ်ချင်းတို့ရယ် ဟို သူကလည်း ငါ့အကြောင်းတွေ ဘယ် သိသလဲမေးလို့ ရိုးရိုးသားသားဖြေတာပါ "

ရင်ငွေ့ တောင်းတောင်းပန်ပန်လေး ဆိုသည့်တိုင် နှစ်ယောက် စလုံးဘက်က ကျေအေးမည့်အသွင်မရှိ။

" မသိဘူးဟာ နင် သူ့ကိုဖြတ်ပစ်လိုက် "



" ခုမှချစ်ယုံပဲရှိသေးတယ် သံယောဇဉ်မတွယ်ငြိခင် ဖြတ်လိုက် ပါ ရင်ငွေ့ရယ် "

ရင်ငွေ့ ငိုချင်လာမိသည်။ အပြောင်းအပျက် ပြောမိတာလေးက လောက်အထိ ပြဿနာကြီးမည် မထင်ခဲ့မိ။ ထိကို အဆက်ဖြတ်ရမည်ဟုပဲ ဖွတ်တောင်းဆိုနေကြသည်။

" ဘယ်လိုလဲ ရင်ငွေ့ နင်ဖြေလေ တို့ဆန္ဒကို လိုက်လျော မယ် မဟုတ်လား "

" မ . . . မလုပ်နဲ့ ယဉ်ကျေးရယ် . . . ငါ . . . ငါ သူ့ကို တကယ် တာပါ အဟင့် . . . ဟင့် "

ပြောရင်း အသံလေးတိမ်ဝင်ကာ ရင်ငွေ့ ရှိုက်ငိုတော့ ယဉ်ကျေး ရိုး ဟန်မဆောင်နိုင်ကြတော့ဘဲ ဝါးလုံးကွဲ ထရယ်ကြတော့၏။

" ဟား . . . ဟား . . . ဟား ရင်ငွေ့ နင်ကတော့လေ "

" ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေပါလှား ရင်ငွေ့ရယ် . . . ဟင်း . . . ဟင်း "

ရင်ငွေ့မျက်ဝန်းလေးတွေ ပုတ်ခတ်ပုတ်ခတ်နှင့် သူမတို့ ယောက်ကို မော့ကြည့်ရှာသည်။

ရင်ငွေ့ငိုနေတာကို လက်ခုပ်လက်ဝါးတီး ရယ်နေတာကို မြင်မှ ငွေ့ နားလည်သွားရင်း

" နင်တို့ အရမ်းဆိုးတယ် ငါ မျက်ရည်ကျအောင် နှောက်ရ လား "



www.burmeseclassic.com

www.burmeseclassic.com



“ နင်မျက်စေ့ကျတာ နင့်လူကြီးကို ခွဲရမှာနိုးလို့ မဟုတ်လား

“ သေလိုက်ကြ နင်တို့ကိုပဲဖြတ်မယ် ထိကိုငါ အဆုံး
မခံနိုင်ဘူး ”

ရင်ငွေ့စိတ်ကလေးဆိုးကာ မျက်ရည်စတွေ ပွတ်သုတ်
ဆိုနေတာကို အရယ်မပျက်သေးသော မျက်နှာတွေနှင့်ကြည့်ပြီး

“ သိပါတယ် သိပါတယ် နင့်အချစ်ကို ငါတို့မပြော
သိကြားမင်း ဆင်းတားတောင် မပျက်နိုင်ပါဘူးရှင်လို့ ပြောမယ့်ရှ

“ ဟုတ်တယ် ဟုတ်တယ် ဘာဖြစ်လဲ ဟွန်း ”

“ နင် ဒီလိုစိတ်ကောက်ပုံနဲ့တော့ မိုးထိမြင့် စိတ်ကု
ပစ်သွားမှာ မြင်ယောင်သေးတယ် ”

“ ယဥ်ကျေးနော် ပေါက်ကရတွေ မပြောနဲ့ နိမိတ်မရှိ နမိ
ဖွီ ... လွဲပါစေ . . . ဖယ်ပါစေ ”

ရင်ငွေ့ ရင်ဘတ်ကလေးဖိကာ ဆုတောင်းနေတာကို ယဥ်ကျေ
နှင့် ပိုးပိုး သဘောကျရယ်ကောင်းနေတုန်း။

ရင်ငွေ့စိတ်ထဲမှာတော့ တကယ်ပဲ စိုးရိမ်ပူပန်သွားခဲ့မိ
ဟင့်အင်း ဘယ်လိုအကြောင်းနဲ့မှ ထိနှင့်မဝေးရဲပါဘူး။

“ ကဲပါ ရင်ငွေ့ရယ် တို့က နောက်တာပါ ”

သူငယ်ချင်းတွေ ချော့တော့လည်း ရင်ငွေ့ ပျော့ရပြန်သည်
ပိုးပိုးက

“ ဒါနဲ့ရင်ငွေ့ ရှိန်းကိုတော့ နင့်ဘက်က ပြတ်ပြတ်သားသား





ပြောထားသင့်ပြီ ထင်တယ်နော် တော်ကြာ သူ့အိမ်ရှေ့ ရမ်းခံစားသွားရရင်
ကောင်းဘူး ”

“ ဟုတ်တယ် ရင်ငွေ့ နင်နဲ့သူ ချစ်သွားကြပြီပဲ ရှိန်းကိုတော့
ပြောပေးလိုက်ပါဟာ ”

“ ရှိန်းမရှိဘူးဟ ပြီးခဲ့တဲ့ သုံးရက်ကပဲ သူ့လုပ်ငန်းကိစ္စတစ်ခုနဲ့
တော်ကို သွားတယ် နှစ်ပတ်လောက်ကြာမယ်လို့ ငါ့ဆီဖုန်းဆက်
တယ် ”

“ ဒါဆိုလည်း သူပြန်လာရင် နင်အသိပေးလိုက်ဟာ အင်း
တော့ တကယ်ကြွေသွားမှာပဲ ”

ပိုးပိုးစကားကိုကြားတော့ ရင်ငွေ့ရင်ထဲမှာလည်း မကောင်း
သည်။

ဖန်ကောက်မထွက်ခင်က ဖုန်းထဲမှာ ရှိန်းဆိုခဲ့သော စကားတွေ
ကြားယောင်မိသေးသည်။

“ ရင်ငွေ့ ငါပြန်လာရင် နင့်ဆီက အဖြေကိုတော့ ကြားပါရ
တာ သူငယ်ချင်းတစ်ယောက် သံယောဇဉ်ထက် ပိုမိုတဲ့ တောင့်ငါးရာ
ချစ်ကိုပဲ နင့်ဆီက ငါလိုချင်တယ် ငါရင်ခုန်ပါရစေ ရင်ငွေ့ရယ် ”

ခွင့်လွှတ်ပါ ရှိန်းရယ်။ အချစ်ဆိုတာ ဖန်တီးလို့မရနိုင်တဲ့ အရာ
တစ်ခုဆိုတာ နင့်လက်ခံပေးပါ။

ထိက ငါ့နှလုံးသားရဲ့သခင်ပါ။

နင်လိုချင်တဲ့အရာ ငါ့နှလုံးသား မရနိုင်ပေမယ့် နင့်ကိုငါရဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးသူငယ်ချင်းအဖြစ် ငါ သတ်မှတ်ထားဆဲပါ။

ငါ့ကိုအမြဲတမ်း နားလည်ခွင့်လွှတ်ပေးခဲ့သလိုပဲ နင်နားလည်ပေးစေချင်တယ်။

နာကျည်းမုန်းတီးမယ်ဆိုရင်လည်း ငါ ဝမ်းနည်းစွာနဲ့ လက်ခံမှာပါ ရှိန်း။

ငါ့နှလုံးသားက အချစ်ဆိုတာ တစ်ကြိမ်တစ်ခါပဲ ခံစားပေါက်ဖွားခဲ့တာပါ။

အဲဒီအချစ်က. . . ထိ. . . ပါပဲဟယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၁၈)

ထူးထူးခြားခြား ရှိန်းမာမီ အန်တီဆုလတ် အိမ်ရောက်လာသည်းက ငွေ့ မျက်ခုံးလှုပ်ချင်နေပြီ။

" ဟင် အန်တီဆုလတ် လာလည်တာလားဟင် "

" မဟုတ်ဘူး သမီးရဲ့ ဒီနေ့အန်တီနဲ့သမီးမာမီ ရှော့ပင်းနဲ့ကြမလို့လေ သမီးမာမီ မပြောထားဘူးလား "

" ဟင့်အင်း မာမီဘာမှမပြောဘူး ခဏလေးနော် အန်တီဆုလတ်အတွက် တစ်ခုခု စီစဉ်လိုက်ဦးမယ် ကော်ဖီလား အအေးလားဟင် "

" အအေးပဲလုပ်ပါ သမီးရယ် "

" ဟုတ် မာမီရေ အန်တီဆုလတ် ရောက်နေတယ် "

" လာပြီ သမီး မာမီခုပဲ ဆင်းလာမယ် "

အပေါ်ထပ်မှာရှိနေသော မာမီကို လှမ်းအော်ပြောရင်း ငွေ့မီးဖိုဘက် ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီနှင့် အန်တီဆုလတ် ရှော့ပင်းထွက်ကြမည်တဲ့။ ည[...] မာမီ ရင်ငွေ့ကိုတောင် မပြောထား။ မာမီနှင့်အန်တီဆုလတ် ဒီ[...] မာမီနားရက်တွေမှာ ဈေးဝယ်အတူထွက်တက်ကြသည်။

ရင်ငွေ့အအေးဘူးလေးယူပြီး ဧည့်ခန်းထဲထွက်ခဲ့တော့ မာမီ[...] အန်တီဆုလတ် ရယ်မောလို့ စကားတွေ ဖောင်ဖွဲ့နေကြ၏။

" အန်တီဆုလတ် သောက်လိုက်ဦးနော် "

အအေးဘူးလေး ရှေ့ချပြီး ရင်ငွေ့ ပြန်လစ်ထွက်မည်ကြ[...] မာမီက လက်ကိုဆွဲရင်း

" ထိုင်ပါဦး သမီးရဲ့ သမီးလည်း မာမီတို့နဲ့ လိုက်ခဲ့နော် "

" ဟို. . . မလိုက်တော့ဘူး မာမီ မာမီတို့ပဲ သွားကြပါ "

" လိုက်ခဲ့ပါ သမီးရဲ့ မာမီတို့ အဝတ်အစားလေး ဘာ[...] ဝယ်ချင်လို့ သမီးလိုက်ရွေးပေးစမ်းပါ "

" ဟာ မာမီကလည်း သမီး မရွေးတတ်ပါဘူး မာမီတို့[...] ပိုပြီးရွေးတတ်တာပဲ ဥစ္စာ "

" လိုက်ခဲ့ပါ သမီးလေးရဲ့ အန်တီဆုလတ်က မြို့ထဲလမ်း[...] မောင်းနေမကျတော့ ကားမောင်းပို့ရင်းပေါ့ "

" ဟုတ်တယ် သမီးရဲ့ အန်တီအိမ်က ဒရိုင်ဘာကိုစိန်ကလည်[...] ဒီနေ့ကျမှ နေမကောင်းဖြစ်နေလို့လေ အန်တီက မြို့ထဲလမ်း[...] သိပ်မမောင်းရဲဘူးကွဲ့ ဒါကြောင့်ပါ "

ရင်ငွေ့ငြင်းရခက်အောင် ဖြစ်ရသည်။ မာမီကလည်း မျက်နှ[...]





[...] မျက်နှာကဲ ပြနေ၏။ အန်တီဆုလတ်ကိုလည်း ငြင်းဖို့မသင့်ဟု [...]နေသည်။

" ဟို မာမီတို့က ဘယ်လောက်ကြာမှာလဲဟင် "

" ဒီနေ့တော့ တစ်နေကုန်မယ်ထင်တယ် သမီးရဲ့ ပလာဇာ [...]ယ် စက်ချုပ်ဆိုင်လည်း ဝင်ဦးမှာ ဝယ်ချင်တာလေးတွေလည်း ရှိလို့ [...]ကဘာဖြစ်လို့ မေးတာလဲ ဘယ်သူနဲ့ချိန်းထားလို့လဲ "

" ဟို ယဉ်ကျေးတို့နဲ့ နေ့လည်ကျ ချိန်းထားလို့ မာမီ "

" ယဉ်ကျေးတို့လား အကျိုးအကြောင်း ဖုန်းဆက်ပြီး ဖျက်လိုက်[...] သမီးရယ် တခြားလူတွေမှ မဟုတ်တာ အမြဲကမ်းတွေ့နေကျ [...]ငယ်ချင်းတွေပဲ "

" ဟုတ်. . . ဟုတ်ကဲ့ မာမီ "

ရင်ငွေ့ ဧည့်ခန်းထဲက စိတ်ညစ်ညူးစွာ လှည့်ထွက်ခဲ့အော[...] [...]မီအသံက နောက်ကကပ်ပါလာသေး၏။

" သမီး မြန်မြန်လေးလုပ်နော် ဒီမှာ ဆုကို အားနာစရာ [...]ကောင်းတယ်ကွဲ့ "

ရင်ငွေ့ အခန်းထဲ ကပျာကသီ ပြေးဝင်ကာ ထိဆီ ဖုန်းဆက် [...]၏။

" ထိ. . . ဒီနေ့ ငွေ့လာဖြစ်မှာ မဟုတ်တော့ဘူး "

" ဟင်. . . ဘာဖြစ်လို့လဲ ငွေ့ ငွေ့နေမကောင်းဘူးလား [...]ဘာဖြစ်လို့လဲဟင် "



www.burmeseclassic.com

www.burmeseclassic.com



" နေကောင်းပါတယ် ဒီမှာ မာမီ့ပါ သူ့မိတ်ဆွေတစ်ယောက်နဲ့ ဈေးဝယ်ထွက်ကြမလို့တဲ့ ငွေ့ကိုလိုက်ပို့ပေးဖို့ ဖွတ်ခေါ်နေတယ် ငြင်းလို့မရဘူးလေ "

" ဪ ဒါကြောင့်လား ရပါတယ်ကွာ ကိုယ့်အမေပဲ ငွေ့ရယ် လိုက်သွားလိုက်ပါ ကိုယ်က ငွေ့နေမကောင်းဘူးထင်လို့ စိုးရိမ်သွားတာ "

" ငွေ့ နေကောင်းပါတယ် စိတ်တိုနေလို့ "

" ကြည့်စမ်း ကိုယ့်ကိုမွေးထားတဲ့ အမေကို စိတ်ကောင်း စိတ်ဆိုးရသလား ငရဲကြီးတတ်တယ်ကွ လိုက်သွားလိုက်ပါ ငွေ့ရယ် ကိုယ်နားလည်ပါတယ် ငွေ့နဲ့ကိုယ်နောက်ရက်မှ ဆုံတာပေါ့ ကိုယ် ဖုန်းဆက်လိုက်မယ် ဟုတ်ပြီလား "

" ကျေးဇူးပဲ ထိရယ် "

" ဟော့ ဘာပြောတာလဲ ဘာအတွက် ကျေးဇူးတင်တာလဲ "

" ထိ စိတ်ဆိုးသွားမှာ စိုးနေတာ နားလည်ပေးတဲ့အတွက်ပါ "

" ကြည့်စမ်း ကောင်မလေး ကိုယ့်ကို ချာတိတ်လေးများ မှတ်နေသလားကွ ယောက်ျားကြီးရဲ့ အရေးကိစ္စပဲ နားလည်ပေးရမှာပေါ့ "

" ထိနော် သွား ဘာတွေပြောမှန်းမသိဘူး "

ငွေ့ရှက်ရှက်နှင့် ဖုန်းလေးကို ပိတ်လိုက်မိသည်။ သဘောကျ ရယ်မောနေမည့် ထိမျက်နှာကို မြင်ယောင်ရင်း ပြုံးမိသေး၏။

" ဟဲ့ သမီး ဘာရပ်ပြုံးနေတာလဲ မပြင်ဆင်ရသေးဘူးလား "

" ဟို. . . အဲ. . . ယဉ်ကျေးတို့ဆီ ဖုန်းဆက်နေတာ မာမီ "





" ကဲ ကဲ မြန်မြန်လေးလုပ် သမီး "

ငွေ့ခေါင်းကလေးညိတ်ကာ မှန်တင်ခုံရှေ့ ဝင်ထိုင်လိုက်မှ မာမီ အခန်းထဲက ပြန်ထွက်သွားခဲ့၏။

ဘယ်တုန်းကမှ မာမီအပေါ် မလိမ်ညာခဲ့ဖူးသော ရင်ငွေ့။ အခုတော့ မုသာဝါဒကံကို ကျူးလွန်နေရပြီ။

ငွေ့နဲ့ထိအကြောင်းသာ မာမီသိသွားခဲ့လျှင် ဘာတွေဖြစ်ကုန် မည်လဲ မတွေးရဲပါ။

ဘာတွေပဲဖြစ်လာပါစေ ရင်ငွေ့ ထိဘက်မှာ ရပ်တည်ဖို့အသင့်ပါ။ ထိကို ထိယုံနိုင်ပါ့မလား။

အချစ်အတွက် ငွေ့ မိုက်မဲရဲတတ်နေပြီ ထိရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ပလာဇာထဲမှာ မာမီနှင့်အန်တီဆုလတ် ဝယ်သမျှ ဆိုင်ထဲ ငွေ့ လိုက်ဝင်သည်။ မာမီတို့ ရွေးသမျှ မတ်တပ်လေးရပ်စောင့် သက်ေ ကျောက်ရုပ်လေးလို ဖြစ်နေရ၏။

" သမီးလေးကြည့်ပါဦး ဘယ်ပိတ်စလေး ကောင်းသလဲ ရွေးပါဦး "

" ဟုတ်ပါရဲ့ သမီးစိတ်တိုင်းကျတာလေး ရွေးပေးစမ်းကွယ် "

နှစ်ယောက်စလုံးက အထည်ပိတ်စတွေ ရွေးချယ်ရင်း ရင်ငွေ့ ကိုလည်း ရွေးချယ်ခိုင်းနေပြန်သေး၏။

" နေဦး နေဦး ဒီအရောင်လေးက ပိုနုတယ် သမီးလေး ခဏလေး ကိုယ်မှာကပ်ကြည့်စမ်း "

" ဟာ မာမီကလည်း ဒီအတိုင်းလည်း မြင်နေရတဲ့ဥစ္စာ "

" ဒီအတိုင်းကြည့်ရင် မပေါ်လွင်ဘူး သမီးရဲ့ ကပ်ပြစမ်းပါ "

မာမီကတော့ ခက်သည်။ ရင်ငွေ့ ခန္ဓာကိုယ်မှာ ပိတ်စတွေကို





ကပ်ကြည့်ခိုင်းကာ မော်ဒယ်လုပ်ခိုင်းနေပြန်၏။

ရင်ငွေ့ ဝတ်ဆင်ထားသည့် ဒူးဖုံးရုံမျှ ဂျင်းဘောင်းဘီအနက် ဘီလေးနှင့် ခါးရှည် ကိုယ်ကြပ်တီရှပ်ဝတ်စုံပေါ်မှာ ပိတ်စတွေကို တစ်ခုပြီး တစ်ခု စိတ်တိုင်းကျ ကပ်ပြနေရ၏။

" ဘယ့်နှယ့်လဲ သမီး ဒီအရောင်လေး ကောင်းသလား "

ပန်းနုဖျော့ဖျော့ အရောင်လေးက လှတာတော့ အမှန်။ ဒါပေမဲ့ မာမီတို့လို လူကြီးအရွယ်တွေနှင့် မလိုက်ဖက်ဟု ထင်၏။ မကောင်းဘူး ပြောလျှင်ထပ်ပြီး ရွေးချယ်နေကြဦးမှာမို့ ရင်ငွေ့ ခေါင်းကလေး ညိတ် ပြ . . .

" ကောင်းတာပေါ့ မာမီရယ် ဒီအရောင်လေးက အလှဆုံးပဲ "

" သမီးလေးပြောတာ မှန်တယ် မမြတ်ရဲ့ ဒီအရောင်လေးက အလိုက်ဖက်ဆုံးပဲ အဟင်း သမီးမျက်နှာချောချောလေးနဲ့ဆို တကယ် လှတယ် "

ဒေါ်ဆုဆုလတ်ကလည်း ချီးကျူးနေတော့ မာမီ ကျေနပ်သွားပုံ ရ၏။ ပန်းနုရောင်လေးကိုပဲ ရွေးချယ်ဝယ်လိုက်ကြသည်။

" မာမီတို့ ဘယ်သွားကြဦးမှာလဲ "

" အင်းလျားလမ်းက မဒီ စက်ချုပ်ဆိုင်သွားကြမှာ နေဦး သမီးရဲ့ လောလောဆယ် ဗိုက်ဆာနေပြီ တစ်ခုခုစားရအောင် "

" တော်သေးတာပေါ့ မာမီရယ် အခုမှ မနက်စာစားဖို့သတိရ တယ်နော် သမီးကတော့ ဆာလွန်းလို့ အူတွေလိပ်နေပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါရဲ့ သမီးလေးဆာနေရောပေါ့ အန်တီတို့က ကိုယ့်အ
နဲ့ကိုယ် မေ့နေကြတာကွဲ့ ကဲ သမီးကြိုက်တဲ့ဆိုင်ကိုသာ မောင်းကွယ် "

အနီးဆုံးမှာရှိမည့် စားသောက်ဆိုင်တစ်ခုကိုပဲ ရင်ငွေ့ ကားလေးကို ဦးတည်မောင်းခဲ့လိုက်သည်။

စားသောက်ပြီးတော့ မဒီအပ်ချုပ်ဆိုင်ကို မောင်းပို့ရပြန်သည်။

မာမီနှင့်အန်တီဆုလတ်တို့ကတော့ တက်ကြွစွာနှင့် ကားပေါ်က ပေါ့ပါးစွာ အရင်ဆုံးဆင်းသွားကြ၏။

တစ်နေကုန် မညောင်းညာစတမ်း လျှောက်နေကြသည့် အသွား ကြီးနှစ်ယောက် ညရောက်ရင်တော့ ခြေတွေလက်တွေ ကိုက်ခဲနေတော့မှာ ပဲဟု ငွေ့တွေးကာ ပြုံးမိသေး၏။

" သမီးလာလေ ဆင်း "

" သမီးကားထဲကပဲ စောင့်မယ်လေ မာမီရဲ့ "

" ဘယ်ဖြစ်မှာလဲ သမီးရဲ့ လိုက်ခဲ့မှာပေါ့ ကဲပါ ဆင်းပါ သမီးရဲ့ "

မတတ်နိုင်တော့ပါ မာမီတို့စေခိုင်းသမျှ ရုပ်သေးရုပ်လို ရင်ငွေ့ နေရတော့မည်။ မာမီဆွဲခေါ်ရာ အပ်ချုပ်ဆိုင်ထဲအထိ လိုက်ခဲ့ရတော့၏။

ဆိုင်ထဲရောက်တော့ မာမီက ရင်ငွေ့ကို ကျောမှီပလပ်စတစ် ထိုင်ခုံတစ်လုံးကို ညွှန်ပြပြီး

" သမီး ခဏထိုင်နေဦးနော် မာမီတို့ မဒီနဲ့သွားတွေ့လိုက် ဦးမယ် "





သည်အပ်ချုပ်ဆိုင်ပိုင်ရှင် မဒီဆိုသော အမျိုးသမီးကိုတော့ တွေ့ မြင်ဖူးပါသည်။ မာမီဆိုင်မှာ လတ်ဝတ်ရတနာတွေ လာဝယ်နေကျ ဖောက်သည်တစ်ဦးဖြစ်သည်။

ရင်ငွေ့ ထိုင်နေတုန်းမှာ မိန်းကလေးတစ်ယောက် အခန်းထဲက ထွက်လာပြီး အယ်လ်ဘမ်ကတ်တလောက် စာအုပ်တစ်အုပ် လာပေး သည်။

" မမ ဒီဖိုင်းကတ်တလောက်ထဲက ပုံစံလေးတွေ ကြည့်ပါဦး နော် "

ရင်ငွေ့ လိုက်လာတာက အဖော်သက်သက်သာ ဖြစ်သည်။ ကိုယ်နှင့်မသက်ဆိုင်လှပေမယ့် အပျင်းပြေ ယူကြည့်နေလိုက်၏။

မဒီ အပ်ချုပ်ဆိုင်မှ ချုပ်လုပ်သော အဝတ်အစား ဖက်ရှင်ဒီဖိုင်း ပုံများကို မင်းသား၊ မင်းသမီး၊ မော်ဒယ်တွေနှင့် ဝတ်ဆင်သရုပ်ပြ ရိုက်ထား သော ဓါတ်ပုံစာအုပ်ကြီးဖြစ်သည်။

ပွဲနေပွဲထိုင် မင်္ဂလာပွဲဝတ်စုံ ဒီဖိုင်းတွေက ဆန်းတာတွေကော ရိုးရိုးယဉ်ယဉ်လေးနှင့် လှတာတွေကော စုံလင်လှ၏။

ရင်ငွေ့ တစ်ရွက်ပြီးတစ်ရွက် တစ်ပုံပြီးတစ်ပုံကြည့်ရင်း စိတ်ဝင် စားနေတုန်းမှာ မာမီနှင့် အန်တီဆုလတ် ထွက်လာ၏။ အနောက်မှာ ကပ်ပါလာသူက ဆိုင်ပိုင်ရှင် မမဒီ။

" သမီး ဘယ်ပုံစံလေး ကြိုက်သလဲ "

" ရှင် "



www.burmeseclassic.com

www.burmeseclassic.com



အန်တီဆုလတ်က ရင်ငွေ့ကို လှမ်းမေးတာမို့ ကြောင်ကြောင် ငေးငေးလေး ပြန်ထူးလိုက်မိ၏။

" သမီးကြည့်နေတဲ့ စာအုပ်ထဲက ဘယ်ဒီဇိုင်းပုံစံလေး ကြိုက်သလဲ မေးတာကွဲ့ "

ရင်ငွေ့ မျက်နက်ဝန်းလေးတွေ ဝိုင်းစက်သွားရသည် ဘွားတော်နှစ်ယောက် ဂါဝန်တွေချုပ်ဝတ်ကြတော့မလို့လား မသိ။

ရင်ငွေ့ မာမီမျက်နှာကို လှမ်းကြည့်တော့ မာမီက အပြုံးရိပ်ဖေ ဆင်မြန်းထားသော မျက်နှာနှင့်ရင်ငွေ့ကို ပြုံးကြည့်နေရင်း

" သမီး ဖြေလိုက်လေ မဆုက သမီးအတွက် ဘယ်ဂါဝန်ပုံ ကြိုက်သလဲ မေးနေတာကွဲ့ "

အခုမှပဲ ရင်ငွေ့ သဘောပေါက်တော့သည်။ အန်တီဆုလတ် ရင်ငွေ့အတွက် ချုပ်ပေးမည့် သဘောထင်ပါရဲ့။ မသိဘူးလေ ရင် အတွက်ပါတယ်လို့ ကြိုပြောမထားကြတော့ ဘယ်သိမှာလဲ။

ရင်ငွေ့ အယ်လ်ဘမ်စာအုပ်လေးကို နောက်ပြန်လှန်ပေ ရှာဖွေရင်း စောစောက မျက်လုံးထဲမှာ နှစ်ခြိုက်သဘောကျနေခဲ့သေ ဂါဝန်လေးကို ရှာဖွေလိုက်၏။

" ဒီ. . . ဒီမှာ ဒီဂါဝန်ပုံစံလေး ကြိုက်တယ် အန်တီဆုလ ကြည့်ပါဦး ဒီဇိုင်းလေးက ရိုးရိုးလေးနဲ့ လှတာနော် "

တက်သစ်စ နာမည်ကျော် မော်ဒယ်မလေးတစ်ယော ဝတ်ဆင်ရိုက်ပြထားသော ဂါဝန်ပုံစံလေးကို ရင်ငွေ့ပြမိသည်။ မာမီ





အန်တီဆုလတ် ရင်ငွေ့ပြသောပုံကို ပြုံးတူခေါင်းငုံ့ကာ ကြည့်ကြ၏။

" ဟယ် သမီးလေးက ရွေးတတ်သားပဲ "

" သမီး ရွေးထားတာ ကြည့်ပေးပါဦး မဒီရဲ့ "

မမဒီက မာမီကမ်းပေးသော အယ်လ်ဘမ်ကို လှမ်းယူကြည့်ပြီး ပြုံးလေးနှင့် ခေါင်းညိတ်သဘောတူသည်။

" သိပ်လိုက်ဖက်တာပေါ့ အန်တီမြတ်ရဲ့ ဟောဒီက ညီမလေး လှနဲ့ဆို ထင်းနေမှာသေချာပါတယ် ပန်းနုရောင်နဲ့လိုက်ဖက်မယ့် နာကို ဆင်လိုက်ရင် ပြည့်စုံသွားပြီပေါ့ "

ချုပ်လုပ်ပေးမည့် ဆိုင်ပိုင်ရှင်က သဘောတူညီးကျူးတော့ မီကော အန်တီဆုလတ်ပါ အကျေနပ်ကြီး ကျေနပ်သွားကြလျက်

" ကဲ သမီးလေးကိုယ်တိုင်း ယူလိုက်ရအောင် မဒီလေးနဲ့ သွဲလိုက်သွားဦးလေ "

" ဟုတ် မာမီ "

မမဒီ ခေါ်ဆောင်ရာအခန်းထဲကို ရင်ငွေ့ လိုက်ဝင်ခဲ့ရသည်။ ဒီက ခန္ဓာကိုယ် အတိုင်းအထွာတွေကို တိုင်းထွာရေးမှတ်နေရင်း ငွေ့ကို ပြုံးပြုံးလေး ကြည့်မေးလာ၏။

" မင်္ဂလာဆောင်က ဘယ်တော့လောက်လဲ သမီး "

" ရှင် "

ရင်ငွေ့ အထိတ်တလန့် အော်လိုက်သံက ကျယ်လောင်သွားခဲ့ ည်ထင်သည်။ အခန်းအပြင်က မာမီ ရင်ငွေ့တို့အနီးသို့ ရောက်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



" လိုပါသေးတယ် မဒီရဲ့ ရက်တော့မသတ်မှတ်ရသေးဘူး မဒီ စိတ်တိုင်းကျ ချုပ်နိုင်အောင် ကြိုအပ်ထားတာလေ "

" ဟြော် ဟုတ်လား စိတ်ချ အန်တီမြတ် အကောင်းဆုံး အလှဆုံး ဖြစ်စေရပါ့မယ် မင်္ဂလာပွဲကျရင် ဖိတ်ဖို့မမေ့နဲ့ဦးနော် အဟင်း "

" အမလေး ဘယ်မေ့ပါ့မလဲ မဒီရယ် စိတ်ချ စိတ်ချ "

" အိုကေ ရပြီ ရပြီ ညနေခန်းမှာ အအေးသောက်ရင်း ခဏလေး ထိုင်ကြဦးနော် အန်တီမြ စက်ခန်းထဲက သင်တန်းသူတွေဆီ ခဏသွားပြီး ပြန်လာခဲ့မယ် "

စက်ချုပ်သင်တန်းဖွင့်ထားသော မမဒီနောက်ဘက်အခန်းထဲ ဝင်သွားတော့မှ ရင်ငွေ့မာမီကို အထိတ်တလန့်လေး ကြည့်ရင်း

" မာ. . . မာမီ. . . ဒါက. . . ဘာလုပ်ကြတာလဲ. . . သမီး ဘာမှမသိဘူးနော် "

" ရှူး. . . တိုးတိုး မာမီကို မဆုရှေ့မှာ အရှက်ခွဲမလို့လား သမီး "

" မဟုတ်ဘူး မာမီ ဒါပေမဲ့. . . "

" ရင်ငွေ့ ဘာမှထပ်မပြောနဲ့တော့ မာမီ မကြားချင်ဘူးနော် ဒီမှာ မာမီကို အရှက်ခွဲမယ့်အစား အသေသတ်ပစ်လိုက် "

ဒေါသတွေကို ချုပ်တီးထားဟန်နှင့် မာမီ တုန်တုန်ရင်ရင်လေး ဆိုနေ၏။ ရင်ငွေ့ခေါင်းကလေး ခါရမ်းရင်း ရင်ထဲကစကားလုံးတွေအတွက် ကြိတ်မှိတ်မျိုချပစ်လိုက် ရပါသည်။





အပ်ချုပ်ဆိုင်လေးထဲမှာ ရင်တွေပူလောင်မောဟိုက်စွာနှင့် ချစ်ညှစ်သောက်ခဲ့ရသော အအေးတစ်ငုံသည်လည်း ဘယ်လိုအရသာ ရှိမှန်း မသိခဲ့။

အပြန်လမ်းတစ်လျှောက်လုံး မာမီနှင့်အန်တီဆုလတ်တို့ အပျော်တွေ ဝေနေချိန် ရင်ငွေ့ရင်ထဲမှာ ပေါက်ကွဲခွင့်မရသော မီးတောင် တစ်လုံးပမာ။

လုပ်ရက်လိုက်တာ မာမီရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

" မာမီမကောင်းဘူး သမီးကိုညာခေါ်တယ် အရုပ်တစ်ရုပ်
လုပ်ရက်တယ် . . . အဟင့် . . . ဟင့် "

အိမ်ပြန်ရောက်သည်နှင့် ညှော်ခန်းဆိုဖာဆက်တီပေါ် အင်အား
စွာ ထိုင်ချပစ်လိုက်ရင်း ရင်ငွေ့ ငိုကြွေးပေါက်ကွဲမိ၏။

မာမီက ရင်ငွေ့ကို တည်ငြိမ်သော မျက်ဝန်းတွေနှင့်
တွေတွေလေး စိုက်ကြည့်ရင်း ဘာစကားမှ မဆိုဘဲ ငြိမ်သက်နေခဲ့သည်
မာမီ သွေးအေးနေတာကို ကြည့်မြင်နေရလေလေ ရင်ငွေ့ရင်ထဲ လှိုက်
ခမ်းနည်းလာလေလေမို့

" မာမီတို့ သိပ်ရက်စက်တယ် သမီးကို အရုပ်တစ်ရုပ်
လုပ်လိုက်ကြတာပဲ ဘာတစ်ခုမှ သိခွင့်မရဘဲ စီစဉ်ခဲ့ကြတာ ချုပ်ကိုင်
ကြတာ လုံးဝမတရားဘူး အဟင့်ဟင့် မာမီ လုံးဝမတရားဘူး "

ဒေါသ၊ နာကြင်မှု၊ ကြေကွဲခြင်းတို့ဖြင့် ရင်ငွေ့ ပေါက်ကွဲသည်
ငိုကြွေးရှိုက်ငို၏။ အိမ်မှာ ဒယ်ဒီလည်း ရှိမနေတာမို့ မာမီနှင့် ရင်ငွေ့





ယောက်တည်းရှိနေသည်။

ရင်ငွေ့ပြောသမျှ ငိုသမျှ တောင့်တောင့်လေး မတ်တပ်ရပ်ကာ
ကြည့်နေသော မာမီ ရင်ငွေ့ရှိုက်သံတွေ တိမ်ဝင်သွားတော့မှ

ရင်ငွေ့အနီးရောက်လာကာ ပခုံးလေးကို ညင်သာစွာ ဆုပ်ကိုင်

" သမီးလေး စိတ်ဆိုးနေတာလား "

" စိတ်ဆိုးတာ မဟုတ်ဘူး မာမီ ခံရခက်တာ နာကြင်ခံစား
ရတာ မာမီရဲ့ အလေးမထားမှုအတွက် သမီး ဝမ်းနည်းတာ . .
အဟင့် . . . ဟင့် . . . "

" သမီးလေး ရင်ထဲက မွန်းကြပ်နေသမျှ ငိုကြွေးပစ်လိုက်စမ်းပါ
မာမီ နားထောင်ပေးမယ် သမီး အားရအောင် ငိုပစ်လိုက် ဟုတ်လား
မှ သမီးရင်ထဲပေါ့ပါးသွားမှာ "

" ရင်ထဲပေါ့ပါးသွားမှာ ဟုတ်လား မာမီ သမီးရင်ထဲ ပေါ့ပါး
ရာမှမရှိဘာ မာမီရဲ့ အစီအစဉ်တွေကို သမီးလုံးဝ သဘောမတူဘူး"

ရင်ငွေ့ ပခုံးလေးကို ဖက်ကိုင်နှစ်သိမ့်နေသော မာမီလက်တွေ
လျော့ကျသွား၏။ ပြီးတော့ မာမီရဲ့တည်ငြိမ်နေသော မျက်နှာက
ခဏ မာထန်သွားရင်း

" သမီး မာမီကို အတိုက်အခံလုပ်တာလား ဘယ်လိုမှ သမီး
ငြင်းခွင့်မရှိတော့ဘူး အားလုံးစီစဉ်ပြီးပြီ မောင်ရှိန်း ပြန်လာတာနဲ့ သမီး
ဆက်ထပ်ရမယ် မင်္ဂလာရက်ကို သတ်မှတ်စီစဉ်ရမယ် "



www.burmeseclassic.com

www.burmeseclassic.com



" မာမီ သမီးကို အမိန့်ပေး စီမံနေတာလားဟင်
ခံစားချက်ကို ထည့်မတွက်ဘူးလား သမီးဘဝအတွက်ဆိုတဲ့
မာမီတို့ စိတ်တိုင်းကျစီမံနေကြတာတွေ မှန်သလား သမီးတစ်
နာကြင်ခံစားရမှာကိုကော ထည့်မစဉ်းစားတော့ဘူးလား မာမီ "

" တော်တော့ သမီး တိတ်စမ်း မာမီစေတနာမေတ္တာ
မစော်ကားစမ်းနဲ့ ဘယ်မိဘမှ ကိုယ့်သားသမီးကို ဒုက္ခတွင်းထဲ ဆွဲ
မာမီနဲ့ဒယ်ဒီတို့ရဲ့ စကားကို သမီးဆန့်ကျင်နေတာ ကြီးမားခဲ့တဲ့
တရားကို စော်ကားလိုက်တာပဲ "

မာမီစကားလုံးတွေက ပြင်းထန်လွန်းနေသည်။ ရင်ငွေ့အ
မာမီအကောင်းဆုံး စီမံနေတာတဲ့လား။ ရင်ငွေ့စကားတွေကို နားမ
လက်မခံနိုင်တော့တာတော့ သေချာသည်။

" မာမီအပြတ်ပြောမယ် သမီး ခုကိစ္စကို သမီးငြင်းခွင့်
မာမီနဲ့ ဒယ်ဒီတို့က အရှက်သိက္ခာနဲ့ လူလုပ်နေကြတာ သိက္ခာ
တန်ဖိုးထား လေးစားတယ် ကတိစကားတစ်လုံးကို အသက်လို
ထားတယ် မောင်ရှိန်းဘက်က သားလိမ္မာတစ်ယောက် ဖြစ်ခဲ့တာ
သမီးလေးဘက်က သမီးလိမ္မာမဖြစ်နိုင်ဘူးတဲ့လား မာမီတို့တာမှ
မကျတဲ့ မိဘတွေ မဖြစ်ပါရစေနဲ့ ကဲ သမီး အဝတ်အစား သွားလဲ"

ရင်ငွေ့အနီးမှာ ထိုင်နေရာက မာမီ ထရပ်သည်။ ပြီး
တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ အခန်းထဲ လှမ်းဝင်သွားခဲ့သ
မာမီကို ငေးကြည့်ရင်း ရင်ငွေ့ ရင်ထဲမှာ လှိုက်ဖိုဝမ်း





မျက်ရည်စတွေက အဆီးအတားမဲ့စွာ လိမ့်ဆင်းလာသည်။
ပါးပြင်ပေါ်က ပူနွေးသောဝေဒနာ အထိအတွေ့ထက် ရင်ထဲက
...မ်းကပိုလို့ ပြင်းထန်ပူလောင်သည်။
ရင်ငွေ့ ဘာဆက်လုပ်ရမှာလဲဟင်။
ထိ . . . ထိရယ် ရင်ငွေ့အဖြစ်ကို မြင်ကြည့်ပါဦး။ ထိကို ရင်ငွေ့
...ဘူး မပေးရဲဘူး။
ဘယ်လိုအကြောင်းနဲ့မှ မစွန့်လွှတ်ရဲပါဘူး။
ရှိန်း . . . ရှိန်းပြန်လာလျှင်တော့ ဆွေးနွေးမှ ဖြစ်လိမ့်မည်။ ရှိန်း
...ည်နိုင်အောင် အပြတ်သားဆုံးတော့ ရှင်းရလိမ့်မည်း
ခုချိန်မှာ ရင်ငွေ့စိတ်တွေ မွန်းကြပ်ပိတ်လှောင်နေသည်။
...လိုအချိန်မှာမှ ယဉ်ကျေးနှင့် ပိုးပိုးတို့ကလည်း မရှိ။ ချောင်းသာကို
...ဖြေခရီးထွက်သွားကြသည်။
ရင်ငွေ့ကို ခေါ်တုန်းက မလိုက်ခဲ့မိတာကို နောင်တရမိ၏။
... ခွဲရမည့် ငါးရက်တာကာလလေးကို ရင်ငွေ့ ရင်မဆိုင်ရဲခဲ့လို့
...ဖြစ်ခဲ့တာ။
ခုတော့ ပူလောင်မှုက ရင်မှာမီးလို တောက်လောင်နေသည်။
ဖြစ်နိုင်လျှင် ကမ္ဘာလောကကြီးရဲ့ အဝေးဆုံးတစ်နေရာကို ထိနှင့်
... ထွက်သွားချင်မိသည်။
အချစ်ဆိုသော အရာတစ်ခုကလွဲလျှင် ခုချိန်မှာ ရင်ငွေ့ ဘာ...မှ
...ချင်ပါ။ ရင်ငွေ့ မိုက်မဲသူတစ်ယောက် ဖြစ်ခဲ့ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း. . . ဘာကိုမှ ဂရုမစိုက်ချင်ဘူး။
အချစ်ကိုပဲ ကိုးကွယ်ခွင့်ပြုပါ မာမီရယ်.။

✿ ✿ ✿ ✿ ✿



## အခန်း (၂၁)

ဒီတစ်ခါ မာမီကို စိတ်ကောက်ပစ်လိုက်မိသူက ရင်ငွေ့ပါပဲ။ မာမီကတော့ ပထမတစ်ခါတုန်းကလို ရင်ငွေ့ကို စကားမပြော ရှောင်နေတာမျိုး မလုပ်ခဲ့ပါ။

အရင်ကထက်တောင် ပိုလို့ယုယုယယ ကြင်ကြင်နာနာ ဓာန်လေးတွေ ပြတတ်၏။

" သမီးလေး နိုးပြီလား လာကွယ် ဒီမှာ မာမီ သမီးကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲ ဝယ်ထားတယ် အချဉ်ရေ သံပုရာသီးလေးညှစ်ပြီး တစ်ခါတည်း ဝင်စားလိုက်နော် "

" သမီး ရေချိုးဦးမှာ မာမီရဲ့ မာမီတို့ စားနှင့်ပါ "

ဒယ်ဒီရှေ့မှောက်မှာမို့ ရင်ငွေ့မာမီကို အလိုက်အထိုက်တော့ ပြန်ပြောရသည်။ ဒယ်ဒီက ဟိုတစ်ခါကတည်းက မာမီနှင့်စိတ်ကောက် စိတ်ဆိုးနေတာကို လုံးဝသဘောမကျဟု အပြတ်ပြောထားသည်ကိုး။

" ဒါဆိုလည်း ချိုးလိုက်လေ သမီး ပြီးမှ မာမီပြန်နွှေးပေး



www.burmeseclassic.com

www.burmeseclassic.com



ထားမှာပေါ့ ''

ရင်ငွေ့ ခေါင်းညိတ်သလို ခေါင်းငုံ့သလိုလုပ်ပစ်လိုက်ကာ ရေချိုးခန်းဘက် ထွက်ခဲ့သည်။ တမင်ကြာအောင် ရေအိမ်ထဲ ဝင်ထိုင်ပြီးမှ စိမ်ပြေနပြေ သွားတိုက်မျက်နှာသစ်ပြီး ရေချိုးလိုက်သည်။

ရင်ငွေ့ တွက်ပြီးသည့်အတိုင်း အဝတ်အစားလဲလှယ်ပြီး စားသောက်ခန်းထဲရောက်တော့ ဒယ်ဒီမရှိတော့ပါ။ ကုမ္ပဏီထွက်သွားပြီထင်၏။

'' သမီး အုန်းနို့လေးစားလိုက် မာမီအခုပဲ ပူအောင်ပြန်နွေးပေးထားတယ် ''

'' မစားချင်ဘူး ဟာမီ ညက သွေးတက်ချင်နေလို့ ''

မာမီမျက်နှာ ကွက်ခနဲပျက်သွားတာ မြင်ပေမယ့် ရင်ငွေ့ မမြင်ဟန်ဆောင်ရင်း စားပွဲဝိုင်းမှာထိုင်ကာ ကော်ဖီတစ်ခါက်ဖျော်နေလိုက်၏။

'' အင်း ဒါဆိုရင်လည်း မစားနဲ့ပေါ့ သမီးရယ် ဒီနေ့ သမီး မာမီနဲ့ဆိုင်လိုက်နိုင်မှာလား နေမကောင်းရင်လည်း မလိုက်နဲ့တော့လေ မကြွယ်ရှိတာပဲ ''

မာမီ ညီမဖြစ်သော ဒေါ်လေးကြွယ် ရောက်နေတာမို့ မာမီနှင့်အတူ ဆိုင်မလိုက်လည်း ပြဿနာမရှိပါ။ ရင်ငွေ့ခေါင်းကလေး ညိတ်ပြလိုက်၏။

'' ဒါဆို မာမီသွားမယ် သမီး ''

ရင်ငွေ့ ခေါင်းကလေး ထပ်ညိတ်ပြလိုက်ပြန်၏။ မာမီခြေသံ





...ကို နားစွင့်ရင်း ကော်ဖီပန်းကန်ကို စိတ်မပါသလို ဖျော်နေလိုက်သည်။

ဆင်ဝင်အောက်က ကားစက်နှိုးသံကို ကြားလိုက်ရသည်။ မာမီ ...က်သွားချေပြီ။ ရင်ငွေ့မျက်ဝန်းတွေက စားပွဲပေါ်မှာ မာမီပြင်ဆင် ...ထားခဲ့သော အုန်းနို့ခေါက်ဆွဲပန်းကန်ကို ကြည့်မိသည်။

ရင်ငွေ့အကြိုက် သိနေသော မာမီက ငါးဖယ်ကြော်နှင့် ပဲသွေး ...ကိုပါ ဝယ်ပေးထားသည်။ ကြည့်ရင်း ရင်ငွေ့ တံတွေးကို ဂလုခနဲ ...မိသည်။

ဘာမှစဉ်းစားမနေတော့ပါ။ ကော်ဖီပန်းကန်ကို ဘေးဘက်တွန်း ...လိုက်ပြီး ခေါက်ဆွဲဖတ် ပန်းကန်ကို လှမ်းယူသည်။

အသင့်ညှပ်ပေးထားသော ငါးဖယ်ညှပ်လေးတွေကို ခပ်ထည့် ...ည်။ ပဲသွေးတုံးလေးတွေကလည်း အနေတော် စိတ်ပိုင်းပေးထား၏။

ပူနွေးနွေး ဟင်းရည်ကိုခပ်ထည့် သံပုရာစိပ်ကလေး ညှစ်၊ ...ကြော်လေးတွေ ဖြူးကာ ရင်ငွေ့ အားပါးတရ စားပစ်လိုက်သည်။

အုန်းနို့ခေါက်ဆွဲကြိုက်တတ်သော ရင်ငွေ့ အားပါးတရလေး ...သောက်နေမိတုန်း နှာဝမှာ သင်းပျံ့ရှရှိုက်ရသည့် ရှင်မတောင် ...ခါးရနံ့လေး ရင်ငွေ့ စားလက်စ ပါးလုပ်ပလောင်းနှင့် လှည့်ကြည့်

'' အယ်. . . ''

ရင်ငွေ့ကို ပြုံးပြုံးလေးရပ်ကြည့်နေသည့် မာမီကို မထင်မှတ်ဘဲ ...လိုက်ရတာမို့ ရင်ငွေ့ မျက်လုံးလေး ဝိုင်းစက်ကြောင်တွေသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



" ဖောက်သည်တစ်ယောက် မှာထားတဲ့ လည်ဆွဲကျန်ခဲ့လို့ ပြန်ယူတာ သမီး သမီးသွေးတက်နေရင် ဆေးသောက်ဖို့ ပြောမလို့ "

ရင်ငွေ့ပါးစပ်ထဲမှာ ခါက်ဆွဲတွေအပြည့်နှင့် ဘာမှမပြောနိုင်။ မာမီက ပြုံးပြုံးလေးကြည့်ရင်း

" သက်သာသွားရင်လည်း စား သမီး သွေးတက်တော့လည်း သွေးပေါင်ချိန်တိုင်းပြီး ဆေးသောက်လိုက်ပေါ့နော် မာမီသွားပြီ သမီး "

ရင်ငွေ့မျက်နှာလေး ရဲရဲနီမြန်းထူပူကျန်ရစ်ခဲ့ရသည်။

ရှက်လိုက်တာမှ အရမ်း။ မာမီထွက်သွားပြီအထင်နဲ့ အားပါးတရ စားနေမိတာလေ။

အခုတော့ သူ့ခိုးလူမိသည့်အဖြစ်။

မတတ်နိုင်ပါဘူး။ မာမီမိသွားတဲ့အတူတူ အဝအလင်ပဲ စားပစ် လိုက်တော့မှာပေါ့။

ရင်ငွေ့ နောက်တစ်ပွဲ ထပ်ထည့်ပြင်ဆင်နေမိ ပါတော့၏။

✿ ✿ ✿ ✿ ✿



# အခန်း (၂၂)

" ရင်ငွေ့ "

စက္ကူပန်းရုံနားက ခုံတန်းလေးမှာ ရင်ငွေ့တစ်ယောက်တည်း ငိုင်တွေတွေလေး ထိုင်နေတုန်း ရှိန်းအသံကြောင့် ဆတ်ခနဲ လှည့်ကြည့်မိ၏။

" ဟယ် . . . ရှိန်း . . . နင် . . . နင်ဘယ်တုန်းက ပြန်ရောက်တာလဲ "

" မနေ့ညနေက ပြန်ရောက်တာဟ မိုးချုပ်လုဖြစ်နေလို့ မလာတော့တာ အိမ်ထဲမှာ အန်တီမြတ်နဲ့နင့်အတွက် လက်ဆောင်တွေ ထားခဲ့တယ် အန်ကယ်အတွက်တော့ ဂေါက်တံနှစ်လက် ဝယ်ခဲ့တယ် "

" အဲဒါတွေ ထားဦး ငါနင်နဲ့ တွေ့ချင်နေတာ နင့်ကို ပြောစရာ တွေ ရှိတယ် ရှိန်း "

" ညက ဖုန်းဆက်ဦးမလို့တဲ နင် အုံသြသွားစေချင်လို့ တမင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမဆက်ဘဲ ခုမှထွက်လာခဲ့တာ ''

'' ဒါဆို ငါတို့အပြင်သွားရအောင် ရှိန်း ''

'' သွားလေ နင် အဝတ်အစားလဲချင်လဲ ငါခြံထဲကပဲ စောင့်မယ်''

'' မလဲတော့ပါဘူး ဒီအတိုင်းလည်း ဖြစ်ပါတယ် ''

အနက်ရောင်ကိုယ်ကြပ် တီရှပ်လက်တိုလေးနှင့် ဂျော်ဒန်နီး မီးခိုးရောင်ဒူးဖုံးဘောင်းဘီပွလေးကို ဝတ်ဆင်ထားသော ရင်ငွေ့သည် သူ့မျက်ဝန်းထဲမှာ ကြည့်မဝနိုင်ပါ။

အခွေလိုက်ကောက်ထားသော ဆံနွယ်တွေကို အိမ်နေရင်းမို့ အနောက်မှာ စုနှောင်သိမ်းကာ ပဝါညိုလေးနှင့် ချည်နှောင်ထားတော့ ဝင်းဖန့်သော မျက်နှာလေးက ပိုလို့လှပပေါ်လွင်နေ၏။

နှုတ်ခမ်းပြေပြေ မျက်ခုံးတန်းတန်းနှင့် စင်းနေသော နှာတံ၊ နီမြန်း စိုလဲ့သော နှုတ်ခမ်းစုမ့်မို့လေး။ အပြစ်အနာဆာ ကင်းစင်သော ပန်းနုသွေး ပါးနှစ်ဖက်သည်လည်း ရင်ခုန်စရာ ကောင်းနေခဲ့သည်။

'' ဟဲ့ ဘာကြည့်နေတာလဲ သွားမယ်လေ ''

'' မတွေ့တာကြာလို့ ထင်တယ် နင် ပိုလှနေသလိုပဲနော် ရင်ငွေ့ ''

မျက်ဝန်းကြည်ကြည်လေးတွေ တောက်ပပြုံးရင်း ရှိန်းဆိုသော စကားအတွက် ရင်ငွေ့ရင်ခုန်ရုက်ရွှံခြင်း အလျဉ်းကင်းမဲ့နေခဲ့၏။

မိန်းကလေးများစွာကို ညှို့ငင်ရင်ခုန်စေနိုင်သော ရှိန်းအာကာ





ဆိုသော ယောကျ်ားတစ်ယောက်သည် ရင်ငွေ့ကိုကျတော့ ဘာကြောင့် ရင်ခုန်မလှုပ်ခတ်စေတာလဲ တစ်ခါတစ်ရံ ရင်ငွေ့စဉ်းစားကြည့်မိ၏။

'' အပိုတွေ မပြောနဲ့ ရှိန်း ငါ သိပ်အရေးကြီးနေတယ် ''

'' နင် ဘာဖြစ်နေတာလဲ ရင်ငွေ့ လေသံကမာလိုက်တာ ''

'' ငါ အရမ်းစိတ်ညစ်နေတယ် ရှိန်း ငါ့စိတ်တွေ တကယ် လေနေလို့ဟာ သောရီးနော် ငါတောင်းပန်ပါတယ် ''

'' အာ နင်ကလည်း တောင်းပန်ရမယ့် သူတွေမှမဟုတ်တာ ကဲ လာပါ နင် စိတ်ညစ်နေတယ်ဆိုရင် အပြင်လေးဘာလေး ထွက်လည် တာပေါ့ ''

ရှိန်းက လေပြည်ကလေးနှင့်ဆိုရင်း ဆင်ဝင်အောက်မှာ ရပ်ထား သော ကားဆီဦးဆောင်လှမ်းသည်။ ရင်ငွေ့ပင့်သက်ကလေးရှိုက်ကာ အနောက်က လိုက်ခဲ့သည်။

'' ဟဲ့ ဒါက ဘယ်သွားကြမလို့လဲ မောင်ရှိန်း ''

'' ဩော် အန်တီမြတ် ရင်ငွေ့နဲ့ အပြင်ခဏလောက် သွားမလို့ပါ ကျွန်တော် အိမ်အရောက်ပြန်ပို့ပေးပါ့မယ် ''

'' ဩော် သားရယ် အန်တီမြတ် ယုံကြည်စိတ်ချပြီးသားပါကွယ် ဒီမှာ ကော်ဖီလေးသောက်ဦးမလားလို့ ''

'' မသောက်တော့ဘူး အန်တီမြတ် ကျွန်တော်တို့ အခုခု သွားစားကြမလို့ ''

'' ဩော် အေး အေး ဒါဆိုလည်း သွားကြ သွားကြ ''



www.burmeseclassic.com

www.burmeseclassic.com



မာမီကတော့ ရှိန်းကို ကြည့်ဖြူကျေနပ်နေပုံက အထင်အရှား ရင်ငွေ့တို့ကားကလေး မောင်းထွက်ခဲ့တော့ မာမီ ပြုံးပြုံးကြီး ရပ်ကြည့် ကျန်ခဲ့မှာ သေချာသည်။

မာမီရယ် ငွေ့နှလုံးသားကိုတော့ ဘယ်သူမှ နားမလည်နိုင်ကြ ဘူးလား။ ကံကြမ္မာကသာ ငွေ့နှလုံးသားဆန္ဒနဲ့မာမီတို့ စိတ်ကူးဆန္ဒတွေကို ထပ်တူကျပေးရင် ဘယ်လောက်ကောင်းလိမ့်မလဲ။

ငွေ့ အတွေးကလေးတွေ လွင့်မျောရင်း ငြိမ်သက်နေမိတာ ဘယ်လောက် ကြာသွားခဲ့သည် မသိပါ။ ကားကလေး ငြိမ့်ခနဲ ထိုးရပ် သွားမှပဲ သတိဝင်လာရ၏။

ကားလေးက ပလက်ဖောင်းနံဘေးမှာ ထိုးရပ်သွားခဲ့တာ ဖြစ်၏ ရင်ငွေ့ ရှိန်းကို ငဲ့စောင်းကြည့်တော့ ငြိမ်သက်စွာ စိုက်ကြည့်နေသော ရှိန်းမျက်ဝန်းတွေနှင့် ရင်ဆိုင်ရသည်။

" ဘာဖြစ်ရပြန်တာလဲ ရှိန်း ကားပျက်တာလား "

" ကားက ဘာမှမဖြစ်ပါဘူး နင်တစ်လမ်းလုံး ငူငိုင်နေတာ ကြည့်ပြီး စိတ်ညစ်ညူးသွားလို့ ရပ်ပစ်လိုက်တာ "

ရှိန်း ပခုံးလေးတွန့်ကာ တကယ်ကို စိတ်ပျက်ညစ်ညူးသံနှင့် ဆိုသည်။

" ဆောရီးပါ ငါအတွေးတွေ လွန်ကုန်လို့ "

" နင့်ပုံစံကြီးက တွေးနေတာမဟုတ်ဘူး တစ်ခုခုဖြစ်နေတာ နင် ဘာလို့ ဒီလောက်ထိ စိတ်ညစ်နေတာလဲ ရင်ငွေ့ ငါ့ကို ပြောစမ်းပါ





အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ကောင်းမည်လား။ ငွေ့ တွေးမိ ၏။ သူ့စကားကိုကြားလျှင် ရှိန်း အံ့သြသွားမှာ သေချာသည်။ ပြီးတော့ ကြေကွဲခံစားရမှာလည်း သိနေသည်။

ထိုအရာများထက် ဆိုးရွားလာနိုင်သော အခြေအနေတွေကို ရင်ငွေ့ထပ်စဉ်းစားကြည့်သည်။

ရှိန်းက ရင်ငွေ့ဆန္ဒကို လိုက်လျောကာ အန်တီဆုလတ်ကို ပြောမည်။ ပြီးတော့ မာမီနှင့်ဒယ်ဒီ သိကုန်မည်။ ရင်ငွေ့ ရင်ဆိုင်ရမည့် အရာတွေက စိတ်ညစ်ရှုပ်ထွေးစရာတွေချည်း ဖြစ်နေသည်။

ထိဘက်ကလည်း ဘာမှပြောလာသေးတာမဟုတ်။ ချစ်သူဘဝ သက်တမ်း လပိုင်းမျှလေးမှာ ဖွင့်အတင်း ယူနိုင်းသလို ဖြစ်နေမည်လား။

ထိဘက်က ငွေ့အချစ်ကို အထင်သေးမှာတော့ မခံနိုင်ဖြ။ ဘူး တကယ့်စိတ်ရှုပ်စရာတွေချည်းပါလား။

" နင်မပြောချင်လည်း ထားတော့ ရင်ငွေ့ ငါမှာပြောစရာတွေ ရှိတယ် ညက မာမီ နင်နဲ့ငါ့ကိစ္စကို ပြောပြတယ် မင်္ဂလာရက်သတ်မှတ်ပြီး နင်နဲ့ငါ့ကို အမြန်ဆုံး လက်ထပ်ပေးချင်တယ်တဲ့ "

ရှိန်းမျက်ဝန်းတွေက ကြည်လဲ့တောက်ပနေတာတော့ သေချာ ၏။ ရင်ငွေ့သိပြီးသား ကိစ္စတွေမို့ ရေငုံနှုတ်ပိတ်ရင်း မတုန် မလှုပ်နေမိဆဲ။

" ငါ့ဘက်က ဒီအစီအစဉ်ကို ငြင်းဆိုစရာ မရှိဘူးဆိုတာ နင်အသိပါ ရင်ငွေ့ ဒါပေမဲ့ အခြေအနေတစ်ခုအရ ငါမှာ အခက်အခဲ ဖြစ်နေတယ် "



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းစကားကြောင့် ရင်ငွေ့စိတ်ဝင်တစား မျက်နက်ဝန်းလေး
တောက်ပသွားခဲ့ရ၏။

" အခု နိုင်ငံခြားက ကုမ္ပဏီတစ်ခုနဲ့ ငါ ချိတ်ဆက်ထားတ
နောက်တစ်ပတ်ဆို သူတို့ရောက်လာကြမယ် ဒီမှာ ဆောက်လုပ်
ကုမ္ပဏီကြီးတစ်ခု တည်ထောင်ကြမှာလေ ငါ့ကိုလည်း ဒါရိုက်တာ အဖွဲ့
အဖြစ် အစုရှယ်ယာပါဖို့ ဖိတ်ခေါ်ထားတယ် ငါတို့အနာဂတ်အတွ
အကောင်းဆုံးအခွင့်အလမ်း တစ်ခုလေ ငါ အဲဒီကိစ္စကို အောင်မြင်အေ
ကြိုးစားချင်သေးတယ် ဒါကြောင့် ငါတို့မင်္ဂလာရက်ကို ထပ်ရွှေ့ထာ
တယ် "

ကံကြမ္မာက ရင်ငွေ့အတွက် အခွင့်အရေးတစ်ခု ဖန်တီးပ
ပေးလာခဲ့တာလား။ ရင်ငွေ့ ခေါင်းကလေး ညိတ်လိုက်ရင်း

" နင့်ဘက်က ဘယ်လိုဖြစ်ချင်တာလဲ ရှိန်း ပြောလေ "

" ငါ့ဆန္ဒက ရက်ရွှေ့ချင်တယ် အဲဒီအတွက် မာမီတို့နဲ့ အတိ
အခံပြောရတယ် နောက်ဆုံး မာမီက နင်နဲ့လူငယ်ချင်း-အရင်ညှိနှိုင်း
နင်လက်ခံရင် ဖြစ်တယ်တဲ့ "

" ငါ့ဘက်က လက်ခံတယ် လတ်တလောမှာ ငါ အိမ်ထော
မပြုချင်သေးတာ အမှန်ပဲ ရှိန်း "

" ဒါဆို ငါတို့ချင်းအဆင်ပြေတာပေါ့ ချုပ်ထားတယ်
မင်္ဂလာဝတ်စုံလေးတော့ နင် အသေအချာ သိမ်းထားပေးပါနော် ရင်
ရှိန်းက ဇေဇေရီရီလေး ကြည့်ကာ ဆိုသည်။ ရင်ငွေ့ကြ





စွာ ပြုံးလိုက်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

ရှိန်း ဝမ်းသာကျေနပ်သွားခဲ့သည်လား။ တကယ်ဆို ငါက
နင့်ထက်ပိုပြီး ဝမ်းသာနေတယ် ရှိန်း။ နင့်ကို ဝန်မခံရဲသေးတာ နားလည်
ပါဟယ်။ ခုချိန်မှာ တို့နှစ်ယောက်စလုံး စိတ်ချမ်းသာနေကြတာ အကောင်း
ဆုံး ထင်ရဲ့။

" ကဲ နင်လည်း ဗိုက်ဆာနေရောပေါ့ ဘယ်ဆိုင်မှာ စားမလဲ"

ရင်ငွေ့ မေးဖျားကို လက်ညှိုးလေးထောက်ကာ တဒင်္ဂ စဉ်းစား
လိုက်၏။ ပြီးမှ ကြည်နူးစွာပြုံးလိုက်ရင်း

" ရွှေလိပ်ပြာ သွားကြမယ်လေ လမ်းလည်းသင့်နေတာပဲ "

" အိုကေ ဖြစ်ရမှာပေါ့ "

ကားလေးက ငြိမ့်ခနဲ မောင်းထွက်သည်။ ရင်ငွေ့ ရင်ထဲက
ညစ်ညူးနေတာတွေကို အပူငွေ့တွေအဖြစ် မှုတ်ထုတ်ပစ်လိုက်မိသည်။

ရှိန်းကလည်း ပေါ့ပါးပျော်ရွှင်နေလေ၏။

ကားလေး ရွှေလိပ်ပြာရှေ့မှာ ထိုးရပ်တော့ နှစ်ဦးစလုံး
အားတံခါးဖွင့် ဆင်းလိုက်မိကြ၏။

" ဟင်. . . ငွေ့. . . "

" ဟယ်. . . ဘယ်. . . ဘယ်လာတာလဲဟင် "

ရင်ငွေ့ အတိုင်းမသိ ဝမ်းသာသွားမိသည်။ ထိကို သတိရစိတ်
လေးနှင့် ရွှေလိပ်ပြာကို ရွေးခဲ့မိတာ ခုတော့ တိုက်ဆိုင်လိုက်တာ။

" မိတ်ဆွေတွေကို မနက်စာလာကျွေးတာ ပြန်တော့မလို့ ငွေ့ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်လို့ ''

ထိက ငွေ့ကိုပြုံးကြည့်နေရင်း နံဘေးက ရှိန်းကိုလည်း အကဲခတ် ကြည့်နေတာ အသေအချာ။

ရှိန်းမျက်ဝန်းတွေကလည်း နက်ပြာအစင်းစပို့ရှပ်နှင့် အနက်ရောင်ဘောင်းဘီကို စတိုင်ကျကျ ဝတ်ဆင်ထားသော မိုးထိမြင့်ကို မျက်တောင်မခတ်တမ်း ကြည့်နေခဲ့လေသည်။

'' ရှိန်း. . . ဒါ. . . ဦးမိုးထိမြင့်. . . တဲ့. . . ''

ရှိန်း မျက်ခုံးထူထူလေးတွေ တွန့်ခေါက်အောင် စူးစိုက်ကြည့် နေရှုံမှလွဲ၍ အသိအမှတ်ပြုဟန် ခေါင်းလေးတောင် မညိတ်။

'' ရှိန်းအာကာဆိုတဲ့ သူငယ်ချင်းမဟုတ်လား ကိုယ် သိပါတယ် ငွေ့ ''

ငွေ့မိတ်ဆက်စကားမဆိုခင်မှာဘဲ ထိက အပြုံးငွေ့ငွေ့ လွှမ်းသော အကြည့်တွေနှင့်ကြည့်ကာ ပြောသည်။

ရှိန်းမျက်နှာလေး အံ့သြသွားရင်း

'' ကျွန်တော့်ကို သိနေလို့လား ''

ရှိန်းလေသံက မာထန်တာ မဟုတ်သလို ပျော့ပြောင်းမှုလည်း မရှိတာ ငွေ့သိသည်။ ထိကို ငွေ့ အားနာနေမိတာ အမှန်။

'' ရင်ငွေ့နဲ့ပတ်သက်ရင် အားလုံးကို ကိုယ်သိနေပါတယ် ရှိန်းအာကာ ''

ရှိန်းမျက်နှာ ဟန်မဆောင်နိုင်လောက်အောင် နီရဲသွားခဲ့၏





ထိက ရှိန်းမျက်နှာဆီက အကြည့်တွေကို ပြန်ရုပ်သိမ်းလိုက်ပြီး

'' ကဲ ကိုယ့်ကိုခွင့်ပြုဦး ငွေ့ ညီ ကိုယ့်ကို သွားခွင့်ပြုပါဦး ''

နှုတ်ဆက်စကားဆိုကာ အနက်ရောင် MARK II ကားကြီးဆီ ဦမ်းလျှောက်သွားသော မိုးထိမြင့်ကို ရှိန်း မျက်မှောင်ကြီးကုပ် ရပ်ကြည့် နေဆဲရှိ။

ကားကြီးက ငွေ့တို့နှစ်ဦးရှေ့က အဖြတ်မှာ နှုတ်ဆက်အပြုံး လေးနှင့် ထိက ငွေ့ကို ပြုံးပြသွားခဲ့သေး၏။

'' အဲဒါဘယ်သူလဲ ရင်ငွေ့ ''

'' မိုးထိမြင့်တဲ့ သူ့နာမည်က ငါ့မိတ်ဆွေလေ ''

'' နင်နဲ့ရင်းနှီးတာ ကြာပြီလား ရင်ငွေ့ ''

'' အင်း မကြာသေးပါဘူး မာမီဆိုင်လာဝယ်နေကျ ဖောက်သည် တစ်ယောက်လေ ''

ရှိန်းစကားစပြတ်အောင် ငွေ့ ညာလိုက်မိသည်။

ရှိန်းမျက်ဝန်းတွေက ရင်ငွေ့မျက်နှာကို စူးစိုက်ကြည့်နေရင်း သက်တချက် ရှိုက်၏။

'' လာ ရင်ငွေ့ နင် ဗိုက်ဆာနေရောပေါ့ ''

ရှိန်း ရှေ့က ဦးဆောင်ကာ ဆိုင်ထဲလှမ်းဝင်သွားတော့မှပဲ ရင်ငွေ့ သက်လေးခိုးကာ ရှိုက်မိသည်။

ကြာရင်ကြာ:က ရင်ငွေ့ ရူးတော့မည်လားမသိ။ အချစ်ဆိုတာ ငွေ့အတွက် စိတ်ညစ်ရင် မာစရာတွေချည်းပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုမှ မက်မောနေခဲ့တော့လည်း။

✿ ✿ ✿ ✿ ✿



## အခန်း (၂၃)

" နင်တို့နှစ်ယောက် ချောင်းသာသွားနေတဲ့ ရက်တွေမှာ ငါ ဘာတွေစိတ်ညစ်ခဲ့ရသလဲ ကြုံဆုံခဲ့ရသလဲ နင်တို့မသိဘူး "

ချောင်းသာက ပြန်ရောက်ရောက်ချင်း ယဉ်ကျေးနှင့်ပိုးပိုး ရင်ငွေ့ထံ ရောက်လာကြသည်။ ယဉ်ကျေးတို့ အမှတ်တရ လက်ဆောင် းလာသော ဦးထုပ်တွေ အကျီတွေကို ရင်ငွေ့ စိတ်မဝင်စားနိုင်ဘဲ ကားတွေသာ အငမ်းမရ ပြောဖြစ်၏။

" ကဲ ပြောစမ်းပါဦး ရင်ငွေ့ရယ် ရှင်ဘာတွေ စိတ်ညစ်ရ ခဲ့တာလဲ "

" မာမီနဲ့အန်တီဆုလတ်တို့ ပူးပေါင်းပြီး ငါ့ကိုလုပ်ကြကြတာ"

ရင်ငွေ့ ဘာမသိညာမသိနှင့် မင်္ဂလာဝတ်စုံ ချုပ်ခဲ့ရသည့် အကြောင်းကို ပြောပြတော့ ယဉ်ကျေးတို့ မျက်လုံးလေးတွေ ပြူးကျယ် သွားရကာ



www.burmeseclassic.com

www.burmeseclassic.com



" ဘုရားရေ ဒါဆို နင်နဲ့ရှိန်း လက်ထပ်ရတော့မှာပေါ့ "

" အေး အဲဒီအခြေအနေထိ ရောက်ကန်တာ ငါ စိတ်ညစ်လိုက်ရတာ လွန်ရောပေါ့ အဲ ကံကောင်းချင်တော့ ရှိန်း ပြန်ရောက်လာပြီး မင်္ဂလာပွဲရက်ရွှေ့ဖို့ ဖြစ်လာတယ် "

ရင်ငွေ့ ရှင်းပြသမျှ စကားတွေကို ယဉ်ကျေးနှင့်ပိုးပိုး စိတ်ဝင်တစား နားထောင်ရင်း ပင့်သက်တွေ ချလိုက်ကြ၏။

" ဟူး တကယ်မလွယ်ပါလား တော်သေးတာပေါ့ဟာ "

" တော်သေးတယ် မလုပ်နဲ့ ရှိန်းနဲ့ထိတ်နှစ်ယောက် ထိပ်တိုက်ဆုံတော့ ငါ့မှာဘာလုပ်ရမှန်း မသိဘူး "

" မုဒ္ဒေါ် သူတို့နှစ်ယောက် ဆုံကြတယ် "

" ဟုတ်တယ် ငါ့ရှေ့မျက်မှာ ထိပ်တိုက်ဆုံကြတာ "

ရင်ငွေ့ မမောစတမ်း ပြောပြရပြန်သည်။ ရင်ငွေ့စကားဆုံးတော့ ပိုးပိုး ပခုံးလေးတွန့် ခေါင်းကလေး ခါရမ်းပြီး

" ရင်ငွေ့ရယ် နင့်အဖြစ်တွေ နားထောင်ရတာ သည်းထိတ်ရင်ဖို ဆပ်ကပ်ပွဲကြည့်နေရသလိုပါပဲလား "

" အေး ဟုတ်တယ် နင်ဘာဖြစ်လို့ ရှိန်းကို ရှင်းမပြလိုက်တာလဲ တကယ်ဆို အဲဒီအချိန်မှာ ရှင်းလိုက်တာ အကောင်းဆုံးပဲ "

" မဖြစ်ဘူး ယဉ်ကျေး ရှိန်းက ငါဝန်ခံလိုက်ရင် သူ့မာမီကိုအပြတ်ငြင်းတော့မှာ သေချာတယ် ဒါဆို ငါ့ကိုမာမီကောဒယ်ဒီပါ ပြဿနာရှာကြတော့မှာ သေချာတယ် "





" ဒါလည်းကောင်းတာပဲ နင်တစ်ခါတည်း မိုးထိမြင့်နောက်လိုက်ပြေးပေါ့ဟယ် "

" အလွယ်မပြောနဲ့ ယဉ်ကျေး ထိနဲ့ငါ ချစ်သူရည်းစား ဖြစ်ကြတာ ဘာမှမကြာသေးဘူး ဒီအခြေအနေတွေ ဖြစ်လာရင် ငါ့ကိုအထင်သေးမှာပေါ့ဟာ ဖွတ်အတင်း လက်ထပ်ယူခိုင်းတာမျိုး ငါ မလုပ်ချင်ဘူး "

ရင်ငွေ့ဆိုတော့ ယဉ်ကျေး လက်ခံသလို ခေါင်းကလေးညိတ်ရင်း

" အင်း ဒါလည်း ဟုတ်တာပဲ တကယ်ဆို နင်တို့တစ်ယောက်အကြောင်း တစ်ယောက် ထဲထဲဝင်ဝင်တောင် မသိကြသေးဘူးနော် သူကတော့ နင့်အကြောင်း ငါတို့ကိုမေးလို့ အားလုံးသိနေတာ ဉ် နောက်ဆုံးရှိန်းအကြောင်းက အစပေါ့ ရင်ငွေ့ နင်ကော သူ့အကြောင်း ဘာတွေသိထားသလဲ "

" ငါဘာသိမှာလဲ အခု နင်တို့နှစ်ယောက် သိထားသလောက်ပဲ "

" နင် ညှိလိုက်တာ သူ့မှာ မိဘတွေမရှိတော့ဘူး တကယ့်အထီးကျန်တစ်ကောက်ကြွက်ဘဝ ရွှေတောင်ကြားလမ်းကအိမ်မှာ သူနဲ့သူ့တပည့်နှစ်ယောက်တည်း နေကြတယ် "

" အဲဒါတွေ နင် အခုပြောမှ ငါသိတယ် "

" ရင်ငွေ့ နင်တို့ဆုံတွေ့ကြတဲ့အခါ နင် မမေးကြည့်ဘူးလားဟင် "

" ဟင့်အင်း ငါ မမေးပါဘူး မေးစရာလည်း မလိုပါဘူး ငါ



www.burmeseclassic.com

www.burmeseclassic.com



ထိကို ချစ်တာ ဘာမှမလိုချင်ဘူး အချစ်တစ်ခုပဲ သူပိုင်ဆိုင်ချမ်းသာမှုတွေ လည်း စိတ်မဝင်စားဘူး သူ့ကိုချစ်တာ တစ်ခုတည်းနဲ့ ငါ့အတွက် ပြည့်စုံတယ် ''

'' အင်း နင်ကတော့ တကယ့်အချစ်ဦး အချစ်ရူးပဲ အား နင်ရေ့ဆက် ဘာလုပ်မှာလဲ ရှိန်းကကော နင့်အကြောင်း အမှန်မသိ သေးဘူးပေါ့ ''

'' ရှိန်းကို ပြောဖို့လိုအပ်လာတဲ့အခါ ငါ ပြောမှာပေါ့ ခုချိန် မှာတော့ ရှိန်း မသိသေးတာ ပိုကောင်းပါတယ်ဟာ ''

'' အင်း သိပ်ကြာလာရင်တော့ မကောင်းဘူး ရင်ငွေ့ ရှိန်း ဘက်ကိုလည်း ထည့်တွက်ဦး သူ့ကို အသုံးချသလို ဖြစ်နေမယ် ''

'' ရှိန်း နားလည်အောင် ငါ ရှင်းပြရမှာပေါ့ဟယ် သူ နာကျည်း မယ်ဆိုလည်း ငါ ခံပါ့မယ် ''

ရင်ငွေ့ ပင့်သက်ရှိုက်ရင်း ဆိုတော့ ယဉ်ကျေးနှင့်ပိုးပိုးတို့လည်း ပင့်သက်တွေ ပြိုင်တူ ချကြ၏။

ရင်ငွေ့ မွန်းကြပ်မှုတွေက သူမတို့ဆီ ကူးစက်ကုန်ပြီ ထင်၏

'' ရင်ငွေ့ ငါတော့ ဘာမှမဝေဖန်ချင်ဘူး ဒါပေမဲ့ နင် ပြတ်သား သင့်ပြီထင်တယ် မိုးထိမြင့်ကို နင်ရည်ရွယ်ထားတယ် ဆိုရင် အားလုံးက နင် ရင်ဆိုင်ရဲဖို့လိုတယ် အရင်ဆုံး ရှိန်း ပြီးတော့ နင့်မိဘနှစ်ပါး ''

' ငါသိတယ် ငါ သူ့ကို မစွန့်လွှတ်နိုင်ဘူး သူငယ်ချင်းရယ် '

'' ဒါဆိုလည်း နင် ရွေးချယ်ပေါ့ဟာ မိဘဆိုတာ သားသမီး





ကိုတော့ စွန့်လွှတ်မှာ မဟုတ်ပါဘူး ပြီးတော့ မိုးထိမြင့်ကလည်း မိန်းမ အားတစ်ယောက်အတွက် အားကိုးရတဲ့ ယောကျ်ားတစ်ယောက် ဆိုတာ သေချာပါတယ် ပြည့်စုံချမ်းသာမှုမှာ ရှိန်းထက်တောင် သာမှာပါ ''

'' ဟုတ်တယ် ယဉ်ကျေးပြောတာ မှန်တယ် ရင်ငွေ့ နင့်မေတ္တာ တရားက အဲဒါတွေနဲ့ မဆိုင်ပေမယ့် မိန်းမသားတစ်ယောက်အတွက် ထည့်တွက်သင့်ပါတယ် နင်ကံကောင်းပါတယ်ဟာ ''

သူငယ်ချင်းတွေက ရင်ငွေ့အနာဂတ်အတွက်ပါ ထည့်တွက် အားပေးခဲ့ကြသည်။ ဘာပဲဖြစ်ဖြစ် ယဉ်ကျေးနှင့်ပိုးပိုးသည် သူမအတွက် တော့ သူငယ်ချင်းကောင်းတွေပါပဲ။

သူတို့နှစ်ဦး စကားတွေကြောင့် ရင်ငွေ့ ရဲရင့်စွာ ဆုံးဖြတ်ရဲ တာတော့ အမှန်။

ထိရယ်။ ရှင့်ကို ချစ်မိတဲ့ စိတ်တစ်ခုတည်းနဲ့ အရာရာကို ရင်ဆိုင်ဖို့ ငွေ့ဘက်က အသင့်ဖြစ်နေပါပြီ။

ရှင့်ဘက်ကကော ငွေ့လိုပဲ ရဲရင့်စေချင်လိုက်တာ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မျှော်နေသည့် ဖုန်းခေါ်သံလေး ထွက်လာတော့ ရင်ငွေ့ ဖျတ်ခနဲ ကောက်ယူနားထောင်လိုက်မိ၏။

" ရင်ငွေ့ "

ဖုန်းခေါ်သူက ရင်ငွေ့ထသလို ထိမဟုတ်ခဲ့ပါ။ သည်လို ညဘက်မျိုးမှာ ရှိန်း ဖုန်းမဆက်တတ်တာမို့လည်း ရင်ငွေ့ အံ့သြသွားမိတာအမှန်။

" ရှိန်း ဘာလဲ ဘာကိစ္စရှိလို့လဲဟင် "

" နင် အိပ်နေပြီ ထင်တာ တော်သေးတာပေါ့ ရင်ငွေ့ရယ် "

" အေး ငါ အိပ်တော့မလို့ ဖုန်းပိတ်ခါနီး ထပြည်လို့ ကိုင်လိုက်တာ "

" ဆောရီး ရင်ငွေ့ ငါဘယ်လိုမှ အိပ်လို့မရလို့ နင့်ကို မေးချင်တယ် "

" ဘာမေးမလို့လဲ ရှိန်းရဲ့ "





" ရွှေယိုပြာမှာတုန်းက တွေ့ခဲ့တဲ့ မိုးထိမြင့်ဆိုတဲ့ လူအကြောင်းက ငါ့ခေါင်းထဲဝင်နေတယ် ရင်ငွေ့ အဲဒီနေ့က နင့်ကို မမေးရက်သလို ငါလည်းမကြားရဲလို့ မမေးခဲ့တာပါ ရင်ငွေ့ ငါ သိချင်တာ နင်နဲ့အဲဒီလူ ဘယ်လိုပတ်သက်နေသလဲဟင် "

ရုတ်တရက်မို့ ရင်ငွေ့ ဘာဖြေရမှန်းမသိ ဖြစ်ရ၏။ ရင်ငွေ့ အမှန်အတိုင်း ဖြေလိုက်ရမှာလား။ ဟင့်အင်း မဖြစ်သေးဘူး ပြဿနာတွေ ရှုတ်ထွေးကုန်မှာ သေချာသည်။

" ရင်ငွေ့ နင် ဖုန်းကိုင်ထားတုန်းနော် "

" ငါ နားထောင်နေပါတယ် ရှိန်း အဲဒီနေ့က ငါပြောခဲ့တာပဲ သူနဲ့ငါက မိတ်ဆွေတွေလို့ နင် ဒီအချိန်ကြီးမှ ထမေးနေတာကို ငါ အံ့သြနေတာ "

" အိုကေ ရင်ငွေ့ နင့်နှုတ်က အဲဒီအဖြေကို သိရရင် ငါကျေနပ်ပြီ ငါ့ရင်ထဲမှာ မတင်မကျကြီးနဲ့ နေလို့မရလို့ပါဟာ မနက်ဖြန် ကစပြီး ငါ့မှာအလုပ်ကိစ္စတွေနဲ့ နပမ်းလုံးရတော့မှာ ငါ ကြိုးစားနေတာတွေ နင်နဲ့ငါ့အနာဂတ်အတွက်ပါ ရင်ငွေ့ရယ် ကဲ နင် အိပ်တော့နော် ရင်ငွေ့ ငါ့ကြောင့် အိပ်ပျက်သွားရင် ဆောရီးပဲ ကောင်းသောညပါ ရင်ငွေ့ "

နှုတ်ဆက်ဆုတောင်းသံလေးနှင့်အတူ ရှိန်း ဖုန်းကို ပြန်ချသွားခဲ့သည်။

ရင်ငွေ့ ပင့်သက်မောကို ချရင်း ဖုန်းလေးကို စားပွဲပေါ် လှမ်းတင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်ကို ပြန်လှဲအိပ်လိုက်သည့်တိုင် ရှိန်းစကားသံတွေက ရင်ငွေ့နားထဲမှမထွက်။

ရှိန်းရယ်။ ငါတို့နှစ်ယောက် အနာဂတ်အတွက်တဲ့လား။ နှင့်အပေါ် ငါလိမ်ညာနေတာ နှင်သိခဲ့ရင် . . .။

ရင်ငွေ့အတွေးတို့ အဆုံးမသတ်ခင်မှာ ဖုန်းထဲက သီချင်းသံလေး မြည်လာပြန်၏။

ရင်ငွေ့ ကောက်ယူဖွင့်ကြည့်တော့ ထိဆီက ဖုန်းဆက်သွယ်မှု ဖြစ်နေခဲ့သည်။

" ဟဲလို ငွေ့ စောစောကတည်းက ကိုယ်ခေါ်နေတာ ဖုန်းလိုင်းမအားဘူး ဖြစ်နေလို့ "

" ဟုတ်. . . ဟုတ်တယ် ထိ သူငယ်ချင်းတစ်ယောက် လှမ်းဆက်နေလို့ "

" ငွေ့ အိပ်တော့မှာ မဟုတ်လား "

" အင်း ထိဆီက ဖုန်းမလာတော့ဘူး ထင်နေတာ "

" မနက်မှဆက်မလို့ဘဲ ငွေ့ရဲ့ ဒါပေမဲ့ လွဲချော်မှာစိုးလို့ အခုပဲ လှမ်းဆက်လိုက်တာ မနက်ဖြန် ငွေ့နဲ့တွေ့ချင်တယ် "

" ကိစ္စရှိလို့လားဟင် ထိ "

" သိပ်အရေးကြီးတဲ့ အကြောင်းရှိလို့ပေါ့ ငွေ့ မသိဘူးလား"

" ဟင် ဘာလဲ ထိမပြောဘဲ ငွေ့ ဘယ်လိုသိမှာလဲ "

" ညံ့လိုက်တာကွာ အသေအချာ နားထောင် အရေးကြီးတဲ့





ကိစ္စက ကိုယ်အရမ်းလွမ်းနေလို့ ရင်ငွေ့ဆိုတဲ့ ကောင်မလေးကို မတွေ့ရတာ ငါးရက်ရှိပြီလေ "

" ဟာ ထိကလည်း တကယ်မှတ်လို့ နားထောင်နေတာ "

" ဟာ တကယ်ပြောနေတာ ငွေ့ကော ကိုယ့်ကို မလွမ်းဘူးလား"

" သွား. . . မသိဘူး "

" မသိဘူးဆိုတာ မလွမ်းဘူးလို့ ပြောတာလား ပြော "

" ထိနော် ဘာတွေပြောနေမှန်း မသိဘူး ငွေ့ရှက်တယ် ဖုန်းချလိုက်တော့မှာ "

" ဟာ. . . မချနဲ့နော် ကိုယ်နောက်တာပါ ငွေ့ အိပ်ချင်ပြေသွားအောင် ပြောနေတာ ကဲ အရေးကြီးတဲ့ကိစ္စပြောမယ် နားထောင်နော် "

ငွေ့ နားကလေးစွင့်ကာ နားထောင်နေလိုက်၏။ ထိက တဒင်ငြိမ်သက်တိတ်ဆိတ်နေပြီးမှ

" မနက်ဖြန် ငွေ့ကို ကိုယ်အရမ်း သဘောကျမြတ်နိုးတဲ့ သူနဲ့ တွေ့ပေးမလို့ "

" ဘာ. . . ဘာရယ် ထိ "

" ငွေ့နဲ့မဆုံခင် မပတ်သက်ခင်က ကိုယ့်ဘဝအတွက် အေးချမ်းမှုတွေ ပေးခဲ့တဲ့သူနဲ့ တွေ့ပေးမလို့ပါ "

" ထိ. . . ထိစကားက ဘာလဲ မနောက်နဲ့နော် ငွေ့ ငိုမိ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ် ''

တကယ်ပဲ ငွေ့အသံလေး ငိုသံစွက်လာတော့ သူအ
ထွက်အောင် ရယ်မောလိုက်ရင်း

'' အထင်မလွဲပါနဲ့ ငွေ့ရယ် ငွေ့နဲ့တွေ့ပြီးတဲ့နောက်ပိုင်း သူ
ကိုယ်မရောက်တော့ပါဘူး ''

'' ထိ. . . ဘာတွေလဲ. . . ငွေ့နားမလည်တော့ဘူး ထိ ငွေ့
အတည်ပြောနေတာလား ''

'' ကိုယ့်စကားဆုံးအောင် နားထောင်ပါဦး အချစ်ရယ် အ
ကိုယ်ပြောတဲ့သူက လူမဟုတ်ဘူး ''

'' ဟင်.''

ငွေ့ မျက်မှောင်လေးကုပ်ကာ မင်သက်သွားရ၏။ လူ
မဟုတ်ဘူးဆိုတော့ ဘယ်သူလဲ ဘာလဲ တိရစ္ဆာန်လား။ ငွေ့ စဉ်းစား
မရ။

'' ထိ ပဟေဠိတွေ မလုပ်နဲ့ ဘာပြောတာလဲ ပြောကွာ ''

'' ဟင့်အင်း မပြောဘူး မနက်ဖြန် ကိုးနာရီကျရင် ကိုယ်
ဆုံနေကျနေရာလေးက စောင့်နေမယ် ငွေ့လာခဲ့နော် ကားမယူလာနဲ့
ကိုယ့်ကားပါမယ် ''

'' ထိ. . . ထိပြောတဲ့လူမဟုတ်ဆိုတာ ဘာလဲ ဘာကောင်လဲ''

'' ငွေ့တွေ့တော့ သိမှာပေါ့ ငွေ့သူ့ကိုမြင်ရင် သိပ်ချစ်သွားမှာ
ကိုယ်ပြောရဲတယ် အခုတော့ ဘာလဲစဉ်းစားပြီး အိပ်တော့ ဒါမှ အိပ်ပျော်





ရင် ငွေ့အိပ်မက်ထဲမှာ ကိုယ်ရှိနေမှာ ကဲ အိပ်မက်လှလှမက်ပါစေ''

သူ့ဘက်က ဖုန်းကို ပိတ်ပစ်လိုက်တာမို့ ငွေ့ဘာမှ ပြောခွင့်
လိုက်ခဲ့ပါ။ ပဟေဠိဆန်လှသော သူ့စကားတွေကြောင့် အိပ်မပျော်
ခဲ့။

ဘာဖြစ်နိုင်မလဲ ဘာကိုဆိုလိုတာလဲ စဉ်းစားရင်း ခေါင်းတွေ
ဝေလာတာပဲ အဖတ်တင်သည်။

ငွေ့ အိပ်ပျော်သွားတော့ အိပ်မက်ထဲမှာ တကယ်ပဲ ထိနှင့်
ဖြစ်ခဲ့၏။ ထိရယ်။ ငွေ့အတွက် ထိက သခင်တစ်ပါးပါပဲ။

ငွေ့နှလုံးသားတစ်ခုလုံးကို ပိုင်ဆိုင်ခွင့်ရှိတဲ့ သခင်တစ်ပါးပါ။
မညှိုငင်ဘဲနဲ့တောင် ကြွေခဲသက်ဆင်းမိသူက ငွေ့ပါပဲကွယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

" ဘယ့်နှယ်လဲ ငွေ့ ညက အဖြေရှာတွေ့ပြီလား "

" မတွေ့ဘူး ခေါင်းတွေမူးပြီး အိပ်ပျော်သွားတယ် "

ငွေ့စကားကြောင့် သူ သဘောကျ ကျေနပ်စွာ ရယ်မော[...]
ပြန်တော့ ငွေ့ မျက်စောင်းလေး သူ့ဆီ လွှင့်သွားခဲ့၏။

" ကြည့် သူတစ်ပါး စိတ်ညစ်စိတ်ဒုက္ခရောက်အောင် လုပ်[...]
ပျော်နေတယ်ပေါ့လေ "

" ဟာ မဟုတ်ပါဘူး ငွေ့ရဲ့ ငွေ့စကားကို သဘောကျလို့[...]

" ဘာမှသဘောမကျနဲ့ ခုပြော ငွေ့နဲ့မတွေ့ခင် မပတ်သ[...]
ခင်ကထိ မြတ်နိုးသဘောကျတဲ့သူ ထိဘဝကို အေးချမ်းမှုတွေ ပေးတဲ့[...]
ဆိုတာ ဘယ်သူလဲ လူမဟုတ်ရင် ဘာလဲပြော "

" ကဲ ခဏလေးစောင့်ပါကွာ မကြာခင် လက်တွေ့မြင်[...]
တော့မှာပဲ စိတ်ချ အဲဒီကျ ကိုယ်ကိုယ်တိုင် မိတ်ဆက်ပေးမယ် "

နောက်ဆုံးတော့ ငွေ့ပဲအရှုံးပေးလိုက်ရသည်။ ရင်ထဲမှာ[...]





[...]သိမကျဖြစ်မိတာအမှန်။

" အဲဒီလို မျက်မှောင်ကြီးကုပ် နှုတ်ခမ်းလေးစူထားတာ
[...]တယ် "

" ထိနော် လာမစနဲ့ စိတ်တိုနေတာ "

" စိတ်တိုလည်း မပူပါဘူး ဟိုရောက်ရင် ကိုယ်ချော့စရာမလိုတဲ
[...] ချော့လိုက်တာနဲ့ ငွေ့ စိတ်ပြေသွားမှာ သိတယ် "

" လာပြန်ပြီ ဘာမှန်းမသိတဲ့ဟာကြီး တော်ပြီ ဘာမှမပြော
[...]တော့ "

" ဟား ဟား ကောင်မလေး စဉ်းစားမရတိုင်း ဒေါကန်နေတယ်
[...] . . . ဟား "

ငွေ့ စိတ်ဆိုးလေလေ သူက ရယ်မောလေလေ လုပ်နေ၏။
[...]မျက်နှာလေးကို စူပုတ်ပြီး ငြိမ်နေလိုက်၏။

ကားလေးက ရန်ကုန်ရိုးမကို ကျော်လွန်လို့ မင်္ဂလာဒုံဘက်ကို
[...]ည်နေ၏။

" ထိ. . . ဘယ်အထိ မောင်းနေတာလဲ "

" ခဏလေးစောင့် နောက်မိနစ်နှစ်ဆယ်လောက်ဆို သိရမယ်
[...] ကိုယ်တို့ကို ကြိုနေမှာပါ "

" လာပြန်ပြီ အဲဒီစကား "

ငွေ့ မျက်စောင်းလေးထိုးတော့ ထိ ပြုံးယှဲ့ယှဲ့ လုပ်နေပြန်သည်။
[...]ဒီခဲပုပ်ရောင် ကားကလေးကတော့ တရိပ်ရိပ် ပြေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက တသီးတသန့် ခြံဝင်းကျယ်ကြီးတွေနှင့် လမ်းကြီးအတိုင်း မောင်းနှင်လာရင်း တစ်ခုသော ခြံဝန်းကြီးရှေ့မှာ ရပ်တန့်သွား၏။

" တီ. . .တီ "

ကားဟွန်းသံနှစ်ချက်တီးလိုက်တော့ သံပန်းတံခါးကို အဘိုးကြီးတစ်ဦးက လာဖွင့်ပေးသည်။

" ကျွန်တော် စီစဉ်ခိုင်းထားတာတွေ အသင့်ပဲလား ဦးဖထီး "

" အသင့်ပါပဲငွေ ငါ့မိန်းမ ချက်ပြုတ်စီစဉ်နေတယ် "

" ဟုတ်ပြီ ပြီးမှ ကျွန်တော် လာယူပါ့မယ် "

စကားသံဝဲဝဲနှင့် အဖိုးကြီးကို ထိနှုတ်ဆက်ပြီး ကားကို ဆက်မောင်းခဲ့သည်။

ခြံကြီးတစ်ခုလုံး သစ်ပင်ကြီးယ်တွေ အုံ့ဆိုင်းလျက် ကွန့်ကာနေ၍ ကားလမ်းမလေးသည်ပင် နေရောင်မပေါက်နိုင်ဘဲ အေးမြနေသည်။

ညာဘက်ကို ကွေ့ဝင်သွားသည့် လမ်းမလေးအဆုံးမှာတော့ တစ်ထပ်တိုက်ပုလေးကို ရင်ငွေ့ မြင်လိုက်ရ၏။

ထိကားကို ဆင်ဝင်အောက်မှာ ရပ်ရင်း တံခါးဖွင့်ဆင်းသည်။ ပြီးမှ ကားရှေ့က ကွေ့ပတ်လျှောက်ပြီး ငွေ့ဘက်က တံခါးကို ဖွင့်ပေး၏။

" ဆင်းလေ ငွေ့ ကိုယ်ငွေ့နဲ့ မိတ်ဆက်ပေးမလို့ "

ငွေ့ ခေါင်းကလေးညိတ်ကာ ကားပေါ်က ဆင်းလိုက်ရ၏။ အပြာနုနု ဆေးရောင်သုတ်လိမ်းထားသော တစ်ထပ်တိုက်ပုလေးကို ငွေ့





သက်ငေးမောကြည့်နေမိသည်။

" ငွေ့နဲ့မိတ်ဆက်ပေးမယ့်သူက ဟောဒီ အိမ်ကလေးပဲလေ "

" ဘာရယ် ထိ ဒီတိုက်အိမ်ကလေး "

" ဟုတ်တယ်လေ ဒီအိမ်လေးက ကိုယ်တစ်ပတ်မှာ တစ်ရက် အနားယူ အပန်းဖြေတဲ့နေရာလေးပေါ့ စိတ်ညစ်ညူးစရာတွေအားလုံး နေရာလေးရောက်ရင် ကင်းစင်သွားတယ် ဒီအိမ်လေးကို 'အိပ်မက်တုံ' ကိုယ်နာမည်ပေးထားတယ် "

သူ့စကားတွေကို ငွေ့ တအံ့တသြလေး မင်သက်နားထောင်နေမိ၏။ ငွေ့ဘယ်လိုမှ ထင်မှတ်မထားသော နေရာလေးပဲ ဖြစ်၏။

" ဟောဒီခြံကြီးထဲမှာ စားပင်သီးပင်ကြီးတွေ အစုံအလင်ရှိတယ် တိုက်လေးအနောက်ဘက်မှာ နှင်းဆီပန်းစိုက်ခင်းကြီးရှိတယ် စောစောက တွေ့ခဲ့တဲ့ ဦးဖထီးတို့ သားအမိ စိုက်ပျိုးနေထိုင်ကြတာ ကဲ ကိုယ်မိတ်ဆက်ပေးတဲ့ အိပ်မက်တုံလေးကို ငွေ့ မြင်ပြီလား "

" ထိက သိပ်စိတ်ကူးယဉ်ဆန်တာပဲနော် "

" စိတ်ကူးယဉ်ဆန်တာ မဟုတ်ပါဘူး ငွေ့ရယ် ဘဝရဲ့ မွန်းကြပ်မှုတွေ ဖြေဖျောက်ဖို့ ကိုယ်ဖန်တီးထားတာ ဘယ်လောက်အေးချမ်းသလဲ "

ထိစကားကိုတော့ ငွေ့ လက်ခံရမည်။ အေးမြသောအရိပ် ညိုပါးလွတ်လပ်သော ခံစားမှုနှင့် သန့်ရှင်းသော လေတို့၏ အရသာက စိတ်ကို လန်းဆန်းကြည်လင်စေတာ အမှန်။

" ငွေ့နဲ့မတွေ့ခင်က တစ်ပတ်ကိုတစ်ရက် ကိုယ် ဒီအိပ်မက်တုံ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ရောက်တယ် ငွေ့နဲ့ဆုံပြီး တစ်လလောက်ရှိပြီ ဒီကိုမရောက်ဖြစ်တာ ငွေ့ကို ရောက်စေချင်လို့ ခေါ်လာခဲ့တာလေ ကဲ အထဲဝင်ရအောင် ငွေ့ အိပ်မက်ဘုံက ကြိုဆိုပါတယ် ''

တိုက်တံခါးသော့လေးကို သူကိုယ်တိုင်ဖွင့်ကာ ရှေ့မှလှမ်းဝင်တော့ ငွေ့ လိုက်ဝင်ခဲ့ရသည်။

ဧည့်ခန်းလေးက ရှင်းသန့်နေသည်။ နံရံမှာ ကပ်ထားသော ရှုခင်းပန်းချီကားတွေက အေးချမ်းစေ၏။ အမြင်ငြိမ်းချမ်းသော အပြာရောင်ခန်းဆီးတွေနှင့် မှန်တံခါးကျယ်ကြီးက အလင်းရောင်ကောင်းမွန်စွာ ခံစားရစေသည်။

ပရိဘောဂပစ္စည်းဆိုလို့ ကျွန်းဗီရိုကြီးတစ်လုံးနှင့် ရှိုးကေ့စ်တစ်လုံးသာရှိ၏။ အခန်းအလယ်က အညိုရောင်မှန်ချပ်ခံထားသော စားပွဲရှည်ပုလေးနှင့် အံစက်သော ရေမြှုပ်ဆိုဖာထိုင်ခုံကြီးတွေကလည်း အပြာရောင်နုနုမို့ အမြင်ငြိမ်းအေးစေသည်။

'' အထဲမှာ အိပ်ခန်းနှစ်ခန်း ရေချိုးခန်း အိမ်သာ မီးဖိုခန်း စာကြည့်ခန်း စားသောက်ခန်း အစုံပါတယ် ငွေ့ရဲ့ ''

သူ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ပြတာကို ငေးကြည့်ရင်း ငွေ့ စိတ်ကလေးတွေ ငြိမ်းချမ်းလာရ၏။

'' လာ ငွေ့ ငွေ့ သိပ်သဘောကျမယ့် မြင်ကွင်းတစ်ခု ကိုပြမလို့ ''

သူ ဦးဆောင်ခေါ်သည့်အတိုင်း တိုက်အိမ်အနောက်ဘက်ခန်း





ဆီသို့ ငွေ့ လိုက်ခဲ့ရပြန်သည်။

မှန်တံခါးကျယ်ကြီးတွေမှာ ခန်းဆီးပြာတွေ တပ်ဆင်ထားသော အခန်းက လေသာဆောင်လေးလို ရှိနေ၏။

'' ဟင်း . . . ထိ လေသာဆောင်ကလည်း အိမ်အနောက်ဘက်မှာနော် အဆန်းပဲ ''

'' ငွေ့မျက်လုံးတွေ ခဏလောက် မှိတ်ထားလိုက်လေ ''

'' ဘာလုပ်မလို့လဲ ထိရဲ့ ''

'' မျက်လှည့်ပြမလို့ ခဏလေး အလွန်ဆုံး စက္ကန့်သုံးဆယ်ပေါ့''

ငွေ့ ခေါင်းကလေးညိတ်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်၏။

ငွေ့စိတ်ထဲက စက္ကန့်တွေကို ရေတွက်ကြည့်နေမိသည်။

'' ခုနှစ် . . . ရှစ် . . . ကိုး . . . တစ်ဆယ် ''

သင်းပျံ့ထုံဆီသော ပန်းရနံ့က နှင်းဆီပန်းရနံ့တွေဟု ငွေ့သိနေ၏။ မျက်ဝန်းတွေ ဖွင့်ကြည့်ချင်လှပေမယ့် ငွေ့ မဖွင့်မိသေးပါ။

'' ရပြီ . . . ငွေ့ မျက်လုံးတွေ ဖွင့်လိုက်တော့ ''

သူ့အသံကြားမှ ငွေ့မျက်ဝန်းအစုံကို ဖွင့်ကြည့်မိသည်။ ငွေ့ရင်ခုန်သံအဟောင်းသား မင်သက်စေသော မြင်ကွင်း

အပြာရောင်ခန်းဆီးတွေ ဖယ်လိုက်သော မြင်ကွင်းထဲမှာ ရဲရဲနီသော နှင်းဆီပန်းခင်းကြီးကို မြင်နေရသည်။

မှန်ပြတင်းတံခါးကြီးတွေကို ဖွင့်ထားတာမို့ လေပြည်နှင့်အတူ ကြိုင်မွှေးသော နှင်းဆီရနံ့က စူးစူးလေး သင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ အံ့သြသော မျက်နက်ဝန်းလေးတွေနှင့် သူ့ကို လှမ်းကြည့်
တော့ သူ ငွေ့ကို ပြုံးပြုံးလေး ငေးကြည့်နေ၏။

" အံ့သြစရာကောင်းလိုက်တာ နှင်းဆီပန်းခင်းကြီးက အကျယ်
ကြီးပဲနော် "

" အဲဒါ ကိုယ်စိုက်ခိုင်းထားတာပေါ့ ငွေ့ရဲ့ ဦးဖထီး
သားအဖကို ဒီနှင်းဆီခြံကြီး ပေးထားခဲ့တာ သူတို့အတွက် ဝင်ငွေကောင်း
တယ် ကိုယ့်အတွက်လည်း အဆင်ပြေတယ် နှင်းဆီပန်းရနံ့ကို ကိုယ်
သဘောကျတယ် ငွေ့ရဲ့ "

" ငွေ့လည်းကြိုက်တယ် မွှေးနေတာပဲနော်. . . အား. . . ဖိ "

ငွေ့ ခေါင်းလေးမော့ မျက်လုံးလေးမှိတ်ကာ အားပါးတရ ရှူရှိုက်
ကြည့်လိုက်မိသည်။

ထုံအီသော ရနံ့တွေက သွေးထဲအထိ စိမ့်ဝင်သွားသလို ရှိ၏
ငွေ့ မျက်ဝန်းလေး ပြန်ဖွင့်မိတော့ ထိ ငွေ့ အနားမှာ ရောက်နေ၏

မျက်ဝန်းတွေ စကားသံကင်းမဲ့စွာ စက္ကန့်ပေါင်းများစွာ ဆုံမိကြ
၏။ ငွေ့ရင်တွေ တလှပ်လှပ်။ သူ့အကြည့်တွေထဲမှာ ဆွဲငင်ခံထားရပြီလား

" ငွေ့ရယ် သိပ်ချစ်တာပဲကွာ "

သတိထားမိတော့ သူ့ရင်ခွင်ကျယ်ကြီးထဲကို ငွေ့ ရောက်နေ၏
ငွေ့စွဲမက်တွယ်ငြိခဲ့ရသော ရေမွှေးရနံ့ ထုံအီအီလေးကို ရှူရှိုက်ရတော့
အသက်ရှူမှားမတတ်ပါဘဲ။

" ငွေ့ ကိုယ့်ရင်တွေ အရမ်းခုန်နေတယ် "





ငွေ့ နားအနားတိုးကပ်ကာ လှိုက်မောသံနှင့် သူဆို၏။ ငွေ့
သူ့ကို မော့ကြည့်မိ၏။

နဖူးပြင်လေးမှာ နွေးခနဲအနမ်းတစ်ပွင့် ကြွေ၏။ ငွေ့ရင်ခုန်သံ
တွေ တားဆီးမရတော့ဘူး ထိရယ်။

ပါးပြင်နုနုမှာ အနမ်းတို့ ဆက်ကြွေဆင်းတော့ ငွေ့ မျက်နှာလေး
ပေါ်ကို နှင်းဆီပွင့်ဖတ်နီတွေ ဖြန့်ကျဲခင်းလိုက်သည့်အလား။

ငွေ့ မျက်တောင်ကော့လေးတွေ စင်းကျသွားခဲ့သည်။

နှုတ်ခမ်းမှာ ပူနွေးစိုစွတ်သော အထိအတွေ့နှင့် ရှိန်းမြသွားခဲ့၏။

သူ့ရင်ခွင်ကျယ်ကြီးထဲမှာ နစ်မြုပ်ရင်း ငွေ့လက်ဂုတ်တွေကလည်း
သူ့ကျောပြင်ကျယ်ကြီးကို ပွေ့ဖက်ထားမိသည်။

ရှိန်းမြမြ အနမ်းတို့အောက်မှာ နှင်းဆီရနံ့တွေကိုလည်း ငွေ့
မေ့လျော့နေခဲ့သည်။

ချစ်ခြင်း၏ဆွဲအားမှာ ငွေ့ လွင့်မျောပါသွားလုလု. . .

ထိမျက်နှာလေးက ငွေ့ မျက်နှာပေါ်မှ ဖယ်ခွာသွားခဲ့သည်။

" ငွေ့ မင်းလေးကို ကိုယ်မြတ်နိုးမှုသက်သက်ပါ မခြေရက်
ပါဘူးကွာ "

" ထိ. . . ရယ် "

သူ့ရင်ခွင်ကျယ်ကြီးထဲမှာ အရှက်မျက်နှာလေးအပ်ရင်း
ကျောပြင်ကို ငွေ့ တင်းတင်းပွေ့ဖက်ထားမိ၏။

ရင်ခုန်သံတွေ စက္ကန့်မှ မိနစ်တိုင်အောင် ပေါင်းစည်းသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြခဲ့

" ငွေ့ နှင်းဆီခြံထဲ ဆင်းရအောင် ငွေ့ အိမ်ပြန်ရင် လက်ဆော
ခူးပေးလိုက်မယ် "

" တ[illegible]ယ်နော် "

" တကယ်ပေါ့ ငွေ့ရယ် ကဲ လာ ခြံထဲဆင်းကြမယ် ပြီး
ဖထီးရဲ့ဇနီး ဒေါ်လေးဝိုင်းလက်ရာနဲ့ မနက်စာ စားကြမယ် အပြန်
နှင်းဆီလက်ဆောင်တွေ ပေးလိုက်မယ်နော် "

ငွေ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားသော သူ့လက်ဖဝါးလေး
နွေးထွေးနေခဲ့၏။

အိပ်မက်ဘုံလေးထဲမှာ ငွေ့ အရာအားလုံးကို မေ့လျော့ကြည်
ခဲ့ရတာ ဘယ်တော့မှ မမေ့နိုင်ခဲ့ပါ။

ငွေ့ပြန်တော့ သူကိုယ်တိုင် နှင်းဆီပန်းတွေ တပွေ့တပိုက်ကြ
သယ်ယူလာ၏။

" ဟယ် . . . အများကြီးပဲ "

" ဘုရားတင် အလှဆင်ပေါ့ ငွေ့ရယ် ကြာရှည်ခံအောင်
ပန်းဖူးလေးတွေပဲ ခူးလာခဲ့တာ နေဦး ဒါက ငွေ့ ခေါင်းမှာ ကိုယ်ပန်ပေး
မလို့ "

နှင်းဆီဖြူတစ်ပွင့်ကို သူ ငွေ့ခေါင်းမှာ ပန်ဆင်ပေးမည်ပြုတော့
ငွေ့ အလန့်တကြား ခေါင်းခါငြင်းရင်း

" မလုပ်နဲ့ထိ မပန်ပါနဲ့နော် "





" ဘာလို့လဲ ငွေ့ရဲ့ "

" ဟို . . . ဟိုလေ နှင်းဆီပန်ရင် လွဲတတ်တယ်တဲ့ "

ငွေ့ မဝံ့မရဲလေးဆိုတော့ ထိ နွေးနွေးကလေး ပြုံးရင်း

" အဲဒါက နှင်းဆီနီမှလေ ဒါက နှင်းဆီဖြူပါ ငွေ့ရဲ့ ကိုယ့်ရဲ့
ဖြူစင်မြတ်နိုးခြင်း သင်္ကေတပေါ့ "

ငွေ့ဆံနွယ်ခွေလိပ်တွေ ကြားထဲမှာ သူ နှင်းဆီဖြူလေးကို
ညင်သာစွာ ပန်ဆင်ပေးတော့ ငွေ့ ရှက်ပြုံးလေးနှင့် ခေါင်းငုံ့ထားမိသည်။

" ငွေ့ မော့ကြည့်ပါဦး "

ငွေ့ မေးဖျားလေးကို ပင့်ကာ သူ မော့စေ၏။ နဖူးပေါ်ကို
အနမ်းတစ်ပွင့် နွေးခနဲ လွင့်လာသေး၏။

" ပြန်ကြစို့နော် ငွေ့တို့ လမ်းထိပ်အထိ ကိုယ်လိုက်ပို့ပေးမယ်"

ငွေ့ခေါင်းကလေးညိတ်တော့ သူ တိုးတိုးလေး ဆိုပြန်၏။

" ဒီနေ့လေးကို ကိုယ့်တစ်သက် မမေ့တော့ဘူး "

" ငွေ့လည်း အိပ်မက်ဘုံလေးကို ဘယ်တော့မှ မမေ့ပါဘူး
ဆီရယ် "

" ရော့ ငွေ့ ဒီသော့လေးကို ယူထား ငွေ့အချိန်မရွေး
အိပ်မက်ဘုံလေးမှာ လာနေခွင့်ရှိတယ် ကိုယ်မပါတဲ့ရက်တွေမှာလည်း
ယဉ်ကျေးတို့ ပိုးပိုးတို့နဲ့လာပေါ့ ဦးဖထီးတို့ကို ကိုယ်ပြောထားတယ် ငွေ့ဖို့
သိချင်တာ မှန်သမျှ သူတို့စီစဉ်ပေးလိမ့်မယ် "

" ကျေးဇူးပဲ ထိ ယဉ်ကျေးတို့ရောက်ရင် ဒီနေရာလေးကို



www.burmeseclassic.com

www.burmeseclassic.com



သဘောကျသွားမှာ သေချာတယ် ''

'' ငွေ့ စိတ်တိုင်းကျနေပါ ကိုယ်ခွင့်ပြုတယ် ကဲ သွားရအောင်နော် ''

ငွေ့နံဘေးမှာ မားမားမတ်မတ် ရှိနေသော ထိမျက်နှာကို ငွေ့ မြတ်နိုးစွာ မော့ကြည့်လိုက်မိ၏။

သေချာပါတယ်။

အချစ်ဆိုတဲ့အရာကို ငွေ့ အသေအချာ ရှာဖွေတွေ့ရှိခဲ့ပါပြီ မျက်ဝန်းတွေထဲက စကားလုံးတွေက နှုတ်ဖျားက စကားတွေထက် ပိုပြီး လေးနက်တတ်တယ်ဆိုတာ. . .။

✿ ✿ ✿ ✿ ✿



## အခန်း (၂၆)

နေ့လည်ပိုင်းမှာ နှင်းဆီပန်းစည်းကြီး ပွေ့ပိုက်ပြီး ရင်ငွေ့ ပြန်ရောက်လာတော့ မာမီတအံ့တသြနဲ့

'' ဟင်. . . ဘယ်ကနှင်းဆီတွေလဲ သမီး အများကြီးပါလား''

'' ယဉ်ကျေးနဲ့သူ့ဦးလေးတစ်ယောက်ရဲ့ နှင်းဆီခြံသွားရင်း ယူလာတာပါ မာမီ ''

'' ဒီလောက်အများကြီးကို အလကား ယူလာရသလား သမီးရယ်''

'' ယဉ်ကျေးဦးလေးက ပိုက်ဆံပေးတာ မယူဘူး မာမီရဲ့ သူ့နှင်းဆီခြံကြီးက အကျယ်ကြီးပဲ သိလား နောက်လည်း လိုချင်ရင် လာယူတဲ့ ''

'' မလုပ်ပါနဲ့ သမီးရယ် နှင်းဆီက ဈေးကောင်းတယ် သူ့ခြံ မှီးသွားရှာနေတာ ခဏ ခဏဆိုတော့ မကောင်းပါဘူး အခုလည်း အများကြီးပဲ သမီးဘာလုပ်မလို့လဲ ''



www.burmeseclassic.com

www.burmeseclassic.com



" ဘုရားပန်းတင်မယ် အိမ်မှာရှိသမျှ အလှပန်းအိုးတွေ
ဆင်မယ် "

" အင်း ကောင်းပါတယ် သမီးလည်း ကုသိုလ်ရတာ
ဝေးတဲ့သူအတွက်လည်း ကုသိုလ်ရတာပေါ့ကွယ် "

ငွေ့ကိုယ်တိုင်ပဲ ဘုရားပန်းအိုးတွေထဲမှာ နှင်းဆီရနံ့
လှိုင်နေအောင် ကပ်သည်။

ညှော်ခန်းထဲက အလှပန်းအိုး၊ ဒယ်ဒီ့စာကြည့်ခန်းပါမကျ
နှင်းဆီပန်းတွေနှင့် အလှဆင်သည်။

တစ်အိမ်လုံးမွှေးပျံ့နေသော နှင်းဆီရနံ့တွေကြောင့် ငွေ့
စိတ်ကလေးတွေ ကြည်နူးလန်းဆန်းနေရ၏။

ရေမိုးချိုးပြီးတော့ ကျန်ရှိနေသေးသော နှင်းဆီပန်းတွေကို ငွေ့
အခန်းထဲမှာပဲ တင်ထားလိုက်၏။

ထမင်းဝိုင်းမှာ မာမီတို့နှင့်အတူ စားသောက်ပြီးတော့ ငွေ့
အိပ်တော့မည်ဟု အကြောင်းပြကာ အခန်းထဲဝင်ခဲ့သည်။

စားပွဲပေါ်မှာ တင်ထားသော နှင်းဆီပန်းရောင်စုံတွေ
ကြည့်ရင်း ငွေ့ ခေါင်းထဲကို အတွေးတစ်ခု ဝင်လာ၏။

နှင်းဆီပွင့်ဖတ်တွေကို ချွေဖဲ့ပြီး အိပ်ရာပေါ်မှာ ငွေ့ ဖြန့်ခ
ပစ်လိုက်၏။

ပြီးတော့ အခန်းတံခါးပိတ်ကာ ငွေ့ နှင်းဆီမွေ့ရာကြီးပေါ်
အသာ လှဲအိပ်ပစ်လိုက်၏။





စားပွဲပေါ်က ဖုန်းလေးကို လှမ်းယူပြီး ဂဏန်းလေးတွေကို
ငွေ့ ဖိနှိပ်ခေါ်လိုက်သည်။

]] [ ျ မ.. "

" ထိ . . . လား . . . ငွေ့ပါ "

" ဟင် ငွေ့ စောစောစီးစီးပါလား "

" ဟုတ်တယ် အခု ငွေ့ ဘာလုပ်နေသလဲ သိသလား "

" ဘယ်သိမှာလဲ ငွေ့ရဲ့ "

" ထိ စဉ်းစားကြည့်လေ "

" ဘာလဲ ကိုယ့်ကို ပဟေဠိ ပြန်လုပ်နေတာလား ရတယ်
...ဆို ပြောကြည့်မယ် အခု ငွေ့ အိပ်ယာထဲမှာဆိုရင် . . . "

" ထိနော် မညစ်စုတ်နဲ့ "

" ဟား . . . ဟား . . . မသိဘူးလေ ထင်တာရမ်းပြောရမှာကို"

" ပေါက်ကရမပြောနဲ့ အခုထိ အိပ်ရာပေါ်မှာ သိလား "

" ဟုတ်လား ဒါဆို အိပ်ပြီးဖုန်းပြောချင်ပြောမယ် ဒါမှမဟုတ်
...ပြီး ပြောပြမယ် ဒါမှမဟုတ် မိုးပေါ်ခြေနှစ်ချောင်းထောင်ပြီး ဖောက်ထိုး
...ပြောနေသလား တစ်ခုခုပဲ "

" ထိ . . . "

" အားလားလား နားကန်းမတတ်ဘဲ "

" ကန်းပစေပေါ့ ပေါက်ကရတွေ ပြောနေတာကိုး ငွေ့ ထိ
...ထဲကဘာသံတွေလဲ မှိန်းမသံတွေလိုပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် အခု ကိုယ့်အခန်းထဲမှာ အိန္ဒြာလေးကော သက်မွန်လေးကော ရှိနေတယ် "

" ထိ ဘာဖြစ်လို့ မျက်နှာပြောင်နေတာလဲ "

" ဗုဒ္ဓေါ ကိုယ့်မျက်နှာကို ဘယ်လိုမြင်လိုက်တာလဲ "

" တော်ပြီ ဖုန်းချလိုက်တော့မယ် "

" ဟာ. . . မလုပ်နဲ့ စတာပါကွာ ကိုယ်အခု ရေချိုး ထမင်းစား ပြီးလို့ ညည့်ခန်းထဲမှာ ဗီဒီယိုဇာတ်ကား ထိုင်ကြည့်နေတာ အိန္ဒြာနဲ့သက်မွန် တို့ ပါတဲ့ကား "

" တီဗွီကြီး ပိတ်လိုက်စမ်းပါ ပြီးရင် ငွေ့စကားကို နားထောင် "

" ကောင်းပါပြီဗျာ "

ဖုန်းထဲက အသံတွေပျောက်သွား၏။ သည့်တော့မှ ငွေ့ ကျေကျေနပ်နပ်လေးပြုံးရင်း ထိအသံလေးကို နားစွင့်နေလိုက်၏။

" ကိုင်း ပိတ်လိုက်ပြီ ငွေ့ ပြော ကိုယ်နားထောင်နေပြီလေ "

" ငွေ့လေ ထိ ပေးလိုက်တဲ့ နှင်းဆီပန်းတွေ ဘုရားမှာ တင်ထားတယ် တစ်အိမ်လုံး မွှေးအီနေအောင် အလှဆင်ထားတယ် အခု ပိုနေတဲ့နှင်းဆီတွေကို ပွင့်ဖတ်လေးတွေချွေပြီး နှင်းဆီမွှေ့ရာ လုပ်အိပ်နေတာ "

" ဟာ ဟုတ်လား တကယ် စိတ်ကူးကောင်းတာပဲ ငွေ့ "

" တစ်ခန်းလုံး နှင်းဆီရနံ့တွေ ဝေနေတာပဲ သိလား "

" ဟာ ဒါဆို ကိုယ်တောင် ငွေ့အခန်းထဲ ပြေးလာကြည့်ချင် လိုက်တာကွာ "

" လာခဲ့လေ. . . အဟင်း. . . ဟင်း "

" မရယ်နဲ့ ကိုယ်အခု တကယ်လာမှာ ငွေ့ အိပ်ခန်းပြတင်း တံခါး ဖွင့်ပေးထားနော် "

" ဟော့ ထိ ငွေ့ အလကားနောက်တာကို တကယ်မလာနဲ့ "

" ဟား. . . ဟား ကောင်မလေး တကယ်မှတ်လို့ လန့်သွား တယ် မဟုတ်လား မျက်လုံးကြီးကို ပြူးသွားတယ် "

" အံမယ် ဘာလို့လန့်ရမှာလဲ "

" တကယ် မလန့်ဘူးလား ဒါဆို မလန့်ဘူးဆိုတဲ့ နှုတ်ခမ်း လေးကို ဒဏ်ခတ်မယ် ကဲ "

" အို. . . ထိ. . . ဘာတွေပြောမှန်း မသိဘူး. . . သွား "

" ဟား. . . ဟား. . . ဟား "

ငွေ့ တကယ်ပဲ ရင်လေးလှိုက်ခတ်ကာ ဖုန်းလေးကို ပိတ်လိုက်မိသည်။ အနမ်းခြေရာ ထင်ခဲ့သော နှုတ်ခမ်းလေးတွေကို အသာစမ်းကိုင်ကြည့်မိသေး၏။

ထိရယ်။ အနမ်းတွေအောက်မှာ စွဲလမ်းစွာ ယစ်မူးတိမ်းညွတ် သူက ငွေ့ရယ်ပါ။

ပူနွေးနေတဲ့ အနမ်းတွေက အိပ်မက်တွေ မဟုတ်ခဲ့ပါဘူး။ တကယ်ဆို ဆွဲငင်အားကြီးမားတဲ့ ထိရဲ့ချစ်ခြင်းမှာ ပျော်ဝင်ခဲ့သူက ငွေ့ပါပဲ။







www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံး အိပ်မက်တစ်ခုလို ပျောက်မသွားပါရစေနဲ့။

✿ ✿ ✿ ✿ ✿



## အခန်း (၂၇)

" ရှိန်းက သမီးကိုလည်း ခွင့်တောင်းပြီးပြီဆို ဟုတ်လား သမီး "

" ဟုတ်တယ် မာမီ "

" မာမီက မင်္ဂလာပွဲကို ရက်ရွှေ့ချင်တာ မဟုတ်ဘူး မဆုံနဲ့ အသေအချာ စီစဉ်ပြီးမှ နောက်ဆုတ်ရမယ်ဆိုတော့ အင်းလေ သမီးကလည်း နားလည်လက်ခံတယ်ဆိုတော့ ဘာဖာတ်နိုင်မှာလဲ "

ရှိန်းဘက်က အစီအစဉ်ပြောင်းကာ မင်္ဂလာပွဲ ရက်ရွှေ့လိုက်တာကိုတော့ မာမီမလိုလားမှုန်း ထင်ရှားနေ၏။ ငွေ့ကတော့ ကျေနပ်ဝမ်းသာစိတ်ကို ဖုံးကွယ်ရင်း

" ရှိန်းက အခွင့်အရေးရတုန်း ကြိုးစားချင်တယ်တဲ့ မာမီ အခု သူနဲ့လာတွေ့တဲ့ နိုင်ငံခြားက လုပ်ငန်းရှင်တွေက ဒီမှာ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခု တည်ထောင်မှာလေ "

" မဆု မာမီကို ပြောပြပါတယ် ရှိန်းကလည်း သမီးနဲ့သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အနာဂတ်အတွက်တဲ့လေ ဒီတော့ မာမီမှာ ငြင်းရခက်ခဲ ဖြစ်နေတာပေါ့ ''

'' မာမီက ဘာဖြစ်လို့ ဖွတ်အတင်းစီမံနေချင်ရတာလဲ ''

'' အသေအချာ စီမံ မင်္ဂလာဝတ်စုံ အပ်ပြီးမှ ရက်ရွှေ့သွားတာ မသင့်တော်ဘူးလေ သမီးရဲ့ အနည်းနဲ့အများ သိက္ခာထိခိုက်စရာ ဖြစ်တာ ပေါ့ ''

'' ဘယ်သူသိလို့လဲ မာမီရယ် မင်္ဂလာဖိတ်စာတောင် ရိုက်ထား သေးတာ မဟုတ်ဘဲနဲ့ ''

'' မာမီနဲ့ ခင်မင်ရင်းနှီးတဲ့ အသိုင်းအဝိုင်းကို အသိပေးထား တာတော့ ရှိတာပေါ့ သမီးရဲ့ နောက်လထဲ မင်္ဂလာပွဲလုပ်မယ် ပြောထားတာ ''

'' မာမီကလည်း ဘာမှမဖြစ်သေးဘူး ဘာလို့လျှောက်ပြော ရတာလဲ ''

'' ဟဲ့ ပြောရမှာပေါ့ သေချာပြီဆိုပြီး မာမီကော မဆုံ တတွဲတွဲ သွားလာနေတော့ မေးကြတယ် ဒီတော့ ပြောရတာပေါ့ ''

'' ကဲပါ မြတ်ရယ် မင်းတို့မိတ်ဆွေခြင်း ဆုံလို့ကြုံလို့ ပြော တာ ပြဿနာမဟုတ်ပါဘူး ဖိတ်စာပေးပြီး ကြေငြာထားတာမှ မဟုတ် ဘဲကွာ ''

တစ်ချိန်လုံး ငြိမ်သက်နေသော ဒယ်ဒီက ဝင်ပြောမှပဲ မာ နှုတ်ဆိတ်သွားတော့သည်။ ဒါပေမဲ့ မာမီ့စကားက အဆုံးမသတ်သေးခဲ့





'' မြတ် စဉ်းစားမိတာ မင်္ဂလာပွဲ မဟုတ်တောင် စေ့စပ်ပွဲ လုပ်ထားရင် ကောင်းမလားလို့ ''

'' ဟာ မာမီကလည်း မဟုတ်တာ ''

'' ဘာမဟုတ်တာလဲ သမီး ''

'' ဟို မာမီပဲ စဉ်းစားကြည့်လေ စေ့စပ်ပွဲဆိုတာလည်း အလုပ်တွေ ရှုပ်ဦးမှာပဲ ရှိန်းက လုံးဝအားလပ်တာ မဟုတ်ဘူး ''

'' ဘာခက်တဲ့ကိစ္စမလို့လဲ လူကြီးစုံရာနဲ့ အသိသက်သေတွေ ခေါ်ပြီး နာရီပိုင်းလောက်ပဲ စီစဉ်ရမှာလေ ''

'' မာမီရယ် ကသုတ်ကရိုက်နဲ့ စီစဉ်ရမယ့်ပွဲကြီး မလုပ်ပါနဲ့ အမီလုပ်ပုံက သမီးသိက္ခာကျတယ် ရှိန်းကိုပဲမရရင် သမီးက ယောက်ျား ရတော့မယ့် အတိုင်းပဲ ''

ရင်ငွေ့ မာမီအစီအစဉ်ကို လက်မခံနိုင်တာမို့ ဖြေရှင်းချက်တွေ ပေးကာဖျက်နေတော့ မာမီ မကျေနပ်။ ဒယ်ဒီက. . .

'' သမီးပြောတာလည်း မှန်တယ် မြတ် မင်္ဂလာပွဲကြမှ တစ်ခါတည်း ခမ်းခမ်းနားနား စီစဉ်စမ်းပါကွာ မောင်ရှိန်းလည်း အလုပ်ကို စိတ်ဖြောင့်ဖြောင့်လုပ်ပါစေ မင်းလုပ်ပုံကြီးက ကိုယ့်သမီးသိက္ခာ ထိခိုက် သတယ် စေ့စပ်ပွဲလုပ်ပြီးမှ အကြောင်းတစ်ခုကြောင့် ပျက်ရင် ပိုဆိုးမယ် လေးတွေ ဆန္ဒမပါဘဲ မလုပ်နဲ့ ''

ဒယ်ဒီက ယတိပြတ်ဝင်ပြောတော့မှပဲ မာမီ နှုတ်ဆိတ်ငြိမ်သွား ရှိန်းနှင့်ရင်ငွေ့တို့ကိစ္စမှာ မာမီက ရင်ငွေ့ကို မယုံမရဲဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာ၏။

မာမီမျက်ဝန်းတွေက ရင်ငွေ့ကို အကဲခတ် ဂရုစိုက်နေတာ လည်း ရင်ငွေ့သိသည်။

ရင်ငွေ့ ဟန်မပျက်နေမှ။

✿ ✿ ✿ ✿ ✿



## အခန်း (၂၈)

တနင်္ဂနွေရက်က ထိ နားရက်ဆိုပေမယ့် တစ်ခါတစ်ရံမှာတော့ အတွက် တစ်နေကုန် နားခွင့်မရပါ။

ကုမ္ပဏီဆိုင်ခွဲများကိစ္စ၊ လုပ်ငန်းအစည်းအဝေးကိစ္စ၊ အရောင်း များကိစ္စတွေက ဝင်လာတတ်၏။

ထိုအခါမျိုးမှာ ထိ မနက်ပိုင်း တစ်ပိုင်းလုံး ရှင်းစရာကိစ္စများကို ပြတ်အောင် ရှင်းလင်းရ၏။ နေ့လည်ပိုင်း အလုပ်နားခွင့်ရတော့မှ

" ငွေ့. . . ကိုယ် အခုမှ အလုပ်ပြီးတာ ငွေ့ကို တွေ့ချင် ယ်ကွာ "

" ထိ ဘယ်မှာရှိမှာလဲ ငွေ့ လာခဲ့မယ်လေ "

" မစ္စတာဂစ်တာကို လာခဲ့လေ ကိုယ် အဲဒီကစောင့်မယ် "

တစ်ပတ်မှာ ဆုံခွင့်ရတာက တနင်္ဂနွေတစ်ရက်ထဲ။

သည့်ရက်လေးမှာ အလုပ်တွေ ရှုပ်တတ်သော ထိကို တွေ့ချင် မယ့် မတွေ့ရတော့ ငွေ့လည်းလွမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိ အလုပ်ပြီးလို့ ဖုန်းဆက်ချိန်ကို စောင့်နေသော ငွေ့ ...
ဖုန်းဆက်သွယ်မှုရလျှင် ဝမ်းသာကျေနပ်ရသည်။

အခုလည်း ထိခေါ်တော့ ငွေ့အပြေးကလေး ရောက်ခဲ့ ...
ပြန်သည်။

နှစ်ဦးသားဆုံတော့ စကားတွေဖောင်ဖွဲ့ရင်း ပြောမကုန်နိုင်ခဲ့ ...

" ငွေ့ . . . ငွေ့ကို ကိုယ်သိပ်ချစ်တယ် "

" ထိကိုလည်း ငွေ့ ချစ်ပါတယ် ထိရယ် "

" တကယ်လား ဒါဆိုရင် ငွေ့ကို ကိုယ်ခုချက်ချင်း နိုးသွားတော့ ...
မယ်ကွာ "

" ရှင် "

ငွေ့မျက်လုံးလေး ဝိုင်းစက်ကာ သူ့ကိုကြည့်တော့ သူ သဘော ...
ကျစွာ အသံလေးထွက်သည်အထိ ရယ်မောရင်း

" ဟား . . . ဟား ကောင်မလေး သိပ်ကြောက်သွားတယ် ...
မို့လား "

" မဟုတ်ပါဘူး ထိရယ် ရုတ်တရက်ကြီးဆိုတော့ ငွေ့ အံ့ဩ ...
သွားလို့ပါ "

" ကိုယ်က ချစ်လို့ကြည့်စယ်တာပါ ငွေ့ရယ် စိတ်ချ ငွေ့ ...
ကိုယ်က တန်ဖိုးထားပါတယ်ကွာ ကဲ ကိုယ်တို့နန်းခြံထဲ သွားရအောင်နော် "

ထိ စိတ်တိုင်းကျ ငွေ့ဆိုကာ ခေါင်းညိတ်တတ်တဲ့ စက် ...
ကလေးတစ်ရုပ်ပါ ထိရယ်။ နှစ်ဦးသား ဆိုင်ကလေးထဲက ထွက်ခဲ့ကြသည်။





ထိက ငွေ့လက်ကလေးကို ဆုပ်ကိုင်ထားတော့ ငွေ့ကလည်း ...
ထိ လက်မောင်းလေးကို မှီတွယ်ရင်း ခေါင်းကလေးမှီထားမိသည်။

သင်းပျံ့သော ရေမွှေးရနံ့လေးက ထုံအီသင်းပျံ့နေ၏။ ထိနှင့်ဆုံ ...
တွေ့စက သည်လိုရေမွှေးရနံ့လေးကို ငွေ့ရှူရှိုက်ခွဲလမ်းခဲ့ရသည်။

" မောင်မိုးထိမြင့် "

ရုတ်တရက် ခေါ်လိုက်သံနှင့်အတူ မျက်နှာချင်းဆိုင်မှာ ရပ်နေ ...
သော အမျိုးသမီးကြီးကို ထိကော ရင်ငွေ့ပါ မော့ကြည့်မိ၏။

" ဩော် . . . အန်တီ . . . ဘယ်သွားမလို့လဲ "

ထိက နှုတ်ဆက်မေးခွန်းလေးနှင့် ကြည့်နေပေမယ့် အမျိုးသမီး ...
ကြီးအကြည့်တွေက ရင်ငွေ့ဆီမှာ စူးစူးနစ်နစ် အကဲခတ်ကြည့်နေ၏။

ထိမိတ်ဆွေလားဟူသော အသိနှင့် ငွေ့ဆုပ်ကိုင်ထားသော ...
ထိလက်မောင်းကို အသာဖြေလွှတ်ပေးမိ၏။ ထိကတော့ ငွေ့လက်ကလေး ...
ကို ပိုလို့တောင် တင်းတင်းဆုပ်ထားဆဲရှိသည်။

" မြေးအတွက် မုန့်ဝင်ဝယ်တာကွဲ့ "

နှုတ်ကသာ ထိကို ဖြေပေးနေခဲ့တာဖြစ်သည်။ အမျိုးသမီးကြီး ...
အကြည့်တွေက ငွေ့မျက်နှာပေါ်မှ မခွာနိုင်ခဲ့ပါချေ။

ထိကလည်း မိတ်ဆက်မပေးတာမို့ ငွေ့အမျိုးသမီးကြီးကို ...
နှုတ်ခွန်းကလေးပဲ ပြုံးပြမိ၏။ ငွေ့ အပြုံးကို ဥပက္ခာပြုလျက် အမျိုးသမီး ...
ကြီးအကြည့်တွေက ထိဆီ ပြန်ဦးလှည့်သွားခဲ့၏။

ငွေ့ နားမလည်နိုင်အောင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအမျိုးသမီးကြီးပါလိမ့်။ တကယ်ဆို ထိရဲ့မိတ်ဆွေ ငွေ့က ခင်မင်အသိအမှတ်ပြုဟန်နှင့် ပြုံးပြမိတာကို အပြုံးလေးနှင့်တော့ တုံ့ပြန်သင့်သည်။ အခုတော့

“ မင်းအချိန်ရရင်လည်း အိမ်ကက်ကို ခဏလောက် လာခဲ့ပါဦး မောင်မိုးထိမြင့် ”

“ ဟုတ်ကဲ့ပါ အန်တီထား ”

ထိကတော့ တည်ငြိမ်စွာနှင့်ပဲ အန်တီထားဆိုသော အမျိုးသမီးကြီးကို ခွန်းတုံ့ပြန်၏။

“ ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်တီထား ”

အမျိုးသမီးကြီး ခေါင်းညိတ်ရင်း ထိဆီကို တစ်ချက်ကြည့်သည် ထိုအကြည့်တွေကလည်း အေးစက်နေဆဲ။

ထိဆွဲခေါ်ရာနောက်ကို ငွေ့ လိုက်ခဲ့ရပေမယ့် အမျိုးသမီးကြီးကိုတော့ နားမလည်နိုင်စွာ ပြန်လှည့်ကြည့်မိ၏။

ငွေ့နှင့်ထိတို့ ကားပေါ်တက်ကြချိန်အထိ ထိုအမျိုးသမီးကြီးက ရပ်ကြည့်နေဆဲပါလား။

“ ထိ အဲဒီအန်တီကြီးက ဘယ်သူလဲ ”

“ ကိုယ့်မိတ်ဆွေတစ်ယောက်ပါ ”

“ မိတ်ဆွေ ထိကို စကားပြောပုံက ရင်းနှီးသလို ရှိပေမယ့် ငွေ့ကို သူကြည့်ပုံက တစ်မျိုးပဲနော် ”

“ ငွေ့ ထင်လို့ဖြစ်မှာပါကွာ ”





“ မဟုတ်ဘူး ထိ အခုထိတောင် အဲဒီမိန်းမကြီး ရပ်ကြည့်နေတုန်းပဲ ထိ လှည့်ကြည့်လိုက် သူ့မျက်လုံးတွေက ငွေ့ကို မကျေမနပ်ဖြစ်နေသလိုပဲ ”

“ ဟာ . . . ငွေ့ရယ် ငွေ့နဲ့အခုမှ မြင်ဖူးသိဖူးကြတာ ဘာလို့ မကျေမနပ်ဖြစ်ရမှာလဲ အဲ တစ်ခုတော့ရှိတယ် အန်တီထားက မာနကကြီးကြီးလေ ထားလိုက်ပါကွာ ငွေ့နဲ့ပတ်သက်တာမှ မဟုတ်ဘဲ ”

“ ငွေ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ ထိ အခု ငွေ့တို့ကားထွက်လာတဲ့ အချိန်အထိ အဲဒီအန်တီကြီး ရပ်ကြည့်ကျန်ခဲ့တယ် ထိ ”

“ ကဲပါ ငွေ့ရယ် သူ့လုပ်ရပ်အတွက် ငွေ့ ဒီလိုခံစားရတယ်ဆိုရင် ကိုယ်ကြားထဲကပဲ အနူးအညွတ် တောင်းပန်ပါတယ်ကွာ နော် ကျေနပ်ပေးကွာ ငွေ့ ”

“ ထိက ဘာလို့တောင်းပန်ရမှာလဲ ထိတောင်းပန်ရမယ့်ကိစ္စမှ မဟုတ်တာ ငွေ့စိတ်ထဲမှာ အဲဒီအန်တီကြီးကိုပဲ ခံစားနေရတာ ”

ပင့်သက်မောတစ်ခု ထိဆီမှ ကြားရ၏။

ငွေ့ ထိကိုကြည့်ရင်း ရင်ထဲက တင်းကြပ်နေသော စိတ်ကို ဖြေလျှော့ပစ်လိုက်ရ၏။ ထိမိတ်ဆွေဆိုတော့ ထိ ထိုကိစ္စအတွက် အားနာနေတာ ထင်ရဲ့။

ထိစိတ်ထဲမှာ ညစ်ညူးသွားတာတော့ ငွေ့ မမြင်ရက်ပါ။

“ ကဲပါ ထိရယ် ငွေ့ စိတ်ထဲမှာ မရှိတော့ပါဘူး ဒီအန်တီကြီး များပြီး ငွေ့ကို ဆက်ဆံသွားတာ ဖြစ်နိုင်တာပဲ ”



www.burmeseclassic.com

www.burmeseclassic.com



ထိ ငွေ့ကို လှည့်ကြည့်သည်။ ငွေ့ နွေးနွေးကလေး ပြုံးပြလိုက်မိသည်။

ငွေ့ကြောင့် ထိ စိတ်မညစ်ညူးစေချင်ပါ။

" ငွေ့ကို ကိုယ်သိပ်ချစ်သွားပြီ သိလား ငွေ့ ကိုယ့်အပေါ်ကို ငွေ့က အရိပ်ကြည့် ချစ်တဲ့သူပါကွာ "

ထိဆိုတော့ ငွေ့မျက်နှာလေး ရှက်ရိပ်တို့ စွန်းထင်ရသည်။ ငွေ့ရင်ထဲက နှလုံးသားကို ထိမြင်တတ်ခဲ့ပြီလား ထိရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၂၉)

အိမ်ပြန်ရောက်တော့ ငွေ့ရင်ထဲက မတင်မကျစိတ်တွေ ပြန်နှောလည်လာရ၏။ အာရုံထဲမှာ ဆုံခဲ့သော အန်တီထား မျက်ဝန်းအကြည့်တွေကို ပြန်မြင်ယောင်လာသည်။

" ကိုယ် ကြားထဲကပဲ အနူးအညွတ် တောင်းပန်ပါတယ်ကွာနော် "

ထိ တောင်းပန်စကားတွေကိုလည်း ငွေ့ ပြန်ကြားယောင်လာမိသည်။

အန်တီထားဆိုသော မိန်းမကြီးအတွက် ထိဘာကြောင့် ကြားထဲက တောင်းပန်ခဲ့ရတာလဲ မသိတော့ပါ။

ဒါ ထိနှင့် မသက်ဆိုင်ဟု ငွေ့ထင်သည်။

အသေအချာ ပြန်မြင်ယောင်ကြည့်မိလေလေ အန်တီထား၏ မျက်ဝန်းတွေထဲမှာ အလိုမကျမှုတွေကို ငွေ့ တရိပ်ရိပ် ခံစားမိရှိလာရလေလေ ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ။ အန်တီထားနှင့် ငွေ ဘယ်လိုဆက်နွယ်ပတ်သက်ခဲ့ဖူးသလဲ။

ငွေ မသိနိုင်ခဲ့တာလား။ အန်တီထားက ငွေ့ကို သိနေခဲ့တာလေ။

" သမီးလေး "

မာမီအသံကြားမှပဲ ငွေ အတွေးစလေး ပြတ်တောက်ကာ လှည့်ကြည့်မိသည်။

" ဘာလဲ မာမီ မာမီ ဘာပြောမလို့လဲဟင် "

" သြော် နေ့လယ်က မဆုလာသွားတယ် သမီး မနက်ဖြန်ကျ သိမ်းရဲ့မွေးနေ့တဲ့ အဲဒါ သမီးကို လာခဲ့ပါဦးတဲ့ "

ရှိန်းရဲ့ညီငယ် သိမ်းကမ္ဘာရဲ့ မွေးနေ့ဆိုတော့လည်း ငွေ့အတွက် မဖြစ်မနေ သွားရမည့်ပွဲ ဖြစ်နေသည်။

" မာမီနဲ့ဒယ်ဒီတော့ မနက်အလုပ်သွားရင်း အတူဝင်သွားလိုက်မယ် သမီးကော အတူလိုက်မှာလား "

" ဟင့်အင်း မာမီတို့ ဝင်သွားနှင့်လိုက်ပါ သမီးဘာသာ အေးဆေးမှပဲ သွားလိုက်တော့မယ် "

ငွေ ပြောလိုက်ပေမယ့် မာမီက အခန်းထဲက ထွက်မသွားသေးဘဲ ခုတင်စွန်းမှာ ဝင်ထိုင်သည်။ ငွေ့မာမီမျက်နှာကို အကဲခတ်ကြည့်ရင်း

" မာမီ ဘာပြောစရာ ရှိသေးလို့လဲ "





" ပြောစရာ မရှိပါဘူး သမီးရယ် မေးစရာလေး ရှိလို့ပါ ဒီရက်တွေမှာ သမီးအပြင်ထွက်တာ အရမ်းများနေသလားလို့ နေ့လည်ကလည်း ညနေအထိ သမီးဘယ်သွားနေတာလဲ "

" ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နဲ့ ပြန်ဆုံလို့ပါ မာမီရဲ့ "

မာမီကို မျက်နှာချင်း မဆိုင်ရဲဘဲ ရင်ငွေ့ မျက်နှာလွှဲကာ ဆိုမိ၏။ ဘယ်တုန်းကမှ မိဘကို မလိမ်ညာတတ်တဲ့ ရင်ငွေ့ အခုတော့ သောဝါဒကို ကျူးလွန်မိတာ ကြာနေခဲ့ပြီ။

" အင်း မာမီ့သမီး ပြောင်းလဲနေတာတော့ အမှန်ပဲ ဆိုင်ကို ဆောင် တစ်ခါမှမလိုက်တော့ဘူး လည်လိုက်ပတ်လိုက် သူငယ်ချင်းတွေဆီ သွားလိုက်ပဲ လုပ်နေတယ် ဘာလဲ အိမ်ထောင်မကျခင် စိတ်တိုင်းကျ ပျော်လပ်မှု အပြည့်အဝ ယူနေတာလား "

ငွေ့ မာမီစကားခြေရာအတိုင်း နှင်းလျှက် ပြုံးပြုံးကလေးပဲ ငုပ်နေလိုက်ပါသည်။ မာမီက ငွေ့ကို ပြုံးပြုံးလေးကြည့်ရင်း

" မနက်ဖြန်ကျ မာမီနဲ့မဲဆုတို့ မဒီဆိုင်မှာ သမီးရဲ့ သတို့သမီး ဝတ်စုံသွားယူကြမလို့ အဲဒါ သမီးလိုက်ခဲ့ဦးနော် "

" ဟို သမီးမလိုက်တော့ပါဘူး မာမီရယ် မာမီတို့ပဲ ယူခဲ့ပေါ့ "

" လိုက်ခဲ့ပါ သမီးရဲ့ ဝတ်စုံက အစမ်းဝတ်ကြည့်ပြီး လိုအပ်တာ ရှိရင် ပြန်ပြင်ဆင်နိုင်ရမှာဆိုတော့ သမီးမလိုက်လို့ မဖြစ်ဘူး "

အဲဒါတွေကို စိတ်ညစ်တာပါပဲ။ မင်္ဂလာဝတ်စုံ ပြဿနာက



www.burmeseclassic.com

www.burmeseclassic.com



မပြီးသေးပါလား။ ငွေ့ စိတ်ညစ်မိ၏။

" မောင်ရှိန်းကလည်း မနက်ဖြန်တစ်ရက် အားတယ်တဲ့ သူမ တို့ကို လိုက်ပို့ပေးမှာ သမီး "

ရှိန်းပါ ပါလာမည်မို့ မာမီ မရအရ ခေါ်တော့မှာ သေချာ နေသည်။ ငွေ့ ငြင်းခဲ့ရင်လည်း ပြဿနာတွေပဲ ဖြစ်လာနိုင်တာ နှုတ်ဆိတ်ခြင်းနှင့် လက်ခံလိုက်ရသည်။

" မနက်ဖြန်တော့ ဘယ်လိုအကြောင်းနဲ့မှ သမီးမလိုက် မဖြစ်ဘူးနော် မာမီ သမီးကို ကြိုအသိပေးထားတာ ကဲ သမီး နား နားတော့နော် "

အခန်းထဲက မာမီထွက်ခွာသွားခဲ့သည်။ ငွေ့ ပင့်သက်မော တွေ သိနေရသည့်အဖြစ်ကို မာမီ မသိနိုင်ပါလား။

ငွေ့ မညာချင်ပါဘူး မာမီရယ်။ အလိမ်အညာတွေနဲ့ မွန်း လှပါပြီ။ နှလုံးသားရဲ့ တောင့်တမှုတွေကို ငွေ့အသိဦးနှောက်က အနိုင် နေခဲ့ရတယ်။

ထိရယ် အဲဒါ ထိကိုချစ်မြတ်နိုးတဲ့ စိတ်တစ်ခုတည်းကြောင့် ပါကွယ်။ ငွေ့ နှလုံးသားက အလိုလိုဖြစ်တည်လာတဲ့ ချစ်ခြင်းဆို ထိ အကြွင်းမဲ့ယုံကြည်လိုက်ပါကွယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၀)

ခြံတံခါးက ငွေ့ လှမ်းဝင်လာကတည်းက ဆင်ဝင်အောက်မှာ ထိုင်နေသော ရှိန်းကို မြင်လိုက်ရသည်။ ငွေ့ကိုမြင်တော့ ရှိန်း ကသုတ် ခိုက်ကလေး လျှောက်လှမ်းလာရင်း

" နောက်ကျလှချည်လား ရင်ငွေ့ရယ် ငါ အခုပဲ ဖုန်းလှမ်းဆက် ရင် ကောင်းမလားလို့ စဉ်းစားနေတာ "

" လာမှာပေါ့ ရှိန်းရဲ့ တမင်နောက်ကျမှ ထွက်လာတာ လူအများ ကြီး ကြားထဲမှာ မနေချင်လို့ "

" ဧည့်သည်တွေ မရှိတော့ပါဘူး ရင်ငွေ့ရဲ့ ညီရဲ့သူငယ်ချင်း စုပဲ ကျန်တော့တယ် "

" ကောင်းပါတယ် တစ်ခါတစ်လေ ကလေးတွေနဲ့ နေရတာ ကောင်းတယ် ဒါနဲ့ သိမ်းအသက် ဘယ်လောက်မွေးနေ့လဲ ရှိန်း "

" ကိုးနှစ်မြောက် မွေးနေ့လေ ရင်ငွေ့ရယ် အင်း ဘာပိုလို့နဲ့ ည့်ရဲ့အသက်တောင် နှစ်ဆယ့်ငါးနှစ်ကျော်ပြီ ငါနဲ့ညီက ဆယ့်ခြောက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်နဲ့ သုံးလကျော် ကွာတယ်လေ ''

'' ဘာလဲ အသက်ကိုတွက်ပြီး တရားရနေတာလား ရှိန်းရဲ့ ''

သူ့ကိုပြုံးပြုံးလေး ကြည့်ရင်း ရင်ငွေ့ ဆို၏။ အနက်ရောင် ဘလောက်စ်အင်္ကျီလေးကို အနက်ရောင်လုံချည်နှင့် တွဲဖက်ဝတ်ဆင် ထားသော ရင်ငွေ့သည် သူ့မျက်ဝန်းထဲမှာ နတ်သမီးလေးတစ်ပါး လှပလွန်းနေသည်။

ငယ်ငယ်တုန်းက ခင်မင်ခဲ့ရသော ငယ်သူငယ်ချင်းလေးသည် အခုတော့ သူ့ရှေ့မှောက်မှာ နှလုံးသားက မြတ်နိုးရသော မိန်းကလေး အဖြစ် တည်ရှိနေခဲ့သည်။

'' တရားရအောင်ထိ မရင့်ကျက်သေးပါဘူးဟာ ဒါပေမဲ့ အသ တွေကို နှမျောလာတယ် ရင်ငွေ့ရဲ့ ငါ မြတ်နိုးချစ်ရတဲ့သူနဲ့ နေထိုင် ဆိုတာ ဘာမှမရှိတော့ပါလား ဆိုတဲ့ အသိနဲ့ငါ နောင်တတွေရနေ နှမျောနေတာဟ ''

ရှိန်းစကားတွေရဲ့ ဦးတည်ရာကို ငွေ့ ကြိုမြင်နေခဲ့သည်။ ရှောင်ထွက်ဖို့ ကြိုးစားလိုက်ရ၏။

ဧည့်ခန်းထဲမှာ သူငယ်ချင်းတွေနှင့် ပျော်နေသော မွေးနေ့ သိမ်းကမ္ဘာကို ရင်ငွေ့ လက်ကလေးမြှောက် နှုတ်ဆက်လိုက်မိသည်။

'' ဟာ. . . မမငွေ့. . . လာပြီ ''

သိမ်းကမ္ဘာက အသံလေးထွက်အောင် အော်ဟစ်နှုတ်ဆက် ငွေ့နှင့်ရှိန်းတို့ကို ဆီးကြို၏။





'' သိမ်း တယ်မိုက်နေပါလား ဝတ်ထားတဲ့ ဘောင်းဘီကော အင်္ကျီပါလှတယ် ဦးထုပ်နဲ့ဆို ပိုပြီးလိုက်ဖက်သွားတယ် တကယ် ''

'' ကိုကြီး ဗန်ကောက်သွားတုန်းက ဝယ်လာပေးတာ မမငွေ့ရဲ့ မွေးနေ့ရက်မှ ဝတ်ချင်လို့ သိမ်းထားတာလေ အဟဲ ''

'' မွေးနေ့ရက်မှ ထုတ်ကြွားတာပေါ့လေ ဒီလိုကျတော့လည်း သိမ်းရဲ့ကိုကြီးက ရွေးချယ်တတ်သားပဲ သိမ်းနဲ့လိုက်တယ် ''

'' အခု သိမ်းမွေးနေ့အတွက် ကိုကြီးက လက်ဆောင်အဖြစ် ကြိုပေးထားခဲ့တာ မမငွေ့ရဲ့ မမငွေ့ကော သားဖို့လက်ဆောင်မပါဘူး လားဟင် ''

သိမ်းက ဘာလက်ဆောင်ပစ္စည်းတစ်ခုမှ မပါသော ငွေ့ လက်ထဲကို ကြည့်ကာ မေးသည်။ ရှိန်းက ညီဖြစ်သူ ခေါင်းလေးကို တစ်ချက်လှမ်းပုတ်ရင်း

'' မင်းကလဲ လောဘကြီးလိုက်တာ အန်တီမြတ်တို့ ပေးသွား ပြီပဲကွ ''

'' ဟာ မဆိုင်ဘူးလေ ကိုကြီးရ မမငွေ့က သီးသန့်ပေးရမှာပေါ့ နော် မမငွေ့ သိမ်းကို ဘာပေးမှာလဲ ''

'' ပေးမှာပေါ့ သိမ်းရယ် အခု သိမ်းကြိုက်တဲ့ ပစ္စည်းက ဘာမှန်းမသိလို့ မမငွေ့ ဝယ်မလာတာ သိမ်းကြိုက်တဲ့ပစ္စည်းဝယ် ဘယ်လောက်ပဲကျကျ မမငွေ့ ပိုက်ဆံထုတ်ရှင်းပေးမယ် ဟုတ်ပြီလား''

'' ဟင် တကယ်နော် မမငွေ့ ''



www.burmeseclassic.com

www.burmeseclassic.com



" အဟင်း ဖေကယ်ပေါ့ သိမ်းရဲ့ဒီည သိမ်းလိုချင်တာ စဉ်းစား မနက်ဖြန်ကျ မမငွေ့ဝယ်ပေးမယ် မမငွေ့ရဲ့ မွေးနေ့လက်ဆောင်ပေါ့ကွာ"

" ဟေး "

သိမ်းကမ္ဘာက ငွေ့လက်ကိုဆွဲကာ သူ့သူငယ်ချင်းတွေဆီသို့ ခေါ်ဆောင်သွား၏။ ပြီးတော့ ငွေ့လက်ကို ဆုပ်ကိုင်ထားရင်း

" ဟိတ်. . . ဒါ. . . ငါ့ရဲ့မမ မမရင်ငွေ့တဲ့ အခု ငါ့မွေးနေ့ မမက သိမ်းဝယ်ချင်တာဝယ်တဲ့ ဘယ်လောက်ဈေးကြီးကြီး မွေးနေ့ လက်ဆောင်ဝယ်ပေးမှာတဲ့ "

သိမ်းကမ္ဘာက ခပ်ကြွားကြွားလေးဆိုတော့ ကလေးတွေ အားလုံး ဟေးခနဲ ပျော်ရွှင်စွာ ဟစ်အော်လိုက်သည်။ ရင်ငွေ့ကိုယ်တိုင် လည်း ကလေးအုပ်စု၏ အပျော်တွေ ကူးစက်ကာ ကြည်နူးနေရတော့၏

ထိုစဉ် ကလေးအုပ်စုထဲမှ ကောင်မလေးတစ်ယောက် ရင်ငွေ့ ရှေ့ကိုထွက်လာသည်။ အနီရဲရဲ ဂါဝန်လေးနှင့် ပါးအို့နီနီလေးတွေ ရဲနေသော ချစ်စရာမိန်းကလေး၏ မျက်ဝန်းဝိုင်းဝိုင်းလေးတွေကတော့ ရင်ငွေ့ကို စူးစူးရဲရဲလေး မော့ကြည့်ရင်း

" နာမည်က ရင်ငွေ့ဟုတ်လား "

မေးလိုက်သည့်အသံက အရွယ်ငယ်လေးနှင့် မလိုက်ဖက်အောင် စူးရှမာထန်ထန်လေးမို့ ရင်ငွေ့ နားမလည်နိုင်စွာ မျက်မှောင်လေး ကုပ်မိ၏။ သိမ်းကမ္ဘာက

" ဟုတ်တယ်လေ မမရင်ငွေ့ပေါ့ ဘာဖြစ်လို့လဲဟ "





ကောင်မလေး၏ နှုတ်ခမ်းဖူးဖူးလေးတွေ တင်းစေ့ရှုံ့မဲ့သွားရင်း

" မုန်းလိုက်တာ အရမ်းပဲ သိလား "

" ဟင်. . . "

" ဘယ်လို. . . "

မမျှော်လင့်သောစကားကြောင့် ရင်ငွေ့ မင်သက်ကြောင်တွေ နေမိ၏။ ကောင်မလေးက နာနာကျည်းကျည်းအကြည့်တွေကိုချာခနဲ ပြန်သိမ်းကာ ညှော်ခန်းထဲက ပြေးထွက်သွားခဲ့၏။

" နွေပိတောက် "

သိမ်းကမ္ဘာက ကောင်မလေးအမည်ကို အော်ခေါ်ရင်း ပြေးလိုက်ဖို့ ကြိုးစားသည်။ သို့ပေမယ့် ကောင်မလေး ခြံထဲမှာရပ်ထားသော မိုးရောင်ပါဂျဲရိုးကားကြီးပေါ် တက်သွားခဲ့လေပြီ။

" နွေပိတောက်. . . နွေပိတောက် နေဦးလေ "

" မောင်း. . . မောင်း. . . မနေဘူး "

ကောင်မလေး စူးစူးဝါးဝါးလေး အော်ကာ အမိန့်ပေးတော့ ကားပေါ်က လူကြီး ကားကို ဂူးခနဲ မောင်းထွက်သွားခဲ့တော့၏။

အားလုံးမင်သက်ကြောင်တွေနေသလို ရင်ငွေ့လည်း မယုံနိုင်အောင် ဖြစ်နေမိဆဲ။ ရှိန်းက ရင်ငွေ့အနားမှာရပ်ရင်း နားမလည် နိုင်သော မျက်ဝန်းတွေနှင့် ကြည့်နေခဲ့၏။

" ရှိန်း. . . သူ့. . . သူ ငါ့ကိုဘာပြောလိုက်တာလဲ ဘာ. . . ဘာဖြစ်ကုန်တာလဲဟင် "



www.burmeseclassic.com

www.burmeseclassic.com



ရင်ငွေ့ မျက်ရည်စလေး ရစ်ဝိုင်းလျက် မေးလာတော့ ရှိန်း ခေါင်းကိုခါရမ်းရင်း

" သူ လူမှားပြီးပြောတာ ဖြစ်မှာပေါ့ ရင်ငွေ့ရယ် "

" လူမှားတာ ဟင့်အင်း မဖြစ်နိုင်ဘူး သူ ငါ့ကို သေသေချာချာကို စူးစိုက်ကြည့်ပြီးပြောတာ ငါ့နာမည်ကိုမေးပြီး ပြောလိုက်တာ နင်မြင်ပါတယ် "

ရှိန်း ဘာပြောရမှန်း မသိပါ။ တကယ်လည်း ကလေးမလေး အမူအရာအားလုံးကို သူမြင်ခဲ့တွေ့ခဲ့သည်။ မယုံနိုင်လွန်းလို့ သူတောင် ဘာမှမဆိုနိုင်ခဲ့ပါ။

" ဒီကလေးလေးက ငါ့ကို အရမ်းမုန်းတယ်တဲ့ မုန်းလိုက်တာတဲ့ သူ့မျက်ဝန်းတွေကို ငါ အသေအချာ မြင်လိုက်တယ် ဘာဖြစ်လို့လဲဟင် ငါ့ကိုဘာလို့ သူ မုန်းတီးနေရတာလဲဟင် "

စိတ်လှုပ်ရှားမှုတွေကြောင့် ရင်ငွေ့ မျက်နှာလေး ငိုမဲ့မဲ့ ဖြစ်နေ၏။ ရှိန်း ရင်ငွေ့ပခုံးလေးကို နှစ်သိမ့်စွာ လှမ်းကိုင်လိုက်ရင်း

" နင့်စိတ်တွေ လျှော့ချလိုက် ရင်ငွေ့ ဘာမှန်းမသိတဲ့ ကိုရှ ပြီးတော့ ကလေးမလေးတစ်ယောက်ပြောတဲ့ စကားကို နင် ဒီလောက် မခံစားပါနဲ့ဟာ "

" ဟင့်အင်း ငါ မခံစားလို့မရဘူး ရှိန်း ကလေးတစ်ယောက်က နာကျည်းမုန်းတီးရလောက်အောင် ငါ ဘာလုပ်ခဲ့မိလို့လဲ "

" ငါပြောသလို လူပဲမှားသလား နာမည်ပဲမှားသလား တစ်ခုခုပဲ





ဖြစ်မှာပါ ရင်ငွေ့ရယ် ညီသူငယ်ချင်းလေးပါ နွေပိတောက်ဆိုလားပဲ "

" သေချာတာကတော့ ငါ သူ့ကို အခုမှမြင်ဖူးတာပဲ ရှိန်း ပြီးတော့ ကလေးတစ်ယောက် မုန်းတီးတဲ့အကြည့်တွေနဲ့ ကြည့်သွားတာ ငါ သိပ်ခံစားရတယ်ဟာ "

" ရင်ငွေ့ နင့်စိတ်တွေ လျှော့ပစ်လိုက်ဟာ ဟိုမှာ ကလေးတွေတောင် မေ့ပြီး ပြန်ပျော်နေကြပါပြီဟာ "

သိမ်းကမ္ဘာတို့ ကလေးတစ်သိုက်ကတော့ အားလုံးပြန်ပြီး ပျော်ရွှင်စွာ ကစားနေကြပြီ။ ရင်ငွေ့မှာသာ ရင်ထဲမှာ အပျော်တွေ ပျောက်ဆုံးလို့ သွားခဲ့ရ၏။

" ရှိန်း ငါ နွေပိတောက်ဆိုတဲ့ ကောင်မလေးကိုတွေ့ပြီး မေးကြည့်ချင်တယ် ဘာတွေလွဲမှားနေသလဲဆိုတာ အရမ်းသိချင်တယ်ဟာ"

" နင့်ခံစားချက်ကို ငါ နားလည်ပါတယ် ရင်ငွေ့ရယ် စိတ်ချ ငါ စုံစမ်းပေးမယ် ကတိပေးတယ် ငါတို့က လူကြီးတွေလေဟာ ကလေးတွေကို အလောတကြီး မကိုင်တွယ် မဖြေရှင်းသင့်တာ နင်သိမှာပါ "

ရှိန်းစကားကြောင့် ရင်ငွေ့နားလည်စွာ ခေါင်းညိတ်လိုက်မိ၏။

သိမ်းကမ္ဘာနှင့်အတူ ပျော်ရွှင်စွာ ကစားနေသော ကလေးတွေရဲ့ အပျော်တွေကိုလည်း ရင်ငွေ့ မဖျက်ဆီးရက်ပါ။

လောလောလတ်လတ်မှာတော့ နွေပိတောက်ဆိုသော ကောင်မလေး ပျော်နေသော ကလေးအုပ်စုထဲမှာ မရှိရှာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ရင်ငွေ့ကြောင့်လား။ ဟင့်အင်း မဟုတ်နိုင်ဘူး ထင်ပါတယ်။

" ရင်ငွေ့ . . . လာဟာ ဒန်ပေါက်သွားစားရအောင် "

" ဟင့်အင်း ငါ စားလို့ရမှာ မဟုတ်ဘူး ရှိန်း "

" ရင်ငွေ့ရယ် ညီရဲ့ဒါနလေး မြောက်အောင် နင်လိုက်စားပါ လာပါဟာ စောစောက ကိစ္စကို ငါ စုံစမ်းဖြေရှင်းပေးမယ် တစ်စုံတစ်ခု လွဲချော်နေတာပဲ ဖြစ်မယ်လို့ ငါယုံတယ် နင့်စိတ်ကို ပေါ့ပေါ့ထား လိုက်ဟာ"

ရှိန်းစကားကို ရင်ငွေ့ လက်ခံလိုက်ရသည်။

ရင်ငွေ့အတွက် ချူးပေးသော ဒန်ပေါက်ထမင်းပန်းကန်ထဲကို ရှိန်းက ကြက်အသည်းအမြစ်တွေကို ခပ်ထည့်ပေးသည်။

" စားနော်. . . ရင်ငွေ့ "

ရင်ငွေ့ ခေါင်းကလေးညိတ်ပြလိုက်ရပေမယ့် ရင်ထဲမှာတော့ ရှုပ်ထွေးမှုတွေနှင့် ပြည့်နှက်နေသည်။

အာရုံထဲမှာ နွေပိတောက်ဆိုသော ကောင်မလေး၏ မျက်ဝန်း စူးစူးအကြည့်တွေကို မြင်နေ၏။ နာနာကျည်းကျည်း စကားသံတွေကို ကြားနေမိသည်။

ဘာတွေလဲ။ ဘာကြောင့်လဲ။

ဘယ်လိုအဖြစ်အပျက်တွေနဲ့ ရင်ငွေ့ရင်ဆိုင်တွေ့နေရတာလဲ။ တကယ့်ကို စဉ်းစားရခက်လိုက်ပါဘိ။

✿ ✿ ✿ ✿ ✿



## အခန်း (၃၁)

အစီအစဉ်က မာမီနှင့်အန်တီဆုလတ်ပါ လိုက်ခဲ့ကြမည် ဖြစ်သော်ငြားလည်း ရှိန်းက ဘယ်လိုအကြောင်းပြ ဖျက်လိုက်သည်မသိ။ မင်္ဂလာသတို့ သမီးဝတ်စုံ သွားယူဖို့အတွက် ရှိန်းနှင့်ရင်ငွေ့တို့ နှစ်ယောက်ပဲ သွားဖို့ မာမီပြောလာသည်။

" မာမီနဲ့မဆု မလိုက်ဖြစ်တော့ဘူး သမီး သမီးနဲ့ရှိန်းပဲ သွားလိုက်တော့နော် ခဏနေရင် သမီးကို ရှိန်းလာခေါ်လိမ့်မယ် အဆင့်သင့် ပြင်ထားလိုက် သမီး "

မာမီစကားကြောင့် ရင်ငွေ့ နားမလည်သလို ဖြစ်ရ၏။ ရှိန်းနှင့် ရင်ငွေ့တို့နှစ်ဦးပဲသွားဖို့ မာမီ ဘာကြောင့်စီစဉ်ရပြန်တာလဲ။

ရေမိုးချိုးပြီး ရင်ငွေ့အခန်းထဲမှာ အဝတ်အစားလဲနေတုန်းမှာ ဖုန်းသံက မြည်လာသည်။ ဖုန်းလေးကို ရင်ငွေ့ ကောက်ယူကြည့်လိုက်တော့ ရှိန်းဆီက ဖြစ်နေသည်။

" ရင်ငွေ့ နောက်ဆယ်မိနစ်ကြာရင် ငါလာခေါ်မယ် နင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ပြီးပြီလား "

" အေး ငါ အခု အဝတ်အစားလဲနေတယ် မာမီတို့က ဘာ

အစီအစဉ်ပြောင်းသွားရတာလဲ ရှိန်း နင်သိသလား "

" နင်နဲ့ငါ လွတ်လွတ်လပ်လပ် သွားပါရစေလို့ မာမီကို ငါ

တောင်းဆိုခဲ့တာ ရင်ငွေ့ မနေ့က နွေပိတောက်ကိစ္စ ငါနင့်ကို ပြော

ချင်လို့ "

" ဘာရယ် နွေပိတောက်ကိစ္စ ဟုတ်လား ရှိန်း နင်

စုံစမ်းပြီးပြီလား "

" အေး မနေ့ညနေကပဲ ငါ အားလုံးသိခဲ့ရတယ် "

" ဘာ. . . ဘာတဲ့လဲဟင် ရှိန်း ဒီကောင်လေး ငါ့ကို ဘာ

ဒီလိုပြောသွားရတာလဲဟင် ပြောစမ်းပါ "

" ရင်ငွေ့ ငါ အခုပဲ လာတော့မှာ ဒီကိစ္စကို ငါတို့အေးအေး

ဆေးဆေး ပြောကြရအောင်ဟာ "

ရှိန်းစကားကြောင့် ရင်ငွေ့ ပိုလို့တောင် သိချင်စိတ်တို့ ပြင်း

လာရ၏။ ရှိန်းလေသံ ရှိန်းစကားတွေကို နားထောင်ကြည့်ရုံနှင့် တစ်

တစ်ရာ ထူးခြားနေပြီဟု ရင်ငွေ့ နားလည်မိ၏။

" အေး. . . အေး နင် အမြန်လာခဲ့ ငါအဝတ်အစား လဲပြီး

အသင့်ပဲ "

ဖုန်းကိုပိတ်၊ ကပျာကသီ အဝတ်အစားလဲလိုက်ရသည်။ ပြော

တင်းနေသော မျက်နှာလေးပေါ်မှာ ပေါင်ဒါလေး ဖို့လိုက်၏။





ပြီးတော့ ညှော်ခန်းထဲမှာ စိတ်လှုပ်ရှားစွာထိုင်ရင်း ရှိန်းကို

စောင့်နေလိုက်သည်။

" ဟင် သမီးမြန်လိုက်တာ အလှလေးဘာလေးတောင် မပြင်

တော့ဘူးလား "

" ဟင့်အင်း ရပါပြီ မာမီ "

ပိတောက်ခြောက်ရောင် ဘလောက်အင်္ကျီနှင့် ထမိလေး

ဝတ်ဆင်ထားသည့် ရင်ငွေ့ကို မာမီက ပြုံးပြုံးလေးကြည့်နေရင်း

" အင်း မာမို့သမီးလေးက ချောပြီးသားပါလေ ပြန်လာမှ

သတို့သမီးဝတ်စုံလေးနဲ့ သမီးဘယ်လောက်လှသလဲဆိုတာ မာမီ ကြည့်ရ

ဦးမယ် "

မာမီစကားတွေထက် ရင်ငွေ့ မျက်ဝန်းတွေက ခြံထဲကိုပဲ

မျှော်မျှော် အာရုံရောက်နေတော့ မာမီ ဘယ်လိုထင်မြင်သွားသည်မသိ။

ရင်ငွေ့ကို ခေါင်းကလေး တညိတ်ညိတ်ကြည့်နေရင်း

" မောင်ရှိန်းကို မျှော်နေတာလား သမီး သူ လာမှာပေါ့ကွယ်"

မာမီစကားအဆုံးမှာပဲ ရှိန်းရဲ့ ပါဂျဲရိုးကားကြီးက ခြံထဲကို

ကောင်းဝင်လာလေသည်။ ရင်ငွေ့ ဟန်မဆောင်နိုင်ဘဲ ထရပ်လိုက်မိသည်။

ဆင်ဝင်အောက်မှာ ရှိန်း ကားထိုးရပ်တော့ ရင်ငွေ့ ညှော်ခန်း

တံခါးအနီး ရောက်နေပြီ။

" ဟဲ့ သမီး နေပါဦး မောင်ရှိန်း အထဲဝင်ထိုင်ပါဦး "

" မထိုင်တော့ဘူး အန်တီမြတ် ကျွန်တော်တို့ အစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်တော့မယ်နော် ''

'' အေး အေး ဒါဆိုလည်း သွားကြ သွားကြ မဒီဆီ မာမီ ဖုန်းဆက်ထားတယ် သမီး မင်္ဂလာဝတ်စုံနဲ့ပတ်သက်ပြီး သမီးစိတ်တိုင်း မကျရင် တစ်ခါတည်း ပြောနော် သူ စီစဉ်ပေးလိမ့်မယ် ''

မာမီစကားကို ရင်ငွေ့ခေါင်းညိတ်ပြပြီး ကားပေါ်တက်ထိုင် လိုက်သည်။ ရှိန်းက ကားလေးကို ဦးလှည့်ကာ မောင်းထွက်သည်။

ဧည့်ခန်းတံခါးဝမှာ ပြုံးပြုံးကြီး ရပ်ကျန်ရစ်ခဲ့သော မာမီ ကိုလည်း ရင်ငွေ့ သတိမထားမိတော့ပါ။

ခြံပြင်ကို ကားလေးရောက်သည်နှင့် ရင်ငွေ့ ရှိန်းကို အလော တကြီး မေးလိုက်မိသည်။

'' ရှိန်း နွေ့ . . . နွေ့ပိတောက်ကိစ္စက ဘယ်လိုလဲ ပြောစမ်းပါ''

'' ခဏလေးစောင့်ပါ ရင်ငွေ့ရယ် နင့်ကိုပြောပြချင်လွန်းလို့ ငါ နင်နဲ့အတူ သွားဖြစ်အောင် [illegible]တီးလိုက်တာ ကျေးဇူးပြုပြီး နင် ခဏတော့ သည်းခံစောင့်စမ်းပါ ''

ရင်ငွေ့ လှုပ်ရှားနေသော စိတ်ကို ဖြေလျှော့ချရင်း ကူရှင်မှာ မှီထိုင်လိုက်သည်။ ကားကလေးက တရိပ်ရိပ် ပြေးနေဆဲ။ ရှိန်း မျက်နှာကို အကဲခတ်ကြည့်တော့ ရင်ငွေ့ကို တစ်ချက်မကြည့်ဘဲ ကားကိုပဲ ဂရုတစိုက် မောင်းနှင်လေသည်။

မြကျွန်းသာပန်းခြံဝင်းရှေ့က ကားစတင်းမှာ ကားလေးထိုးရပ် သွား၏။





'' ဆင်းလေ ရင်ငွေ့ ကန်ပေါင်မှာ လမ်းလျှောက်ရင်း စကား ပြောကြတာပေါ့ဟာ ''

ရင်ငွေ့ကားတံခါးဖွင့် ဆင်းမိသည်။ ရှိန်းအမူအယာက ထူးခြားစွာ တည်ငြိမ်လွန်းနေလေလေ ရင်ငွေ့ ပိုသိချင်လာမိလေလေ ဖြစ်ရ၏။ နှစ်ဦးသား ကန်ပေါင်ဘက်သို့ လျှောက်ခဲ့ကြသည်။

'' ရှိန်း နွေ့ပိတောက်ကိစ္စ ပြောစမ်းပါ ငါ အရမ်းသိချင်နေပြီ''

တိတ်ဆိတ်နေမှုကို ရင်ငွေ့ဆက်ပြီး မစောင့်နိုင်တော့ဘဲ ရှိန်း ...န်းကို လှမ်းဆွဲကာ မေးမိ၏။

ရှိန်း ခြေလှမ်းတို့ကို တုံ့ခနဲရပ်ပစ်ပြီး ရင်ငွေ့ မျက်နှာကို ...ည့်ကြည့်သည်။ ပြီးမှ ရင်ငွေ့ မျက်ဝန်းတွေကို စူးစိုက်ကြည့်လိုက်ရင်း

'' နွေ့ပိတောက်ဆိုတဲ့ ကောင်မလေးရဲ့ဖခင်က ဦးမိုးထိမြင့်တဲ့''

'' ဘာ. . . ဘာရယ် ရှိန်း. . . ဘယ်လို. . . ''

ရင်ငွေ့မျက်ဝန်းတွေ အလန့်တကြား ဝိုင်းစက်ကာ တုန်လှုပ် ချောက်ချားသွားခဲ့တာကို ရှိန်းငေးစိုက်ကြည့်နေခဲ့သည်။

'' နွေ့ပိတောက်အဖေက ဦးမိုးထိမြင့်. . . ဒါ. . . ဒါဆို. . . သူ့ အမေကကော ''

ရင်ငွေ့ ကတုန်ကရင်လေးမေးတော့ ရှိန်း တည်ငြိမ်စွာပဲ ဖြေ၏။

'' နွေ့ပိတောက်အမေက ဆုံးသွားခဲ့ပြီ ရင်ငွေ့ နွေ့ပိတောက်ကို မွေးပြီးပြီးချင်း ဆုံးသွားခဲ့တာ ''



www.burmeseclassic.com

www.burmeseclassic.com



" ဆုံးသွားပြီ ဟုတ်လား "

ရှိန်းအဖြေစကားကို ရင်ငွေ့ သံယောင်လိုက်ကာ မယုံနိုင်အောင် ခံစားနေရ၏။ မိုးထိမြင့်တဲ့။ ထိ မျှားလား။ နွေပိတောက်အဖေဆိုတာ ငွေ့ရဲ့ထိမျှား ဖြစ်နေမည်လား။

" ရှိန်း... ရှိန်းကြားတာ တစ်ခုခုများ မှားနေသလားဟင် "

" မမှားဘူး လုံးဝမမှားဘူး ရင်ငွေ့ နွေပိတောက်ရဲ့ အဖွား ဒေါ်ထားထားကိုယ်တိုင် ငါ့ကိုပြောပြခဲ့တာပါ "

" ဟင့်အင်း... ဒါ... မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး ဟုတ်တယ်မဟုတ်လား ရှိန်း... မဖြစ်နိုင်ပါဘူးဟာ "

ရင်ငွေ့ခေါင်းကလေးခါရမ်းကာ တုန်တုန်လှုပ်လှုပ် ငြင်းဆိုနေ၏။ ရှိန်း ရင်ငွေ့ကို ငေးစိုက်ကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိ၏။

" ရင်ငွေ့ အခု နင်သိနေတာတွေအကုန် အမှန်တရားချည်းပဲ ဒေါ်ထားထားက နင့်ကိုမြင်ဖူးတယ်။ နင့်နာမည်ကို သိတယ် သူ့သားမောင် မိုးထိမြင့်ဆိုတဲ့ကောင်နဲ့ ပတ်သက်နေတယ်ဆိုတာလည်း သူသိနေတယ်တဲ့"

" ဟင်... "

ရှိန်းလေသံတွေက အေးစက်နေပေမယ့် ဒေါသံလှိုင်းတွေ သင့်နေခဲ့၏။

" နင် ငါ့ကိုညာခဲ့တာပဲ ရင်ငွေ့ ဒီလူနဲ့နင် ပတ်သက်နေတယ် မဟုတ်လား ဟင် နင်ဖြေစမ်းပါ ရင်ငွေ့ "





ရင်ငွေ့ မတုန်မလှုပ် မျက်ဝန်းကြောင်ကြောင်လေးနှင့် ကြည့်နေတော့ ရှိန်း အားမလိုအားမရဖြစ်ကာ ပခုံးတွေ လှုပ်ခါရမ်းပစ်လိုက်မိ၏။

" ရင်ငွေ့ ငါ့ကိုပြောစမ်းပါ နင်နဲ့မိုးထိမြင့်ဆိုတဲ့ ကောင်နဲ့ ချစ်နေသလား ပတ်သက်နေကြပြီလားဟင် "

" ငါ... ငါ ဝန်ခံတယ် ရှိန်း "

" ဟာ... "

ရှိန်းရဲ့ဆုပ်ကိုင်ထားသော လက်တွေ ပြေလျော့ကုန်၏။ ရှိန်း မယုံနိုင်စွာ တုန်လှုပ်လျက် ရင်ငွေ့ကို ကြည့်သည်။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ကာ တစ်စုံတစ်ခုပြောဖို့ အားယူသည်။ ပြီးမှ ချာခနဲ ကျောခိုင်းကာ လက်နှစ်ဖက်နှင့်ဆံပင်တွေထဲ ထိုးဖွပစ်သည်။

" နင် သိပ်မိုက်တယ် ရင်ငွေ့ တောက် ငါ့ကိုလည်း ညာခဲ့တယ်"

" နင့်ကိုငါ ညာခဲ့တာ မာမိတို့ အစီအစဉ်တွေကို ကြောက်လို့ပါ ဦး ပြီးတော့ သူနဲ့ငါ ချစ်ခဲ့ကြတာ ဘာမှမကြာသေးဘူး အချိန်တန်ရင် နင့်ကိုငါ ဖွင့်ပြောဖို့ ဆုံးဖြတ်ပြီးသားပါ "

" အချိန်တန်ရင် ဟုတ်လား ရင်ငွေ့ ဘာလဲ မိုးထိမြင့်ဆိုတဲ့ သူ့ကို နင်က ဘာတစ်ခုလုံးအတွက် ရည်ရွယ်ထားလိုက်တာလားဟင်"

" ငါ... ငါ သူ့ကို တကယ်ချစ်ခဲ့တာ မြတ်နိုးခဲ့တာပါ ရှိန်း ဒါပေမဲ့ အခုကိစ္စတွေ ငါ ဘာမှမသိခဲ့ဘူး "

" ဘာ... ဒါဆို ဒီကောင်က နင့်ကို လိမ်ညာသိုဝှက်ခဲ့တာပေါ့ "

" ငါက မမေးဖြစ်ခဲ့ဘူးလေ "



www.burmeseclassic.com

www.burmeseclassic.com



" တော်စမ်း ရင်ငွေ့ နင်မမေးဖြစ်ခဲ့တယ်ပဲထားဦး သူက ဖွင့်ပြောရမယ့်ကိစ္စကြီး သူ့မှာမိန်းမရှိတယ် ပြီးတော့ နွေပိတောက်ဆိုတဲ့ သမီးတစ်ယောက်ပါ ရှိနေတယ် ဒါနဲ့တောင်ကွာ "

ရှိန်း ဒီလောက် ဒေါသထွက်နေတာ ရင်ငွေ့ တစ်ခါမှ မမြင်ဖူးပါ။ အမြဲတမ်း တည်ငြိမ်နေတတ်သော ရှိန်း အခုတော့ ခေါင်းတခါခါ အံတကြိတ်ကြိတ်နှင့် ဒေါသတွေ လှိုင်းထန်နေ၏။

ရင်ငွေ့ကိုယ်တိုင်လည်း ဘာစကားမှ မပြောနိုင်။ မယုံကြည်နိုင်သော စိတ်နှင့်အံ့သြချောက်ချားနေခဲ့ရ၏။ နွေပိတောက်ရဲ့ အမုန်းမျက်ဝန်းနှင့် နာကျည်းသော စကားသံတွေ ပြီးတော့

ထိနှင့်အတူ ရှိနေတုန်းက ရင်ငွေ့ကို စူးစူးရဲရဲ အကဲခတ်ကြည့်ခဲ့သော အန်တီထား ဆိုသည့် အမျိုးသမီးကြီး။ ဒါ...ထိရဲ့ ယောက္ခမကြီးပဲပေါ့။ ရက်စက်လိုက်တာ ထိရယ်။

တကယ်ဆို အမှန်ကို ထိ ပြောပြသင့်ခဲ့တာပေါ့။

" ရင်ငွေ့... "

ရှိန်းအသံကြောင့် ရင်ငွေ့ မော့ကြည့်မိသည်။ ရှိန်း မျက်ဝန်းက ဒေါသအရိပ်တွေ မပြယ်သေးပေမယ့် ရှိန်းအသွင်ကတော့ ခံစားချက် အားလုံးကို ချုပ်ထိန်းပြီးခဲ့သည့်အသွင်။

" နင် ရှေ့ဆက်မပိုက်နဲ့တော့ ဒီကိစ္စကြီးကို နင်မေ့ပစ်လိုက်တော့ အခုချက်ချင်း မေ့လိုက်တော့ဟာ "

" ငါ ဘာဆက်လုပ်ရမလဲဟင် ရှိန်း "





ရှိန်း ပင့်သက်တစ်ချက် ရှိုက်သည်။ ရင်ငွေ့ ပခုံးနှစ်ဖက်ကို အသာဆုပ်ကိုင်ရင်း ရင်ငွေ့မျက်နှာကို စူးစိုက်ကြည့်၏။

" နင် ဘာမှမလုပ်နဲ့ ငြိမ်ငြိမ်လေးပဲနေပေး ငါ ဒီလူကို စာရင်းရှင်းမယ် ရင်ငွေ့ "

" ဟင့်အင်း မဟုတ်ဘူး ရင်ငွေ့ကိစ္စ ရင်ငွေ့ရှင်းမယ် ရှိန်း "

" နင် ဘာမှမပတ်သက်သင့်ဘူး နင့်ကိစ္စကို ငါရှင်းမယ် "

ရင်ငွေ့ ခေါင်းကိုခါရမ်းမိ၏။ ရင်ထဲမှာ ဒေါသတွေလား နာကျည်းမှုတွေလား။ တစ်ခုမှမဟုတ်။ လှည့်စားခံလိုက်ရသော အဖြစ်တစ်ခုအတွက်ပဲ နာကျင်ခံစားနေရတာ။

ထိရယ် တကယ်ဆို နှလုံးသားက ပထမဆုံးအချစ်ကို ရင်ငွေ့ စားပိုင်ဆိုင်ခဲ့ရတာပါ။ အားလုံးကိုဆန့်ကျင်ပြီး ချစ်ခဲ့တာပါ။ ဒါတွေ အားလုံးကို ထိက လှည့်စားအနိုင်ယူပစ်လိုက်တာလားဟင်။

" ဟင် ရင်ငွေ့ နင်ငိုနေတယ် မငိုစမ်းပါနဲ့ နင်ငိုစရာ အကြောင်းမရှိဘူး ဒီလိုလူယုတ်မာအတွက် နင်ငိုစရာ အကြောင်းမရှိဘူး နင့်မျက်ရည်တွေနဲ့ ဒီလူမတန်ဘူး "

ရှိန်းဆိုမှ မျက်ရည်တွေက ပိုလို့ကြွေဆင်းလာရ၏။ ရှိန်းက ရင်ငွေ့ ပခုံးလေးကို ဆုပ်ကိုင်ထားရင်း အံကို တင်းတင်းကြိတ်၏။

" ရင်ငွေ့...နင်ဘာလို့ ဒီလောက် ခံစားနေတာလဲ ဒီလူ...နင့်ကို "

" ဟင့်အင်း မဟုတ်ဘူး နင် ထင်သလောက်အထိ မဖြစ်ခဲ့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း ငါခံစားရတာ သူ့အကြောင်းတွေ ငါသိခွင့်မရခဲ့တာကြောင့်
လိမ်ညာခဲ့တာကို ခံရခက်လွန်းလို့ပါ ရှိန်းရယ် ''

'' ရင်ငွေ့ ငါ့ကိုကြည့်ပါဦး ငါမေးတာ နင်ဖြေစမ်းပါ အမှန်
အတိုင်း နင်ဖြေပါနော် ''

ရင်ငွေ့ ပခုံးကို ဆုပ်ကိုင်ရင်း ရှိန်းမျက်နှာချင်းဆိုင် စူးစိုက်
ကြည့်ကာပြောတော့ ရင်ငွေ့ ရှိန်းမျက်နှာကို မျက်ရည်တွေကြား
ငေးစိုက်ကြည့်မိ၏။

'' နင်မေးပါ ရှိန်း ငါနင့်ကို အမှန်ဖြေမှာပါ ''

'' မိုးထိမြင့်ဆိုတဲ့လူကို နင် မေ့ပစ်နိုင်တယ် မဟုတ်လား
နင်တို့နှစ်ယောက် ပတ်သက်ခဲ့ကြတာ မကြာသေးဘူးဆို ''

ရှိန်းမျက်ဝန်းတွေက ရင်ငွေ့မျက်နှာကို ငေးစိုက်ကြည့်နေ
ရင်ငွေ့အံလေးကို တင်းတင်းကြိတ်ရင်း

'' ငါ. . . သူ့ကို သိပ်ချစ်ခဲ့တာ ရှိန်း ''

'' ဟာကွာ ''

ရှိန်း နာကြင်စွာ ရေရွတ်ရင်း ဆုပ်ကိုင်ထားသော လက်တွေ
ဖြေလျှော့သည်။ ကန်ပေါင်ပေါ်က မြက်ပင်တွေကို ခြေနှင့်ခတ်
ကန်ကြောက်ပစ်လိုက်၏။

'' ငါ အမှန်ဝန်ခံတာပါ ရှိန်း သူလည်း ငါ့အပေါ် တကယ်
ချစ်ခဲ့တယ်လို့ ထင်ခဲ့မိတာ အခုလို လိမ်ညာသိုဝှက်ထားမယ်လို့ ထင်
ထင်မထားခဲ့မိဘူး ''





'' အ. . . အခု နင် ဘာဆက်လုပ်မလဲ ရင်ငွေ့ ''

'' ငါ သူနဲ့ရင်ဆိုင်တွေ့ပြီး ထိပ်တိုက်ဖြေရှင်းမယ် အလိမ်အညာ
ခံလိုက်ရတဲ့ ငါ့အချစ်အတွက်တော့ ငါ့ ရင်ထဲမှာ တနုံ့နုံ့ မခံစားချင်ဘူး''

နားလည်စွာ ဆိုနေသော ရင်ငွေ့မျက်ဝန်းတွေထဲကို ရှိန်း
ငေးမောစူးစိုက်ကြည့်နေမိ၏။ နင် တကယ်ပဲ နားလည်ခံစားနေခဲ့တာလား
ရင်ငွေ့ရယ်။ တစ်ကြိမ်တစ်ခါမှ မခံစားဘူးတဲ့ ဝေဒနာအတွက် သွေးဆူ
သွေးပူနေခဲ့တာလား။

ငါ့နှလုံးသားထဲမှာ ပူလောင်နေခဲ့တဲ့ မီးတောက်တွေကိုကော
နင်မြင်နိုင်ရဲ့လား။ ရင်ထဲမှာ မြတ်မြတ်နိုးနိုးနဲ့ မပန်ရက်။ မချွေရက်ခဲ့တဲ့
ပန်းလေးတစ်ပွင့်ကို ပန်ဆင်ခွင့်ပေးလိုက်ရပြီလား။

ငါ နင့်ကို သိပ်ချစ်တယ် ရင်ငွေ့။ အရိပ်တကြည့်နဲ့ မြတ်နိုးစွာ
ချစ်ခဲ့တာပါ။ ဒါပေမဲ့. . .။

နင့်နှလုံးသားမှာ ငါမရှိခဲ့ဘူးတဲ့လား။ ပထမလူ ဖြစ်ခွင့်မရရင်
တောင် ဒုတိယလူဖြစ်ခွင့်ကို ငါ မျှော်လင့်ချင်တယ် ရင်ငွေ့။

အဲဒါ နင့်ကို ငါ သိပ်ချစ်လို့ပါ ရင်ငွေ့ရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

" ထိ ရက်စက်တယ် သိပ်ရက်စက်လွန်းတယ် ရင်ငွေ့ရဲ့ လိမ်ညာခဲ့တယ် ရင်ငွေ့နှလုံးသားကို လိမ်ညာရက်တာ သိပ်ခံစားရတယ် အဟင့် . . . ဟင့် "

" တော် . . . တော်ပါတော့ ရင်ငွေ့ရယ် ကိုယ်ဆက်ပြီး မကြားရဲတော့လို့ပါကွာ ဟုတ်တယ် ကိုယ်သိပ်မိုက်ခဲ့တဲ့ကောင် နှလုံးသားရဲ့ဆန္ဒ ခံစားချက်တစ်ခုကို အလိုလိုက်ခဲ့မိတဲ့ကောင်ပါ "

" အမှန်တရားတစ်ခုကို သိဝှက်လိမ်ညာပြီး ငွေ့နှလုံးသားကို လှည့်စားခဲ့တာတော့ တကယ်ခံရခက်တယ် မိုးထိမြင့် "

" ငွေ့ ကျေးဇူးပြုပြီး ကိုယ့်စကားကို နားထောင်ပေးပါ ပြီးမှ ငွေ့ကြိုက်သလို ဆုံးဖြတ်ပါ ကိုယ် ခံယူပါ့မယ် "

" ဘာလဲ မိုးထိမြင့် ရှင် ကျွန်မကို ဘာတွေလိမ်ညာဦးမလို့ လဲဟင် "

ရင်ငွေ့ နာနာကျည်းကျည်းဆိုတော့ သူ ခေါင်းကို ခါရမ်းရင်း





" ငွေ့ကို ကိုယ် ဒီနေ့အချိန်ထိ လိမ်ညာစကားတစ်ခွန်း မဆိုခဲ့သေးပါဘူး ငွေ့ မင်းကို ကိုယ်ပြောခဲ့တဲ့စကားတွေ ပြုမူဆက်ဆံခဲ့တာတွေ အကုန်လုံး အမှန်တွေပါပဲကွာ ငွေ့ကို ကိုယ်ချစ်ခဲ့မိတာလဲ အမှန်ပါ"

ရင်ငွေ့ ရင်ထဲမှာ နင့်ခနဲ နာကျင်ရ၏။ ချစ်ခဲ့တာအမှန်တဲ့။ ရင်ငွေ့နှလုံးသားကို ထပ်ချုပ်ကိုင်စိုးမိုးဖို့ ကြိုးစားနေတာလား မိုးထိမြင့်။

" ကိုယ့်အကြောင်းတွေကို ရင်ငွေ့သိအောင် ပြောပြချင်ပါတယ် ပြောခွင့်ရဖို့လည်း အကြိမ်ကြိမ် ကြိုးစားခဲ့တယ် ဒါပေမဲ့ ရင်ငွေ့က ကိုယ့်အကြောင်းကို စိတ်မဝင်စားခဲ့ဘူး "

" ရင်ငွေ့ ဘာကိုမှ မသိချင်ခဲ့တာ ရှင့်ကိုချစ်တဲ့ စိတ်တစ်ခုတည်းအတွက်ကြောင့်ပါ ရှင့်ပိုင်ဆိုင်မှု ရှင့်ဘဝ အရာအားလုံး ကျွန်မအတွက် မလိုအပ်ဘူး ရှင့်ကိုပဲ ရူးရူးမိုက်မိုက် ချစ်ခဲ့မိတာ "

" ကိုယ် ယုံပါတယ် ရင်ငွေ့ မင်းကိုလည်း ညွှန့်ခံပွဲလေးမှာ အခါတာမြင်လိုက်ပြီးကတည်းက ကိုယ် ရူးရူးမိုက်မိုက် ချစ်ခဲ့တာဆို တာ ယုံမလား "

" ဟင် "

" တကယ်ပါ ငွေ့ မင်းကို ကိုယ်ချစ်ခဲ့တယ် အံ့ဩစရာကောင်းလောက်အောင် စွဲလန်းခဲ့တာ ဒါပေမဲ့ ကိုယ့်ဘဝအတိတ်တွေက ကိုယ့်နှလုံးသားထဲက ဆန္ဒတွေကို ချုပ်နှောင်ထားခဲ့တယ် မဖြစ်သင့်ဘူး ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကိုယ်မေ့ပျောက်ဖို့ ကြိုးစားနေတုန်းမှာပဲ ကံကြမ္မာက မင်းနဲ့ဆုံတွေ့ခွင့်ပေးခဲ့တယ် "



www.burmeseclassic.com

www.burmeseclassic.com



သူ ရည်ညွှန်းတာ ငွေ့တို့ကားဘီးပေါက်တုန်းက ကိစ္စ ဖြစ်မည် ဆိုတာ ငွေ့သိလိုက်၏။ တကယ်ဆို ထိုဆုံတွေ့ကျွမ်းဝင်မှုက ငွေ့တို့ ဖန်တီးခဲ့ခြင်းဆိုတာ ရှင်မသိပါဘူး မိုးထိမြင့်။

" ကိုယ်ရဲ့အတိတ်ကို မင်းဘာမှမသိဘူး ဒါကြောင့် ကိုယ့်တက် က ရှောင် ဖို့ ထပ်ကြိုးစားတယ် ဒါပေမဲ့ ကိုယ့်လုပ်ရပ်က မင်းကို နာကျင်ခံစားစေရမှန်း ကိုယ်သိလိုက်ရတော့ မင်းကို ကိုယ်နှောင်တွယ် ခဲ့မိတယ် ငွေ့ ကိုယ်မိုက်မဲစွာနဲ့ပဲ မင်းကိုနှောင်တွယ်လိုက်ခဲ့မိတဲ့ နောက်ပိုင်းမှာ နှလုံးသားက ဦးနှောက်ရဲ့ထိန်းချုပ်မှုအောက်က ကင်းလွတ် သွားခဲ့တော့တာပဲလေ "

သူ့မျက်ဝန်းတွေထဲမှ အရိပ်တွေကို ရင်ငွေ့မင်သက်ငေးကြည့် နေမိ၏။ ငွေ့ မြတ်နိုးစွဲလန်းခဲ့ရသော ထိုမျက်ဝန်းတွေထဲမှာ လိမ်ညာ ခြင်းတို့မရှိဟု ယုံချင်မိ၏။

" ဖြူစင်တဲ့ မင်းနှလုံးသားကို မြတ်နိုးချစ်စိတ်တစ်ခုတည်းနဲ့ ကိုယ့်ဘက်က ဖွင့်ဟတောင်းခံခဲ့တာပါ ရင်ငွေ့ အရိုးသားဆုံး ဝန်ခံရရင် ရင်ငွေ့ဆိုတဲ့ မိန်းကလေးဟာ ကိုယ့်နှလုံးသားရဲ့ ပထမဆုံး ချစ်ဦးသူပါ "

" ရှင် စကားတွေ လွန်ကျွံနေပြီ မိုးထိမြင့် လတ်တလော ရှင့်ဖနီးနဲ့ ပိုင်ဆိုင်ခဲ့တဲ့ သမီးတစ်ယောက် ရှင့်မှာရှိနေတယ်ဆိုတာ မမေ့ ပါနဲ့ "

" အမှန်တရားတစ်ခုကို ကိုယ်ဘယ်လို ရှင်းပြရမှာလဲ ရင်ငွေ့ မင်း ကိုယ့်ကို နာကျည်းမုန်းမေ့ရင်လည်း ကိုယ်ခံယူပါ့မယ် သမီးလေး





နွေပိတောက်ရဲ့အမေ နွေသဖင်ကို ကိုယ်လက်ထပ်ခဲ့တာ အချစ်ကြောင့် မဟုတ်ခဲ့ဘူး ကိုယ့်ရဲ့မွေးစားမိဘတွေနဲ့ ရှောင်လွှဲမရနိုင်တဲ့ အကြောင်း တစ်ခုကြောင့်ပါ ကိုယ် ဖြေရှင်းချက်ပေးနေတာ မဟုတ်ဘူး ရင်ငွေ့ အကြိမ်ကြိမ် ဖြေရှင်းပြခွင့်မရခဲ့တဲ့ အကြောင်းတွေကို ကိုယ်ရှင်းပြတာပါ"

ငွေ့ နှုတ်ဆိတ်စွာပဲ နားထောင်နေမိဆဲ။ သူ့စကားသံတွေက တည်ငြိမ်စွာနှင့် အတိတ်လွင်ပြင်တစ်ခုဆီ မျောလွင့်နေခဲ့သည်လား။

" ကိုယ် ငယ်ငယ်တုန်းကပဲ မိဘနှစ်ပါးစလုံး ဆုံးပါးခဲ့တယ် မွေးစားမိဘနှစ်ပါးရဲ့ အရိပ်အောက်မှာ ကိုယ် ရှင်သန်ခဲ့ရတယ် အစစ အရာရာ ပြည့်စုံချမ်းသာတဲ့ မွေးစားမိဘတွေ အရိပ်မှာ ကိုယ့်ဘဝ ပြီးချမ်းပြည့်စုံခဲ့ပါတယ် အဲဒီမေတ္တာတရားကျေးဇူးတွေကြောင့် ကိုယ့်မိဘ တွေက နွေသဖင်နဲ့အိမ်ထောင်ပြုပေးဖို့ စီစဉ်တော့ ကိုယ် ခေါင်းညိတ် ခဲ့ရတာပါ အချစ်ဆိုတာ ဘာလဲ သိခွင့်မရဘဲနဲ့ ကိုယ်လက်ထပ်ဖြစ်ခဲ့တာပဲ နောက်တော့ သမီးလေးနွေပိတောက်ကိုမွေးပြီး နွေသဖင်လောကကြီး ထဲက ထွက်သွားခဲ့တယ် သမီးလေးက ကိုယ့်ဘဝအဖြစ်နဲ့ပဲ ရှင်သန်နေခဲ့ တယ် မထင်မှတ်ဘဲ မင်းနဲ့တွေ့လိုက်တော့မှ အချစ်ဆိုတဲ့အရာကို ခံစား သိခွင့်ရခဲ့တာပါ "

သူ့စကားဆုံးတော့ ရင်ငွေ့နွေးနွေးကလေးပြုံးရင်း

" ဒါ ရှင့်ရဲ့ဖြေရှင်းချက်တစ်ခုလား မိုးထိမြင့် ရှင့်ဘ[?] ရင်ငွေ့ကို တကယ်ချစ်ခဲ့တယ်ဆိုရင် ရှင့်သမီး နွေပိတောက်ကို [?]နဲ့လွှတ် နိုင်သလား မိုးထိမြင့် "



www.burmeseclassic.com

www.burmeseclassic.com



" ဟင်. . . "

" အဟင်း သိပ်တုန်လှုပ်သွားခဲ့သလား ကိုမိုးထိမြင့် ကျွန်မကို သိပ်မုန်းတာပဲလို့ နာနာကျည်းကျည်း ပြောခဲ့တဲ့ နွေပိတောက်ရဲ့ အမေ တစ်ယောက်ကို ကျွန်မမိုက်မိုက်မဲမဲ လက်ထပ်ရမှာလားဟင် "

" ဘာရယ် ငွေ့ သမီးလေးက မင်းကို အဲဒီလိုပြောခဲ့တယ် ဟုတ်လား "

" သိပ်ဟုတ်တာပေါ့ ဒါ သူ့ရင်ထဲက ခံစားချက်တစ်ခုလို့ ကျွန်မသိတယ် ရှင် ကျွန်မကို ရှင့်သမီးထက် ပိုချစ်နိုင်မလားဟင် "

" ရင်ငွေ့ရယ် "

သူ့နှုတ်က တီးတိုးရေရွတ်သံမှတစ်ပါး အခြေစကား မရှိခဲ့ပါ။ ရင်ငွေ့ နာနာကျည်းကျည်း ပြုံးရင်း

" ရှင်မဖြေနိုင်ခဲ့ဘူး မဟုတ်လား မိုးထိမြင့် "

" ကိုယ် မင်းကို မြတ်နိုးစွာ ချစ်တယ် ငွေ့ ဒါ သေချာပါတယ် "

သူ့စကားက ရင်ငွေ့ရင်ကို စူးစူးနစ်နစ် ခံစားစေ၏။ ဒါပေမဲ့ ရင်ငွေ့ ဝဲတက်လာသော မျက်ရည်စတွေကို သိမ်းဆည်းရင်း

" ဟင့်အင်း မဖြစ်နိုင်တော့ပါဘူးရှင် ရင်ငွေ့လေ အချစ်ကို တစ်ခါပဲ ပိုင်ဆိုင်ခံစားခဲ့ရဖူးတယ် အဲဒီချစ်ခြင်းအတွက် အားလုံးကို ရင်ငွေ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲခဲ့တယ် မိဘတွေကို မိုက်မိုက်မဲမဲ အတိုက်အခံ လုပ်ခဲ့တယ် ဒါပေမဲ့ အချစ်ဆိုတာ ရင်ငွေ့အတွက် ချိုမြိန်တဲ့ပန်းသီး တစ်လုံး မဟုတ်ခဲ့ပါဘူး ခါးသီးတဲ့ အဆိပ်သီးတစ်လုံးပါ "





" မ. . . မဟုတ်ဘူး ရင်ငွေ့ မင်းကို ဒီလိုနာကြင်ခံစားမှုတွေ ကြုံစေချင်လို့ ကိုယ့်ဦးနှောက်နဲ့ ရှောင်ဖို့ ကြိုးစားခဲ့တယ် ဒါပေမဲ့ ကိုယ်ကပဲ မိုက်မဲခဲ့တာပါ ကိုယ့်ကြောင့် ကိုယ့်ကြောင့်ပါကွာ "

" တော်. . . တော်ပါတော့ရှင် ရင်ငွေ့ကို မေ့လိုက်ပါတော့ "

" မေ့လိုက်ရမယ် ဟုတ်လား ရင်ငွေ့ ကိုယ်မင်းကို မေ့ဖို့ ချစ်ခဲ့တာမဟုတ်ဘူး ဒါကို ယုံပါ ရင်ငွေ့ရယ် "

" ရင်ငွေ့ အချစ်မှာ ကံဆိုးခဲ့ပါတယ် ဘယ်လိုနည်းနဲ့မှ ရှင်နဲ့ ကျွန်မ နီးစပ်ခွင့်မရှိပါဘူး "

" ကိုယ့်ရဲ့အတိတ်ကြောင့် မဟုတ်လား ရင်ငွေ့ရယ် မင်း အသိုင်းအဝိုင်းထဲမှာ အိမ်ထောင်ရှင်ကလေး တစ်ယောက်အဖေ မုဆိုးဖို ဆိုတဲ့ လူတစ်ယောက်ကို လက်မခံနိုင်မှန်း ကိုယ်နားလည်ခဲ့သင့်ပါတယ် မင်းကို ကိုယ်နားလည်ခွင့်လွှတ်ပါတယ် ငွေ့ ဒါပေမဲ့ မင်းကို ကိုယ်ချစ်ခဲ့တာ ချစ်နေတာ နောင်လည်း ချစ်နေမှာကိုတော့ မင်းယုံပေးပါ ငွေ့"

မျက်ရည်စတွေထက် ပူလောင်သောဝေဒနာက ငွေ့ရင်ထဲမှာ တသိမ့်သိမ့် ခံစားနာကျင်နေစေ၏။ ကြာရင် ရင်ငွေ့ အသိတရားတွေ မြိုကွဲသွားစေမှာ အသေအချာပါပဲ။

" ငွေ့. . . ငွေ့ သွားပါရစေတော့ "

ချာခနဲလှည့်ထွက်ခဲ့ချိန်မှာ မျက်ရည်စတွေက အဆီးအတားမဲ့စွာ ပြိုဆင်းကျလာခဲ့၏။ စားပွဲဝိုင်းလေးမှာ သူတစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့မှာကို ငွေ့သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com





ခွင့်လွှတ်ပါတော့ ထိရယ် နှလုံးသားက အချစ်ဦးကို ငွေ ပိုင်ဆိုင်ဖို့ အခွင့်မရှိခဲ့သူ အဖြစ်နဲ့ပဲ. . . .

အချစ်ကို ရင်ငွေ့ သိပ်ကြောက်သွားပါပြီ ထိရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၃)

" ဘယ်လိုဖြစ်တာလဲ ရင်ငွေ့ရယ် ငါတို့မယုံနိုင်အောင်ဘဲဟာ"

" အေး မိုးထိမြင့်မှာ အိမ်ထောင်ရှိခဲ့မှန်း ငါတို့မသိခဲ့ဘူး သမီးလေး တစ်ယောက်တောင် ရှိခဲ့တယ်ဆိုတော့. . ."

ယဉ်ကျေးနှင့်ပိုးပိုးတို့လည်း အံ့ဩတုန်လှုပ်နေခဲ့ကြသည်။ ရင်ငွေ့ မျက်ရည်ဝဲနာကျင်ခံစားယုံမှတစ်ပါး။

" တကယ်ဆို အစောကြီးကတည်းက နင်အသေအချာ သူ့ကို မေးသင့်ခဲ့တာ "

" ဟုတ်တယ် ဘာပဲဖြစ်ဖြစ် သူကလည်း နင့်ကို ဝန်ခံသင့် တယ်"

ယဉ်ကျေးတို့နှစ်ဦးစလုံးက ဝေဖန်ချက်တွေ ပေးကြ၏။ ရင်ငွေ့ ငုံ့သက်မောကို ရှိုက်ရင်း ခေါင်းကိုခါရမ်းမိ၏။

" သူ့ကိုချစ်မိတဲ့စိတ်တစ်ခုတည်းနဲ့ ငါအားလုံးကို ယုံခဲ့တယ် ဒီလို အခြေအနေတွေ ဖြစ်လာမယ်လို့လည်း မထင်မှတ်ထားခဲ့ဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



" ဘာပဲဖြစ်ဖြစ် စောစောစီးစီး သိလိုက်ရတာ နင့်ကံကောင်းပါတယ် ဒီကိစ္စကို ရှိန်းကော ဘာပြောသေးသလဲဟင် ရင်ငွေ "

" သူကတော့ တော်တော်အံ့ဩသွားတယ် သူ့ကိုလည်း ပြဿနာ သွားရှာမယ် လုပ်နေလို့ ငါတားထားရတယ် "

" ရှိန်းကတော့ နင့်ကို ခွင့်လွှတ်နားလည်နိုင်မှာပါ "

ပိုးပိုး ပင့်သက်ရှိုက်ရင်း ပြောသည်။ ရင်ငွေ နားလည်ပြီးသားပါ။ ရှိန်းက သူမအပေါ် အမြဲတမ်း နားလည်ခွင့်လွှတ်ခဲ့သူ တစ်ယောက်ဆိုတာ

" ရင်ငွေ နင် မိုးထိမြင့်ကို မေ့လိုက်တော့ဟာ ရှိန်းကိုပဲ နင် ရွေးချယ်သင့်တယ် ရှိန်းက နင့်အပေါ် နားအလည်နိုင်ဆုံးပဲ "

" ငါ သိပါတယ် ဒါပေမဲ့ ငါ သူ့ကို မုန်းလို့မရဘူးဟာ "

" ဘာရယ် ရင်ငွေ "

" ဟုတ်တယ် ငါ သူ့ကိုမုန်းလို့မရဘူး ငါ့နှလုံးသားက ချစ်နေတုန်းပဲ "

" သူက မုဆိုးဖိုတစ်ယောက် ပြီးတော့ နင့်ကို အရမ်းမုန်းနေတဲ့ သမီးတစ်ယောက်လည်း ရှိတယ်ဆိုတာ နင် မေ့ထားသလား ရင်ငွေ "

ယဉ်ကျေးစကားက အထိရောက်ဆုံးသော မြှားတစ်စင်း ဖြစ်သည်။ ရင်ငွေ့အာရုံထဲမှာ နွေပိတောက်ရဲ့ အမုန်းဆန်သော အကြည့်လေးက စူးခနဲ ဝင်ရောက်လာခဲ့သည်။

" ဒီအချိန်မှာ နင်အပြတ်သားဆုံး စဉ်းစားသင့်တယ် ရင်ငွေ အကောင်းဆုံးက သူနဲ့မပတ်သက်သင့်တော့ဘူး "





ပိုးပိုးကလည်း ထင်မြင်ချက်ပေးသည်။

နှလုံးသားက အလွယ်တကူ ချစ်ခဲ့တာမှမဟုတ်ဘဲ။ ပြီးတော့ အလွယ်တကူ မုန်းနိုင်လောက်အောင်လည်း ငွေ့နှလုံးသားက မနာကြင်နိုင်တော့ ခက်သည်။

" သူ ငါ့ကို အားလုံးရှင်းပြတယ် နွေပိတောက်ရဲ့ အမေ နွေသဇင်ကို သူ လက်ထပ်ဖြစ်ခဲ့တာ သူ့မွေးစားမိဘတွေစကားကို နားခံခဲ့တာတဲ့ "

" အဲဒီ နွေသဇင် လောကကြီးထဲမှာ မရှိတော့ပေမယ့် နွေပိတောက် ဆိုတဲ့ ကလေးက လောကကြီးထဲမှာ ကျန်ရှိနေသေးတယ် မိုးထိမြင့်ရဲ့သမီးအဖြစ် ပတ်သက်နေသေးတယ် ရင်ငွေ "

ယဉ်ကျေးစကားကိုတော့ ငွေ့ လက်ခံမိသည်။ တကယ်ဆို နွေပိတောက်ဆိုတာ ထိုရဲ့သမီးရင်းချာတစ်ယောက်။ ငွေ့ဆိုသော မိန်းမတစ်ယောက်ကို ဖခင်က လက်ထပ်ယူမှာကို ဘယ်လိုကြည့်ဖြူနိုင်မှာတဲ့လဲ။

ရင်ငွေ့ကို မိထွေးတစ်ယောက်အဖြစ် လက်ခံနိုင်မှာမဟုတ်မှန်း ရင်ငွေ နားလည်နေမိသည်။

ရင်ငွေ ရင်မောစိတ်ညစ်လိုက်တာ ထိုရယ်။ ကံကြမ္မာက ရင်ငွေ့အတွက် ဆုံနိုင်ခွင့်မရှိစေခဲ့ဘူး ထင်ပါရဲ့။

နွေပိတောက်ရဲ့ နှလုံးသားကို ရင်ငွေ လုယူမိသူတစ်ယောက် ဖြစ်နေခဲ့ပြီလား။ ဒေါ်ထားထားနဲ့ နွေပိတောက်အတွက် ရင်ငွေက မိန်းမရိုင်းကြီး ဖြစ်နေပြီတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ရင်ငွေ့ဘက်က ခံစားပေးပါဦး ထိရယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၄)

သည်ရက်ပိုင်းမှာ ရင်ငွေ့ အိမ်အပြင်မထွက်ဖြစ်ပါ။ မာမီတို့ ရှေ့မှာ ဟန်ဆောင်နေရပေမယ့် ရင်ငွေ့ရင်ထဲ ကြိတ်ခံစားနေရတာတော့ အမှန်။

တစ်ယောက်တည်း အခန်းအောင်းရင်း ရင်ငွေ့အိမ်မှာနေရစ်ခဲ့တာကိုတောင် မာမီက စိတ်ပူနေခဲ့သည်။

" သမီး ဆိုင်မလိုက်ချင် နေခဲ့လေ သမီးကြည့်ရတာ နေမကောင်းသလိုပဲ မာမီစိတ်မချဘူး "

" ခေါင်းတွေကိုက်လို့ပါ မာမီ ဆေးသောက်လိုက်ရင် သက်သာသွားမှာပါ "

" မာမီ ဆိုင်မသွားတော့ဘူး သမီးနဲ့အတူ ရှိနေမှဖြစ်မယ် ထင်တယ် "

" သမီးအတွက် စိတ်မပူပါနဲ့ မာမီ ဆိုင်မှာ မာမီမရှိလို့ ...တူး မဟုတ်လား သွားပါ သမီးတစ်ယောက်တည်း နေလို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



" အင်း ဒါဆိုလည်း မာမီသွားမယ် သမီး အရေးအကြောင်း ရှိရင် မာမီဆီဖုန်းလှမ်းဆက်နော် "

မာမီ သတိထားမိလောက်အောင် ရင်ငွေ့ မျက်ကွင်းကလေး ညိုကာ မှိန်ဖျော့သွားခဲ့တာမို့ မာမီစိတ်ပူနေခြင်းဖြစ်သည်။ ညဘက်တွေမှာ အိပ်မပျော်သည့် ရင်ငွေ့အဖြစ်ကို မာမီမှမသိနိုင်ခဲ့ဘဲ။

ထိရယ် အချစ်ဆိုတာ ပြန်သိမ်းဆည်းဖျောက်ဖျက်ပစ်လို့ရတဲ့ အရာမဟုတ်တော့လည်း

ဟင်းနိဖုန်းကလေးက ထမြည်လာတာမို့ ရင်ငွေ့ကောက်ယူ ကြည့်မိတော့ ရင်ထဲမှာ ထိတ်ခနဲဖြစ်ရ၏။ ဒါ ထိဆီက ဆက်သွယ် လာသော ဖုန်း။

ဖုန်းကို ပိတ်ပစ်လိုက်ဖို့ ဆုံးဖြတ်မိသည့် ဦးနှောက်အသိကို နှလုံးသားဆန္ဒက လက်မခံနိုင်တော့ ရင်ငွေ့ ကောက်ယူနားထောင် မိပြန်၏။

" ငွေ့လား ကိုယ်ပါ "

" ရင်ငွေ့ကို ဒုက္ခမပေးပါနဲ့ ထိရယ် တောင်းပန်ပါတယ် ငွေ့ အားလုံးကို မေ့ပစ်နိုင်ဖို့ ကြိုးစားနေတယ် "

" မေ့နိုင်ဖို့ ဟုတ်လား ငွေ့ ကိုယ်ကတော့ ဘယ်လိုမှ ငွေ့ကို မေ့လို့မရဘူးဆိုတာ သေချာတယ် ကိုယ်အားလုံးကို အသေအချာ ပြန်စဉ်းစားတယ် ဘယ်လိုအရာက ကိုယ်နဲ့ငွေ့တို့ နှလုံးသားက အချစ်ကို ဖျက်ဆီးပေးကွာနိုင်စေမှာလဲကွာ ငွေ့ကို ကိုယ် တကယ်မြတ်နိုးချစ်ခဲ့တာ"





" ဟင့်အင်း ငွေ့ မကြားပါရစေနဲ့ ထိရယ် "

" ငွေ့ရဲ့နှလုံးသားကို မလိမ်ညာပါနဲ့ကွာ ရှိန်းကို ငွေ့ တကယ် ချစ်သလားဟင် ဒါမှမဟုတ် မချစ်ဘဲနဲ့ လက်ထပ်တော့မှာလား ကိုယ် ငွေ့ကို မစွန့်လွှတ်ရဲဘူး "

သူ့စကားတွေကို နားထောင်ရင်း ငွေ့နှလုံးသားက တိမ်ညွှတ် ယိမ်းယိုင်ချင်လာပြန်၏။ ငွေ့ ဘာမှမကြားပါရစေနဲ့ရှင်။

" ငွေ့ . . . ကိုယ်တို့ အိပ်မက်ဘုံလေးမှာ ဆုံရအောင်နော် ကိုယ်နဲ့ငွေ့တို့ နှလုံးသားတွေကို မလိမ်ညာဘဲ တစ်ခုခု ဆုံးဖြတ်ရ အောင်ကွာ ကိုယ် ငွေ့ကို စောင့်နေမယ် "

ဟင့်အင်းဟု ငွေ့ ခါးခါးသီးသီး ငြင်းပစ်လိုက်သင့်၏။ ဘာကြောင့်များ စကားသံတွေ နှုတ်က ထွက်မလာရတာလဲ မသိ။

" ငွေ့ကို ကိုယ် မစွန့်လွှတ်ရဲဘူး ငွေ့ရယ် "

နောက်ဆုံးစကားသံတွေနှင့် ဖုန်းက ပိတ်သွားခဲ့၏။ ရင်ငွေ့ ငူလေးရပ်နေမိဆဲ။ ပင့်သက်ရှိုက်ရင်း ခေါင်းအမော့မှာ မှန်ထဲမှာ မြင်ရ သော ပုံရိပ်လေးထဲက ရင်ငွေ့မျက်ဝန်းတွေကို မြင်ရ၏။

တကယ်ပဲ ထိကို ရင်ငွေ့ မုန်းခဲ့သလား။ စွန့်လွှတ်ရဲသလား။ နှုတ်ပိတောက်ဆိုတဲ့ ကလေးမလေးကြောင့် ပိုင်ဆိုင်ဖို့ မဝံ့မရဲဖြစ်နေခဲ့ သလား။

တကယ်ဆို ငွေ့နဲ့သူကြားမှ ချစ်ခြင်းမှာ ဘယ်လိုအတားအဆီး သွမှ မရှိခဲ့တာတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်တစ်ခုနှင့် ငွေ့အခန်းထဲက လှည့်ထွက်ခဲ့မိသည်။

ငွေ့ကိုငွေ့ သတိထားမိချိန်မှာ ကားကလေးပေါ်တက်ကာ မောင်းထွက်နေခဲ့မိပြီ။

ငွေ့နှလုံးသားထဲက ချစ်ခြင်းကို ဘာအတွက်ကြောင့် စွန့်လွှတ် …ရှုံးစေရမှာတဲ့လဲ။ ရှင့်ကို ကျွန်မ သိပ်ချစ်ပါတယ် မိုးထိမြင့်ရယ်။

ခြံတံခါးကြီးက ပွင့်လျက်သားရှိနေ၏။ ငွေ့ ဆုံးဖြတ်ချက် ထိ ကြိုသိနေခဲ့တာလား။ ကြိုဆိုနေခဲ့တာလား။

ငွေ့ ကွန်ကရစ်လမ်းလေးအတိုင်း ဆက်မောင်းဝင်ခဲ့သည်။ အိမ်မကတ်တုံ့ရဲ့ ဆင်ဝင်အောက်ကလေးမှာ သူ့ရဲ့ MARK II ကားနက် ရပ်ထား၏။

" ငွေ့. . . ငွေ့ လာတယ်နော် ကိုယ် ဝမ်းသာလိုက် ငွေ့ရယ်"

ကားတံခါးကို သူ အပြေးဖွင့်ပေးသည်။ သူ့မျက်နှာလေး ချောင်ကျနေ၏။ ရှင်းသန့်သော မျက်နှာလေးမှာ မျက်ကွင်းတို့ ညိုနေ ရင်ငွေ့မြင်ရ၏။

" ငွေ့ ရောက်လာပါစေလို့ ဆုတောင်းရင်း ကိုယ်ဧည့်ခန်းထဲ ထိုင်နေတာ တစ်နာရီကျော်ပြီ ထိုင်. . . ထိုင်ပါ. . . ငွေ့ "

သူ့မျက်နှာကို ငွေ့ ငေးမောကြည့်နေမိသလို သူကလည်း ငွေ့မျက်နှာလေးကို ငေးစိုက်ကြည့်နေရင်း

" ငွေ့ရယ် မင်း ချောင်ကျသွားလိုက်တာ "





"ထိ မျက်လုံးတွေလည်း ညိုပြီး ပိန်သွားတယ်"

ငွေ့စကားကြောင့် သူ ပြုံးသည်။ မျက်ဝန်းတွေအထိ ရောင်စဉ် တောက်ပစေသော အပြုံးတို့ကို ငွေ့ ငေးကြည့်နေမိသည်။

တစ်ယောက်မျက်နှာကို တစ်ယောက်စက္ကန့်ပေါင်းများစွာ ငေး ကြည့်ရင်း သူ ရင်ငွေ့အနီးရောက်လာသည်။

"ငွေ့ရယ် မင်းနဲ့ဝေးရဖို့ ကိုယ် မတွေးရဲဘူး သိလား"

ငွေ့ရင်ထဲက နှလုံးသားက တိမ်းညွတ်သွားခဲ့၏။ ဟန်ဆောင် ခြင်းအားလုံးကို ငွေ့ ခွာချပစ်လိုက်မိသည်။

"ထိရယ် ရှင့်ကို ငွေ့မုန်းလို့မရတာ ချွေချွေချာပါတယ်"

မြတ်နိုးခြင်းအရိပ်တို့ ဖြာလဲ့သော-မျက်ဝန်းတွေ ငွေ့မျက်နှာ လေးဆီ တိုးရွေ့လာနေ၏။ ငွေ့မျက်ဝန်းလေးတွေ မိုတ်ထားလိုက်မိ၏။

နူးညံ့ညင်သာသော အနမ်းတို့ ပါးပြင်မှာ နွေးခနဲ ပွင့်ဖူးသည်။ ငွေ့ရင်တွေ တလှပ်လှပ် လှိုက်ခါတုန်ရီလျက်

"ငွေ့"

မိန်းမောသံလေးနှင့် ထိ ခေါ်သည်။ မျက်တောင်ကော့ကော့ တွေကို လေးပင်စွာပင့်လျက် ငွေ့ မော့ကြည့်မိသည်။

"ကိုယ့်ကို ဘယ်တော့မှခွဲမသွားပါနဲ့ကွာ"

စကားလုံးများစွာထက် ခိုင်မာလေးနက်သော အကြည့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ထိ နားလည်နိုင်မည်လား။

ထိ ရင်ခွင်ထဲမှာ အရာအားလုံးကို ငွေ့ ရင်ဆိုင်ဖို့ အသင့်ရှိ ခဲ့ပြီဆိုတာ ယုံပါ ထိရယ်။

အချစ်ဆိုတာ ဘယ်လိုအကြောင်းကြောင့်မှ ဝေးကွာပျောက် ဆုံးသွားစေမှာ မဟုတ်ပါဘူး။

ငွေ့ ယုံကြည်ချင်တယ် ထိ။

■ ■ ■



## အခန်း (၃၅)

" ဘာရယ် ရင်ငွေ့ နင် သူ့ကိုခွင့်လွှတ်တယ် ဟုတ်လား "

ရှိန်းအသံမှာ မယုံကြည်ခြင်းနှင့် တုန်ရီနေ၏ မျက်ဝန်းတွေက ငွေ့ကို နားမလည်နိုင်စွာ ငေးကြည့်ရင်း ခေါင်းကို ခါရမ်းနေ၏။

" သူ့မှာ အပြစ်မရှိပါဘူး ရှိန်းရယ် သူ ငါ့ကို တကယ်ချစ်တာ ...ကလည်း သူ့ကို မုန်းလို့မရဘူး "

" ရင်ငွေ့ . . . နင် . . . စဉ်းစားပါဦး သူ နင့်ကို လိမ်ညာခဲ့တာ ...တော့ လှည့်စားဖို့ ကြိုးစားနေတာ "

" မဟုတ်ဘူး ရှိန်း သူ့ဘက်က အကြိမ်ကြိမ် ရှင်းပြဖို့ ကြိုးစား ...မယ့် ငါကိုယ်တိုင်က စိတ်မဝင်စားခဲ့ဘူး ပြီးတော့ သူ့အတိတ်က ...ခဲ့ပါပြီ "

" သူ့မှာ နွေပိတောက်ဆိုတဲ့ သံယောဇဉ် ကြိုးတစ်ချောင်း ...သေးတယ်လေ "

" ထိနဲ့ ပတ်သက်သမျှ ငါ လက်ခံနိုင်ပါတယ် ရှိန်းရယ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ပိတောက်လေး ငါ့ကို နားလည်နိုင်အောင် ငါ ကြိုးစားမှာပေါ့ "

" ဟား. . . ရင်ငွေ့ နင့်ကိုငါ နားမလည်တော့ဘူး "

ဆံနွယ်တွေထဲကို လက်ချောင်းတွေ ထိုးသွင်းဖွရင်း ရှိန်း စိတ်ပျက်လက်ပျက် ညီးညူသည်။

" ငါ့ကိုငါလည်း နားမလည်နိုင်ခဲ့ဘူး ရှိန်း တကယ်ဆို ငါ သူ့ကို ချစ်ခဲ့တာ သိပ်သေချာတယ် သူက ရှောင်တိမ်းဖို့ ကြိုးစားခဲ့တာ တောင် ငါ့ဘက်က ပတ်သက်ဖို့ ဟိုးအရင်ကတည်းက ကြိုးစားခဲ့တာပဲ "

" ဘာရယ်. . . ရင်ငွေ့ "

" ဟုတ်တယ် ရှိန်း သူ့ကို ချစ်မိတဲ့နောက်ပိုင်းမှာ ငါ့မှာ သိက္ခာ၊ အရာအားလုံးကို ငါ စွန့်ပစ်ခဲ့တယ် သူ့ကိုချစ်တဲ့စိတ်တစ်ခုနဲ့ ငါ မာမီတို့ကို လွန်ဆန်ခဲ့တယ် လိမ်ညာခဲ့တယ် နင့်အပေါ်လည်း ငါ ညာခဲ့တာပဲလေ "

" အဲဒါကို ငါ နားလည်နိုင်တယ် ငွေ့ အိုဟာ ငါ ကုန်ကုန် ပြောမယ် နင်နဲ့သူ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ရင်တောင် ငါ နင့်ကို မြတ်နိုးချစ်နေဦးမှာယုံပါ "

" ရှိန်းရယ် "

" ရှိန်းဆိုတဲ့ကောင်က ရင်ငွေ့ဆိုတဲ့ နင်တစ်ယောက်တည်းကို ချစ်ခဲ့ဖူးတာပါ ရင်ငွေ့ရယ် အမြဲတမ်းလည်း နင့်အပေါ် နားလည်ခွင့်လွှတ် နိုင်ခဲ့သူပါ "

" ရှိန်း နင်ရဲ့ချစ်ခြင်းတွေကို ငါနားလည်နိုင်ပါတယ် ဒါပေမဲ့





နင့်ကိုငါ့နှလုံးသားက လက်မခံနိုင်ခဲ့ဘူး "

ရှိန်း ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်တိတ်ဆိတ် သွားခဲ့၏။ ငွေ့ ညာချင်ပါဘူး ရှိန်းရယ်။

" ငါ အားလုံးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ ရှိန်း ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ် "

သူငယ်ချင်းတဲ့လား ရင်ငွေ့ရယ်။ နင့်နှလုံးသားက ငါ့အပေါ် ဘယ်တော့မှ မချစ်နိုင်တော့ဘူးတဲ့လား။ ငယ်ငယ်ကတည်းက နှောင်တွယ် ခဲ့တဲ့ သံယောဇဉ်ဆိုတာ အချစ်တစ်ခု မပေါက်ဖွားလာနိုင်ဘူးတဲ့လား။

နင့်အပေါ် ငါ ခွင့်လွှတ်ပေးဆပ် မြတ်နိုးခဲ့တာတွေအတွက် နင့်ဘက်က မပေးဆပ်နိုင်ဘူးတဲ့လား။

" ရှိန်း ငါ သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ "

" ဒါ. . .ဒါ. . . နင့်ဆုံးဖြတ်ချက်လား ရင်ငွေ့ "

" ငါ့နှလုံးသားထဲက ဆုံးဖြတ်ချက်ပါ "

" ငါ. . . ဒီလူကြီးကို မယုံကြည်ဘူး ရင်ငွေ့ သူ နင့်အပေါ် ချစ်ခဲ့တာ မဟုတ်ဘူးလို့ ထင်တယ် "

" ငါတော့ အကြွင်းမဲ့ ယုံကြည်တယ် ရှိန်း တကယ်လို့ မှားယွင်း ခဲ့ရင်တောင် ငါ ခံယူနိုင်ပါတယ် သူ့ကိုငါမှ မမုန်းနိုင်ဘဲ "

ရှိန်း ဘာစကားမှ မဆိုဘဲ ရင်ငွေ့ကို စူးစိုက်ကြည့်သည်။ ပြီးမှ ပင့်သက်မောကြီးကို ရှိုက်ရင်း

" ရင်ငွေ့ နင် အသေအချာ စဉ်းစားပါ ငါနဲ့လက်ထပ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပြီး နှစ် အလွယ်တကူ မဆုံးဖြတ်ပါနဲ့ဦး အခုလည်း နင့်ကိုင် နားလည်စွာနဲ့ အခုကိစ္စကို သိုဝှက်ထားမှာပါ စိတ်မျှ မာမိတို့တွေ အလော တကြီး မစိစဉ်စေရပါဘူး ”

“ ကျေးဇူးတင်ပါတယ် ရှိန်း မာမိတို့ စီစဉ်လာခဲ့ရင်လည်း ငါ ပြတ်သားစွာ ငြင်းမှာပါ နင့်ကိုငါ အသုံးမချရက်ပါဘူး ရှိန်းရယ် ”

ဒါ နှင် ငါ့အပေါ်ထားတဲ့ သံယောဇဉ် အပိုင်းအစလေး တစ်ခုပဲလား ရင်ငွေ့။

နှင့်နှလုံးသားတွေ အဆိပ်တက်နေတာ သေချာပါတယ်။

✿ ✿ ✿ ✿ ✿



## အခန်း (၃၆)

ခြံတံခါးဆီက ကားဟွန်းသံကြောင့် ရင်ငွေ့ လှမ်းကြည့်လိုက်မိ၏။ ခြံဝမှာ လှမ်းမြင်လိုက်ရတာ မီးခိုးရောင် ပါဂျဲရိုးကားကြီး ဖြစ်နေသည်။

ရင်ငွေ့ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရ၏။ ဒီကားကို ရင်ငွေ့ မြင်ဖူးသလို ရှိ၏။

ရင်ငွေ့ လှမ်းကြည့်နေတုန်းမှာ ခြံစောင့်ကြီးဦးနီက ခြံတံခါးကို ဖွင့်ပေးနေတာ တွေ့လိုက်ရသည်။

ကားကြီးက ကွန်ကရစ်လမ်းလေးအတိုင်း မောင်းဝင်လာကာ ဆင်ဝင်အောက်မှာ ရပ်လိုက်တော့မှ ရင်ငွေ့လက်ထဲက မဂ္ဂဇင်းစာအုပ်ကို ချကာ ထရပ်မိ၏။

“ ဟင်. . . ”

ပွင့်လာသည့်ကားတံခါးက ဆင်းလာသူက နေ့မင်းတောက်။ အဖြူရောင် ခါးတိုအင်္ကျီလေးနှင့် ဂါဝန်ဖြူဖြူလေးကို ဝတ်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ငွေ့ မျက်လုံးလေးတွေ မင်သက်ကြောင်တွေ ငေးလို့ ရပ်နေ တုန်းမှာ နွေပိတောက် တံခါးဝကို ရောက်လာ၏။

" အန်တီ. . . သမီး အန်တီဆီလာတာပါ "

ပိတ်ထားသော ဧည့်ခန်းသံပန်းတံခါးရှေ့မှာ ရပ်ရင်း ဆိုနေ တော့မှ ရင်ငွေ့ ဖျတ်ခနဲ အသိဝင်လာကာ တံခါးသော့ကို အပြေးဖွင့် ပေးလိုက်ရ၏။

" ဝင်. . . ဝင်ပါ သမီးလေး. . . ဝင်ခဲ့ပါ "

နွေပိတောက် ဧည့်ခန်းတံခါးမှ ဝင်လာရင်း ရင်ငွေ့ကို မော့ကြည့် ၏။ မျက်နက်ဝန်းလေးတွေမှာ ရင်ငွေ့ မြင်ခဲ့ရသော နာကြည်းမုန်းတီးခိုင် တို့ ကင်းစင်နေသည်ကတော့ အသေအချာ။

" အို. . . ဘာလုပ်တာလဲ သမီးရဲ့ ထပါ "

ရင်ငွေ့ ခြေအစုံရှေ့မှာ ဘာမပြောညာမပြော ဒူးထောက်ထိုင်ချ လိုက်တာမို့ ရင်ငွေ့ အထိတ်တလန့် တ[illegible]မိ၏။

" သမီး အန်တီကို လာတောင်းပန်တာပါ သမီး ပြောခဲ့တဲ့ စကားကို အန်တီ စိတ်မဆိုးပါနဲ့နော် အန်တီ "

" အိုး. . . အန်တီ စိတ်မဆိုးပါဘူး သမီးရယ် "

နွေပိတောက် မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် သူမကို မော့ကြည့် နေ၏။ ရင်ငွေ့ကြည့်နေတုန်းမှာ မျက်ရည်လေးတွေ ဝဲတက်လာသော မျက်ဝန်းလေးတွေကို မြင်ရ၏။

" အို. . . သမီး မငိုပါနဲ့ကွယ် ဘာလို့ငိုတာလဲဟင် "





" ဖေဖေက အန်တီ့ကို ယူတော့မှာတဲ့ အဟင့်. . . ဟင့် "

ရှုတ်တရက် ကြေကွဲငိုကြွေးရင်း ကလေးမလေးဆိုသည်။ ရင်ငွေ့ ရင်ထဲမှာ တကယ်ပဲ စိတ်မကောင်း ဖြစ်သွားရ၏။

" ဖေဖေ့ကို သမီးဆီက ခေါ်မသွားပါနဲ့နော် အန်တီ သမီး ပြောခဲ့တာတွေကို စိတ်မဆိုးပါနဲ့. . . အဟင့်. . . ဟင့် "

" အန်တီ စိတ်မဆိုးပါဘူး ကလေးရယ် "

" ဖေဖေ့ကိုလည်း မယူပါနဲ့နော် ဖွားဖွားကပြောတယ် ဖေဖေက သမီးထက် အန်တီ့ကို ချစ်နေတာတဲ့ ဟုတ်လားဟင် သမီး တောင်းပန် ပါတယ် ဖေဖေ့ကိုမချစ်ပါနဲ့ အန်တီရယ် သမီးဖေဖေကြီးကို မချစ်ပါနဲ့နော် "

ရင်ငွေ့ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရသည်။ မျက်ရည်စ တွေနှင့် နွေပိတောက် ရင်ထဲက ခံစားချက်တွေကို နားလည်လိုက်မိသည်။

" သမီးရယ် အန်တီကို အထင်မလွဲပါနဲ့ကွယ် အခု သမီး တစ်ယောက်တည်း လာတာ[illegible]သားဟင် "

" သမီးကို ဦးပိုးကြီး လိုက်ပို့ပေးတာပါ သမီး အန်တီဆီက ကတိတစ်ခု လိုချင်လို့ပါ အန်တီရယ် "

" ကတိ ဟုတ်လား ဘာကတိလဲ သမီး "

" ဖေဖေကြီးကို မယူပါနဲ့ မချစ်ပါနဲ့နော် သမီးကို သနားရင် အန်တီ အဲဒီကတိပေးပါနော် ဖေဖေကြီးက ပြောတယ် အန်တီက သမီးရဲ့ မေမေတဲ့ အဲဒါမဟုတ်ပါဘူး သမီးမေမေက သေသွားပြီ အဟင့်. . . ဟင့် "

ခန္ဓာကိုယ်လေး တသိမ့်သိမ့် တုန်ခါစွာ ရှိုက်ငိုနေသော



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးကို ရင်ငွေ့ တကယ်ပဲ စာနာသနားသွားမိ၏။

" သမီးကို ကတိပေးမယ် မဟုတ်လားဟင် အန်တီ "

မျက်ရည်စလေးတွေ ပါးနှစ်ဖက်ပေါ်မှာ ယိုစီးကျရင်း ဆိုနေသော နွေပိတောက် ပခုံးလေးကို ရင်ငွေ့ ဖေးမဆုပ်ကိုင်လိုက်ရင်း

" သမီးလေး အဲဒီကတိရရင် စိတ်ချမ်းသာမှာလားဟင် "

" သ. . . သမီး ဖေဖေကြီးကို ချစ်တယ် အန်တီဆီက ကတိတစ်ခုရရင် သမီး ကျေနပ်မှာပါ "

သမီးလေးနွေပိတောက်နှင့် သူ့ကြားမှာ နားလည်နိုင်မှုဆိုတာ လွယ်ကူသော ကိစ္စမဟုတ်ဟု ရင်ငွေ့နာကျင်စွာ နားလည်လိုက်မိ၏။ ဒေါ်ထားထားက နွေပိတောက်လေးကို အဘယ်မျှအထိ သိမ်းသွင်းထားခဲ့သည်မသိပါ။

ရင်ငွေ့ နှုတ်ခမ်းလေးစေ့ကာ ခွေးခွေးကလေး ပြုံးလိုက်မိ၏။ ရင်ငွေ့ နှုတ်ကစကားကို နားစွင့်နေသော နွေပိတောက်မျက်ဝန်းလေးတွေ တောက်ပမှုတွေနှင့် လက်ဖြာနေ၏။

" သမီး စိတ်ချမ်းသာတော့ အန်တီ ကတိပေးပါတယ် "

" ဟွင်. . . အန်တီ. . . တ. . . တကယ်ပြောတာနော်. . . ဟုတ်လား "

မျက်ရည်စလေးတွေကြားက နွေပိတောက် ဝမ်းသာအားရလေး ရေရွတ်ရင်း မေး၏။ ရင်ငွေ့ ခေါင်းကလေးဆတ်ပြရင်း

" တကယ်ပါ သမီးရယ် သမီးရဲ့ဖေဖေကြီးကို အန်တီ





ဘယ်တော့မှ မချစ်တော့ဘူး လက်မထပ်တော့ပါဘူး ကလေးရယ် "

" ဝမ်း. . . ဝမ်းသာလိုက်တာ အန်တီရယ် သမီး. . . သမီး ပြန်တော့မယ်နော် "

အငိုမျက်ဝန်းလေးတွေ ပျောက်ဆုံးကာ ဝမ်းသာအားရ ပြေးထွက်သွားသော နွေပိတောက်ကို ရင်ငွေ့ ငေးကြည့်နေမိသည်။

ပါဂျဲရိုးကားကြီးက ခြံဝမှ ကွယ်ပျောက်သွားတော့မှ ရင်ငွေ့ အခန်းထဲ ပြေးဝင်ခဲ့၏။

ခုတင်ပေါ်မှာ မျက်နှာအပ်ချရင်း ရင်ငွေ့ ရှိုက်ကြီးတငင် ငိုကြွေးနေမိ၏။ ထိရယ် ရင်ငွေ့နှလုံးသားထဲက ဝေဒနာကို မြင်လှည့်ပါဦး။

နွေပိတောက်အတွက် ရင်ငွေ့က မိန်းမရိုင်းကြီး ဖြစ်နေခဲ့ရပြီလားဟင်။ ရင်ငွေ့ နှလုံးသားက အချစ်တစ်ခုအတွက် နွေပိတောက်လေး နှလုံးသားကို ချေမွပစ်လိုက်ရမှာတဲ့လား ဟင်။

" ကိုယ်ရယ် ငွေ့ရယ် သမီးလေးရယ် ပျော်စရာကောင်းတဲ့ ဘဝလေးကို ဖန်တီးကြရအောင်နော် ငွေ့ "

ထိ ပြောခဲ့တဲ့စကား။ မျှော်လင့်နေခဲ့တဲ့ အရာက အိပ်မက် တစ်ခုပဲ ဖြစ်ခဲ့ပါပြီ ထိရယ်။

မဖြစ်နိုင်တော့တဲ့ အရာတစ်ခုကို ငွေ့ မိုက်မဲစွာ မပိုင်ဆိုင်ချင်တော့ပါဘူး။

ရင်ငွေ့ကို မေ့လိုက်ပါတော့ ထိရယ်။ အချစ်ဆိုတာ ပိုင်ဆိုင်ခွင့် မရှိလည်း ရင်ထဲက ရှင်သန်ဖူးသစ်စွာ ထာဝရတည်နေနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိ နားလည်လက်ခံပေးပါတော့နော်။

✿ ✿ ✿ ✿ ✿





## အခန်း (၃၇)

" ဘယ်. . . ဘယ်လို ရင်ငွေ့ ရင်ငွေ့ကို မေ့လိုက်ရမယ် ဟုတ်လား "

သူ့ အသိတ်တလန့် ရေရွတ်မိ၏။ ရင်ငွေ့ မျက်နှာကို မယုံနိုင်စွာ ကြည့်ရင်း တုန်လှုပ်စွာနှင့် ကြောင်တွေနေခဲ့သည်။

" ငွေ့ ဆုံးဖြတ်ပြီးပြီ ထိ နွေ့ပိတောက်လေးကို ပေးလိုက်တဲ့ ကတိကို ငွေ့ တည်ရမယ် ငွေ့တို့မျှော်လင့်တဲ့ဘဝဆိုတာ အိပ်မက်ဆန် လွန်းပါတယ် ထိရယ် "

" ဟင့်အင်း မဟုတ်ဘူး ငွေ့ နွေ့. . . နွေ့ပိတောက်က ကလေးလေးပဲ ရှိပါသေးတယ် သမီးလေးခမြာ ဘာကိုဆုံးဖြတ်နိုင်ဦးမှာလဲ ခုကိစ္စက အန်တီထား သူ့အဖွားရဲ့စနက်တွေပါကွာ "

" ဘာပဲဖြစ်ဖြစ် ရင်ငွေ့တစ်ခုခုကို ဆုံးဖြတ်ရလိမ့်မယ် ထိ"

" ကိုယ်နဲ့ရင်ငွေ့တို့ အနာဂတ်ကို ကိုယ်တို့ရွေးချယ်ခဲ့ကြပြီးပြီပဲ သမီးလေးနဲ့အတူ ဘဝတစ်ခု တည်ထောင်ကြမှာလေ "



www.burmeseclassic.com

www.burmeseclassic.com



“ ဒါ. . . မဖြစ်နိုင်တော့ဘူး ထိ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ နွေပိတောက်လေး ငွေ့ဆီရောက်လာတဲ့ အချိန်မှာ သိလိုက်ရပါပြီ ”

ငွေ့မျက်ရည်လေး ရစ်ဝဲဆိုတော့ သူ ခေါင်းကို တွင်တွင်ခါ ရမ်းရင်း တုန်လှုပ်နေမိဆဲ။

သမီးလေးရင်ထဲကို ဒီအကြောင်းတွေ ဘယ်သူထည့်သွင်း ပေးလိုက်တာလဲ။ အခြားသူ မရှိနိုင်။ အန်တီထားပဲ ဖြစ်လိမ့်မည်။

သူ ဘယ်လိုရင်ဆိုင်ရမည်လဲ။ အမှန်တရားတစ်ခုကို ဖြေရှင်း ရမည်လား။ အာရုံထဲမှာ သမီးလေးနွေပိတောက် မျက်နှာလေးကို မြင်လာ၏။

“ နွေပိတောက်က အပြစ်ကင်းစင်ပါတယ် ထိရယ် သူ့ခမြာ ထိကို ဆုံးရှုံးရမှာ ကြောက်နေရှာတယ် ဘာပဲဖြစ်ဖြစ် ငွေ့တို့ သူ့နှလုံးသား နုနုလေးကိုတော့ ထည့်စဉ်းစားပေးရမှာပေါ့ ”

“ သမီးလေးအတွက် ကိုယ် အများကြီး စဉ်းစားခဲ့တာပေါ့ ငွေ့ရယ် ငွေ့ဟာ သမီးလေးအတွက် မိခင်ကောင်းတစ်ယောက် ဖြစ်မှာ ကိုယ်အကြွင်းမဲ့ ယုံကြည်ထားတယ် ”

“ အဲဒါက ထိ ယုံကြည်ချက်လေ သမီးလေးကိုလည်း ငွေ့ ချစ်ပါတယ် ဒါပေမဲ့ သမီးလေးက နားလည်မှာမဟုတ်ဘူး သူ တောင်းခဲ့တဲ့ ကတိကို ငွေ့ ပေးခဲ့ပြီးပြီ ”

“ ဟာ. . . မဟုတ်တာကွာ တစ်ချိန်ကျရင် သမီးလေး နားလည်လာမှာပါ ငွေ့ရယ် ”





သူ ဖြေရှင်းပြ၏။ ရင်ငွေ့ လက်မခံနိုင်ပါ။ သမီးလေးမျက်ဝန်း ထဲက ခံစားချက်တွေကို ငွေ့ မြင်ခဲ့ရတာလေ။

ငွေ့ရဲ့ကတိစကားကြောင့် ကြည်နူးသွားတဲ့ မျက်နှာလေးကို ငွေ့ ဘယ်လို မေ့လို့ရမှာတဲ့လဲ။

“ ငွေ့ရယ် ကိုယ့်ကို ခွဲမသွားပါနဲ့ကွာ ”

ပခုံးကို ဆုပ်ကိုင်လာသော ထိလက်တွေကို ငွေ့ ကယောင် ကတမ်း ရှောင်တိမ်းဖို့ ကြိုးစားတော့ ထိ တွန့်ခနဲ ဖြစ်သွားခဲ့၏။

“ တောင်းပန်ပါတယ် ထိ ငွေ့ဆုံးဖြတ်ပြီးပြီ ငွေ့ကို မေ့လိုက် ပါတော့ ”

“ ငွေ့. . . ငွေ့. . . ”

ငွေ့ လှည့်မကြည့်ဖြစ်တော့ပါ။ သူ့ရဲ့အနားက အဝေးဆုံးကိုပဲ ပြေးချင်မိသည်။ သူ့အကြည့်၊ သူ့စကားသံတွေအောက်မှာ ငွေ့ ထပ်ပြီး ပျော့ဝင်ချင်တော့တာလည်း အမှန်။

ကမ္ဘာမြေရဲ့ဆွဲအား တစ်ခုလိုပြင်းတဲ့ သူ့ရဲ့ဆွဲငင်အားတွေထဲက ငွေ့ ရုန်းထွက်ချင်ပါသည်။

ငွေ့ကို ရုန်းထွက်ခွင့်ပေးပါ ထိရယ်။

ဆွဲငင်မှုတွေနဲ့ မသိမ်းပိုက်ပါနဲ့တော့။ ကျေးဇူးပြုပြီး ထိနဲ့ ချစ်ခြင်းတွေကို ရပ်သိမ်းပေးပါတော့ ထိရယ်။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

" ဦးမိုးထိမြင့် "

အနီးကပ် ခေါ်လိုက်တဲ့အသံကြောင့် သူ ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ သူ့စားပွဲဝိုင်းမှာ လာရပ်သူက ရှိန်းအာကာ။

သူ အံ့ဩမင်သက်သွားရ၏။ ရှိန်းအာကာ မျက်ဝန်းတွေက သူ့ကို မှုန်ကုပ်စွာ စိုက်ကြည့်နေရင်း

" ခင်ဗျားကားကို တွေ့လိုက်လို့ ဆိုင်ထဲဝင်ခဲ့တာ "

လေသံက မာထန်ထန်။ သူ ငုံ့ထားပြီးသော အရက်ခွက်ကို မော့သောက်ရင်း မထီတရီ ပြုံးလိုက်မိ၏။

" မင်း ငါ့ကို တွေ့ချင်လို့လား ရှိန်းအာကာ ဒါဆိုလည်း ထိုင်ကွာ "

" ခင်ဗျားနဲ့တွေ့ချင်တာ ကြာပြီ ဒါပေမဲ့ ရင်ငွေ့က တားထား မတွေ့ဖြစ်ခဲ့တာ ဒီတစ်ခါတော့ တမင်တွေ့ချင်လို့ ဝင်ခဲ့တာပဲ "

စကားအဆုံးမှာ မျက်နှာချင်းဆိုင်က ထိုင်ခုံတစ်လုံးမှာ ရှိန်း





ကာ ဝင်ထိုင်သည်။ ခက်ထန်သော အကြည့်တွေကတော့ ရုပ်သိမ်းမသွားခဲ့သေးပါ။

" မင်း သောက်တတ်ရင် သောက်ကွာ "

" ကျုပ် မသောက်တတ်ဘူး ခင်ဗျားနဲ့ ရှင်းစရာရှိလို့ လာတာ"

" ရှင်းစရာဟုတ်လား ကဲ ပြောကွာ လောလောဆယ်တော့ ငါ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူးကွ "

" ဒါတော့ ကျုပ်လည်းမတတ်နိုင်ဘူး ကံကြမ္မာက ခင်ဗျားနဲ့ တွေ့အောင် ဖန်တီးပေးလိုက်တာဖြစ်မယ် ဒီရှေ့က ကားဖြတ်မောင်းရင်း ခင်ဗျားကားကို မြင်လိုက်တာကိုး "

" အေး ခုတလော ငါ ကံသိပ်မကောင်းဘူးကွ ကဲ ပြောခင်း ရှင်းချင်တာ ဘာကိစ္စလဲ "

" ရင်ငွေ့ ကိစ္စပဲ "

" ငွေ့ကိစ္စ "

" ဟုတ်တယ် ခင်ဗျား ငွေ့နဲ့ပတ်သက်ပြီး ဘာမှထပ်ဒုက္ခပေးဘဲ နောက်ဆုတ်လိုက်တော့ဗျာ "

" ဘာကွ "

သူ့စကားသံက ကျယ်လောင်သွားတာမို့ နံဘေးဝိုင်းက ညသို့ကြည့်လာ၏။ ရှိန်းအာကာက ပတ်ဝန်းကျင်ကို လျစ်လျူရှုထားသည့်အသွင်နှင့် ငဲ့မကြည့်ဘဲ သူ့ကိုသာ ဲစိုက်ကြည့်နေခဲ့၏။

" ကျုပ်ပြောတာ ခင်ဗျားကြားပါတယ် ရင်ငွေ့ကို ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခမပေးပါနဲ့ ရင်ငွေ့ကို ခင်ဗျားလိမ်ညာပြီး သူ့အချစ်ကို ယူခဲ့တယ် ခင်ဗျား သိပ်ရက်စက်တဲ့သူကြီးပဲ ခင်ဗျားကြောင့် ရင်ငွေ့ ခံစားနာကျင်ခဲ့ရတာ အများကြီးဗျ ''

'' ခုချိန်မှာ ငါလည်း ရင်ငွေ့ကြောင့် နာကျင်ခံစားနေရတယ် ရှိန်းအာကာ မင်းက ဘာသိလို့ ဝင်ပြောနေတာလဲ ''

'' ကျုပ်အားလုံးသိတယ် ခင်ဗျား ရင်ငွေ့ကို ပိုင်စိုးဖို့ ကြိုးစားနေခဲ့တာပဲ ရိုးသားမှုမရှိဘဲ ရင်ငွေ့အချစ်ကို အရယူတယ် ပြီးတော့ တစ်ခါမှ အချစ်ကို မခံစားဖူးတဲ့ ရင်ငွေ့နှလုံးသားကို ဒဏ်ရာရအောင် ခင်ဗျား လုပ်ခဲ့တယ် ''

'' မင်း စွပ်စွဲချက်တွေက ပြင်းလှချည့်လား ရှိန်းအာကာ ငါ ငွေ့ကို ချစ်ခဲ့တာ အမှန်ပဲ ''

'' သေလိုက်စမ်း ကျုပ်မယုံဘူး ယုံနိုင်စရာလည်း မရှိဘူး အခု ရင်ငွေ့ခံစားနေရတာ ကျုပ်သိတယ် အဲဒါ ခင်ဗျားကြောင့် ခင်ဗျားက ဘာမှမပတ်သက်ခဲ့ရင် ဒါတွေဖြစ်စရာ မရှိဘူး ''

'' အချစ်ဆိုတာ ဖန်တီးပြီးပေါ်ပေါက်လာတာမျိုး မဟုတ်ဘူး ရှိန်းအာကာ ငါလည်း ငွေ့ကိုမြတ်နိုးစွာ ချစ်ခဲ့တယ် သူလည်း ငါ့ကို. . .

'' ဟော့လူ ခင်ဗျားစကားတွေရပ်တော့ အခု ခင်ဗျားနဲ့ ပြတ်ဆဲပြီလို့ ကျုပ်သိတယ် ''

'' မင်းသိတာ အများကြီးဘဲ ''

'' ဘာဗျ ရင်ငွေ့နှုတ်က ဝန်ခံလိုက်တာ ''





'' အဲဒါကို ငါ လက်မခံသလို မင်းလည်း လက်မခံသင့်ဘူး ရှိန်းအာကာ သမီးလေးအတွက် ရင်ငွေ့ ရှောင်တိမ်းသွားတာ သူ့ရင်ထဲမှာ ငါရှိသလို ငါ့ရင်ထဲကလည်း သူဘယ်တော့မှ ထွက်သွားလို့ရမှာ မဟုတ်ဘူး ''

'' ဒါဆိုရင်တော့ ခင်ဗျား ထင်မြင်ချက်တွေကို မေ့ပစ်လိုက်တော့ ကျုပ်နဲ့ရင်ငွေ့ နောက်အပတ်ထဲမှာ လက်ထပ်ကြတော့မယ် ''

'' ဟင်. . . ''

'' ဟုတ်တယ် ရင်ငွေ့ဘက်က ရွေးချယ်ဆုံးဖြတ်ခဲ့တာဆိုတာ ခင်ဗျားသိအောင် ကျုပ်ပြောပြလိုက်မယ် ''

'' ငါ မယုံဘူး ရှိန်းအာကာ ရင်ငွေ့ ဒီလိုဆုံးဖြတ်ခဲ့တာ သမီးလေးကို ပေးခဲ့တဲ့ကတိကြောင့်ပဲ ဖြစ်မှာပေါ့ ''

'' အဲဒါတွေ ကျုပ်မသိဘူး ကျုပ်နဲ့ရင်ငွေ့ လက်ထပ်တော့မယ်ဆိုတာ ခင်ဗျားသိပြီဆိုတော့ ခင်ဗျား ဘာဆက်လုပ်မလဲ စဉ်းစားပေါ့ဗျာ''

'' ငါ့ဘက်က ငွေ့ကို ဆက်ချစ်နေဦးမှာပဲ ရှိန်းအာကာ ''

'' ဘာဗျ ''

ဝုန်းခနဲ ပေါက်ကွဲစွာ ရှိန်းအာကာ ထရပ်သည်။ သူ တစ်ချက် ပြုံးရင်း ယမကာခွက်ကို မော့သောက်လိုက်၏။ ပြီးမှ

'' ဒီမှာ ရှိန်းအာကာ ငါ တစ်ခုပြောလိုက်မယ် ရင်ငွေ့ကို မင်းပိုင်ဆိုင်ချင် ပိုင်ဆိုင်လိမ့်မယ် ဒါပေမဲ့ ရင်ငွေ့ နှလုံးသားကိုတော့ မင်းရမှာ မဟုတ်ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . . "

ရှိန်းအာကာ ရှုံးရှုံးရွဲရွဲ ဖြစ်သွား၏။ နီရဲနေသော မျက်နှာက ဒေါသနှင့်မခံချင်စိတ်ကြောင့် တဆက်ဆက်တုန်ခါနေခဲ့၏။

" အဲဒါ ဘာလို့လဲ မင်းသိသလား ရှိန်းအာကာ ရင်ငွေ့နှလုံးသားက ငါ့ဆီမှာ ကျန်ရစ်ခဲ့ပြီ မင်း ပိုင်ဆိုင်ခွင့်ရမှာ ရင်ငွေ့ခန္ဓာကိုယ်နဲ့ ငါ့ဆီက ပါသွားတဲ့ ငါ့နှလုံးသားပဲ "

" ခင် . . . ခင်ဗျားကြီး . . . "

သူ့စကားစွာ ရှိန်းအာကာ နှလုံးသားကိုမှ ထိခတ်သွားခဲ့သည် ထင်၏။ ဒေါသနှင့် ဝဲလာသော လက်သီးချက်က သူ့မျက်နှာကို တည့်မတ်စွာ တိုးဝင်သည်။

" ခွပ် . . . "

" ဝုန်း . . . ခွမ်း . . . ခလွမ်း "

ထိုင်ခုံကော လူပါ လန်လဲကျသွားရ၏။ စားပွဲပေါ်က ပုလင်းနှင့် ဖန်ခွက်တွေ ကျကွဲကုန်၏။

" ဟာ . . . ဆ . . . ဆရာ . . . "

သူတပည့် မောင်စိုးအနားကို အပြေးရောက်လာသလို၊ စားပွဲထိုးချာတိတ်တွေနှင့် ဆိုင်တာဝန်ခံပါ ရှိန်းအာကာ အနားမှာ စုဝိုင်းသွားကြ၏။

" ဟေ့လူ ခင်ဗျား ဘယ်လိုလုပ်တာလဲ ဆိုင်ထဲအထိ ဝင်စော်ကားရသလား "

" အဲဒီအတွက် ကျုပ် ဘာလုပ်ပေးရမလဲ ပြော "





" ဟာ . . . ခင်ဗျားလေသံက မာလှချည်လား ကျုပ်ဆိုင်ထဲ ဝင်ပြီး ကျုပ်ရဲ့စားသုံးသူကို ရန်ပြုစော်ကားသေးတယ် "

" နေ . . . နေကြဦး "

သူ လဲကျနေရာက ထရပ်ရင်း နှုတ်ခမ်းထောင့်စွန်းက သွေးစတွေကို သုတ်ပစ်လိုက်၏။

" သူ့ကိုဘာမှမလုပ်ကြနဲ့ အားလုံးကို ကျုပ်တောင်းပန်ပါတယ် ကုန်ကျစရိတ်တွေအတွက်လည်း ကျုပ်ရှင်းပေးမယ် "

သူကိုယ်တိုင် ဖြေရှင်းလိုက်တာမို့ ဆိုင်တာဝန်ခံ မန်နေဂျာ နောက်ဆုတ်ပြန်သွား၏။ စားပွဲထိုးလေးတွေက ကွဲရကုန်သော ပန်းကန် ပုလင်းတွေကို သိမ်းဆည်းလိုက်ကြ၏။

" ရှိန်းအာကာ ငါ့စကားအတွက် မင်းနာကျင်သွားတယ်ဆိုရင် ငါ့စိတ်မကောင်းပါဘူး ဒါပေမဲ့ ငါပြောခဲ့တာ အမှန်တရားပဲ ငွေ့က မင်းကိုလက်ထပ်ဖို့အတွက် ဆုံးဖြတ်လိုက်တယ်ဆိုရင်လည်း ငါကျေနပ်ပါတယ် တစ်ခုတော့ပြောပါရစေ ငါ သူ့အပေါ် မြတ်နိုးစွာ ချစ်ခဲ့တာက လွဲလို့ အဖြူစင်ဆုံး မြတ်နိုးခဲ့တာပါ ငါကြောင့်မင်းစိတ်ထဲမှာ သံသယကြီး မရှိစေချင်ဘူး "

" အဲဒါကို ကျုပ်ဂရုမစိုက်ပါဘူး ကျုပ်ဖက်ကလည်း ရင်ငွေ့ကို ဟိုးယယ်ယယ်ကတည်းက စွန့်လွှတ်အနစ်နာခံ ချစ်ခဲ့တာပဲ ရင်ငွေ့နှလုံးသားမှာ ပထမလူမဖြစ်ခဲ့ရင်လည်း ဒုတိယလူအဖြစ် ကျုပ်ကျေနပ်တယ် "

စကားအဆုံးမှာ ရှိန်းအာကာ သူ့ရှေ့က ချာခနဲ လှည့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

" ဆရာ. . . ဆရာ. . . ဆရာ ဘယ်ထိသွားတာလဲ "

စိုးရိမ်တကြီး မေးလာသော မောင်စိုးကို သူ လက်ကာပြလိုက်မိ၏။ တကယ်ဆို နာကျင်မှုက မျက်နှာပေါ်မှာ မဟုတ်။

နှလုံးသားရဲ့ အနက်ရှိုင်းဆုံး တစ်နေရာမှာ ဖြစ်သည်။

ငွေ့ တကယ်ပဲ ဆုံးဖြတ်ခဲ့ပြီပေါ့။

ရှိန်းအာကာကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့။ ငွေ့ရယ် မင်းရဲ့နှလုံးသားကို ကိုယ်မြင်သိနေပါတယ်။

အချစ်ဆိုတာ အလွယ်တကူ မွေးဖွားခဲ့တာ မဟုတ်သလို။ အလွယ်တကူနဲ့လည်း ပျောက်ပျက်သွားမှာမှ မဟုတ်တာ။

ဘဝမှာ မိုးထိမြင့်ဆိုတဲ့ကောင်ရဲ့ နှလုံးသားက မြတ်နိုးစွာချစ်ခဲ့သူ နှစ်ယောက်တည်း ရှိပါတယ်။

သမီးလေး နွေပိတောက်ရယ်။

ငွေ့ဆိုတဲ့ မင်းရယ်ပါပဲ။

ဒါပေမဲ့ မင်းကို ကိုယ်စွန့်လွှတ်ခဲ့ရပြီပေါ့။

✿ ✿ ✿ ✿ ✿



## အခန်း (၃၉)

" မာမီတို့အစီအစဉ်တွေကို သားနဲ့သမီး လက်ခံကြရဲ့လား"

မာမီမျက်နှာက ရွှင်ပြုံးလျက် သူနှင့်ရင်ငွေ့ကို ညည္ဆွန်းကာမေး၏။ သူရင်ငွေ့ကို လှမ်းကြည့်တော့ ငြိမ်သက်တိတ်ဆိတ်နေ၏။

" ဟုတ်ကဲ့ လက်ခံပါတယ် မာမီ "

သူ အလိုက်သင့်ပဲ ဆိုလိုက်ရ၏။ ရင်ငွေ့မိခင် ဒေါ်မြင့်မြတ်က ရင်ငွေ့ကို ပြုံးကြည့်ကာ

" သမီးလေးကော ကျေနပ်လက်ခံရဲ့လား ဖြေလိုက်ဦးလေ"

" သမီး လက်ခံပါတယ် မာမီ "

" ဟုတ်ပြီ မမြတ်ရေ ဒါဆိုရင် အခု ဆုတို့အစီအစဉ်အတိုင်းဆက်ပြီး လုပ်ကြဖို့ပဲ ရှိတာပေါ့ မင်္ဂလာကိစ္စတွေကိုတော့ ဆုတို့နှစ်ယောက်ပဲစီစဉ်ကြတာပေါ့နော် "

မာမီနှင့် ရင်ငွေ့မာမီတို့နှစ်ယောက်ကတော့ အပျော်အပြုံးတွေနှင့် မင်္ဂလာကိစ္စအတွက် တိုင်ပင်နေကြ၏။ ယောကျာ်းနှင့်ဦး ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီနှင့်ရင်ငွေ့ဖခင်ကတော့ စီးပွားရေးကိစ္စတွေ စကားဝိုင်းဖွဲ့နေ၏။

ရင်ငွေ့ကို သူ မျက်ရိပ်ပြကာ ခြံထဲဆင်းခဲ့သည်။

ခဏကြာတော့ ရင်ငွေ့ သူ့အနောက်က လိုက်လာ၏။

" ရင်ငွေ့ မင်္ဂလာကိစ္စအတွက် နင် ကျေနပ်ရဲ့လားဟင် "

" ငါ ကျေနပ်ပါတယ် "

ရင်ငွေ့အသံက တိုးလျနေတာ သူသိသည်။ မိုးထိမြင့်ဆိုခဲ့သလို သူ ပိုင်ဆိုင်ရမှာ ရင်ငွေ့ရဲ့ စက်ရုပ်ဆန်တဲ့ဘဝကိုလား။

" ရင်ငွေ့ ငါ တစ်ခုပြောချင်တယ် "

" ပြောလေ ငါနားထောင်နေတယ် "

" နင် ငါ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ ဘာကြောင့်လဲဟင် နင့်စိတ်က ရွေးချယ်ခဲ့တာမှ ဟုတ်ရဲ့လားဟင် "

သူ့စကားကြောင့် ရင်ငွေ့ ပင့်သက်မောလေးချ၏။ ရင်ငွေ့ မျက်နှာလေး ညှိုးငယ်နေတာ သူ မမြင်ရက်ပါ။

" ငါမေးခွန်းက ဖြေရခက်နေရင် ငါ တောင်းပန်ပါတယ် ရင်ငွေ့ "

" ရပါတယ် ရှိန်း ငါ မညာချင်ပါဘူး နင့်ကို မညာရက်တာလည်း အမှန်ပါပဲ ငါနင့်ကိုရွေးချယ်ခဲ့တာ ငါ့ဦးနှောက်အသိနဲ့ ရွေးချယ်ခဲ့တာပါ နင်က ငါ့ရဲ့သူငယ်ချင်း ငါ့အပေါ် တကယ်ကောင်းခဲ့တဲ့သူ မာမီတို့ကလည်း ကြည်ဖြူတဲ့သူ. . . "

" အဲဒီအကြောင်းတွေထက် နင်မပိုဘူးလား ရင်ငွေ့ရယ် နင့်ကို





ငါမြတ်နိုးစွာ ချစ်ခဲ့တာပါ "

" အဲဒီထက် ပိုမိုနိုင်အောင် ငါ ကြိုးစားနေပါတယ် ရှိန်းရယ် နင်ရဲ့အချစ်ကို ငါအကြွင်းမဲ့ ယုံပါတယ် ငါ့အပေါ် ချစ်ခဲ့တဲ့ နင့်ကို ငါ့ဘက်က တာဝန်ကျေတဲ့ မိန်းမတစ်ယောက်ဖြစ်အောင် ငါ ကြိုးစားမှာပါ "

တာဝန်ကျေတဲ့ မိန်းမတစ်ယောက်တဲ့လား ရင်ငြိမ်းရယ်။ ငါ ပိုင်ဆိုင်ချင်တာ အဲဒါမဟုတ်ဘူး။ ငါမြတ်နိုးတဲ့ နင့်ဆီက အချစ်ကိုပဲ ငါပိုင်ဆိုင်ချင်ခဲ့တာပါ။

နင့်ရင်ထဲမှာ ငါ့အတွက် နေရာမရှိတော့ဘူးလား။ မိုးထိမြင့် အတွက်နဲ့ ပြီးဆုံးခဲ့ပြီလား။ ငါ သိချင်လိုက်တာ။

" ရင်ငွေ့ "

သူ့ခေါ်သံကြောင့် ရင်ငွေ့ ခေါင်းကလေးငုံ့ကာ ကြည့်၏။ သူ ရင်ငွေ့မျက်ဝန်းတွေထဲ စူးစိုက်ကြည့်ရင်း

" တစ်နေ့က ငါနဲ့မိုးထိမြင့်တို့ ဆုံကြတယ် "

" ဟင် "

" ဟုတ်တယ် ရင်ငွေ့ စားသောက်ဆိုင်တစ်ခုထဲမှာ သူနဲ့ငါ စကားပြောကြရင်း ငါ သူ့ကိုလက်သီးနဲ့တစ်ချက် ထိုးလိုက်မိတယ် "

" ဘာ. . . ဘာရယ်. . . နင်တို့ ရန်ဖြစ်ကြတာလား ရှိန်း "

" အဲဒီလောက်အထိ မဖြစ်ခဲ့ဘူး သူ့ဘက်က ဘာမှပြန်မလုပ်ဘဲ ငြိမ်သွားခဲ့တယ်လေ "



www.burmeseclassic.com

www.burmeseclassic.com



" ရှိန်းရယ် နင်ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ "

စိုးရိမ်စိတ်နှင့် ဆိုလာသော ရင်ငွေ့ မျက်နှာကို သူ အသေအချာ စူးစိုက်ကြည့်မိသည်။ ရင်ငွေ့ မျက်ဝန်းတွေထဲက ပူပန်မှုတွေက ဘယ်သူ့အတွက်လဲ။

" သူ့ . . . သူ ဘာဖြစ်သွားသေးလဲ ရှိန်း "

ရင်ငွေ့နှုတ်က လွှတ်ခနဲ ထွက်လာသော မေးခွန်းကို သူ ရုတ်တရက် မင်သက်စွာ မဖြေနိုင်ခဲ့။ ရင်ငွေ့ မျက်နှာကိုပဲ မင်သက်ကြောင်တွေစွာ ငေးကြည့်နေမိသည်။

ရင်ငွေ့ နားလည်သွားသည့်အလား သူ့ထံမှ အကြည့်လွှဲရင်း

" ဆောရီး ငါ တောင်းပန်ပါတယ် ရှိန်း "

" တောင်းပန်တယ် ဘာအတွက်လဲ ရင်ငွေ့ "

" နင့်ရင်ထဲကို ငါမြင်နေရတယ် ရှိန်း နင့်ရင်ထဲမှာ သံသယတွေ ရှိနေမလားဟင် "

" ငါ့ရင်ထဲမှာ သံသယတွေ မရှိပါဘူး ရင်ငွေ့ ဝမ်းနည်းခံစားရတာ တစ်ခုပဲရှိတယ် ငါ ပိုင်ဆိုင်ချင်တာ နင့်နှလုံးသား နင့်အချစ် ဒါပေမဲ့ အဲဒါကို ငါပိုင်ဆိုင်ခွင့် မရနိုင်ဘူးလို့ မိုးထိမြင့်နှုတ်က ပြောခဲ့တယ် ဒါကြောင့် ငါ ပေါက်ကွဲခဲ့တာ "

" ဟင် . . . "

" ဟုတ်တယ် ရင်ငွေ့ ပြီးတော့ သူက ငါ့ကိုပြောခဲ့ပါတယ် နင်နဲ့သူ့ကြားမှာ ဘာမှမရှိခဲ့ပါဘူးတဲ့ နင့်ကိုသူ ချစ်ခဲ့တာ ဖြူစင်ပါတယ်





တဲ့

ရင်ငွေ့မျက်ဝန်းတွေ မှိုင်းရီသွားခဲ့သည်လား။

တကယ်ဆို ရှိန်းဆိုတဲ့ ကောင်ကလည်း နင့်အပေါ် မိုးထိမြင့်ဆိုတဲ့လူထက် မပိုတောင် မလျော့ခဲ့ပါဘူး။

ဒါကို နင်မြင်တတ်စေချင်လိုက်တာ ရင်ငွေ့ရယ်။

ငါ့အတွက် နင့်ရင်ထဲမှာ အချစ်တွေ ဆုတ်ယုတ်ကင်းမဲ့နေပြီလား။

ငါ နင့်ကို သိပ်မြတ်နိုးတယ် ရင်ငွေ့။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

" ဆရာ. . . တော်လောက်ပြီဆရာ သိပ်မူးနေပြီ "

" အေ့. . . ငါ မူးတယ် ဟုတ်တယ် မောင်စိုး ဒါပေမဲ့ ငါ အတိတ်မေ့အောင် မမူးဘူးကွ အေ့. . . "

လေးထောင့်ပုလင်းတစ်ဝက်ကျော်ကို တစ်ထိုင်တည်း သောက်နေသည့် ဆရာကို မောင်စိုး အံ့ဩနေမိ၏။

အရက်ကို စွဲစွဲမြဲမြဲ သောက်တတ်တာလည်း မဟုတ်။ ဒီရက်ပိုင်းမှာမှ နေ့မနားညမအား သောက်နေတာ သိပ်များနေပြီ။

အစားလည်းမစားဘဲ အရက်ကိုချည်း သောက်နေသဖြင့် မျက်နှာက နီမြန်းလျက်နေသည်။

" မောင်စိုး. . . သမီး ပြန်လာပြီလား "

" နွေဦးတော်က သူ့အဖွားအိမ်မှာ အိပ်မယ်လို့ ဖုန်းဆက်တယ် ဆရာ "

" အေး. . . ကောင်းတယ် ငါ စိတ်တိုင်းကျ သောက်ရတာပေါ့





. . . အေ့ "

နောက်တစ်ခွက်ကို ထပ်မော့၏။ ရေမရော အမြည်းမပါး။ မောင်စိုးနံဘေးက မျက်နှာရှုံ့မဲ့နေရင်း

" ဆရာ ကြက်ဥကြော်လေး စားလိုက်လေ "

" မစားချင်ဘူး "

" ဒါဆို ဒီကြက်သားကြော်လေး စားလိုက်ဆရာ "

" ဟေ့ကောင် ငါ သောက်ဦးမှာ ဘာမှမစားဘူး "

" ဆရာရယ် ဆရာထမင်းမစားတာလည်း သုံးရက်ရှိပြီ ကြာရင် အူမှာရောဂါလိမ့်မယ် ဆရာ "

" ကောင်းတယ် ငါသေတော့ အေးတာပေါ့ အေ့ "

ပြောလည်းပြော အရက်ခွက်ကိုလည်း ကောက်မော့ပြန်၏။ မောင်စိုး ကြည့်နေရင်း စိတ်က ညစ်လာ၏။

" ဆရာရယ် မိန်းမတစ်ယောက်ကြောင့် ဒီလောက် ခံစားရသလားဗျ ဆရာလိုချင်ရင် အများကြီးပါဗျာ "

" ဟေ့ကောင် မင်း ဘာစကားပြောတာလဲ "

အင်္ကျီရင်ဘတ်ကို စောင့်ဆွဲခံလိုက်ရ၍ မောင်စိုး ငိုက်ကျသွား၏။

" ဟို. . . ဟို ဆရာခံစားနေတာကို မမြင်ရက်လို့ပါ ဆရာရယ် "

မောင်စိုး တုန်တုန်ရီရီလေးဆိုတော့ သူ စိတ်မကောင်း ဖြစ်ရ၏။

" ဆောရီး. . . ငါ့ကို ခွင့်လွှတ် "

" ရပါတယ် ဆရာရယ် "



www.burmeseclassic.com

www.burmeseclassic.com



" မောင်စိုး. . . ငါ. . . ရင်ငွေ့ကို သိပ်ချစ်ခဲ့တာကွ ငါ့ဘဝမှာ သမီးလေးနဲ့ရင်ငွေ့ကိုပဲ ချစ်ခဲ့ဖူးပါတယ် "

" ဟို. . . ဆရာ့အမျိုးသမီးကောဟင် "

မောင်စိုးမေးခွန်းကြောင့် သူ မောင်စိုးကို စူးစိုက်ကြည့်လိုက်၏

" ဟို. . . ကျွန်တော်မေးတာ. . . "

" ရတယ် မင်းကိုငါ စိတ်မဆိုးဘူး မင်းမသိတာ ငါပြောပြမယ် ငါ နွေသဇင်ကို ညီမအရင်းလို ချစ်ခဲ့တာကွ "

မောင်စိုးခေါင်းညိတ်တော့ သူ ယဲ့ယဲ့ပြုံးရင်း

" ငါ့ရင်ထဲမှာ တစ်သက်လုံး မျိုသိပ်ထားတဲ့ အဖြစ်တစ်ခု မင်းကိုပြောပြမယ် မောင်စိုး မင်း ကတိပေးရမှာ ဒီအကြောင်းတွေ မင်းရင်ထဲမှာပဲ ထားမယ်လို့ "

" ဟုတ်ကဲ့ပါ ဆရာ "

" အေး. . . သမီးလေးကို ငါ ဘယ်လောက်ချစ်သလဲ မင်း သိသလား "

" ဟာ သိတာပေါ့ ဆရာရယ် ဆရာချစ်လွန်းလို့ သူ့အမေ ခေါ်တာတောင် မပေးဘဲ ဆရာကိုယ်တိုင် စောင့်ရှောက်နေတာပဲ "

" အေး အဲဒီသမီးလေး နွေပိတောက်က ငါ့သမီးအရင်း မဟုတ်ဘူး "

" ဗျာ "

မောင်စိုး မျက်လုံးကြီးပြူးလျက် မယုံနိုင်စွာ ကြည့်နေ၏





" ဒီအကြောင်းတွေကို ငါပဲသိတယ် သမီးလေးအဖွား အန်တီထားတောင် မသိခဲ့ဘူး "

" ဟုတ်. . . ဟုတ်ရဲ့လား ဆရာရယ် "

" ငါအမှန်ပြောနေတာ နွေသဇင်နဲ့ငါ့ကို အိမ်က မိဘတွေက လက်ထပ်ပေးဖို့ စီစဉ်တော့ နွေသဇင်မှာ ချစ်သူရှိတယ် အဲဒီသူက သင်္ဘောသားတစ်ယောက် မထင်မှတ်ဘဲ အဲဒီလူ ဆုံးသွားတော့ နွေသဇင်မှာ ကိုယ်ဝန်ကျန်ခဲ့တယ် သူနဲ့သူ့ချစ်သူက နှစ်ဦးသဘောတူ လက်ထပ်ထားကြပြီးပြီလေ "

မောင်စိုး အံ့သြနေ၏။ သူ ဒီအကြောင်းတွေကို လုံးဝမသိခဲ့။ ဆရာနှင့်သမီးလေးကို သားအဖရင်းတွေဟုပဲ ထင်ခဲ့၏။

" ဒီအကြောင်းတွေ ပြောပြပြီး နွေသဇင်က အိမ်ကထွက်သွားဖို့ ကြံစည်တော့ ငါ သိပ်သနားသွားတယ် သူ့ကိုငါ လက်ထပ်ပြီး ညီမလေးလို စောင့်ရှောက်မယ်လို့ ကတိပေးခဲ့တယ် နောက်ဆုံး သမီးလေးကို မွေးဖွားပြီး နွေသဇင်ဆုံးတယ် ငါသိထားတဲ့ကိစ္စတွေကို ငါ့ရင်ထဲမှာပဲ ထားခဲ့ပြီး အမိမဲ့အဖမဲ့ သမီးလေးအတွက် ငါ အဖေရင်းလိုပဲ နေခဲ့တာပေါ့ကွာ "

" ဆရာရယ် ဒါတွေကို ကျွန်တော် မသိခဲ့ဘူးဗျာ "

" အေး. . . အန်တီထားတောင် မသိခဲ့ဘူး "

" ဒါ. . . ဒါဆို ဆရာဒီအကြောင်းတွေကို မရင်ငွေ့ကို ပြောပြလိုက်ပေါ့ ဒါဆို ဆရာ့ကို သူနားလည်ပြီး. . . "

" ငါ ဘယ်တော့မှ မပြောဘူး မောင်စိုး သမီးလေးခမြာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ သိသွားရင် ဘယ်လောက်ခံစားရရှာမလဲ "

" ဆရာ ခံစားနေရတာကော "

" ငါ. . . ရင်ငွေ့ကို ချစ်တယ် ဒါပေမဲ့ သမီးလေးကိုစွန့်ပြီး ချစ်ဖို့ ငါ့အသိက လက်မခံဘူး သမီးလေးနှလုံးသားနုနုလေး ဒဏ်ရာ မရှိစေချင်ဘူး ငွေ့ကလည်း သမီးလေးအပေါ် ငါ့လိုပဲ စာနာစိတ်နဲ့ ငါ့ကို မေ့ခဲ့တာ "

" ဆရာရယ်. . . "

" ငါ. . . ငါ စကားတွေ မင်းဘယ်သူ့မှ ပြန်မပြောနဲ့ မောင်စိုး"

" ဟုတ်. . . ဟုတ်ကဲ့ "

" မင်းတော်တယ် ငါ မင်းကို ယုံတယ် ငါ. . . ငါ "

ရင်ထဲက ခံစားချက်တွေကို ဝန်ခံရတာ ပြည့်ဝသွားခဲ့၍လား မသိ။ ဆရာ ဇုန်းခနဲ စားပွဲပေါ် ဇက်ကျိုးကျသွားခဲ့သည်။

မောင်စိုး ပင့်သက်မောကိုရှိုက်ရင်း ဆရာကို ငေးကြည့်နေမိ၏။ သမီးလေးအပေါ် ချစ်ခဲ့သည့် ဆရာ့ချစ်ခြင်းက ကြီးမားလှ၏။

သမီးလေးအပေါ် ဆရာရဲ့ချစ်သူကလည်း မေတ္တာစိတ် ကြီးခဲ့ တာပါဘဲလား။

မောင်စိုး ကြားထဲကတွေးရင်း စိတ်မကောင်းနိုင်။ ပင့်သက်ရှည် ကြီး မှုတ်ထုတ်လိုက်ပေမယ့် ရင်ထဲမှာ လေးလံ နေဆဲ။

အချစ်ရဲ့တန်ခိုးတွေက ကြီးမားဆန်းကြယ်လှပါလား။

✿ ✿ ✿ ✿ ✿



## အခန်း (၄၁)

ဆင်ဝင်အောက်ကို ထိုးရပ်လာသည့် ကားလေးက ရှိန်းရဲ့ ကားလေးဖြစ်၏။ ရင်ငွေ့ ဧည့်ခန်းထိုင်ခုံက လှမ်းကြည့်နေတုန်းမှာ ရှိန်းနှင့်အတူ ဆင်းလာသူက နွေပိတောက်။

" ဟင်. . . နွေ. . . နွေပိတောက် "

ရှိန်းက နွေပိတောက်လက်ကလေးကိုဆွဲကာ အိမ်ထဲလှမ်းဝင် လာ၏။ ငွေ့ အံ့ဩမင်သက်စွာ ကြည့်နေဆဲ။

" အန်တီ. . . သမီး အန်တီဆီ လာတာပါ "

" အင်း. . . ထိုင်လေ သမီး. . . အဲ. . . နွေပိတောက် "

နွေပိတောက်က သမီးလို့ခေါ်တာ ကြိုက်မည်လားမသိ။ ဒါကြောင့် ရင်ငွေ့ ပြောင်းခေါ်လိုက်မိခြင်းပါ။

" အန်တီ သမီး အန်တီ့နဲ့တွေ့ချင်လို့ ဦးရှိန်းကို ပူနိုင်းတာ"

" ဟုတ်တယ် ရင်ငွေ့ သမီးလေးက နင့်ဆီလာချင်တယ်ဆိုလို့ ကဲ သမီးလေးနဲ့နင် စကားပြောကြဦး ငါ ကားပေါ်က စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း ဘာကြောင့် ရှောင်ထွက်သွားတာလဲ ရင်ငွေ့ မသိပါ။ နွေပိတောက်လေးက ရင်ငွေ့ကို ငေးကြည့်နေရင်း မျက်ရည်လေးတွေ စီးကျလာ၏။

" ဟင်. . . ဘာလို့ ငိုရတာလဲ သမီးရယ် အန်တီကို မယုံလို့လား အန်တီပေးခဲ့တဲ့ ကတိတည်ပါတယ်ကွယ် "

" အဟင့်. . . ဟင့်. . . ဖေဖေကြီးကို သနားလို့ပါ အန်တီရယ် "

" ဟင်. . . ထိ. . . အဲ. . . သမီးဖေဖေ ဘာဖြစ်လို့လဲ "

" ဖေဖေကြီး အရက်တွေ အရမ်းသောက်နေတယ် အန်တီ သမီးကော ဖွားဖွားကော တားလို့မရဘူး ဖေဖေကြီး ဘာကြောင့် အရက်သောက်နေတာလဲ အန်တီသိလားဟင် "

" ဘာကြောင့်လဲ သမီး "

" အန်တီကို လွမ်းလို့တဲ့ "

" အိုး. . . "

" သ. . . သမီး စကားတွေကို ရုပ်သိမ်းပါတယ် အန်တီ ဖေဖေကြီး မသေပါစေနဲ့နော် အန်တီ ဖေဖေကြီးကို ပြန်ချစ်လိုက်ပါ "

" အို. . . မဟုတ်တာ "

" သမီး တောင်းပန်ပါတယ် ဖေဖေကြီး သေလိမ့်မယ် "

" သမီးလေးရယ် "

နွေပိတောက် ခန္ဓာကိုယ်လေးကို သူမ ထွေးပွေ့ထားလိုက်မိ၏

" အန်တီ ဖေဖေကြီးကို ချစ်ပါနော် သမီး တောင်းပန်ပါတယ်





အဟင့်. . . ဟင့်. . . "

" ဒီစကားတွေကို သမီးဖွားဖွား ပြောလိုက်တာလား "

" ဖေဖေကြီး အရက်တွေသောက်နေတာ အန်တီ မုန်းသွားလို့တဲ့ ဖွားဖွားကပြောတယ် သမီးဖေဖေကြီးကို ချစ်တယ် ဖေဖေကြီးနဲ့အန်တီကို သမီးအတူတူချစ်ရင် ဖေဖေကြီး အရက်မသောက်တော့ဘူးတဲ့ သမီး အန်တီကို ချစ်ပါတယ် ဖေဖေကြီးကို အန်တီချစ်ပါနော် "

ရင်ငွေ့ ဘာပြောရမည် မသိတော့။ နွေပိတောက်လေး ရင်ထဲက နှလုံးသားလေးကို မြင်နေရ၏။

ဒါပေမဲ့

အရာအားလုံးက လွန်ခဲ့ပြီ။ ရင်ငွေ့နဲ့ ရှိန်းတို့ မင်္ဂလာပွဲအတွက် အားလုံးအသင့်ဖြစ်နေပြီဆိုတာ သမီးလေး မသိနိုင်ပါ။

" အန်တီ. . . သမီး. . . သမီးကိုပြောပါဦး "

" သမီးလေး စိတ်ချမ်းသာစေရမယ် ပြန်. . . ပြန်တော့နော် "

" ဝမ်း. . . ဝမ်းသာလိုက်တာ အန်တီရယ် "

သမီးလေးက ရုတ်တရက် သူ့ရင်ခွင်ထဲမှ ရုန်းထွက်ကာ ပါးနှစ်ဖက်ကို နမ်းရှိုက်၏။

ပြီးတော့ သူ့ရင်ခွင်ထဲက ပြေးထွက်သွားခဲ့၏။

" ရင်ငွေ့ ခဏလေးစောင့်နော် ငါအခုပြန်ခဲ့မယ် သမီးလေးကို ပြန်ပို့ပေးလိုက်ဦးမယ် "

ရှိန်းလှမ်းအော်ပြောသွားတာကို ရင်ငွေ့ ခေါင်းညိတ်ပြလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သလား မသေချာပါ။

ရင်ထဲမှာတော့ ခံစားမှုဝေဒနာတွေနှင့် မွန်းကြပ်ပိတ်လှောင်နေဆဲ။

သမီးလေးရယ်. . . အန်တီကို ခွင့်လွှတ်ပေးပါ။

✿ ✿ ✿ ✿ ✿



## အခန်း (၄၂)

ကားလေးရဲ့ဦးတည်ရာအရပ်က ဘယ်ဆီကိုလဲ ရင်ငွေ မသိပါ။ ရှိန်းကိုယ်တိုင် တိတ်ဆိတ်စွာ မောင်းနှင်နေသလို ရင်ငွေလည်း ငြိမ်သက်စွာပဲ လိုက်ခဲ့တာ ဖြစ်၏။

ရန်ကုန်ဧရိယာကို လွန်ခဲ့ပြီဟုတော့ ရင်ငွေသိ၏။

သည်လမ်းသည်ခရီးက ရင်ငွေရှောက်ဖူးသော လမ်းတွေဆိုတာ သိလာတော့

" ရှိန်း. . . နင်. . . ဘယ်ကိုမောင်းနေတာလဲ "

" နင့်ကို မျှော်လင့်နေတဲ့ ကိုမိုးထိမြင့်ရဲ့အိမ်ကိုပါ ရင်ငွေ "

" ဘာ. . . "

" ဟုတ်တယ် ရင်ငွေ ငါ ဆုံးဖြတ်လိုက်ပြီ နင် ခံစားနေရတာလည်း ငါ မမြင်ရက်ဘူး "

" မဟုတ်တာ. . . ငါ. . . ငါ. . . "

" နှလုံးသားကို မလိမ်ညာပါနဲ့ ရင်ငွေရယ် နင် ငါ့ကို တကယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မှာလား နင်နဲ့ငါ့ကြားမှာ ဖြူစင်တဲ့ သူငယ်ချင်းတွေဘဝက အကောင်းဆုံးပါ ရင်ငွေ့ရယ် ''

ရင်ငွေ့ ဘာစကားမှ မဆိုနိုင်။ ရှိန်း မျက်ဝန်းတွေထဲမှာ အပြုံးစတို့ ရေးရေးမြင်နေ၏။

'' နင်နဲ့ငါကိစ္စကို ငါ ရှင်းထားမယ် ရင်ငွေ့ နင် မိုးထိမြင့်ကို မမေ့ဘူးဆိုတာ နင့်မျက်ဝန်းတွေက သက်သေလေ ''

ရင်ငွေ့ ရှက်သွေးလွှမ်းကာ ခေါင်းကိုငုံ့သည်။

ရှိန်း နာကျင်ခံစားရသည့် ဝေဒနာကြားက ကျေနပ်စွာပဲ ပြုံးလိုက်မိသည်။

မနေ့က သမီးလေးနှင့် ရင်ငွေ့တို့ရဲ့ ခံစားချက်တွေ ပြီးတော့ မောင်စိုးဆိုသော မိုးထိမြင့်၏ တပည့်တော် သူ့ထံရောက်လာကာ ပြောပြခဲ့သော စကားတွေကို သူ ကြားခဲ့ရ၏။

ဒီအကြောင်းတွေကြောင့်တော့ ရင်ငွေ့ သိဖို့မလိုအပ်ဟု သူ ထင်၏။

ကားလေးက ခြံဝန်းကြီးရှေ့မှာ ထိုးရပ်သွားခဲ့၏။

အသင့်ပွင့်နေသော ခြံတံခါးဝမှာ ရပ်နေသူက မိုးထိမြင့်။

'' ကျွန်တော့်ကို ခွင့်လွှတ်ပါ ကိုမိုးထိမြင့် ရင်ငွေ့ကို တကယ် ပိုင်ဆိုင်သင့်သူလက်ထဲ ကျွန်တော် ထားခဲ့ပါ့မယ် ''

'' ရှိန်းအာကာ. . . မင်း. . . မင်း ငါ့ကို. . . နောက်နေတာလား ဟင် ''

'' မဟုတ်ပါဘူးဗျာ ကျွန်တော်ကြောင့် ပူလောင်နေတဲ့





နှလုံးသားတွေ ငြိမ်းချမ်းစေချင်တာပါ ရင်ငွေ့ကို ခင်ဗျား ဘယ်လောက် ချစ်သလဲဆိုတာ ကျွန်တော်ယုံပြီ ပြီးတော့ ရင်ငွေ့နှလုံးသားလေး ငြိမ်းချမ်းရင် ကျေနပ်တယ် ဒီနှစ်ချက်နဲ့တင် ကျွန်တော် ကျေကျေနပ်နပ်ကြီး စွန့်လွှတ်နိုင်ခဲ့တာပါ ''

ရှိန်း ကားတံခါးဖွင့်ပေး၏။ ရင်ငွေ့ အိပ်မက်မက်နေသလို မင်သက်နေဆဲ။

'' ဆင်းလေ ရင်ငွေ့ ''

ရင်ငွေ့ ဆင်းလိုက်တော့ ထိ ရင်ငွေ့အနီးမှာ လာရပ်၏။ ရှိန်းကားပေါ် လှမ်းတက်ရင်း

'' ရင်ငွေ့ နင်တို့နှစ်ယောက်ဘဝ ငြိမ်းချမ်းပါစေလို့ ငါ ဆုတောင်းနေပါ့မယ် ''

'' နေဦး ရှိန်းအာကာ ''

ထိ ရှိန်းအာကာထံ လှမ်းလျှောက်သွားပြီး လက်ကမ်းပေး၏။ နှစ်ဦးသား လက်ချင်းဆွဲနှုတ်ဆက်ဖြစ်ကြ၏။

'' ခင်ဗျားကို ကျွန်တော် ဘယ်တော့မှ မမေ့တော့ဘူး ''

ထိုဆိုတော့ ရှိန်း နွေးနွေးကလေး ပြုံးသည်။ ပြီးတော့ ခေါင်းညိတ်ရင်း ကားလေးပေါ်တက်ကာ မောင်းထွက်သွားခဲ့၏။

ရှိန်းရယ် နင်ဟာ ငါ့အတွက် အကောင်းဆုံး သူငယ်ချင်း ပါပဲ ''

'' ရင်ငွေ့ ''



www.burmeseclassic.com

www.burmeseclassic.com



" ထိရယ် "

ငွေ့ပခုံးလေးကို သူ ဆုပ်ကိုင်တော့ သူ့ရင်ခွင်ထဲမှာ ငွေ့မှိုလိုက်မိသည်။

ထိက သူမခန္ဓာကိုယ်လေးကို လွတ်ထွက်မသွားအောင် တင်းတင်းပွေ့ဖက်ထားရင်း

" မင်းကို ကိုယ် တကယ်ဆုံးရှုံးရပြီ ထင်ခဲ့တာ "

" ထိရယ် အိပ်မက်တွေ မက်နေသလိုပဲ "

နပူးပြင်ပေါ် နွေးခနဲ ကျလာသော အနမ်းက အိပ်မက်မဟုတ်တာ သေချာ၏။

နှင်းဆီရနံ့တွေက လေပြည်နှင့်အတူ သင်းပျံ့လာ၏။ ရင်ခုန်သံတွေ ဝေမျှနေသော ချစ်သူအနီးမှာ သင်းပျံ့လျက်။

ချစ်ခြင်း၏ဆွဲအားမှာ နှလုံးသားတို့ ပေါင်းဆုံရင်ခုန်နေခဲ့ပြီ ဆိုတာတော့ သေချာနေခဲ့ပြီ။

✿ ✿ ✿ ✿ ✿

ပရိတ်သတ်အချ

အပြီ

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငွေ့ အံ့သြသော မျက်နက်ဝန်းလေးတွေနှင့် သူ့ကို လှမ်းကြည့်တော့ သူ ငွေ့ကို ပြုံးပြုံးလေး ငေးကြည့်နေ၏။

" အံ့သြစရာကောင်းလိုက်တာ နှင်းဆီပန်းခင်းကြီးက အကျယ်ကြီးပဲနော် "

" အဲဒါ ကိုယ်စိုက်ခိုင်းထားတာပေါ့ ငွေ့ရဲ့ ဦးဖထီးကြီးသားအဖကို ဒီနှင်းဆီခြံကြီး ပေးထားခဲ့တာ သူတို့အတွက် ဝင်ငွေကောင်းတယ် ကိုယ့်အတွက်လည်း အဆင်ပြေတယ် နှင်းဆီပန်းရနံ့ကို ကိုယ်သဘောကျတယ် ငွေ့ရဲ့ "

" ငွေ့လည်းကြိုက်တယ် မွှေးနေတာပဲနော်. . . အား. . . ပါ"

ငွေ့ ခေါင်းလေးမော့ မျက်လုံးလေးမှိတ်ကာ အားပါးတရ ရှူရှိုက်ကြည့်လိုက်မိသည်။

ထုံအီသော ရနံ့တွေက သွေးထဲအထိ စိမ့်ဝင်သွားသလို ရှိ၏။ ငွေ့ မျက်ဝန်းလေး ပြန်ဖွင့်မိတော့ ထိ ငွေ့ အနားမှာ ရောက်နေ၏။

မျက်ဝန်းတွေ စကားသံကင်းမဲ့စွာ စကားနှင့်ပေါင်းများစွာ ဆိုမိ၏။ ငွေ့ရင်တွေ တလှပ်လှပ်၊ သူ့အကြည့်တွေထဲမှာ ဆွဲငင်ခံထားရပြီလား

" ငွေ့ရယ် သိပ်ချစ်တာပဲကွာ "

သတိထားမိတော့ သူ့ရင်ခွင်ကျယ်ကြီးထဲကို ငွေ့ ရောက်နေ၏။ ငွေ့စွဲမက်တွယ်ငြိခဲ့ရသော ရေမွှေးရနံ့ ထုံအီအီလေးကို ရှူရှိုက်ရသော အသက်ရှူမှားမတတ်ပါဘဲ။

" ငွေ့ ကိုယ့်ရင်တွေ အရမ်းခုန်နေတယ် "





ငွေ့ နားအနားတိုးကပ်ကာ လှိုက်မောသံနှင့် သူဆို၏။ ငွေ့ သူ့ကို မော့ကြည့်မိ၏။

နဖူးပြင်လေးမှာ နွေးခနဲအနမ်းတစ်ပွင့် ကြွေ၏။ ငွေ့ရင်ခုန်သံတွေ တားဆီးမရတော့ဘူး ထိရယ်။

ပါးပြင်နုနုမှာ အနမ်းတို့ ဆက်ကြွေဆင်းတော့ ငွေ့ မျက်နှာလေးပေါ်ကို နှင်းဆီပွင့်ဖတ်နီတွေ ဖြန့်ကျဲခင်းလိုက်သည့်အလား။

ငွေ့ မျက်တောင်ကော့လေးတွေ စင်းကျသွားခဲ့သည်။

နှုတ်ခမ်းမှာ ပူနွေးစိုစွတ်သော အထိအတွေ့နှင့် ရှိန်းမြသွားခဲ့၏။

သူ့ရင်ခွင်ကျယ်ကြီးထဲမှာ နစ်မြုပ်ရင်း ငွေ့လက်ဂတွေကလည်း သူ့ကျောပြင်ကျယ်ကြီးကို ပွေ့ဖက်ထားမိသည်။

ရှိန်းမြမြ အနမ်းတို့အောက်မှာ နှင်းဆီရနံ့တွေကိုလည်း ငွေ့ မေ့လျော့နေခဲ့သည်။

ချစ်ခြင်း၏ဆွဲအားမှာ ငွေ့ လွင့်မျောပါသွားလုလု. . .

ထိမျက်နှာလေးက ငွေ့ မျက်နှာပေါ်မှ ဖယ်ခွာသွားခဲ့သည်။

" ငွေ့ မင်းလေးကို ကိုယ်မြတ်နိုးမှုသက်သက်ပါ မချွေရက်ပါဘူးကွာ "

" ထိ. . . ရယ် "

သူ့ရင်ခွင်ကျယ်ကြီးထဲမှာ အရှက်မျက်နှာလေးအပ်ရင်း ကျောပြင်ကို ငွေ့ တင်းတင်းပွေ့ဖက်ထားမိ၏။

ရင်ခုန်သံတွေ စက္ကန့်မှ မိနစ်တိုင်အောင် ပေါင်းစည်းသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

" ငွေ့ နှင်းဆီခြံထဲ ဆင်းရအောင် ငွေ့ အိမ်ပြန်ရင် လက်ဆော
ခူးပေးလိုက်မယ် "

" တ[illegible]ယ်နော် "

" တကယ်ပေါ့ ငွေ့ရယ် ကဲ လာ ခြံထဲဆင်းကြမယ် ပြီး
ဖထီးရဲ့ဇနီး ဒေါ်လေးဝိုင်းလက်ရာနဲ့ မနက်စာ စားကြမယ် အပြန်
နှင်းဆီလက်ဆောင်တွေ ပေးလိုက်မယ်နော် "

ငွေ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားသော သူ့လက်ဖဝါးလေး
နွေးထွေးနေခဲ့၏။

အိပ်မက်ဘုံလေးထဲမှာ ငွေ့ အရာအားလုံးကို မေ့လျော့ကြည်
ခဲ့ရတာ ဘယ်တော့မှ မမေ့နိုင်ခဲ့ပါ။

ငွေ့ပြန်တော့ သူကိုယ်တိုင် နှင်းဆီပန်းတွေ တပွေ့တပိုက်
သယ်ယူလာ၏။

" ဟယ်. . . အများကြီးပဲ "

" ဘုရားတင် အလှဆင်ပေါ့ ငွေ့ရယ် ကြာရှည်ခံအောင်
ပန်းဖူးလေးတွေပဲ ခူးလာခဲ့တာ နေဦး ဒါက ငွေ့ ခေါင်းမှာ ကိုယ်ပန်
မလို့ "

နှင်းဆီဖြူတစ်ပွင့်ကို သူ ငွေ့ခေါင်းမှာ ပန်ဆင်ပေးမည်ပြုသော
ငွေ့ အလန့်တကြား ခေါင်းခါငြင်းရင်း

" မလုပ်နဲ့ထိ မပန်ပါနဲ့နော် "





" ဘာလို့လဲ ငွေ့ရဲ့ "

" ဟို. . . ဟိုလေ နှင်းဆီပန်ရင် လွဲတတ်တယ်တဲ့ "

ငွေ့ မဝံ့မရဲလေးဆိုတော့ ထိ နွေးနွေးကလေး ပြုံးရင်း

" အဲဒါက နှင်းဆီနီမှလေ ဒါက နှင်းဆီဖြူပါ ငွေ့ရဲ့ ကိုယ့်ရဲ့
ဖြူစင်မြတ်နိုးခြင်း သင်္ကေတပေါ့ "

ငွေ့ဆံနွယ်ခွေလိပ်တွေ ကြားထဲမှာ သူ နှင်းဆီဖြူလေးကို
ညင်သာစွာ ပန်ဆင်ပေးတော့ ငွေ့ ရှက်ပြုံးလေးနှင့် ခေါင်းငုံ့ထားမိဆဲ။

" ငွေ့ မော့ကြည့်ပါဦး "

ငွေ့ မေးဖျားလေးကို ပင့်ကာ သူ မော့စေ၏။ နှုတ်ခမ်းပေါ်ကို
အနမ်းတစ်ပွင့် နွေးခနဲ လွင့်လာသေး၏။

" ပြန်ကြစို့နော် ငွေ့တို့ လမ်းထိပ်အထိ ကိုယ်လိုက်ပို့ပေးမယ် "

ငွေ့ခေါင်းကလေးညိတ်တော့ သူ တိုးတိုးလေး ဆိုပြန်၏။

" ဒီနေ့လေးကို ကိုယ့်တစ်သက် မမေ့တော့ဘူး "

" ငွေ့လည်း အိပ်မက်ဘုံလေးကို ဘယ်တော့မှ မမေ့ပါဘူး
[illegible]နော်ယ် "

" ရော့ ငွေ့ ဒီသော့လေးကို ယူထား ငွေ့အချိန်မရွေး
အိပ်မက်ဘုံလေးမှာ လာနေခွင့်ရှိတယ် ကိုယ်မပါတဲ့ရက်တွေမှာလည်း
[illegible]ကျေးတို့ ပိုးပိုးတို့နဲ့လာပေါ့ ဦးဖထီးတို့ကို ကိုယ်ပြောထားတယ် ငွေ့တို့
[illegible]ချင်တာ မှန်သမျှ သူတို့စီစဉ်ပေးလိမ့်မယ် "

" ကျေးဇူးပဲ ထိ ယဉ်ကျေးတို့ရောက်ရင် ဒီနေရာလေးကို



www.burmeseclassic.com

www.burmeseclassic.com



သဘောကျသွားမှာ သေချာတယ် ''

'' ငွေ့ စိတ်တိုင်းကျနေပါ ကိုယ်ခွင့်ပြုတယ် ကဲ သွားရအောင် နော် ''

ငွေ့နံဘေးမှာ မားမားမတ်မတ် ရှိနေသော ထိမျက်နှာကို ငွေ့ မြတ်နိုးစွာ မော့ကြည့်လိုက်မိ၏။

သေချာပါတယ်။

အချစ်ဆိုတဲ့အရာကို ငွေ့ အသေအချာ ရှာဖွေတွေ့ရှိခဲ့ပါပြီ။ မျက်ဝန်းတွေထဲက စကားလုံးတွေက နှုတ်ဖျားက စကားတွေထက် ပိုပြီး လေးနက်တတ်တယ်ဆိုတာ. . .။

✿ ✿ ✿ ✿ ✿



## အခန်း (၂၆)

နေ့လည်ပိုင်းမှာ နှင်းဆီပန်းစည်းကြီး ပွေ့ပိုက်ပြီး ရင်ငွေ့ ရှိန်ရောက်လာတော့ မာမီတအံ့တဩနဲ့

'' ဟင်. . ဘယ်ကနှင်းဆီတွေလဲ သမီး အများကြီးပါလား''

'' ယဉ်ကျေးနဲ့သူ့ဦးလေးတစ်ယောက်ရဲ့ နှင်းဆီခြံသွားရင်း ယူလာတာပါ မာမီ ''

'' ဒီလောက်အများကြီးကို အလကား ယူလာရသလား သမီးရယ်''

'' ယဉ်ကျေးဦးလေးက ပိုက်ဆံပေးတာ မယူဘူး မာမီရဲ့ သူ့နှင်းဆီခြံကြီးက အကျယ်ကြီးပဲ သိလား နောက်လည်း လိုချင်ရင် လာယူတဲ့ ''

'' မလုပ်ပါနဲ့ သမီးရယ် နှင်းဆီက ဈေးကောင်းတယ် သူ့ခြံ ကိုသွားရှာနေတာ ခဏ ခဏဆိုတော့ မကောင်းပါဘူး အခုလည်း အများကြီးပဲ သမီးဘာလုပ်မလို့လဲ ''



www.burmeseclassic.com

www.burmeseclassic.com



" ဘုရားပန်းတင်မယ် အိမ်မှာရှိသမျှ အလှပန်းအိုးတွေ ဆင်မယ် "

" အင်း ကောင်းပါတယ် သမီးလည်း ကုသိုလ်ရတာ စေးတဲ့သူအတွက်လည်း ကုသိုလ်ရတာပေါ့ကွယ် "

ငွေ့ကိုယ်တိုင်ပဲ ဘုရားပန်းအိုးတွေထဲမှာ နှင်းဆီရနံ့ လှိုင်နေအောင် ကပ်သည်။

ညှော်ခန်းထဲက အလှပန်းအိုး၊ ဒယ်ဒီ့စာကြည့်ခန်းပါ နှင်းဆီပန်းတွေနှင့် အလှဆင်သည်။

တစ်အိမ်လုံးမွှေးပျံ့နေသော နှင်းဆီရနံ့တွေကြောင့် စိတ်ကလေးတွေ ကြည်နူးလန်းဆန်းနေရ၏။

ရေမိုးချိုးပြီးတော့ ကျန်ရှိနေသေးသော နှင်းဆီပန်းတွေကို အခန်းထဲမှာပဲ တင်ထားလိုက်၏။

ထမင်းဝိုင်းမှာ မာမီတို့နှင့်အတူ စားသောက်ပြီးတော့ အိပ်တော့မည်ဟု အကြောင်းပြကာ အခန်းထဲဝင်ခဲ့သည်။

စားပွဲပေါ်မှာ တင်ထားသော နှင်းဆီပန်းရောင်စုံတွေ ကြည့်ရင်း ငွေ့ ခေါင်းထဲကို အတွေးတစ်ခု ဝင်လာ၏။

နှင်းဆီပွင့်ဖတ်တွေကို ချွေဖဲ့ပြီး အိပ်ရာပေါ်မှာ ငွေ့ ပြန့်ပစ်လိုက်၏။

ပြီးတော့ အခန်းတံခါးပိတ်ကာ ငွေ့ နှင်းဆီမွေ့ရာကြီး အသာ လှဲအိပ်ပစ်လိုက်၏။





စားပွဲပေါ်က ဖုန်းလေးကို လှမ်းယူပြီး ဂဏန်းလေးတွေကို နှိပ်ခေါ်လိုက်သည်။

]] [ ဈ ၜ. . "

" ထိ. . . လား. . . ငွေ့ပါ "

" ဟင် ငွေ့ စောစောစီးစီးပါလား "

" ဟုတ်တယ် အခု ငွေ့ ဘာလုပ်နေသလဲ သိသလား "

" ဘယ်သိမှာလဲ ငွေ့ရဲ့ "

" ထိ စဉ်းစားကြည့်လေ "

" ဘာလဲ ကိုယ့်ကို ပဟေဠိ ပြန်လုပ်နေတာလား ရတယ် ဆို ပြောကြည့်မယ် အခု ငွေ့ အိမ်သာထဲမှာဆိုရင်. . . "

" ထိနော် မညစ်စုတ်နဲ့ "

" ဟား. . . ဟား. . . မသိဘူးလေ ထင်တာရမ်းပြောရမှာကို"

" ပေါက်ကရမပြောနဲ့ အခုထိ အိပ်ရာပေါ်မှာ သိလား "

" ဟုတ်လား ဒါဆို အိပ်ပြီးဖုန်းပြောချင်ပြောမယ် ဒါမှမဟုတ် ထိုင်ပြီး ပြောပြမယ် ဒါမှမဟုတ် မိုးပေါ်ခြေနှစ်ချောင်းထောင်ပြီး ခေါက်ထိုး ပြောနေသလား တစ်ခုခုပဲ "

" ထိ. . . "

" အားလားလား နားကန်းမတတ်ဘဲ "

" ကန်းပစေပေါ့ ပေါက်ကရတွေ ပြောနေတာကိုး နေဦး ထိ ထဲကဘာသံတွေလဲ မှိန်းမသံတွေလိုပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် အခု ကိုယ့်အခန်းထဲမှာ အိန္ဒြာလေးကော သက်မွန်လေးကော ရှိနေတယ် "

" ထိ ဘာဖြစ်လို့ မျက်နှာပြောင်နေတာလဲ "

" ဗုဒ္ဓေါ ကိုယ့်မျက်နှာကို ဘယ်လိုမြင်လိုက်တာလဲ "

" တော်ပြီ ဖုန်းချလိုက်တော့မယ် "

" ဟာ. . . မလုပ်နဲ့ စတာပါကွာ ကိုယ်အခု ရေချိုး ထမင်းစား ပြီးလို့ ညည့်ခန်းထဲမှာ ဗီဒီယိုဇာတ်ကား ထိုင်ကြည့်နေတာ အိန္ဒြာနဲ့သက်မွန် တို့ ပါတဲ့ကား "

" တီဗွီကြီး ပိတ်လိုက်စမ်းပါ ပြီးရင် ငွေ့စကားကို နားထောင်"

" ကောင်းပါပြီဗျာ "

ဖုန်းထဲက အသံတွေပျောက်သွား၏။ သည်တော့မှ ငွေ့ ကျေကျေနပ်နပ်လေးပြုံးရင်း ထိအသံလေးကို နားစွင့်နေလိုက်၏။

" ကိုင်း ပိတ်လိုက်ပြီ ငွေ့ ပြော ကိုယ်နားထောင်နေပြီလေ"

" ငွေ့လေ ထိ ပေးလိုက်တဲ့ နှင်းဆီပန်းတွေ ဘုရားစင် တင်ထားတယ် တစ်အိမ်လုံး မွှေးအီနေအောင် အလှဆင်ထားတယ် အခု ပိုနေတဲ့နှင်းဆီတွေကို ပွင့်ဖတ်လေးတွေချွေပြီး နှင်းဆီမွေ့ရာ လုပ်အိပ်နေတာ "

" ဟာ ဟုတ်လား တကယ် စိတ်ကူးကောင်းတာပဲ ငွေ့ "

" တစ်ခန်းလုံး နှင်းဆီရနံ့တွေ ဝေနေတာပဲ သိလား "

" ဟာ ဒါဆို ကိုယ်တောင် ငွေ့အခန်းထဲ ပြေးလာကြည့်ချင်





...ကိုတာကွာ "

" လာခဲ့လေ. . . အဟင်း. . . ဟင်း "

" မရယ်နဲ့ ကိုယ်အခု တကယ်လာမှာ ငွေ့ အိပ်ခန်းပြတင်း ...ါး ဖွင့်ပေးထားနော် "

" ဟော့ ထိ ငွေ့ အလကားနောက်တာကို တကယ်မလာနဲ့ "

" ဟား. . . ဟား ကောင်မလေး တကယ်မှတ်လို့ လန့်သွား ...ယ် မဟုတ်လား မျက်လုံးကြီးကို ပြူးသွားတယ် "

" အံမယ် ဘာလို့လန့်ရမှာလဲ "

" တကယ် မလန့်ဘူးလား ဒါဆို မလန့်ဘူးဆိုတဲ့ နှုတ်ခမ်း ...းကို ဒဏ်ခတ်မယ် ကဲ "

" အို. . . ထိ. . . ဘာတွေပြောမှန်း မသိဘူး. . . သွား "

" ဟား. . . ဟား. . . ဟား "

ငွေ့ တကယ်ပဲ ရင်လေးလှိုက်ခတ်တုန်ရီကာ ဖုန်းလေးကို ...ပစ်လိုက်မိသည်။ အနမ်းခြေရာ ထင်ခဲ့သော နှုတ်ခမ်းလေးတွေကို ...သာစမ်းကိုင်ကြည့်မိသေး၏။

ထိရယ်။ အနမ်းတွေအောက်မှာ စွဲလမ်းစွာ ယစ်မူးတိမ်းညွှတ် ...သူက ငွေ့ရယ်ပါ။

ပူနွေးနေတဲ့ အနမ်းတွေက အိပ်မက်တွေ မဟုတ်ခဲ့ပါဘူး ...ကယ်ဆို ဆွဲငင်အားကြီးမားတဲ့ ထိရဲ့ချစ်ခြင်းမှာ ပျော်ဝင်ခဲ့ရသူက ...ွေ့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံး အိပ်မက်တစ်ခုလို ပျောက်မသွားပါရစေနဲ့။

✿ ✿ ✿ ✿ ✿



## အခန်း (၂၇)

" ရှိန်းက သမီးကိုလည်း ခွင့်တောင်းပြီးပြီဆို ဟုတ်လား သမီး "

" ဟုတ်တယ် မာမီ "

" မာမီက မင်္ဂလာပွဲကို ရက်ရွှေ့ချင်တာ မဟုတ်ဘူး မဆုနဲ့ အသေအချာ စီစဉ်ပြီးမှ နောက်ဆုတ်ရမယ်ဆိုတော့ အင်းလေ သမီး ကလည်း နားလည်လက်ခံတယ်ဆိုတော့ ဘာဖာတ်နိုင်မှာလဲ "

ရှိန်းဘက်က အစီအစဉ်ပြောင်းကာ မင်္ဂလာပွဲ ရက်ရွှေ့လိုက်တာ ကိုတော့ မာမီမလိုလားမှန်း ထင်ရှားနေ၏။ ငွေ့ကတော့ ကျေနပ်ဝမ်းသာ စိတ်ကို ဖုံးကွယ်ရင်း

" ရှိန်းက အခွင့်အရေးရတုန်း ကြိုးစားချင်တယ်တဲ့ မာမီ အခု သူနဲ့လာတွေ့တဲ့ နိုင်ငံခြားက လုပ်ငန်းရှင်တွေက ဒီမှာ ဆောက်လုပ် နေကုမ္ပဏီကြီးတစ်ခု တည်ထောင်မှာလေ "

" မဆု မာမီကို ပြောပြပါတယ် ရှိန်းကလည်း သမီးနဲ့သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အနာဂတ်အတွက်တဲ့လေ ဒီတော့ မာမီမှာ ငြင်းရခက်ခက် ဖြစ်နေတာပေါ့ ''

'' မာမီက ဘာဖြစ်လို့ ဇွတ်အတင်းစီမံနေချင်ရတာလဲ ''

'' အသေအချာ စီမံ မင်္ဂလာဝတ်စုံ အပ်ပြီးမှ ရက်ရွှေ့သွားတာ မသင့်တော်ဘူးလေ သမီးရဲ့ အနည်းနဲ့အများ သိက္ခာထိခိုက်စရာ ဖြစ်တာ ပေါ့ ''

'' ဘယ်သူသိလို့လဲ မာမီရယ် မင်္ဂလာဖိတ်စာတောင် ရိုက်ထား သေးတာ မဟုတ်ဘဲနဲ့ ''

'' မာမီနဲ့ ခင်မင်ရင်းနှီးတဲ့ အသိုင်းအဝိုင်းကို အသိပေးထား တာတော့ ရှိတာပေါ့ သမီးရဲ့ နောက်လထဲ မင်္ဂလာပွဲလုပ်မယ် ပြောထားတာ ''

'' မာမီကလည်း ဘာမှမဖြစ်သေးဘူး ဘာလို့လျှောက်ပြော ရတာလဲ ''

'' ဟဲ့ ပြောရမှာပေါ့ သေချာပြီဆိုပြီး မာမီကော မဆုတော တတွဲတွဲ သွားလာနေတော့ မေးကြတယ် ဒီတော့ ပြောရတာပေါ့ ''

'' ကဲပါ မြတ်ရယ် မင်းတို့မိတ်ဆွေခြင်း ဆုံလို့ကြုံလို့ ပြောခဲ့ တာ ပြဿနာမဟုတ်ပါဘူး ဖိတ်စာပေးပြီး ကြေငြာထားတာမှ မဟုတ် ဘဲကွာ ''

တစ်ချိန်လုံး ငြိမ်သက်နေသော ဒယ်ဒီက ဝင်ပြောမှပဲ မာမီ နှုတ်ဆိတ်သွားတော့သည်။ ဒါပေမဲ့ မာမီ့စကားက အဆုံးမသတ်သေးခဲ့





'' မြတ် စဉ်းစားမိတာ မင်္ဂလာပွဲ မဟုတ်တောင် စေ့စပ်ပွဲ လုပ်ထားရင် ကောင်းမလားလို့ ''

'' ဟာ မာမီကလည်း မဟုတ်တာ ''

'' ဘာမဟုတ်တာလဲ သမီး ''

'' ဟို မာမီပဲ စဉ်းစားကြည့်လေ စေ့စပ်ပွဲဆိုတာလည်း အလုပ်တွေ ရှုပ်ဦးမှာပဲ ရှိန်းက လုံးဝအားလပ်တာ မဟုတ်ဘူး ''

'' ဘာခက်တဲ့ကိစ္စမလို့လဲ လူကြီးစုံရာနဲ့ အသိသက်သေတွေ ပြီး နာရီပိုင်းလောက်ပဲ စီစဉ်ရမှာလေ ''

'' မာမီရယ် ကသုတ်ကရိုက်နဲ့ စီစဉ်ရမယ့်ပွဲကြီး မလုပ်ပါနဲ့ မီလုပ်ပုံက သမီးသိက္ခာကျတယ် ရှိန်းကိုပဲမရရင် သမီးက ယောက်ျား ရတော့မယ့် အတိုင်းပဲ ''

ရင်ငွေ့ မာမီအစီအစဉ်ကို လက်မခံနိုင်တာမို့ ဖြေရှင်းချက်တွေ ကာဖျက်နေတော့ မာမီ မကျေနပ်။ ဒယ်ဒီက. . .

'' သမီးပြောတာလည်း မှန်တယ် မြတ် မင်္ဂလာပွဲကြမှ စ်ခါတည်း ခမ်းခမ်းနားနား စီစဉ်စမ်းပါကွာ မောင်ရှိန်းလည်း အလုပ်ကို တ်ဖြောင့်ဖြောင့်လုပ်ပါစေ မင်းလုပ်ပုံကြီးက ကိုယ့်သမီးသိက္ခာ ထိခိုက် တယ် စေ့စပ်ပွဲလုပ်ပြီးမှ အကြောင်းတစ်ခုကြောင့် ပျက်ရင် ပိုဆိုးမယ် လေးတွေ ဆန္ဒမပါဘဲ မလုပ်နဲ့ ''

ဒယ်ဒီက ယတိပြတ်ဝင်ပြောတော့မှပဲ မာမီ နှုတ်ဆိတ်ငြိမ်သွား ည်။ ရှိန်းနှင့်ရင်ငွေ့တို့ကိစ္စမှာ မာမီက ရင်ငွေ့ကို မယုံမကြည်ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာ၏။

မာမီမျက်ဝန်းတွေက ရင်ငွေ့ကို အကဲခတ် ဂရုစိုက်နေ...
လည်း ရင်ငွေ့သိသည်။

ရင်ငွေ့ ဟန်မပျက်နေမှ။

✿ ✿ ✿ ✿ ✿



## အခန်း (၂၈)

တနင်္ဂနွေရက်က ထိ နားရက်ဆိုပေမယ့် တစ်ခါတစ်ရံမှာတော့
...အတွက် တစ်နေကုန် နားခွင့်မရပါ။

ကုမ္ပဏီဆိုင်ခွဲများကိစ္စ၊ လုပ်ငန်းအစည်းအဝေးကိစ္စ၊ အရောင်း
...များကိစ္စတွေက ဝင်လာတတ်၏။

ထိုအခါမျိုးမှာ ထိ မနက်ပိုင်း တစ်ပိုင်းလုံး ရှင်းစရာကိစ္စများကို
...ပြတ်အောင် ရှင်းလင်းရ၏။ နေ့လည်ပိုင်း အလုပ်နားခွင့်ရတော့မှ

" ငွေ့. . . ကိုယ် အခုမှ အလုပ်ပြီးတာ ငွေ့ကို တွေ့ချင်
...ယ်ကွာ "

" ထိ ဘယ်မှာရှိမှာလဲ ငွေ့ လာခဲ့မယ်လေ "

" မစ္စတာဂစ်တာကို လာခဲ့လေ ကိုယ် အဲဒီကစောင့်မယ် "

တစ်ပတ်မှာ ဆုံခွင့်ရတာက တနင်္ဂနွေတစ်ရက်ထဲ။

သည့်ရက်လေးမှာ အလုပ်တွေ ရှုပ်တတ်သော ထိကို တွေ့ချင်
...မယ့် မတွေ့ရတော့ ငွေ့လည်းလွမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိ အလုပ်ပြီးလို့ ဖုန်းဆက်ချိန်ကို စောင့်နေသော ငွေ့ အ
ဖုန်းဆက်သွယ်မှုရလျှင် ဝမ်းသာကျေနပ်ရသည်။

အခုလည်း ထိခေါ်တော့ ငွေ့အပြေးကလေး ရောက်ခဲ့
ပြန်သည်။

နှစ်ဦးသားဆုံတော့ စကားတွေဖောင်ဖွဲ့ရင်း ပြောမကုန်နိုင်ခဲ့။

" ငွေ့ . . . ငွေ့ကို ကိုယ်သိပ်ချစ်တယ် "

" ထိကိုလည်း ငွေ့ ချစ်ပါတယ် ထိရယ် "

" တကယ်လား ဒါဆိုရင် ငွေ့ကို ကိုယ်ခုချက်ချင်း ခိုးသွားတော့
မယ်ကွာ "

" ရှင် "

ငွေ့မျက်လုံးလေး ပိုင်းစက်ကာ သူ့ကိုကြည့်တော့ သူ သဘော
ကျစွာ အသံလေးထွက်သည်အထိ ရယ်မောရင်း

" ဟား . . . ဟား ကောင်မလေး သိပ်ကြောက်သွားတယ်
မို့လား "

" မဟုတ်ပါဘူး ထိရယ် ရုတ်တရက်ကြီးဆိုတော့ ငွေ့ အံ့ဩ
သွားလို့ပါ "

" ကိုယ်က ချစ်လို့ကြည့်စယ်တာပါ ငွေ့ရယ် စိတ်ချ ငွေ့ကို
ကိုယ်က တန်ဖိုးထားပါတယ်ကွာ ကဲ ကိုယ်တို့နန်းခြံထဲ သွားရအောင်နော်"

ထိ စိတ်တိုင်းကျ ငွေ့ဆိုကာ ခေါင်းညိတ်တတ်တဲ့ စက်ရုပ်
ကလေးတစ်ရုပ်ပါ ထိရယ်။ နှစ်ဦးသား ဆိုင်ကလေးထဲက ထွက်ခဲ့ကြသည်။





ထိက ငွေ့လက်ကလေးကို ဆုပ်ကိုင်ထားတော့ ငွေ့ကလည်း
ထိ လက်မောင်းလေးကို နှိုတွယ်ရင်း ခေါင်းကလေးမှီထားမိသည်။

သင်းပျံ့သော ရေမွှေးရနံ့လေးက ထုံအီသင်းပျံ့နေ၏။ ထိနှင့်ဆုံ
တွေ့စက သည့်လိုရေမွှေးရနံ့လေးကို ငွေ့ရှူရှိုက်စွဲလန်းခဲ့ရသည်။

" မောင်မိုးထိမြင့် "

ရုတ်တရက် ခေါ်လိုက်သံနှင့်အတူ မျက်နှာချင်းဆိုင်မှာ ရပ်နေ
သော အမျိုးသမီးကြီးကို ထိကော ရင်ငွေ့ပါ မော့ကြည့်မိ၏။

" ဩော် . . . အန်တီ . . . ဘယ်သွားမလို့လဲ "

ထိက နှုတ်ဆက်မေးခွန်းလေးနှင့် ကြည့်နေပေမယ့် အမျိုးသမီး
ကြီးအကြည့်တွေက ရင်ငွေ့ဆီမှာ စူးစူးနစ်နစ် အကဲခတ်ကြည့်နေ၏။

ထိမိတ်ဆွေလားဟူသော အသိနှင့် ငွေ့ဆုပ်ကိုင်ထားသော
ထိလက်မောင်းကို အသာဖြေလွှတ်ပေးမိ၏။ ထိကတော့ ငွေ့လက်ကလေး
ကို ပိုလို့တောင် တင်းတင်းဆုပ်ထားဆဲရှိသည်။

" မြေးအတွက် မုန့်ဝင်ဝယ်တာကွဲ့ "

နှုတ်ကသာ ထိကို ဖြေပေးနေခဲ့တာဖြစ်သည်။ အမျိုးသမီးကြီး
အကြည့်တွေက ငွေ့မျက်နှာပေါ်မှ မခွာနိုင်ခဲ့ပါချေ။

ထိကလည်း မိတ်ဆက်မပေးတာမို့ ငွေ့အမျိုးသမီးကြီးကို
ခွေးခွေးကလေးပဲ ပြုံးပြမိ၏။ ငွေ့ အပြုံးကို ဥပက္ခာပြုလျက် အမျိုးသမီး
ကြီးအကြည့်တွေက ထိဆီ ပြန်ဦးလှည့်သွားခဲ့၏။

ငွေ့ နားမလည်နိုင်အောင် ဖြစ်ရသည်။



www.burmeseclassic.com